NEW IDEA

စိတ်ကူးသစ်စာပေ

# ဇေယျမင်းညွှင်

# နက္ခတ်ပုံကောင်းကင်
# ကြယ်စင်နှယ်သာမီး



### ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိတ်ကူးသစ်စာပေ

# ဇေယျမင်းသျှင်

## နုဂ္ဂတ်မှ ကောင်းကောင်

## ကြယ်မိစင်နှုတ်သီး



စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၅၁၀၁၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၁၃၀၅၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၀၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ . ၈၃
ဇေယျမင်းသျှင်
နက္ခတ်မဲ့ကောင်းကင်ကြယ်စင်နတ်သမီး /
ဇေယျမင်းသျှင် ။ – ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၂၇၂ – စာ ၊ ၁၂ . ၃ စင်တီ×၁၈ စင်တီ။
(၁) နက္ခတ်မဲ့ကောင်းကင်ကြယ်စင်နတ်သမီး

# အပိုင်း (က)
# မျက်ရည်ဓါကျမ်းဦးနိဒါန်း

## (၁)

နံနက်ဦးက လန်းဆတ်သန့်စင်သည်။

မြောက်ဘက်တောင်ကုန်းများဆီတွင် မိုးကြွင်းတို့ ကျန်နေသေးသည့်တိုင် မုတ်သုန်က အားပျော့လျော့ရဲချင်သည်။ ဆောင်းအဝင်စောဦးမည်ထင်သည်။ ယခုပင်လျှင် ဆောင်းအနံ့ကို ရစပြုပြီ။ ရွက်ဖျားကလေး လှုပ်ခါသည်ဆိုရုံမျှသာ ညင်းညင်းညက်သက်လေပြေနှင့်နှင်း၏ ရှင်းသန့်လန်းဆတ်သော အရောင်အရိပ်တို့ သီသီပါလေပြီ။ ညဦးလယ်က မိုးကြွင်းတစ်ပြိုက်ကတိုက်ကရိုက်ရွာလိုက်သေးသဖြင့်လည်း မိုးစက်တို့ ဥနေသော အခက်အနွယ်တို့က စိမ်းစိမ်းမြကာ ဖြူပြာပြာပါးပါးအောက်တွင် လှချင်တိုင်းလှနေတော့သည်။

ရုံးရှေ့က ဥယျာဉ်ငယ်၌လည်း နှင်းဆီပန်းရောင်စုံက သက်ငြိမ်ပန်းချီကားတစ်ချပ်နှယ်။ ဝင်းခြံခတ်စည်းရိုးတွင် ကပ်လျက်မြိုင်ဆိုင်ဝေစည်နေသော ပိန်းရိုင်းပင်ရွက်ဖားကြီးများနှင့် ပွင့်ရွက်ဝိုင်းဝိုင်း။ အရောင်အသွေးလှလှပန်းချဉ်ပေါင်ပင်မြင့်ကြီးများက နံနက်ဦး၏ အလင်းရိပ်၌





အိပ်ယာနိုးစ အပျိုမငယ်တစ်အုပ်နှယ် အပြိုင်းအရိုင်းခေါင်းချင်းဆိုင်ပြုစုထားသော သံပရာပင်ပျိုတစ်အုပ်က အသီးအခိုင်တို့တွဲရရွဲ ပြွတ်သိပ်စုခဲစွာ သီးနေကြရာ ကြည့်၍ပင်မဝချင်။

ကိုယ့်အတွေးနှင့်ကိုယ်ပြုံးမိရသည်။

နိစ္စဓူဝ၊ နေ့နေ့ညည မဆုံးနိုင်သော အုပ်ချုပ်စီမံမှု သံသရာမှာ သည်သို့နှယ် ခါတစ်ရံစိတ်လိုလက်ရ ကြည်နူးချမ်းမြေ့မှုကလေးများက ကန္တာရအလယ်မှ အိုအေစစ်ကလေးပေလား။ နေပူပူဖုံထူထူ အညာဇာတိမြေက သဲချောင်းကလေး ဖြူလွလွမှာ တွေ့ရတတ်သည့် ရေကြည်ရေအေးချိုချိုသန့်သန့် လက်ယက်တွင်းကလေးပေလား။ ဝေးမြင့်သီခေါင်နှင်းဖုံးတောင်ထွတ်တို့အလယ် ‘တဝမ်းဘွန်’ တောင်ခြေက ကချင်သွေးချင်းတို့၏ မီးပုံဘေးမှာ ရင်ထဲနွေးခဲ့ရသော အခါးရည်ပူပူကလေးတစ်ခွက်ပေလား။

မည်သို့ဆိုဆို၊ သည်နံနက်ဦးမှာ စိတ်ကလေးချိုကြည်ရွှင်ပျနေမိသည်ကိုတော့ ဘာသာသိသည်။ ရှိပါစေလေ။ မနေ့၊ ယနေ့နှင့်မနက်ဖြန်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ မွန်းမွန်းကြပ်သော ဘဝအမောအလယ်မှာ သောက၊ ဗျာပါဒတို့ကို စားသုံးလျှက် နေဝင်မိုးချုပ်တကုပ်ကုပ် တလှုပ်လှုပ် လုပ်ရတတ်သည့် မိမိတို့အလုပ်သဘာဝ၌၊ သည်သို့နှယ် ကြည်ရွှင်ဘွယ် ခဏကလေးများက ရွှေစင်ရွှေစထက် အဖိုးတန်သေးသည်လေ။ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်၍ သိနေ၊ မြင်နေရသော ချမ်းမြေ့ဖွယ် သက်ငြိမ်ပန်းချီကားလေး၌သာ တိတ်တိတ်ကလေး သက်ဝင်နေမိတော့သည်။

*“ကျောက်တူးသမားလေးရဲ့ xxx*<br>
*ရည်းစားလေးမို့ အားမငယ်ပါနဲ့ကွယ်၊ xxx*<br>
*ဘဝသံသရာလောကရဲ့အဲလယ်မှာ xxx*<br>
*ချမ်းသာသူရယ် xxx*<br>
*ဆင်းရဲသူရယ် xxx*

*အများကြီးရှိပါတယ် xxx*
*ကံမကြုံသေးလို့ xxx သံတိုင်ကိုင်ပြီး xxx*
*ကျောက်တူးရတာ xxx*
*အဲထင်တော့မသေးပါနဲ့ xxx*
*တကယ်တော့ xxx*
*ကျောက်တူးသမားများဟာ xxx*
*လောပန်းလောင်းတွေပါ xxx''*

ဂီတသံမြိုင်မြိုင်နှင့်ချိုကြည်ဝေလွင်သော သီချင်းသံက လေတွင် ဝေ့၍ ဝဲ၍ ပျံ့လာကာ အခန်းအတွင်း ဝဲလည်လှည့်နေသည်။ ရှင်းသန့်လှပလန်းဆတ်လှသော နံနက်ဦး၏အလှဘွဲ့ကို ပို၍ခမ်းနားဝေဆာအောင် တန်ဆာဆင်နေသော သည်တေးသံသည် မြူးမြူးကြွကြွ။ သည်တလော ဥတ္တရသား၊ မြန်မာပြည်မြောက်ဖျားနေ သွေးချင်းတို့၏ ပါးစပ်တွင် မျှော်လင့်ချက် အဖူးအပွင့်တို့ဖြင့် ရွှန်းရွှန်းဝေစွာ ရင်ခုန်နှစ်ခြိုက်ကြလွန်းသော ဒေသခံ ကချင်တိုင်းရင်းသားဂီတတေးရှင် ''ဇက်ဒီလာ'' ရေးဖွဲ့သည့် ''လောပန်းလောင်း (သို့မဟုတ်) သူဌေးဝါဒ'' သီချင်းကလေး။ လက်တွေ့ဘဝ၏ နှလုံးသွေးဖြင့် ထုဆစ်သွန်းလုပ်ထား၍ပင် မော်ဝင်ဝိညာဉ်တစ်ခုနှယ် ပစ္စုပ္ပန်ကို ဖွဲ့ခြွေစားသုံးရင်း အနာဂတ်ကို မျှော်လင့်တိမ်းမူးကြသူ ဒေသသားတို့၏ ရင်အပြင်၌ စာနာနားလည်ခံစားပျော်ဝင်နိုင်ကြသည် လေ။ ဟိုမှသည်၊ သည်မှဟို၊ ထိုထိုသည်သည် ''လောပန်းလောင်း''က ဖမ်းစားနိုင်လွန်း။ စကားပီနားကြားအရွယ် ပီဘိသေးကွေးနုနယ်ကလေး ငယ်ကလေးများကပင်လျှင် 'လောပန်းလောင်း'ကို အိပ်ယာဝင်၊ အိပ်ယာထ ချေင်းတစ်ပုဒ်နှယ်ခင်တွယ်နေကြပြီ။

ငယ်ဘဝကို လွမ်းသည်။

သည်သို့ပင် ဇော်ဝမ်း၏ 'ကျောက်ခဲ' တို့၊ ကိုထီး၏ 'မောင့်လပြည့်ဝန်း'တို့၊ ဂျေမောင်မောင်၏ 'ဆို' တို့ဖြင့် ကြားကြားသမျှ မြင်မြင်သမျှ မျက်စောင်းခဲကာ ပြုံးတမဲ့မဲ့လုပ်ရလောက်အောင် အော်ဟစ်တေးသီခဲ့





ကြသော ငယ်ဘဝကို လွမ်းမိသည်။ တေးသံသည် ရုတ်ခြည်းပင် အတိတ်ဆီသို့ ပြန်ချည်၊ ငယ်ဘဝဆီသို့ ခုန်ချည်ဖြစ်စေအောင်ပင် ပြုစားနိုင်စွမ်းလေသည်။

*''တစ်နေ့နေ့ တချိန်ချိန် xxx*
*သိန်းကျောက်ရရင် လောပန်းဖြစ်ပြီပေါ့ xxx*
*ကံမကြုံရင် သံတိုင်ရောင်း xxx*
*ဆန်ကုန်တော့ လောပန်းပြောင်း xxx တဲ့ xxx*
*ဖိုးသမားဘဝတော့ xxx*
*ကျနော်လည်းအရောက်မခံပါ xxx*
*ဟိုတစ်ကျင်း မရရင် ဒီတစ်ကျင်း xxx*
*ဒီတစ်ကျင်း မရရင် နောက်တစ်ကျင်း xxx*
*ဖွဲလည်းမလျှော့ပါဘူး xxx*
*ကျင်းပေါင်းတစ်ထောင်ကုန်အောင်တူးမဲ့ xxx*
*ကျောက်တူးသမားပါဗျာ xxx''*

အနီးကပ်၍သာ တီးတိုးထွက်လာသော သီချင်းညည်းသံကြောင့်ပင် အာရုံကကိုယ်မှာကပ်သည်။ ပြီး အသံလာရာကို မျက်လွှာဝင့်၍ ကြည့်မိသည်။ အသံရှင်က စာရေးကလေး ကျော်သူရလင်းဖြစ်၍နေသည်။ မိမိ၏ရုံးတွင် တွဲဘက်ဖွင့်လှစ်ထားသည့် ရေးဌာနခုတွင် တာဝန်ထမ်းရသည့် အငယ်တန်းစာရေးကလေး။ မိမိ၏ ညီငယ်တစ်ဦးသဖွယ် သူကလည်း မိမိကိုခင်တွယ်၊ မိမိကလည်း သူ့ကို သံယောဇဉ်နှယ်ငင်မိသည်။ သည်မြစ်ကြီးနားမြို့ခံ၊ ရွာနေပြည်တိုင် လူငယ်တစ်ဦးဖြစ်သည်။ အခန်းတွင်းသို့ လွင့်ပျံ့လာသည့် သီချင်းသံနှင့်အတူ အာရုံဝင်စားစွာ သီချင်းကို တိုးတိုးညည်းရင်း စာရေးနေသည့်။

မျက်စောင်းထိုးစားပွဲတွင်လည်း မိမိရုံးအကူ မောင်ဖုန်းနိုင်က ကြားနေရသည့် သီချင်းသံစဉ်အတိုင်း စည်းချက်ကျကျခုံကို ခေါက်ကာ ပီတိဖြာ၍နေပြန်တော့သည်။ ဂီတဟူသော ဖန်တီးမှုအနုပညာတစ်ရပ်

သည် အရွယ်၊ အချိန်၊ အခြေအနေများကို ဖောက်ခွင်းလျှက် ရင်တွင်း အနက်ရှိုင်းဆုံးဆီသို့တိုင် စူးဝင်စီးဆင်းနိုင်စေသည်လေ။

"မိန်းဂျေးလ် (Main Jail)မှာ တော်တော်စည်နေ ပြီလားဟေ့၊ ဖုန်းနိုင်။ အရာရှိ ဘယ်သူရှိသလဲ။ အကျဉ်းသားတွေထဲကရော ဘယ်သူ ဦးစီးနေသလဲ။ အဆင်ပြေကြရဲ့လား"

မြူးမြူးကြွကြွ၊ ချိုချိုလွင်ကြားနေရသည့် သီချင်းသံသည် ဤ အကျဉ်းထောင်တံတိုင်းအတွင်းမှာပင် ထောင်ကို အိမ်ပြုနေကြရရှာသည့် အကျဉ်းသားတို့၏ လတ်တလော စိတ်အနေရွှင်ပျနေကြောင်း နိုင်လုံသည့် သက်သေတစ်ရပ်ဖြစ်နေသည့်တိုင် အကျင့်ပါနေသည့် တိကျသေချာချင်မှု ညာဦကလေးက မေးမိအောင်မေးလိုက်မိသေးသည်။

"အဆင်ပြေပါတယ် ဗိုလ်ကြီး၊ အားလုံးပဲ ပျော်လို့ရွှင်လို့ပါ။ တာဝန်မှူး ဗိုလ်လေးဦးကျော်တင့်နဲ့ ဆရာကြီးသာမောလေးရှိပါတယ်။ ရေဆွဲကြီးက ကိုစံထွန်းနဲ့ ဗိုလ်ကြီးတပည့်ကိုကိုနိုင်တို့ ဦးစီးနေပါတယ်။ အိပ်ဆောင်တိုင်းက သူကြီးတွေလည်း စုံစုံညီညီရှိနေပါတယ်ဗိုလ်ကြီး။ စိတ်မပူပါနဲ့"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်နဲ့ ခုနကပဲ ရောက်ပြီးပြီ။ လချုပ် ကလေး လက်စသတ်ချင်လို့ ပြန်ထွက်လာတာ။ အထဲမှာတော့ တော်တော် စည်နေပြီ။ သီချင်းဆိုမဲ့သူတွေ များလွန်းလို့တောင် အိပ်ဆောင်အလိုက် အလှည့်ကျ တန်းစီဆိုဖို့ စီစဉ်ပေးထားရပါတယ်"

"ပျော်နေကြလို့ စိတ်တော့အေးပါတယ်ကွာ။ ဒါပေမယ့် အပျော် လွန်ပြီး ပြဿနာတွေဖြစ်မှာစိုးရိမ်တာပါ။ တစ်ခုခု အဆင်မပြေဖြစ်ခဲ့ရင် ထောင်ပိုင်ကြီးက ငါ့ထုမှာကွ။ သိပ်ပြီး ဒီကိစ္စကိုခွင့်ပြုချင်တာ မဟုတ်ဘူး။ ငါက ခေါင်းမာလွန်းလို့ အလျှော့ပေးထားတာ။ ပြဿနာဖြစ်ရင် နောက် ပိုင်း အခွင့်အရေးတွေ ပိတ်သွားလိမ့်မယ်"

ဟုတ်ပါသည်။ နွေနွေညည နီစွရူဝ သည်ထောင်နံရံတံတိုင်းနှင့် သည်အဝန်းအဝိုင်းကလေး အတွင်းမှာသာ သည်မျက်နှာ သည်အလုပ်





တွေနှင့် တကုပ်ကုပ် အာရုံညောင်းနေကြရရှာသည့် သူတို့ခမြာများအတွက် တစ်ခါတစ်ရံ နေပျော်စရာဝန်းကျင် ကလေးတစ်ခု ဖန်တီးပေးချင်သည်။ ဘဝဆိုသည် နေတတ်လျှင် ကျေနပ်စရာသာတကားဟု စိတ်၏ပြေရာ ကလေးတစ်ခု တည်ဆောက်ပေးချင်သည်။

"မိမိမျှော်လင့်တာ၏ တစ်ဝက်ရလျှင်ပင် အောင်မြင်သောဘဝ၊ တစ်စိတ်တစ်ပိုင်းရလျှင် နေပျော်သောဘဝ၊ မျှော်လင့်ထားသည်၏ ဆယ်ပုံတစ်ပုံရခဲ့လျှင်တောင် လူဖြစ်ရကျိုးနပ်သည့်ဘဝ"ဟူသော ချင့်ရဲမ ပြေနိုင်သည့် လောဘကို မီးခိုးတိတ်စေနိုင်စွမ်းခဲ့သည့် ငယ်ဆရာတစ်ဦး၏ နှုတ်ရည်အတိုင်း လုံးဝမရသည်နှင့်စာလျှင် တစ်ခုဆိုသော ကိန်းဂဏန်း သည်ပင်လျှင် ကြီးမားလေသော တန်ဖိုးဟု ယုံမှတ်စေလျှက် တဒင်္ဂဖြစ်စေ ဘဝကို တိမ်းမူး မြတ်နိုးခွင့်ကလေးပေးချင်မိသည်။

သည်စေတနာကြောင့် မနေ့ကစနေနေ့ တစ်နေ့ခင်းလုံး ထောင်ပိုင် ကြီး (ဦးစိုးမြင့်၊ လ/ထ ညွှန်ကြားရေးမှူး)ကို နားပူနားဆာပြုကာ သည်အခွင့်အရေးကလေးကို မရမက ဖန်တီးဖြစ်ခဲ့သည်။ မျှော်လင့်မိခဲ့ သလို ပျော်နေကြရှာသည့် သည်ကြုံကြိုက်ဖြစ်တည်မှုလေး ပျက်စီးကြေ လွင့်သွားမှာစိုးသည်။ နောင်ကာလများစွာအထိ အသက်ဆက်ရှင်သန်ခွင့် မရနိုင်မှာကိုတွေး၍ နှမြောဖြစ်မိသည်။

အများကထင်ကြသည်။ ထောင်ဆိုသော ထိုအရပ်သည် လူဆိုး၊ လူမိုက်၊ ဒုစရိုက်အပြစ်သားတို့၏ ကမ္ဘာဟုသာ စိတ်နှလုံးဒုံးဒုံးချ၍ထင်ထား ချင်ကြသည်။ လောကလူ့အဝန်းအဝိုင်း၏ အစွန်အဖျား၊ ထောင့်ကြွေး ကလေးနားမှာ လူမသိ သူမသိ ညစ်ထေးထေး ဒေသကလေးဟု နှလုံး သွင်းချင်ကြသည်။

ကိုယ်နှင့်ခင်၍ အကြောင်းကြီးငယ် မရှိချေလေက မျက်နှာမူအပ် သောအရပ်ဟုပင် မမှတ်မယူလိုကြ။ သည်အရပ်သည် အဝိုင်းအဝန်း ကလေးထဲမှာ သူလိုငါလို လူသားတွေ အနန္တရှိနေပါသေးတကား ဆိုသည် ကိုပင် မေ့ယောင်ပြုချင်ကြသည်။

မိမိပင်လျှင် သည်အကျဉ်းထောင်ဝန်ထမ်းဘဝ အဦးအစကာလကသည်သို့ပင် ထင်ခဲ့ဖူးသေးသည်။ တစ်စတစ်စ ဆယ်စုနှစ်နှစ်ခု စာမက အချိန်များကို သည်အရပ်သည်ထောင်နံရံတံတိုင်း နောက်အကွယ်မှာ သူတို့နှင့်အတူ အရင်းအနှီးပြုခဲ့ရလေတော့မှပင် ဝိညာဉ်တွေညှိုး၊ ဝိညာဉ်တွေကြွေ၊ ဝိညာဉ်တွေ သေနေသည့် သည်လူသားတို့၏ ကမ္ဘာကလေး သည်လည်း အများနည်းတူ လူ့ဘုံခန်းဝါ၏ ဇာတ်ကွက် ကလေးတစ်ခန်း သာပေတကားဟု ဘဝင်ကျခဲ့ရသည်။

သည်တော့လည်း သူတို့ပျော်ရာ၊ သည်ကမ္ဘာသေကလေးကို နေပျော်ခွင့်ကလေးတွေကို ထုဆစ်သွန်းလုပ်ကြည့်ချင်မိသည်။ ပျိုးလည်း ပျိုးကြည့်၊ စိုက်လည်း စိုက်ကြည့်၊ ရေလောင်းပေါင်းသင်နိုင်စွမ်းသမျှ ပြုစုကြည့်မိဖူးပါသည်။ အောင်မြင်တာလည်းရှိ၊ အကျအပေါက် အပျောက် အကြားများလည်း ရှိသည့်အခါရှိပေ့ါ ။

မနေ့ကတော့ ထောင်ပိုင်ကြီးထံက ရှောရှောရှူရှူ အခွင့်ရခဲ့သည်။ သည်အကျဉ်းထောင်နံရံအတွင်း တဒင်္ဂပျော်ရွှင်ခွင့်။ မိန်းဂျေးလ် အမည်ပြုထားအပ်သည့် ထောင်အလယ်က အုပ်ချုပ်စီမံခန့်ခွဲရာ မြေကွက် လပ်ကျယ်ကျယ်မှာ အပြင်အပကမ္ဘာ၌ ဖန်တရာတေရိုးအီ နေပြီဖြစ်သည့် ဗွီစီဒီကာရာအိုကေစက်သွင်း၍ နားဆင်ကြ၊ ကြည့်ရှုကြ၊ သီဆိုကျူးရင့်ကြ၊ မြူးရွှင်ကြ။

ခေတ်အဆက်ဆက် တင်းမာကြပ်တည်း လွန်းလှလေသည့် အကျဉ်းထောင်အုပ်ချုပ်မှု ကြိုးနီစနစ်ကြီး တစ်ပတ် တစ်ရစ်လျော့ကာ လူသားဝါဒ အခြေခံသည့် ပြုပြင်တည်ဆောက်ရေးဘက် ဦးအလှည့် အ~~ဲ့~~က်တသင့်အချိန်မှာ အရအမိ ဖမ်းဆုပ်နိုင်ခဲ့သည့် သည်အခွင့်အရေး။ နံနက်ဦး၏ နေခြည်နုနုနှင့်အတူ ရှင်သန်ပါစေဦးလေ။ ဆက်၍ဆက်ကာ ရှင်သန်ပါစေဦး။

*''ဆောင်းနှင်းဖွေးဖွေးလေး xxx*

*တောင်တန်းများကြားမှာ xxx*





*အေးချမ်းလှတဲ့ ကျွန်တော်တို့မြို့ကလေးကို xxx*

*အလည်တစ်ခေါက်အရောက်လာပါလားလို့၊ xxx*

*ဟန်ဆောင်မှုကင်းတဲ့ xxx*

*စေတနာ ရင်မှာ xxx,*

*တကယ်ရင်းနှီးတဲ့ စိတ်ထားတွေ xxx*

*အော် xxx*

*ရှမ်းပဲပုပ်လို့ခေါ်ချင်ခေါ်ပါစေ xxx*

*ဒါကို. . . ဖွေမယူနိုင်ပါဘူးလေ xxx*

တေးသံက သီချင်းအသစ်တစ်ပုဒ်ဖြင့် ဖူးပွင့်ဝေစည်နေပြန်သည်။ သည်အသံကလည်း မဆိုး။ ချိုချိုအေးအေး လွင်လွင်စည်စည်။ အလူး အလွန့် အလှုပ်အခတ်ကလေးတွေနှင့် ဝေ့ကာ ဝဲကာ။ နာမည်ကြီး 'စိုင်းဆိုင်မော့' ၏ 'ရှမ်းပဲပုပ်ကလေးကျွန်တော်' သီချင်းမှန်း နားစည်မှ တစ်ဆင့် ရင်ထဲကသိသည်။

သည်အကျဉ်းထောင်ကလေးက ချစ်ချင်စရာကောင်းသည်။

မြန်မာပြည်မြောက်ဖျား၊ သွေးချင်းကချင်တို့ဒေသ ဥတ္တရတိုင်းက မြစ်ကြီးနားဆိုသည့် မြို့ကလေးမှာ သည်အကျဉ်းထောင်ကလေး တည်ရှိ သည်။

''မြစ်ကြီးနား''ဟု ခေါ်ကြပါသည်။

ရှေးရှေးကချင်လူကြီးများက ယခုအကျဲရွာသူ ရွာသားများ၏ လယ်ယာလုပ်ကိုင်ရာအရပ် ''အကျဲအနား''ဟူသော အခေါ်မှ မြစ်ကြီးနား ဖြစ်လာသည်ဟုဆိုကြ၏။ အချို့ကမူ မြစ်ကြီးနားနေရာသည် ယခင်က ခြင်နှင့်မှက်ကိုက်လွန်းသောနေရာဖြစ်၏။ ထို့ကြောင့် 'မကြီနာ'ဟု ခေါ်ရာမှ မြစ်ကြီးနားဟုခေါ်တွင်လာသည်ဟု ပြောကြသည်။

အချို့ကလည်း ဗြိတိသျှတို့ ဝင်ရောက်ကာစ ၁၈၈၆–၈၇ခုနှစ်၊ ကာလအထိ ယခုဆုတောင်းပြည့်ဘုရား၊ ယခင်သာယာကုန်းရွာမှ အရှေ့ဘက်ကမ်းအထိ ဧရာဝတီမြစ်သည် ခဲတစ်ပစ်စာမျှအထိ ကျဉ်းမြောင်းနေ

၏။ ထို့ကြောင့် ထို 'မြစ်အကျဉ်းအနား' မှာ မြို့တည်ထားသဖြင့် မြစ်ကျဉ်းနားမှ မြစ်ကြီးနားဖြစ်လာသည်ဟု မှတ်သားထားကြ၏။

အချို့ကလည်း ၁၉၈၂ ခုနှစ်ခန့်တွင် ယခင်သာယာကုန်း (ကြေးနန်းရုံးသဲဆိပ်) အနီးတွင် ဗန်းမော်ဘက်မှ ဆန်တက်လာသည့် ရေယာဉ်မော်တော်နှင့် လှေသမ္ဗန်များ ဆိုက်ကပ်ထားသည့်နေရာရှိ၏။ ထိုနေရာတွင် မြစ်ထဲမှ သစ်ငုတ်တိုကြီးတစ်ခုပေါ်နေသည်။ ထိုသစ်ငုတ်တိုပေါ်တွင် ကျီးကန်းငှက်များအမြဲ နားလေ့ရှိသည်။ ထို့ကြောင့် "မြစ်ကျီးနား" မှ နောင်တွင် မြစ်ကြီးနားဟု ခေါ်တွင်လာသည်ဟု အဆိုပြုပြန်သည်။

အချို့က နယ်ချဲ့ဗြိတိသျှများ ဗန်းမော်–မိုးကောင်းစစ်ကြောင်းဘက်မှ ဝင်ရောက်လာပြီး ကြေးနန်းရုံးသဲဆိပ်နှင့် နန်းသီတာနေရာတစ်လျှောက် (ယခုဆက်သွယ်ရေးရုံးနှင့် ခ.ယ.က ဧည့်ရိပ်သာ)၌ စခန်းချရုံးစိုက်ခဲ့သည်။

ထိုနေရာ မြစ်ကြီးအနားတွင် စတင်စခန်းချမြို့တည်သဖြင့် "မြစ်ကြီးအနား"မှ နောင်တွင် မြစ်ကြီးနားဖြစ်လာသည်ဟု ပြောလေ့ရှိကြသည်။ မြစ်ကြီးနား "ဒိစိတြိတ် ဂေဇက်တီးယား" တွင်မူ ဧရာဝတီမြစ်ကြီးအနားတွင် တည်ရှိ၍ မြစ်ကြီးနားဟု ခေါ်ကြောင်း အသေအချာရေးသား ဖော်ပြထားလေသည်။

မည်သူက မည်သို့ပင် အဓိပ္ပါယ်ဖွင့်ဆို ဘာကြောင်းပဲ အမည်ကိုခေါ်ခေါ် မြစ်ကြီးနားမြို့ကလေးကမူ ဧရာဝတီမြစ်မင်းနဒီအနောက်ဘက်ကမ်းပေါ်တွင် မေးတင်၍ ယဉ်ယဉ်ခန့်ခန့် လှပစွာ တည်နေသည်ကား အမှန်။

မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၃၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၃ မိနစ်တွင် ကျရောက်တည်ရှိသည်။ ပြည်နယ်၏ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (မပခ) ရုံးစိုက်ရာ ကချင်ပြည်နယ်၏ မြို့တော်လည်းဖြစ်သည်။

ဧရာဝတီမြစ်နဒီ၏ အဦးအစ အင်မိုင်ခမြစ်နှင့်မလိခဆုံရာဒေသ၊





မြန်မာနိုင်ငံ၏မြောက်ဘက်အစွန် မီးရထားလမ်းဆုံးဒေသ၊ အိန္ဒိယနိုင်ငံ လီဒိုမြို့နှင့် ဆက်သွယ်နိုင်သည့် ကမ္ဘာကျော်လီဒိုလမ်းမကြီး စတင်ရာဒေသ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အိန္ဒိယနှင့် တရုတ်နိုင်ငံ တံခါးဝများကို အကုပ်အတွယ်အမှီပြုနိုင်ဖို့ မဟာမိတ် တပ်များနှင့် ဖက်ဆစ်ဂျပန်တို့ အသေအကြေ အပြင်းအထန် ဆင်နွှဲခဲ့ကြသည့် နာမည်ကျော် မြစ်ကြီးနားတိုက်ပွဲကြီးကြောင့် ထင်ရှားသည့်ဒေသ၊ ကမ္ဘာကျော်ကျောက်စိမ်း အပါအဝင် အဖိုးတန် ရှားပါးကျောက်မျက် သယံဇာတများထွက်ရာ ဥတ္တရာတိုင်း၏ နှလုံးသားရပ်ဝန်းဒေသလည်း ဖြစ်ပေသေးသည်။ အစဉ်အလာနှင့် မြစ်ကြီးနားပေတကား။

သည်လိုမြို့ကလေး၏ "လယ်ကုန်း"ဆိုသော ရပ်ကွက်တွင် ခလရ (၂၉) တပ်ရင်းနှင့်ကျောချင်းကပ်လျက်မှာ အကျဉ်းထောင်နယ်မြေကတည်ရှိသည်။ စုစုပေါင်း ဧက (၂၀)နီးနီးကျယ်ဝန်းသည့် စိမ်းစိမ်းညို့ညို့ စားပင်သီးပင်အုပ်အုပ်ကလေးနှင့်. သန့်ရှင်းဆိတ်ငြိမ်သော နေချင်စဖွယ်နေရာကလေးပါပေ။

ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ၏ ဝန်တင်တပ်ရင်းနေရာမှ မှတ်တမ်းများက ဆိုပါသည်။ နာမည်ကျော်လီဒို လမ်းမကြီးဖောက်လုပ်ရန်နှင့် တရုတ်နိုင်ငံအား ဖက်ဆစ်ဂျပန်တို့ ဗိုလ်ကျ ဦးမိုးနေမှုကို နောက်ကျောကပတ်၍ တိုက်မည့် စစ်ဆင်ရေးတစ်ရပ်၏ မဟာမိတ်စစ်ကြောင်းများအတွက် လားဝန်တင်၊ မြင်းဝန်တင်များ စုဆောင်းထိန်းသိမ်း လေ့ကျင့်ပေးရာ တပ်စခန်းကြီးဟု သိမီခဲ့သူတို့ကပြောသည်။

နောက်၊ ပြည်ထောင်စုအစိုးရခေတ်တွင်တော့ စစ်ရဲတပ်ရင်း တပ်ထိုင်ခဲ့သည်။ ထိုမှသည် လမ်းစဉ်ပါတီခေတ်မတိုင်မီကလေးမှာ (ဃ) အဆင့်၊ အကျဉ်းထောင်ငယ်လေးအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

အကျဉ်းသား၊ အချုပ်သား (၂၅၀)ခန့်သာ လက်ခံထိန်းသိမ်းနိုင်သည့် ပီဘိ ထောင်သေးသေးပေါက်စလေး။ ထောင်မှူးကြီး (Chief Jailor) က တာဝန်ခံအရာရှိ (Supretendent) ဖြစ်သည်။ တစ်စ

တစ်စ ခေတ်ကာလ၏ လိုအပ်ချက်အရ ချဲ့၍ချဲ့၍လာခဲ့ရာ ယခုအခါ အကျဉ်းသား၊ အချုပ်သား (၁၀၀၀) ဦး လက်ခံထားနိုင်သည့် (က)အဆင့် အကျဉ်းထောင်ကြီး ဖြစ်၍နေပါသည်။

မိမိက (၁၉၉၆) ခုနှစ်တွင်၊ သည်ထောင်ကလေးသို့ ထောင်မှူး ကြီးရာထူးဖြင့် ဒုတိယတာဝန်ခံအရာရှိ (2IC) အဖြစ် ပြောင်းရွှေ့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သည်မြို့ကလေးသည် အကျဉ်းထောင်တို့ နှင့် သုံး၊ လေးနှစ် ပွေ့ဖက်ရင်းနှီးလာခဲ့ပြီး ဖြစ်သည့်တိုင်၊ အမြဲတမ်း သစ်ဆန်းလန်းဆတ်နေချင်တတ်သေးသည်။

နေ့တိုင်း၊ နေ့တိုင်း အသစ်အသစ် မွေးဖွားလာသည့် ရှုခင်း မြင်ကွက်ကလေးများကလည်း ပို၍ သာ၍ လှလှနေသည်။ အရောင်တွေ စုံ၍စုံ၍လာသည်။ အပြုံးတွေရွှင်၍ ရွှင်၍လာသည်။ သည်သို့သာ မိမိထင်သည်။

သည်ရေခံမြေခံ ကောင်းကလေးရှိနေသည့် သည်အကျဉ်းထောင် ကလေးမှာ ရာဇဝတ်မှုကြီးကြီး၊ ဆိုးဆိုးသွမ်းသွမ်း အကျဉ်းသား အချုပ် သားသိပ်မရှိလှ။ သေဒဏ်အကျဉ်းသားအထိ လက်ခံထိန်းသိမ်းနိုင်သည့် ဖွဲ့စည်းပုံရှိနေသော်လည်း သေဒဏ်အကျဉ်းသားတစ်ဦးမျှမရှိ။ မရှိ ဆို သည်ထက် ယနေ့ထက်တိုင် လက်ခံရမှုကို မရှိသေးဟု မိမိသိထားသည်။

ပြစ်ဒဏ် (၁၅)နှစ်အထက် အကျဉ်းသားပင် သုံး၊ လေးဦးပဲရှိသည်။ လူသတ်မှု၊ ရက်စက်ဆိုးသွမ်းသော ရာဇဝတ်မှုနည်းသည်။ ရွှေတူး၊ ကျောက်တူး နယ်မြေဖြစ်၍ ယင်းလုပ်ငန်းနှင့်နွယ်သော ပြစ်မှုများ၊ ကျောက်မျက်ရတနာအရောင်းအဝယ်နှင့်နွယ်သော ပြစ်မှုများ၊ ငွေဖြစ် လွယ်သည့်အရပ်ဖြစ်၍လည်း ကျွဲကူးရေပါ မူးယစ်ဆေးဝါးပြစ်မှုများက များရာစုဖြစ်၏။

မူးယစ်ဆေးဝါးရောင်းသူ၊ မူးယစ်ဆေးဝါးသယ်သူ၊ မူးယစ် ဆေးဝါးသုံးသူစသည် စသည်ယောက်ျား၊ မိန်းမ ပျိုပျိုအိုအိုများရာစုက သည့် အမှုတွေနှင့် ထောင်ရောက်လာကြသည်များသည်။





တချို့များဆိုလျှင် မူးယစ်ဆေးဝါးသယ်တာ၊ ရောင်းတာကို ရာဇဝတ်မှုတစ်ခုဟု မမြင်။ ငွေရလွယ် ငွေရချောင်ပြီး လူအပင်ပန်း သက်သာသည့် စီးပွားရေး လုပ်ငန်းတစ်ရပ်နှယ်သာ နှလုံးပိုက်ထားကြ သည်။ ကံချော်လို့ထောင်ကျ လိုက်တော့လည်းခံလိုက်ပေါ့။ ထောင်ကလွတ် လျှင် သည်အလုပ်ပဲ လုပ်ပါဦးမည့်တဲ့။ ဆိုချင်သည်ကား သည် ထောင်ကလေးမှာ ဆိုးဆိုးသွမ်းသွမ်း လူမိုက်ကြီး လူကြမ်းကြီးတွေမရှိ။

မရှိဆို၍ ပြောရဦးမည်။

သည်ထောင်သို့ မိမိစတင်ပြောင်းရွှေ့ရောက်ရှိသည့်နေ့က မိမိနှင့် မိသားစုများ မြစ်ကြီးနားဘူတာသို့ မိုးစင်စင်လင်းသည့် အချိန်မှာ ရထား ဖြင့် ရောက်ခဲ့ကြသည်။ အိပ်ယာနိုးစ၊ မျက်နှာသစ်ပြီးစ ကြည်လင် လန်းဆန်းနေသည့် မြို့ကလေး၏ မျက်နှာကို အဦးအစတွေ့ရသည်။

မိမိ၏ အစ်ကိုသဖွယ် ချစ်ခင်ရင်းနှီးသော ထောင်မှူး ဦးခင်မောင် မြင့် (တန့်ဆည်)က ထောင်မှကားဖြင့်လာကြိုသည်။ မြို့ကလေးကို ပြုံးပြ နှုတ်ဆက်၊ လန်းဆန်းသန့်စင်အေးမြလှသော နံနက်ဦးလေနှင့် နှင်းမှုန်မှုန် ရှုခင်းတို့အထဲ တိုးဝင်ရင်း သည်အကျဉ်းထောင်ကလေးဆီရောက်ခဲ့သည်။

ထောင်ဗူးဝရှေ့ကားရပ်လိုက်သည်နှင့် ထောင်ပိုင်ကြီး ဦးမြွေးဝင်း က ဝတ်စုံပြည့်စောင့်နေသည်။ မိမိက ကားပေါ်မှဆင်းကာ အလေးပြုရင်း ဂါရဝပြု နှုတ်ဆက်ရသည်။

"ဦးဇော်မြင့်ရေ. . . လာ၊ လာ။ ထောင်မှူးကြီးကို စောင့်နေတာ။ ကျုပ်က ရုံးချုပ်ကို လေးလပတ်အစည်းအဝေးသွားရမယ်။ ခင်ဗျားကို အလုပ်လွှဲ (Handing-Over) ပြီးရင် အခုထွက်တော့မလို့။ အမျိုးသမီး နဲ့ကလေးတွေလည်းပါမယ်။ အလုပ်လွှဲဖို့ စာရွက်တွေရယ်၊ အမိန့်စာ (Order Book, Part II)ရယ် အဆင်သင့်ပဲ။ ကြည့်ရှုပြီး လက်မှတ် ထိုးပေတော့"

"ဟာ ဆရာ၊ မြန်းဒိုင်းကြီးပါလား"

"အေးဗျ။ မနက်စောကပဲ ညွှန်ချုပ်ကြီး ဖုန်းဆက်သေးတယ်။

ထောင်မှူးကြီးတို့ရောက်မရောက် သတင်းမေးရင်းနဲ့ ထောင်မှူးကြီးရောက်ရင် အလုပ်လွှဲပြီး ချက်ချင်းဆင်းခဲ့လို့မှာသွားတယ်။ ခင်ဗျားဆရာ ညွှန်ချုပ်ကြီးကတော့ ခင်ဗျားကို တော်တော်ယုံကြည်အားကိုးပုံပဲ။ အားရပါးရ ညွှန်သွားလေရဲ့"

"ဟုတ်ကဲ့ဆရာ။ ကျွန်တော်ယူနီဖောင်း (Uniform)လဲလိုက်ဦးမယ်ဆရာ။ ခဏကလေးခွင့်ပြုပါ"

"ကိုယ့်လူရေ့ လဲမနေနဲ့တော့။ အချိန်လဲမရှိတော့ဘူး။ ပြီးတော့ ဒါနယ်ထောင်ကလေးဗျ။ ထောင်မှူးကြီးပြောင်းလာတဲ့ မန္တလေး ဗဟိုအကျဉ်းထောင်ကြီး မဟုတ်ဘူးလေ။ လာ. . . လာ။ ထောင်ထဲဝင်မယ်။ ကျန်တာတွေထက် ဒီထောင်မှာ ခင်ဗျား ဂရုတစိုက်စောင့်ကြည့်ရမယ့် ပြဿနာသတ္တဝါလေးကောင်ရှိတယ်။ ၁၆–မိုင်ကျောက်ထုတ်စခန်း (နန်ပေါင်) မှာ လူသတ်မှုထပ်ဖြစ်လို့ နောက်မှုနဲ့ ပြန်လက်ခံထားရတဲ့ လူဆိုးလေးကောင်ပေါ့ဗျာ။ ကြားရတာတော့ သေဒဏ်များ ကျဦးမလားမသိဘူး။ အိပ်ဆောင်မှာလည်း ထားမရတော့ ပြစ်ဒဏ် တိုက်ထဲမှာ ခြေကျင်းခတ်၊ ဒေါက်ခတ်ပြီး ထည့်ထားတယ်။ Four Marketyears ပေါ့ဗျာ။ ဒီပုဂ္ဂိုလ်ကျော်လေးယောက်ကိုတော့ မျက်မြင်ပဲ လွှဲခဲ့ချင်လို့။ ကျန်တာတွေတော့ ထောင်မှူးကြီး ဘာသာပဲ ပြေးပြေးကြည့်ပေတော့။ ကျုပ်တော့တစ်ပတ်လောက်ကြာမယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ကိုယ့်အထက်အရာရှိ၏ စကားမှန်သမျှသည် ဥပဒေနှင့် မဆန့်ကျင်သရွေ့ လက်အောက်အတွက် အမိန့်ချည်းသာ။ မာမာပြောပြော၊ ပျော့ပျော့ဆိုဆို၊ ချိုချိုပဲညွှန်းညွှန်း စိတ်အလိုမတည့်၍ ဆဲဆိုကြိမ်းမောင်းချင်က ကြိမ်းမောင်းစေဦး။ တာဝန်စေရာဆိုတော့ လိုက်နာရမည်သာပင်။

သို့ဖြင့် ကိုယ့်ဆရာထောင်ပိုင်ကြီးနောက်သို့ အရပ်ဝတ် အရပ်စားဖြင့်ပင် ခပ်ယို့ယို့လိုက်ခဲ့၏။ ထောင်တွင်းက အကျဉ်းသား၊ အချုပ်သားများမှာလည်း အချိန်မဟုတ် အခါမဟုတ် ထောင်ပိုင်ကြီး ထောင်ထဲဝင်





လာ၍ ကွက်ကြည့်ကွက်ကြည့်။ ရောက်ပါပြီ။ ပြစ်ဒဏ်တိုက်မှာဆိုသော ဆယ်ခန်းတွဲတစ်ထပ်တိုက် ပြားပြားပုပုလေး။ တိုက်ရှေ့မှာ ဗောဓိညောင်ပင်ကြီးက ဟည်းထနေသည်။ မိမိလည်း ထောင်ပိုင်ကြီးနောက်က အသာကပ်၍သာ လိုက်လာခဲ့ရာ. . .။

"ဟင်. . . အဘ"

"ဟာ. . . ဟဲ့ ကောင်စိုးလေး"

"ဟို. . . ဟို. . . ထောင်မှူးကြီး"

"ဟော. . . တင်ထွန်း"

"ဟိုဘက်ခန်းမှာ လှဝင်းနဲ့ ငမျိုးရှိတယ်ဆရာ။ ဟော့ကောင်တွေ မန္တလေးက အဘရောက်လာတယ်ဟေ့"

"မင်းတို့အားလုံး ဒီမှာရောက်နေကြတာလား"

"ဟုတ်တယ်အဘ။ စက်ဘီးခိုးတဲ့အဖွဲ့တွေကို စစ်ခုံရုံးနဲ့ပေါင်းပြီး ခိုး၊ ဆိုး၊ နှိုက်တွေ နယ်နှင်တော့ ကျွန်တော်တို့တွေ ဒီပါလာကြတာ။ မန္တလေးဘက် ပြန်မရောက်ဖြစ်တော့ဘူး"

"မင်းတို့က ခြေကျင်းတွေ၊ ဒေါက်တွေနဲ့ဘာလို့တိုက်ထဲ ရောက်နေရတာလဲဟ"

"၁၆–မိုင် လူသတ်မှုလေဆရာ. . . နောက်မှုရင်ဆိုင်နေရတာ"

"ဟင်. . . ဒါဆိုမင်းတို့က. . ."

ကျွန်တော်စကားမဆက်မိသေး။ ထောင်ပိုင်ကြီးကို လှမ်းကြည့်လိုက်မိသည်။ ထောင်ပိုင်ကြီးကလည်း အံ့သြနေပါလေ၏။

"နေပါဦး၊ ထောင်မှူးကြီးရဲ့။ ခင်ဗျားက ဒီပုဂ္ဂိုလ်ကျော်လေးယောက်နဲ့သိလို့လား"

"သိတာမဟုတ်ဘူးဆရာရေ။ ဒီကောင်တွေ မန္တလေးထောင်မှာ အသက်ဆယ့်ရှစ်၊ ဆယ့်ကိုးသာတီးဒီ (30-D) နဲ့ ထောင်ထဲဝင်ခလုတ်၊ ထွက်ခလုတ်လုပ်နေတုံးကတည်းက ကျွန်တော့်သားသမီးလိုနေတဲ့ ကလေးတွေ။ မန္တလေးမှာ ပျောက်သွားပါတယ် အောက်မေ့နေတာ။ သင်းတို့က

သည်မှာလာအောင်းနေကြတာကိုး။ ဒါနဲ့. . . ထောင်ပိုင်ကြီး။ ထောင်ပိုင်ကြီးပြောတဲ့လေးယောက်က သူတို့လား''

''ဟုတ်တယ်ဗျာ။ ဒီမြစ်ကြီးနားထောင်မှာတော့ ဦးနှောက်အစားရဆုံး ချီးထုပ်ကြီးတွေပေါ့။ ဒါပေမယ့် ထောင်မှူးကြီးကိုင်နိုင်ပြီဆိုရင် ကျုပ်စိတ်အေးပါပြီ''

''စိတ်ချပါဆရာ။ ဒီအချိန်ကစလို့ ဒီလေးယောက်နဲ့ ပတ်သက်တဲ့ ပြဿနာလုံးဝမကြားစေရပါဘူး။ ကျွန်တော်လုံးဝ တာဝန်ယူပါတယ်''

သည်သို့ဖြင့် ချီကတည်းက ယဉ်သကို ဆိုသလိုပင် သည်ထောင့်ကလေးမှာ မင်းမူနေသည့် လူဆိုးကြီးလေးယောက်ကို ငယ်တပည့်ဟောင်းများ အဖြစ်အသွင်ပြောင်းကာ မိမိ၏ အကျဉ်းထောင်အုပ်ချုပ်ရေး၌ တစ်ခန်းတစ်ကဏ္ဍပါဝင်စေခဲ့သည်။ သည်ကတည်းက သည်ထောင်မှာ မျက်ကလူးဆန်ပြာဖြစ်ရလောက်သည့် လူဆိုးလူသွမ်း မရှိခဲ့ပါလေ။

''သူပန်ထားတဲ့ ပန်းနီနီ xxx
နေရာခဏလဲချင်သည် xxx
သူဆင်မြန်းတဲ့ပိနပ်နီနီ xxx
နေရာခဏလဲချင်သည် xxx
ကြင်နာသူလေးလှဖို့ xxx အစွမ်းကုန်ကြိုးစားမည် xxx
ရင်မှာဒီလောက်ချစ်ပါသည် xxx
သူပျော်တာ xxx အမြဲတွေ့ချင်သည် xxx
သူ့အရိပ်အဖြစ်အမြဲရှိတတ်ပြီ xxx
ကြင်နာသူလေးခုတ်မထိဖို့ xxx ကိုယ်ကြိုးစားမည် xxx
ရင်မှာဒီလောက်ချစ်ပါသည် xxx
ဘာမဆိုကိုယ်အဆုံးရှုံးခံမည် xxx
အလှမ်းဝေးတဲ့ ပန်းကလေးမြနှင်းဆီ xxx''

သည်တစ်ခါတော့ သီချင်းသံက လွမ်းဟန်ပါချင်သည်။ တစ်ခေတ်တစ်ယောက်ဆိုစလောက်သည့် သီချင်းသည် ''ထူးအိမ်သင်'' ကိုယ်တိုင်





ရေး ကိုယ်တိုင်ဆို ''တစ်နေ့နေ့တော့ ချစ်လာလိမ့်မည်'' သီချင်းပါတကား။ ငဲသဲကပင် လိုက်၍ဆိုကြည့်နေမိသည်။ သီဆိုနေသူအသံရှင်သည် ကျွမ်းကျင်ပိုင်နိုင်လှသည်။ ခက်ခဲလှဖွယ်ရှိသည့် ထူးအိမ်သင်၏ အသံအလှည့်ကလေးများကို အသာအကြည်ပင် သွဲ့သွဲ့ကလေးဝဲ၍ လှည့်၍ သီကြူးသွားပုံက ပါးစပ်ကသာ အသံထွက်စေသော်လည်း နှလုံးသားနှင့်ဆိုနေမှန်း တကယ်သိသာလှသည်။

''ဖုန်းနိုင်ရေ ဒီတစ်ယောက်တယ်နိုပ်ပါလားကွ။ သီချင်းနဲ့ ဆိုဟန်ပြောင်းသွားပေမယ့် အသံကတော့ စောစောကနဲ့တစ်ယောက်ထဲပဲထင်တယ်''

''ဟုတ်တယ်ဗိုလ်ကြီး။ သုံးဆောင်က နွဲ့အောင်ပါ။ အဆိုကလည်း အဆိုကောင်း ဝါသနာကလည်း ကြီးသားခင်ဗျာ။ ဗိုလ်ကြီးစီစဉ်ထားတဲ့ အိပ်ဆောင်တွေအတွက် ညညကက်ဆက်နဲ့ဖွင့်ပေးတဲ့ သီချင်းတိုင်းလိုလို အကုန်အလွတ်ရတယ်။ မရလို့လည်း မဖြစ်နိုင်ဘူးလေ။ သူကြိုက်တဲ့ သီချင်းတွေဆို အခေါက်ခေါက်အခါခါဆိုလိုက်၊ ကျင့်လိုက်။ သီချင်းဆိုရင် ယပင်းတောင်မေ့တဲ့ကောင်''

''တို့အိပ်ဆောင်တွေတလာစီ (ရှာဖွေရေးပြုလုပ်ခြင်း)တိုင်း သီချင်းစာအုပ်တွေ အမြဲသိမ်းမိနေတဲ့ ကိုကိုနိုင့်တပည့် ချာတိတ်လားကွ။ ဖြူဖြူနွဲ့နွဲ့ကောင်ကလေးလား။

''ဟုတ်တယ်ဗိုလ်ကြီး၊ ဟုတ်တယ်။ သူရတဲ့အသားပုံစံဟင်းကို မစားရက်မသောက်ရက်ရောင်းပြီး သူကြိုက်တဲ့သီချင်းစာအုပ်ပဲ ဝယ်ဝယ်စုနေတဲ့ ဓားပြကလေးပါရော။ ဗိုလ်ကြီးတောင် သနားလို့ တစ်ခါက ထူးအိမ်သင်သီချင်းပေါင်းချုပ် ဝယ်ပေးလိုက်သေးတယ်လေ''

''အေး. . . အေး. . . မှတ်မိပြီ''

ပြောနေဆိုရင်းက တရေးရေးသတိရလာသည်။

သည်အကျဉ်းထောင်ကလေးကို မိမိနိုင်ငံ့ဝန်ထမ်းဘဝနှင့် ရောက်လာကာ ဒုတိယတာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်စက တာဝန်ခံ

ထောင်ပိုင်ကြီးမှာ ဦးမြွေဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)ဖြစ်သည်။ တည်ငြိမ်အေးဆေးလွန်းကာ လွန်စွာ လူကြီးဆန်သည်။

ဘဝရင့်မှည့်ချိန် ဘာသာရေးနယ်သို့ ကူးပြောင်းလျှက် စိတ်အနည်ထိုင်ချိန်မို့လည်း နိစ္စဓူဝ တွေ့ကြုံနေရသည့် ဆူဆူညံညံ၊ ရှုပ်ရှုပ်ထွေးထွေး ဝုန်းဝုန်းဒိုင်းဒိုင်း ထောင်အုပ်ချုပ်မှုကိစ္စများကို ဖြစ်နိုင်သမျှ မျက်နှာလွှဲချင်သည်။

ဝန်ထမ်း ဘဝအကွေ့ဝယ် ယခုမှပင် သူနှင့်ကိုယ်တွေ့ရသည် ဆိုရလေငြား၊ စိတ်အခံနဂိုနေချင်းကပင် နီးသည်မို့ထင်။ နှစ်ရှည်လများ လက်တွဲခဲ့ဖူးသည်အလား အပေးအယူညီမျှစိတ်ချမ်းသာခဲ့ရသည်။

ထောင်၏ နေ့စဉ်လုပ်ရိုးအလုပ် (Routine Works) အားလုံးကို ထောင်မှူးကြီး ဖြစ်သူ မိမိအား အပြည့်အဝ ယုံယုံကြည်ကြည်လွှဲ၍ ထောင်ဗူးဝကြီးနှင့် ပေငါးဆယ်ခန့်သာ ဝေးသောသူ့အိမ်ခြံဝင်းထဲက သရဖီပင်ကြီးအောက်သာ၊ယူခဲ့။ ထိုနေရာတွင် သူရုံးထိုင်သည်။

တနင်္လာနေ့တွင် ထောင်ပိုင်ကြီးတိုင်း မပျက်မကွက် ပြုလုပ်ရလေ့ရှိသည့် ဝန်ထမ်းတန်းစီ (Parade)နှင့် ထောင်တွင်းစစ်ဆေးခြင်း (Supretendent's)မှအပ သီးခြားကိစ္စ မပေါ်လျှင် ထောင်အတွင်း ဝင်လေ့မရှိလှပါ။

သည်သောအခါ ထောင်အုပ်ချုပ်မှုနှင့်ပတ်သက်၍ မိမိစိတ်ကူးရှိသမျှ အိတ်သွန်ဖာမှောက် လုပ်ကိုင်ခွင့်ရခဲ့ပါ၏။ စုစုပေါင်းမှ အကျဉ်းသား အချုပ်သားက ငါးရာမကျော်။ ဆူဆူပူပူလည်းမရှိ။ နားရွက်ကား မျက်စေ့ကျယ်စေမည့် ထူးခြားဖြစ်စဉ်ဆိုသည်ကလည်း နတ္ထိ။ ထောင်လုပ်ငန်းတွေကလည်း ချောချောမွေ့မွေ့ အေးအေးဆေးဆေး။

သည်စဉ်အခိုက် မိမိတပည့်ကျော် ကိုကိုနိုင်က ရွှေဉာဏ်တော်စူးရောက်စွာ အဆိုတစ်ခုတင် လာသည်။ တပ်မတော်အက်ဥပဒေအရ နယ်ဘက်အကျဉ်းထောင်တွင် ထောင်ဒဏ်ကျခံလာရသည့် တပ်ကြပ်ကြီးဟောင်း သည်ပုဂ္ဂိုလ်က လက်နှိပ်စက်အပါအဝင် ရုံးလုပ်ငန်းများမှာ





အားကိုးရသည်။ အကျဉ်းထောင်တွင်း အခြေအနေ အကဲကြည့်အဖြစ်လည်း သူ့ကိုသုံးရသည်။

အကျဉ်းသား၊ အချုပ်သားတို့၏ ပွဲတင်သံကို ဖမ်းယူတို့ 'သက်ရှိရေဒါ'အဖြစ်လည်း ခိုင်းရသည်။ သည်တစ်ခါ သူတင်လာသော အဆိုကလေးက စေတနာဖြူ ဖြူကလေးတွေပါသည်။

အကျဉ်းသား၊ အချုပ်သားတို့နေရာ အိပ်ဆောင်တိုင်းတွင် ဆောင်းဘောက်စ် (Sound Box) တပ်ဆင်မည်။ ပြီးလျှင် မိမိရုံးထိုင်သည့် ဗူးတံခါးကြီးအောက် နောက်ဆုံးအထပ်တွင်ရှိ ထောင်မှူးကြီး (ဒုတိယတာဝန်ခံအရာရှိ) ရုံးခန်းတွင် ကက်ဆက်ကို ထိန်းသိမ်းထားမည်။

နေ့စဉ်နံနက်တိုင်း မေတ္တာပို့၊ ပရိတ်ပဋ္ဌာန်းစသည့် ဗုဒ္ဓဂါရဝနှင့် ဗုဒ္ဓပူဇနီယဓမ္မတရားတော်များ၊ ဓမ္မတေးသီချင်းများကို နားဆင် ပူဇော်စေမည်။ ညထောင်ပိတ်ပြီးချိန်နှင့်အိပ်ချိန် (Line-down) မတိုင်မီကြားတွင် ကောင်းနိုးရာရာသီချင်းခွေကလေးများ ဖွင့်၍လည်း နားဆင်ခံစားမည်. . . တဲ့။

ယဉ်လိုက်သည့်စိတ်ကူးကလေး။ လှလိုက်သည့်တွေးလုံးကလေး။ ချက်ချင်းအကောင်အထည်ဖော်ဖြစ်သည်။ အများညီလျှင် ဤကိုပင်ကျွဲဖတ်နိုင်သေးသည်။ ငွေလွယ်သည့်သည်အရပ်မှာ နေ့မကူးလိုက်ခင် လိုအပ်သမျှ ပစ္စည်းပစ္စယတွေ၊ ကိစ္စဝိစ္စတွေ စီမံနိုင်ခဲ့သည်။

ထိုညမှာပဲ ရှာစားကြီး စိန်ပေဒါ၏အမည်ကျော် "ရေကောင်းတီးလုံးနှင့်မြောသံ"ဖြင့် ပစ္စုပ္ပန်ပျောက်ဆုံးနေသူတို့အား ဝိညာဉ်လိပ်ပြာ နိုးထစေခဲ့သည်။ အရသာရှိလိုက်တာ။ ကောင်းလိုက်တာ။ ဝိုင်း၍ကြွေးကြော်ကြသည်။

ဖြစ်ချင်တော့ နောက်တစ်နေ့နံနက်ဦး လင်းအားကြီးအချိန် ငါးနာရီမှာ "မြတ်ပဋ္ဌာန်း ဒေသနာ"အခွေကို ဖွင့်၍ ပူဇော်နေကြခိုက်၊ ထောင်အတွင်းသို့ ကင်းဝင်စစ်သော ထောင်ပိုင်ကြီးက သည်အစီအစဉ်ကို သိသွားပြီး သာဓုခေါ်ရှာသည်။ သည်ကတည်းက တေးသီချင်း နားဆင်ခွင့်

လိုင်စင် တရားဝင်ရတော့သည်။ ယခုမူ၊ ကာရာအိုကေပင် ဆိုခွင့်ရနေလေပြီ။

သီချင်းဆိုဝါသနာပါသည့် ''နွဲ့အောင်'' ကောင်လေးအကြောင်းကတစ်ဆင့် စိတ်ကူးဝေ့လည်နေ၍ကောင်းဆဲ အမျိုးသမီးထောင်မှူးဒေါ်ကြည်ကြည်ညွန့်၊ တပ်ကြပ်သင်းသင်းလှိုင်နှင့် တပ်သားဖြူဖြူအေးတို့က မိန်းမထောင်တန်းစီး အေးအေးမော်နှင့်အတူ ရုံးခန်းထဲဝင်လာကြသည်။ ရင်မှာထိတ်၏။ ယောက်ျားဆောင်တွေက အနေအေးသလောက်မိန်းမဆောင်က နည်းနည်းပူချင်သည်။ အပေါက်အစအတိုအထွာတွေများချင်သည်။

''ဆို၊ ဆရာမကြီး. . . ဘာတွေဖြစ်လာကြပြန်ပတုံး။ ဆရာတပည့်တွေအုပ်လိုက်ကြီး''

ဆီး၍မေးမိရ၏။ သူတို့မျက်နှာတွေကိုလည်း ဝေ့ဝဲအကဲကြည့်ရချေသေးသည်။ သောကအပူအပင်မရှိ၊ ရွှင်ကြည်နေသည့် မျက်နှာများကြောင့်စိတ်အေးချင်ချင်။

''ဆရာကလဲ၊ ကျွန်မတို့တွေ့ရင် သရဲတစ္ဆေ တွေ့သလိုပဲ''

ဆရာမကြီး ဒေါ်ကြည်ကြည်ညွန့်က မျက်စောင်းဝင့်၍စကားဆိုသည်။ ဟုတ်တော့လည်းဟုတ်သား။ တစ်ရက်တွင် နှစ်ဆယ့်လေးနာရီရှိလေသည်အနက် ကြုံရတွေ့ရသည့် ပြဿနာထွေထွေရာရာ၏ ထက်ဝက်က သူတို့မိန်းမဆောင်က မြစ်ဖျားခံလေ့ရှိတတ်သည်မို့ တကယ်လည်းစိတ်ထဲက သူတို့လာလျှင် ကြိတ်၍လန့်သည်။

''ဆရာမကြီးရယ်။ တစ္ဆေသရဲတွေ့တာကမှ ဘုရားစာကလေးရွတ်လိုက်ရင်ပြေသွားဦးမယ်။ ဆေးမြီးတိုရှိသေးတယ်။ ခင်ဗျားတို့ မိန်းမဆောင်က အမှိုက်ပွေ့လိုက်ပြီဆိုရင် ကျုပ်မှာရှင်းပေတော့ တစ်ပတ်ဆယ်ရက်။ ဘာအခုမှ ကြောက်ပါပြီလဲ ဓာတ်တွေချည့်မဟုတ်လား။ ကိုယ်က ဘုရားစာဆိုဖို့ ပါးစပ်ဟာရင် ခင်ဗျားတို့က ပဋ္ဌာန်းရွတ်ထားပြီးတောင်နေပြီ။ တကယ်၊ တကယ်''





ညည်းပြောကလေးပြောတော့မှ အားလုံးတဟဲဟဲ လုပ်ကြသည်၊ သည်ထောင်ပိစိကွေးကလေး၌ ရှိသမျှအရာရှိ၊ ဝန်ထမ်းအားလုံးမှာ တစ်အူတုံဆင်းမောင်ရင်းနှမများနှယ် သည်သို့ပင် ခင်ခင်မင်မင် နွေးနွေးနေကြရပါသည်။ ကြုံလာသမျှ အပူအအေးသုခဒုက္ခတို့ကို လက်ချင်းတွဲ၍ ရင်ဆိုင်ဖြေရှင်းကြရတတ်ပါသည်။

''ဒီတစ်ခါကတော့ ဆရာ့ကို မေးချင်တာတစ်ခု၊ တောင်းချင်တာတစ်ခုရှိလို့ပါ ဆရာရယ်။ ဘာပြဿနာမှ အဟုတ်တကယ်မရှိရပါဘူး''

တပ်ကြပ်သင်းသင်းလှိုင်က မျက်နှာပိုးမသေတသေ၊ ပြုံးကျဲကျဲလုပ်ကာပြောသည်။ လူကောင်သေးသေး၊ နှုံပြည်စုတ်ကလေးဟု ချစ်စနိုးအမည်ရထားသော သည်ကလေးမငယ်သည် အမျိုးသမီးအကျဉ်းသူ၊ အချုပ်သူ တစ်ရာ့ငါးဆယ်ကျော်က သိမ့်သိမ့်တုန်အောင် ကြောက်ရသည့် ပုံစံကိုင်၊ စည်းကမ်းကိုင်သူတပ်ကြပ်တစ်ဦးဟု ဆိုလေက ယုံချင်စရာမရှိလေလှ။

''ကဲ ပြောပါဦးဗျာ၊ နားထောင်ကြည့်တာပေါ့''

မယုံချင်ယုံချင်နှင့်တွေးတွေးဆဆ ပြောလိုက်လေမှ သူတို့တစ်တွေသွက်လက်လှုပ်ရှားလာသည်။ သည်တွင် ဖြူဖြူသေးသေး ဥပမိချပ်သွင်သန့်သန့်၊ ဝတ်စားပုံချပ်ချပ်ရပ်ရပ်ရှိလှသည့် မိန်းမဆောင်တန်းစီး အေးအေးမော်က ဦးကျိုးစွာ စကားစလာသည်။

''ဆရာကြီးရှင့်၊ သမီးတို့မိန်းမထောင်ကိုရော ကာရောအိုကေသွင်းပြီး သီချင်းဆိုခွင့်ရမလားရှင့်''

သူကလည်း အလာသားပါတကား။ စကားအဖွင့်အပိတ်အခုအခံကလေးနှင့်ပါ။ ထိုးစစ်မစတင်မီ ချီစစ်ကတည်းက ပိတ်ဆို့ထားလေမှဆိုသည်ကို အတွေ့အကြုံအရ ချက်ချင်းသိသည်။

''ညည်းတို့အဆောင်က ညီနွဲ့နဲ့ ဇင်မာရန်ပွဲပြီးထားတာ ဘာကြာသေးတုံး။ မိန်းမသူတွေတန်မဲ့ ခေါင်းပေါက်ထိပ်ကွဲဖြစ်ကြတာလေ။ အခုတစ်ပတ်တော့ မရနိုင်သေးဘူး။ ဒီတစ်ပတ်လုံး ဘာပြဿနာမှ

မဖြစ်ဘဲ အေးအေးဆေးဆေးဆိုရင်တော့ လာမယ့်စနေနေ့မှာ ညည်းတို့ အိပ်ဆောင်ကို အလှည့်ပေးမယ်''

''ဟေး''ခနဲ သူတို့ဝမ်းသာအားရမြူးတူးသွားကြသည်။ တပ်သား ဖြူဖြူအေးက အကဲဆုံး။ လူကောင်က ပုသေးသေး၊ အသားတော်ညို ပြာညက်၊ ပုရစ်ခဲဖိသည့်ပုံနှင့် လုံမငယ်ကလည်း ဆိုချင်,ကချင်အလွန် လုပ်ချင်အလွန်ပါချင်လှလေသည်။

''အေး. . . ဒီတစ်ပတ်လုံး clear sheet ရမှနော်။ ဘာပြဿနာမှ မဖြစ်မှ အခွင့်အရေးရကြမှာ။ ကဲ. . . ကဲ၊ ဆိုပါဦး။ နောက်ထပ် တောင်းမယ်ဆိုတဲ့တစ်ခုကို''

ရှေ့လာမည့် ရက်သတ္တတစ်ပတ်လုံးသည် အကျဉ်းထောင်၏ တိုင်းပြည်တစ်ဝက်အေးချမ်းအောင် ချည်နှောင်စီမံနိုင်ပြီးဖြစ်၍ သူတို့ ဆန္ဒကို လမ်းဖွင့်ပေးရသည်။ မလျှော့မတင်း စောင်းကြိုးညှင်းရမည်လေ။ ကိုယ်လိုချင်သည့် ရလာဒ်ကို ရနိုင်ဖို့ဆိုသည် သည်ရလာဒ်ကို အဆုံး အဖြတ် ပြုနိုင်စွမ်းသည့် အင်အား မှန်သမျှကို ကွက်တိခွင်ကျ စီမံနေရာချ ထားနိုင်ရမည်မဟုတ်လေလား။

''အခုသီချင်းဆိုနေတဲ့ ''နွဲ့အောင်'' ကို သမီးတို့ မိန်းမဆောင်က သီချင်းတောင်းမလို့ပါဆရာ။ ဆရာခွင့်ပြုရင် ဒီသီချင်းကလေးတွေကို ဆိုခိုင်းချင်လို့ပါ။ ဒါက မိန်းမထောင်အဆောင်သားတွေ စုပေးတဲ့ ကော်ဖီထုပ်နဲ့ မုန့်တွေပါ''

''အလဲ့ကွယ့်'' ဟုသာဆိုချင်မိ၏။ အနုပညာ၏ ဖမ်းစားမှုကား အားကြီးလှသည်။ သည်ကောင်လေး ''နွဲ့အောင်'' ကလည်း အဆိုကောင်း၊ ယခုတော့ဖြင့် မိန်းမထောင်၏ စင်တော်ကောက်မင်းသားပင် ဖြစ်ချေဦးတော့မည်။ သီချင်းတောင်းထားသည့် စာရွက်ကလေးကို တောင်းယူကြည့်မိသည်။ ကိုထီး၏ ''ခမောင့်လပြည့်ဝန်း''၊ ထူးအိမ်သင်၏ ''အမေ့ အိမ်''၊ ဘိုဖြူ၏ ''ရည်ရွယ်သူသို့''၊ တယ်ဟုတ်ကြပါတကား။ သူတို့မိန်းမ ဆောင် အကျဉ်းသူအချုပ်သူတွေကလည်း ခံစားမှုနုနယ်သိမ်မွေ့နေကြ ပြန်သေး





သည်။

''ကဲပါကွယ်၊ ဆရာမကြီးကိုယ်တိုင်လဲပါလာ၊ တန်းစီးကိုယ်တိုင် လည်း တင်ပြနေတော့ ဒီသီချင်းလေးတွေတော့ ဆိုခိုင်းပေးရမှာပေါ့။ စောင့်တာတော့ စောင့်ကြဦး။ သူ့အဆောင်နဲ့သူဆိုခိုင်းထားတာ။ နွဲ့အောင် တစ်ယောက်တည်းဆိုနေရင် ပြဿနာဖြစ်ဦးမယ်။ အေးအေးမော် သမီးတို့ အိပ်ဆောင်မှာလည်း အေးဆေးအောင် ကြိုးစားထိန်းဦး ကြားလား''

''ဟုတ်ကဲ့ပါဆရာကြီး''

ထောင်ဆိုသည်က သည်သို့လဲရှိရသေးသည်။ ပေးနိုင်တာကိုပေး၊ ယူသင့်ရာကိုယူ။ သံယောဇဉ်ဖြင့် ဖွဲ့ချည်အပ်သော သစ္စာစောင့် သိစိတ်သည်သာ တာဝန်၏ ထောက်ရာတည်ရာဖြစ်သည်။ အမိအဘ နောင်ရင်းညီငယ်စသည်စသည် မိသားစုနှင့်ဝေးလေသော သူတို့တစ်တွေ ၏ မှေးမှိစရာရင်ခွင်သည် အမိအရာ အဖအရာတွင်ရှိလေသော မိမိတို့ပင် ဖြစ်ရာ အလိုလိုက်ဟန်ကလည်း နွဲ့သမျှ ယုယရလေသည်သာ။

အကျဉ်းထောင်ဆွင်းက ကာရာအိုကေဝိုင်းမှာမူ အရှိန်ကောင်း ဆဲ။ ဝေစည်မြိုင်ဆိုင်နေဆဲ။ သည်ထောင်နံရံတံတိုင်းအပြင်မှ ငှက်ကလေး တစ်ကောင်၏ ချွဲချွဲနွဲ့နွဲ့အော်မြည်သံ၊ ယိမ်းနွဲ့လှုပ်ရှားနေသော ပင်ခြေ မြင့်မြင့်အုန်းပင်တန်းဆီမှ ရှဉ့်ညိုကလေးတို့၏ ဆော့ကစားရယ်မြူးသံ ဘို့သည်ပင်လျှင် တမ်းမက်ဖွယ် အတိတ်၏ ပုံရိပ်ဟောင်းကလေးများကို ဦးတဝါးရှင်သန်နိုင်စွမ်းစေသည်ဆိုခဲ့လျှင် သံညှင်းသံတွဲ့ သံနွဲ့ သံစဉ် သီချင်းတိုင်းပီ မြိုင်ချင်တိုင်းမြိုင်လေသော ဂီတအတွဲအဖက်ဖြင့် နှလုံး သားချည်ခြင်းကို ဖြေလျှော့ခွင့်ရလေပြီဖြစ်သော သည်ဂီတဝိုင်းက သိမ်းဖို့ လမ်းရယ်တယ်မမြင်။ လုလုယက်ယက်ဆက်ကြဦးမည်။

''ကဲ၊ ဖုန်းနိုင်ရေ. . . မိန်းမဆောင်က တောင်းထားတဲ့သီချင်း ကလေးတွေ သွားပေးလိုက်စမ်းပါဦး။ နွဲ့အောင်ကိုလည်း ဒီပစ္စည်းထုပ် လေးပေးလိုက်။ အော်. . . ဆရာကြီးသာမောလေးကို အရင်စစ်ခိုင်းလိုက် ဦး''

''ဟုတ်ကဲ့ဗိုလ်ကြီး။ ဗိုလ်ကြီးမိန်းဂျေးလိုက်ခဲ့ဦးမလား''

''မလိုက်တော့ပါဘူးကွာ။ အားလုံးအနေကြပ်ကုန်ပါဦးမယ်။ ငါရုံးမှာပဲ ရှိနေမှာပါ။ သွား. . . သွား မင်းလဲဆိုချင်သေးရင် ဆိုခဲ့ဦး။ အော်. . . ဟော့၊ စာရေးကလေး မင်းရောမဆိုတော့ဘူးလား''

''အလုပ်ကလေးမပြတ်သေးလို့ဆရာ။ ပြီးရင် တစ်ပုဒ် နှစ်ပုဒ်ဟဲ ဦးမလားလို့''

''လုပ်လိုက်လေကွာ။ ကြာသလားလို့။ ဒါပေမဲ့ မင်းဆိုကာနီးရင် ငါ့တော့ တစ်ယောက်ယောက်နဲ့ ပြောခိုင်းဦးနော်''

''ဘာလို့လဲဆရာ။ သေချာနားထောင်မလို့လား''

''အိမ်ပြန်ရအောင်လို့ဟေ့၊ သိပြီလား''

''ဟာ တို့ဆရာကလဲ''

''ဟား. . . ဟား. . . ဟား''

ဘုန်းနိုင်နှင့်စာရေးကလေး ကျော်သူရလင်းတို့တော့ တဟားဟား ရယ်ရင်း ထောင်အတွင်း လျှောက်ဝင်သွားကြသည်။ အမျိုးသမီးဆောင် အုပ်စုကလည်း သူတို့ဆန္ဒကလေးတွေ ပြည့်လေပြီမို့ သူတို့ဝင်းထဲ ပြန်သွားကြပြီ။ ရုံးခန်းတွင် မိမိတစ်ဦးတည် ငုတ်တုတ်။ သို့တစေ၊ တစ်ဦးတည်း အထီးကျန်တော့မဟုတ်ပါလေ။ အကျဉ်းထောင်ဝင်း အတွင်း က လွင့်ပျံလာနေသော နွဲ့အောင်၏ သီချင်းသံက မိမိကိုအဖော်ပြုကာ အခန်းအတွင်း ဝိုင်းကြီးပတ်ခြာကခုန်နေတော့သည်။

''လောကရဲ့ လမ်းများပေါ်လျှောက်သွားရင်းနဲ့ *xxx*
မောပန်းနွမ်းနယ် *xxx*
နှလုံးသားက လွမ်းဆွတ်လို့ တမ်းတမိခဲ့ *xxx*
အမေ့ရဲ့အိမ်ကို *xxx*
အေးမြတဲ့အမေ့ရဲ့ မေတ္တာရိပ်နဲ့ဝေးခဲ့သူမို့ *xxx*
တစ်ခါတစ်လေ ပြန်လည်တွေးရင် *xxx*
ရင်မှာပိုကြေကွဲ *xxx* ''





ဆို့ဆို့နစ်နစ်ထွက်လာသည့် သီချင်းသံသည် ဟိုးဝေးဝေး မြန်မာပြည်အလယ်ပိုင်းက ချောင်ကျကျ အညာရွာကလေးတစ်ရွာမှာ ရှိနေရှာသည့် အမေ့ကို ယခုပင်ပြေး၍တွေ့ချင်လောက်အောင် လွမ်းယောင်ပြုသည်။ အမေ့ကိုသတိရရင်း၊ အမေနှင့်စပ်မိစပ်ရာအကြောင်း ထွေထွေရာရာကလေးတွေကို တမ်းတရင်း ရင်ထဲမှာ ငွေ့ရည်ဖွဲ့လာသည်။

နွဲ့အောင်ဆိုသည့် သည်တေးသီငှက်ကလေးက ဆိုတတ်ရှာလေသည်။ ချစ်ခြင်းအားဖြင့် လွမ်းခြင်းအားဖြင့် သူကလေးတေးသီ တတ်သည်ပဲလေ။

✿✿✿✿✿

## (၂)

"ကလင်. . . ကလင်. . . ကလင်"

ဖုန်းမြည်သံစူးစူးက တေးချင်း၌ တိမ်းမူးနေသော သတိကို နှိုးသည်။ ရုံးပိတ်ရက်မို့ အကြောင်းထူးမရှိဘဲ ပြင်ပက ဖုန်းလာစရာ အကြောင်းမရှိ။ ထောင်ပိုင်ကြီးက တစ်ခုခု လှမ်း၍ ညွှန်ကြားဖို့ပဲ ဖြစ်လိမ့်မည်ထင်သည်။ ပြုနေကျအတိုင်း ဖုန်းခွက်ကို အသာမကာ နားထောင်ရသည်။

"ဟယ်လို၊ အမိန့်ရှိပါခင်ဗျာ။ မြစ်ကြီးနားအကျဉ်းထောင်ကပါ"

"ဟုတ်ကဲ့၊ ထောင်မှူးကြီးရှိပါသလားခင်ဗျ။ ထောင်မှူးကြီးနဲ့ ပြောချင်လို့ပါ"

"ကျွန်တော်ထောင်မှူးကြီးပါခင်ဗျာ။ အမိန့်ရှိပါ။"

"အော်. . .ထောင်မှူးကြီးရေ. . . ။ ကျွန်တော်ပါ. . .ညွှန့်ရွှေပါ"

မြို့နယ်တရားသူကြီး ဦးညွှန့်ရွှေ။ ရုံးပိတ်ရက်ကြီးမှာ ဘာကိစ္စများရှိလေသလဲ။ မိမိကို ရင်ခုန်အောင်လုပ်နိုင်စွမ်းသူများ စာရင်းတွင် သူလည်း ထိပ်ကလာသည်။ သူ့ဆီက တယ်လီဖုန်းဆိုလျှင် ကိုင်ရမည်က ခပ်ကြောက်ကြောက်။





"ထောင်မှူးကြီးရေ၊ ခရိုင်တရားသူကြီးက မေးခိုင်းထားတာလေး ရှိလို့ဗျာ။ အဲဒါ သတိရလို့ လှမ်းဆက်လိုက်တာပါ"

"ဟုတ်ကဲ့ဆရာ"

"ထောင်မှူးကြီးတို့ထောင်မှာ သေဒဏ်အကျဉ်းသား လက်ခံခွင့် ရှိသလား"

"ဗျာ. . . "

"အော်. . . တရားရုံးက သေဒဏ်အမိန့်ချလိုက်ရင် ဆရာတို့ ထောင်မှာပဲလက်ခံလို့ရသလား၊ ထိန်းသိမ်းထားလို့ရသလား၊ အရင်ကလိုပဲ မန္တလေးဗဟိုထောင်ကို တိုက်ရိုက်ပို့ရတာလား သိချင်လို့ပါ"

"အော်"

ရင်ထဲမှာ မှိုင်းမှုန်၍ ဆိုင်းဆိုင်းညို့ချင်သည်။ စောစောက အပျော်လေးတွေ အလွမ်းကလေးတွေပင် နံနက်နေခြည်၌ နှင်းထုပါးပါးပြိုကွဲသွားသလို ရှိနှင့်ပြီး ခံစားချက်ကလေးများ တန့်သွားသည်ထင်ပါသည်။ မည်သည်ကို ရည်လေသည်မှန်း တပ်အပ်မသိနိုင်လေသော်ငြား ကောင်းသတင်းကို ယူဆောင်လာခြင်း မဟုတ်သည်ကတော့ သေချာသည်။

မနှစ်မြို့ဖွယ် အယောင်အရိပ်တို့၏ ရန်ကို ဝင်သက်လေ၌ ပါးလျလျတိုးဝင်ခံစားရမိသည်။ သောကအမောလေးတွေကို ဖန်လေဦးမည်လား။ ကိုယ့်အကျဉ်းသား၊ ကိုယ့်အကျဉ်းသူ ကိုယ့်သားကိုယ့်သမီးများ၏ ဘဝပူပူတွေမှ သောက၊ ပရိဒေဝ အရှိန်အငွေ့တွေ နေ့စဉ်ဟပ်ကာ မအေးချမ်းနိုင်သည့် "အငှား အပူသည်"၊ သည်ထောင်ဝန်ထမ်းဘဝမှာ တရားရုံးတို့ ရဲစခန်း တို့က လာလေသောသတင်းဟူသည့် တစ်ခုခုသော သောကကို သယ်ယူ လာမည်ကောန်။

"ဟယ်လို၊ ထောင်မှူးကြီး"

"ဟုတ်ကဲ့ဆရာရေ၊ တိုက်ရိုက်လက်ခံခွင့်ရှိပါသည်။ (က)အဆင့် အကျဉ်းထောင်အဖြစ် အဆင့်တိုးမြှင့်ထားတဲ့အတွက် သေဒဏ်အကျဉ်း သားကို ဒီထောင်မှာပဲ လက်ခံထိန်းသိမ်းထားနိုင်ပါတယ်။ ဒါနဲ့ဆရာ၊

ဘယ်လိုအကြောင်းများထူးလို့ပါလဲခင်ဗျာ''

''ခရိုင်တရားသူကြီးက မေးခိုင်းထားလို့ပါ။ သေဒဏ်ချမှတ်ရမဲ့ အမှုများ သူ့ရုံးမှာ ရှိနေသလားမှမသိဘဲ။ ကျေးဇူးပဲ ထောင်မှူးကြီးရေ၊ နောက်မှတွေ့မယ်နော. . .''

''နေဦးဆရာရေ။ ဆရာရဲ့ဆရာ ခရိုင်တရားသူကြီးမင်းလဲ ကျွန်တော်မှာတာလေးတစ်ဆင့် တင်ပြပေးပါဦး။ ကျွန်တော်တို့ထောင်ကို အဆင့်တိုးမြှင့်ပေးလိုက်လို့ သေဒဏ်အကျဉ်းသား လက်ခံနိုင်ပြီဆိုပေမယ့် သေဒဏ်အကျဉ်းသား လက်ခံထိန်းသိမ်းဖို့ တိုက်ခန်းက အခက်အခဲ ရှိနေပါသေးတယ်။ သေဒဏ်အကျဉ်းသားကို လက်ခံထိန်းသိမ်းစောင့် ရှောက်ရတာ အရမ်းတာဝန်ကြီး၊ အရမ်းပင်ပန်းသလို ဝန်ထမ်းအင်အား လည်း အပြည့်သုံးစွဲရပါတယ်။ လက်ရှိဝန်ထမ်းဦးရေအရဆိုရင် တော် တော်လေးအခက်အခဲရှိနိုင်ပါတယ်။ ဒါက ကျွန်တော့်ထောင်အုပ်ချုပ်ရေး အပိုင်းက အခြေအနေနော်ဆရာ''

''ဟုတ်ကဲ့''

''နောက်(၁၉၈၈)ရဲ့ နောက်ပိုင်း၊ ဒီဘက်ကာလမှာ တရားရုံး အဆင့်ဆင့်က သေဒဏ်အပြစ်ဒဏ်ကို ချမှတ်ကြပေမယ့် ဘယ်သေဒဏ် အကျဉ်းသားတစ်ဦးတစ်ယောက်ကိုမှ ဘယ်ထောင်မှာမှ သေဒဏ်စီရင်ခြင်း (Hunging)ကို မဆောင်ရွက်ခဲ့ပါဘူးဆရာ။ လွတ်ငြိမ်းချမ်းသာခွင့်အရ ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၀၆)အရဖြစ်စေ၊ ပြစ်ဒဏ် ကာလလျှော့သော (သို့မဟုတ်) ပြင်ဆင်ပြောင်းလဲခံစားခွင့်ပြုခဲ့တာတွေ ကြောင့် သေဒဏ်ပြစ်ဒဏ်တွေ လျှော့လျှော့သွားတာပဲရှိပါတယ်။ ဒါက လည်း နိုင်ငံတော်အစိုးရနဲ့ အကြီးအကဲတွေရဲ့ သက်ညှာမှုနဲ့ စေတနာတွေ ဆိုပါတော့ ဆရာရယ်. . . အဲဒီသေဒဏ်ဆိုတာကြီးအစား တစ်သက် တစ်ကျွန်းပြစ်ဒဏ်ချလို့ရနိုင်တာပဲ။ တရားရုံးရဲ့ စီရင်ပိုင်ခွင့်နဲ့ အခွင့်အာ ဏာကို ဝင်စွက်တာမဟုတ်ဘူးနော်ဆရာ။ ဖြစ်နိုင်ခဲ့ရင် ကျွန်တော်တို့ အကျဉ်းထောင်များရဲ့ Side ကိုလည်း ထည့်ကြည့်ပေးဖို့ တင်ပြရတာပါ။





ဆရာရဲ့ ဆရာကို တင်ပြပေးပါဦးနော်''

''ဟုတ်ကဲ့ပါ။ ထောင်မှူးကြီးရဲ့စေတနာကို ကျွန်တော်နားလည် ပါတယ်။ ခရိုင်တရားသူကြီးကိုလည်း ကျွန်တော်တင်ပြပေးပါမယ်။ ကျေးဇူး ခင်ဗျာ ကျေးဇူး။ ဆရာ့နားရက်ကလေး အားနာစရာ''

''ချပါတယ်ဆရာ''

''ကဲ See You . . . နော်''

''See You. . . ဆရာ''

ရင်ထဲမှာ မွန်းကြပ်ကြပ်နှင့်ဆို့ချင်သည်။ သည်လောက် မင်္ဂလာ နှင့်ပြည့်စုံ၍ ကျက်သရေရှိစွာ တင့်တယ်လှပလေသော နံနက်ခင်းလေး မျက်စေ့ရှေ့မှာပင် ပျက်စီးသွားပြီ။ အကျဉ်းထောင်အတွင်းက အဖွဲ့လိုက် သီဆိုနေသည့် ဘိုဖြူ၏ ''လက်တီး'' သီချင်းကလေးက သည်လောက် မြူးကြွသွက်လက်နေသည်ပင်လျှင် ရင်၌မဝင်။

ကြားမိရသည့် သတင်းက သောကအပူတွေကို လှုံ့ဝေကူးခတ် နေဦးမည်မှာ သေချာသည်။ အစဉ်အလာ မရှိခဲ့ဘူးသေးသော သည် ထောင်ကလေး၏ မှတ်တမ်း၌ သေဒဏ် အကျဉ်းသားစာရင်းသစ်ကို မဖွင့်မလှစ်ချင်။

နွေနှင့်အတူ နေနှင့်အမျှ ပူလောင်ပြင်းပြသည့် သောက၏ ဝန်ကို ထမ်းရွက်လျှက် ကိုယ့်ဘဝကိုယ် မပိုင်၊ ကိုယ့်အသက်ခန္ဓာ၏ စီရင်မှုကိုပင် ဆုံးပါးရရှာသည့် သည်သေဒဏ်အကျဉ်းသားတို့၏ အာဝေဏိကဒုက္ခကို မန္တလေးဗဟိုအကျဉ်း ထောင်တွင် ကြိုးတိုက်တာဝန်ခံ ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ရကတည်းက ရင်နှင့်အပြည့်သိခဲ့၊ ကြားခဲ့၊ စာနာ နားလည်ခဲ့ရဘူးပါပြီ။

မမြင်ချင်၊ မကြုံချင်တော့ပါ။ တောင်းသည့်ဆုသာ ပြည့်စတမ်း ဆိုလျှင် လတ်တလော ကြားရသည့် သည်အမင်္ဂလာနိမိတ်ဆိုးကို အငွေ့အသက်မျှ မရှိ။ ကျေပျက်သွားစေချင်မိပါ၏။

''တံခါးရေ. . . တံခါး''

''ခင်ဗျား. . . ဗိုလ်ကြီး''

''အချုပ်ရုံးက တစ်ယောက်ခေါ်ပေးကွာ။ ရှေ့လာမယ့် အပတ်ရုံးထွက်မယ့်စာရင်းနဲ့ မှတ်ပုံတင်တွေပါယူခဲ့လို့ပြော''

''ဟုတ်ကဲ့၊ ဦးသိန်းစိုးပါ ခေါ်ပေးရမလားဗိုလ်ကြီး''

''နေပါစေ။ နားပါစေကွာ။ ညီညီအောင်ရှိရင်တော့ သူ့ကိုခေါ်လိုက်၊ သိပ်မကြာစေနဲ့''

''ဟုတ်''

ကြည့်နေစဉ်အခိုက်မှာပင် ဆောင်းငွေ့ကလေးတွေလိုလိုနှင့် မုံးစက်မိုးပေါက်တို့က သဲခနဲ ရွာချလိုက်သည်။ အေးအေးသာသာနေ့နေသည့် လေပြည်ညင်းတော့ ပြေးသွားရှာပြီ။ မိုးသက်လေက ခပ်တင်းတင်းလေး တွန်းချင်ဖေ့ချင်သည့်ထင်၏။ ပင်ယံထက်မှ အညာမခိုင်တော့ပြီဖြစ်သော ရွက်ညောင်းတို့ဝေ့ကာဝဲကာ တဖြုတ်ဖြုတ် သဲသဲလှုပ်ကြွေကြလေသည်။ ပင်နွယ်အကိုင်းအခက်တို့လည်း မတည်မငြိမ်။ လေအဝေ့မှာ ဟိုသည်တိမ်း၍ ယိမ်းကာယိမ်းကာရှိရလေသည်။ မိုးငွေ့နှင့်ပြိုဆင်းလာသည့် တိမ်မည်းတစ်အုပ်ကြောင့် မြင်ကွင်းက ညို့ညို့မှိုင်းကာ မှောင်ချင်သည်။

''ဗိုလ်ကြီး''

''အော်. . . ညီညီအောင်။ လာ. . . လာ။ ရှေ့အပတ်ရုံးအထွက်စာရင်းယူခဲ့သလား''

''ယူခဲ့ပါတယ်ဗိုလ်ကြီး''

''ဒါဆို ရှေ့အပတ်ထဲမှာ ပြစ်မှုကြီးထဲက ရုံးချိန်းတယ်သူရှိသလဲ''

''ရှိတယ်ခင်ဗျ၊ ခရိုင်တရားရုံးမှာ။ မိုးညှင်းက ဓားပြလူသတ်အဖွဲ့တွေ ရုံးထွက်ဖို့ရှိတယ်''

''ဘယ်တော့လဲ''

''မနက်ဖြန်. . . ဗိုလ်ကြီး''

''ဘယ်သူတွေလဲကွ''

''ပေါတာနဲ့နွဲ့အောင်ခင်ဗျ''

---

**စိတ်ကူးသစ်စာပေ**



''အခုသီချင်းဆိုနေတဲ့ ကောင်ကလေး နွဲ့အောင်လား''

''ဟုတ်ကဲ့''

''. . . . . . .''

တဒင်္ဂသားတွင် ပြောစရာစကားတို့ ဆိတ်သုဉ်းသည်။ ကြမ္မာစေရာဆိုစေဦး၊ သည်အဖြစ်က ရင်သို့စူးခနဲဝင်သည်။ စကားမဆိုချင်။ သံယော ဇဉ်သည် တရားကံကြမ္မာ၏ စီရင်မှုကို မျက်ကွယ်ပြုချင်သည်။

မိုးက တစ်စတစ်စ သည်း၍လာသည်။

မိုးမကုန်သေးဆိုသည့်ကို သက်သေပြုဘိသို့ ဝေါခနဲ ပြိုကျလာလိုက် ပြန်သေးသည်။ မှောင်တစ်ချည်၊ ရီတချို့၊ ညို့တစ်ချက်မိုး၏ မျက်နှာ၌ အဓိပ္ပါယ်ကို ကောက်ယူရှာဖွေ၍ မရတတ်နိုင်ပြီ။ ရွာချင်သည်ဆိုရွာလေတော့. . . ရာသီနှင့်မိုး။ စိုမှာစိုးလည်း မတားချင်တော့ပြီ။ သည်ရာသီမှာ သည်မိုးရွာမည်ဆိုလေမှ ရွာသာရွာပါလေတော့။ မတားချင်ပြီ။

✿✿✿✿✿

## (၃)

စေ့စေ့ကြည့်လေ သည်အလှက ပို၍ပို၍ အသက်ဝင်လေဖြစ်သည်။ ကဗျာစာဆိုအကျော်အရှင်မဟာရဋ္ဌသာရ ပျို့ရွယ်စဉ်က ဖွဲ့ဆိုတော်မူခဲ့ဖူးသော မိန်းမလှဘွဲ့ရတု၊ ကဗျာများတွင်ဖတ်ခဲ့၊ ရည်မှန်း မြတ်နိုးခဲ့၊ တိတ်တခိုးသံယောဇဉ်ဖွဲ့ခဲ့ရသော အလှမျိုးကို ပြကတေ့မျက်စိရှေ့တွင်ပင် မြင်နေရသည်။

မွေးညင်းရှိန်းရှိန်း မြကြောစိမ်းနှင့် ဝင်းဝါစိုပြည့်လေသော မွတ်မွတ်စင်သည့်အသားအရေ၊ နက်မှောင်ထူထဲသည့် မျက်ခုံးထူထူ၊ ကြယ်စင်ညီနောင်နှယ် တလက်လက်တောက်နေသည့် မျက်လုံးဝိုင်းဝိုင်းကြည်ကြည်ကလေးများက မိုးညှင်းရှမ်းတို့၏ ပကတိ အလှကို ခင်းကျင်းပြနေသလိုပင်။

အသက်အရွယ် နုနယ်လွန်းသည့် လုံမပျို့မို့ သမီးနှယ်၊ ညီမထွေးနှယ်သဘောထားကာ သည်အလှဘွဲ့ကို စေ့စေ့ငှ မဖတ်မရှုမိ လေငြား





လှသည်ကား တော်တော်ပင်လှရှာပေသည်။ သောက၏ အရိပ် အငွေ့တို့ သီသီဝေ့နေသည့်တိုင် ကြည်စင်လွန်းသော သည်မျက်နှာ အလှက ထင်းခနဲမြင်နေရသည်။

ရှက်ယောင်ပြုံ၍ ခေါင်းငုံ့ဦးစိုက်ကာ နေရှာသည့်တိုင် သည်မြေ သည်ရေတွင် ထင်ရှားကျော်ကြားသည့် ကရိန်နော်၏ သဘာဝအလှ ပန်းချီကိုပင် သိမ်ငယ်သွားစေနိုင်သည့်ထင်ယောင်မိ၏။

ကရိန်နော်။

မိမိကရိန်နော်သို့ ရောက်၍နေပါသည်။ တစ်နံနက်ခင်းလုံး စိတ်နှလုံးရွှင်ပျအေးချမ်းကြည်လင်ခဲ့ရသည့် တစ်ဒဂ်ငယ်များ အစိတ်စိတ် ပျက်စီးသွားပြီးချိန်၊ စိတ်ဝမ်းမကြည်မလင်ဖြစ်နေချိန်မှာ အေးမွန်ထံမှ တယ်လီဖုန်းက ဝင်လာသည်။

ခေမာသီရိရပ်ကွက်တွင် knowledge zone ကွန်ပျူတာစာစီနှင့် မိတ္တူလုပ်ငန်းဖွင့်ထားသည့် မိမိတပည့်ဟောင်း ဇော်အောင်၏ဇနီး။ အလှပြင်လုပ်ငန်းနှင့် ဖက်ရှင်ဝတ်စုံရောင်းချခြင်းကို တွဲဖက်လုပ်ကိုင်အောင်မြင်နေသည့် သွက်လက်ချက်ချာလှသော ခေတ်၏ မိန်းကလေး။

''ဆရာ၊ သမီးတို့ဆီခဏလာနိုင်မလား''

''အေး၊ အခုလောလောဆယ်မှာ ဒီထောင်ကလွဲရင် ဘယ်သွားရ သွားရ၊ ဘယ်ခေါ်ခေါ် သွားရလိုက်ရမှာပဲဟေ့။ ငါလဲ ဘယ်ပြေးရကောင်းမလဲ စဉ်းစားနေတာ။ ညည်းဆီက ဖုန်းလာတာနဲ့ အတော်ပဲ''

''ဘာတွေ စိတ်ညစ်နေလို့လဲဆရာ''

''ဒီလိုပေါ့ဟယ်။ ''လူတစ်ခု ပူပူရယ်ဆယ်ကုဋေ''ဆို မဟုတ်လား။ ငါ့မှာ လူငါးရာလောက်ရဲ့ အပူတွေ ပွေ့ထားရတာ စဉ်းစားသာကြည့် တော့ပေါ့။ ကဲပါဟာ. . . ဘာကိစ္စလဲ။ ဇော်အောင်ရောရှိရဲ့လား။ ကောင်းကောင်းရောနေရဲ့လား''

လွှန်ခဲ့သော ခြောက်လခန့်ကပင် မူးယစ်ဆေးဝါးပြစ်မှုတစ်ခုဖြင့်

အချုပ်ကျခံခဲ့ရာက ကုသိုလ်အကျိုးကြောင့် လွတ်မြောက်ခဲ့သူ တပည့်ကျော်ဇော်အောင်ကို သတိတရမေးမိနေသည်။

''ဖားကန့်ဆင်းသွားတယ်ဆရာ။ စီးပွားရေးပဲ အားစိုက်နေတော့တယ်။ အချုပ်ကျနေတုန်းက စိတ်ဆင်းရဲရတာ တအားပဲ။ အခုတော့လည်း အဲဒီတောင် ခပ်ကောင်းကောင်းပြောရမလိုကို ဆရာ့တပည့်က ပြောင်းလဲသွားတာ''

''အေး. . . ကောင်းတယ်။ ငါအခုပဲ ထွက်လာခဲ့မယ်။ စိတ်ညစ်စရာကိစ္စတော့ အကူအညီမတောင်းနဲ့ဟေ့။ ကြိုပြောထားဦးမယ်။ ကိုယ့်ဘာသာကိုယ်တောင်ညစ်နေတာ. . . ဟုတ်ပလား''

အေးမွန်၏ ရယ်သံလွင်လွင်ကို ဖုန်းခွက်ထဲက ကြားရသည်။ သည်သို့ဖြင့် အေးမွန်ကိစ္စကို အကြောင်းပြုကာ သည်ကရိန်နေ့သို့ ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ မိမိနှင့်အတူ စာရေးကလေး ကျော်သူရလင်းက အဖော်ပြု၍ လိုက်လာပါ၏။

သစ်ပင်ကြီးများ လက်ယှက်ထိုးအုပ်ဆိုင်းနေသည့် ကရိန်နေ့၌ နေပြောက်ပင်မထိုးပါ။ မြစ်ကြီးနားမြို့၏မြောက်ဖျားစွန်း ဧရာဝတီမြစ်ကြီးကို မေးတင်လျက် တည်ရှိနေသော ကရိန်နေ့မှာသည် မျှော်လေရာရာ ရှုခင်းကသာလေသည်။ ရေကျချိန်ဖြစ်နေ၍လားမသိ။ ကမ်းပါးကြီးမှာ အဟန့်ကြီးစွာမြင့်မားလွန်းနေသည်။ ဧရာဝတီမြစ်ပြင်ကြီးကလည်း သည်နေရာတွင် ကျယ်ပြောလွန်းသည်ထင်ရ၏။

ကရိန်နေ့ကမ်းခြေတွင် ဝေလငါးကြီးများ ကျောကုန်းတန်း၍ ပေါ်နေသကဲ့သို့ ကျောက်ဆောင်ကျောက်ဆွယ်များက သွယ်တန်း၍ ပေါ်နေသည်။ ကိုက် ၁၀၀ မှ သုံး၊ လေး၊ ငါးရာအထိ ရှည်မည်ထင်၏။ ဧရာဝတီမြစ်ရေသည် ထိုကျောက်တန်း ကျောက်ဆွယ် ကျောက်ကုန်းများကို ဦးတိုက်ဦးခိုက် ဝေ့ဝိုက်လျက် တသွင်သွင် စီးဆင်းလျက်ရှိနေပါသည်။





ဂျိန်းဖော့စကားဖြင့် 'ကရိန်ဆာ့ရာ' ဟု ခေါ်သောသည်ကရိန်နေ့သည် အလွန်လှသည့် ရှုခင်းသာကလေးဖြစ်ပါသည်။ မြေနေရာပိုင်ရှင်၏ အမည် 'ကရိန်'၊ အပန်းဖြေရာနေရာကို ''ဆာ့ရာ'' ဟု ဆိုလေရာ 'ကရိန်ဆာ့ရာ' ဆိုသည်က ကရိန်အပန်းဖြေရှုခင်းသာနေရာဟု ဆိုတန်ရာပါသည်။ ဒေသသံဖြင့် ကရိန်နေ့ဆိုသည့် အသံကလေးကပင် ချစ်ဖွယ်ကောင်းနေသည်။

''ကဲ. . . ဆိုပါဦး၊ ညည်းတို့ကိစ္စ''

နာမည်ကြီးကရိန်နေ့၏ စပ်ပီ(ခ) ကချင်ခေါ်ရည်ကို ဖြည်းဖြည်းစုပ်ရင်း စကားစရသည်။ တပည့်မ အေးမွန်နှင့် အမည်မသိ အလှပျိုမကလေးတို့က အအေးသောက်နေကြရာက တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။

''ဆရာ. . . ဆရာတို့ထောင်ထဲက ''နွဲ့အောင်''ဆိုတဲ့ တစ်ယောက်ကိုသိသလား''

အေးမွန်၏ စကားကြောင့် ဆတ်ခနဲပင် တုန်သွားမိရသည်။ ခက်သည်။ ခက်လှသည်။ သည်တစ်နံနက်လုံးသည် ကောင်ကလေးနဲ့အောင်ဒုက္ခပေးလွန်းနေပြီထင်သည်။ တစ်ချိန်လုံး မိမိမှတ်ဉာဏ်တွင်းသင်းကလေးက High Light ဖြစ်နေသည်။

သူ့ကြောင့်ဖြစ်သော မွန်းကြပ်မှုကို ဖြေစိမ့်သောငှာ ထွက်လာမိလေမှ တည့်တည့်ကြီးတိုးရ ပြန်ချေပြီ။ ရေစက်ပေလား။ မိုးနတ်မင်းကြီးကပင် သည်သို့အကွက်ချ စီမံပျက်ရယ်ပြုလေသည်လား။

သက်ပြင်းကို ငွေ့ငွေ့မျှချ၍ ပါးပါးကလုံး ပြုံးမိရသည်။ ပြီး. . . သည်မိန်းကလေးနှစ်ဦးကို တစ်ပြန်တစ်လှည့် ကြည့်မိ၏။ မျှော်လင့်ချက်ဖြင့် ရွှန်းလဲ့တောက်ပြောင်နေသော သမင်ပျိုမကလေး၏ မျက်ဝန်းတစ်စုံကို အမှတ်ထင်ထင် သတိပြုမိလေသည်။ မျှော်လင့်ချက်ကို ငင်လေသော မျက်ဝန်းများ။

''အေး. . . အဲဒီနွဲ့အောင်ကြောင့် ငါအခုထွက်ပြေးလာခဲ့တာ''

''ရှင်. . . ''

ရှင်နှစ်ရှင်ကို ပြိုင်တူပင်ကြားရသည်။

သူကလေးတို့ အံ့သြလွန်းကြရသည်။ ပါးစပ်ကလေးများအဟောင်းသားနှင့် မိမိကိုကြည့်နေကြလေသည်။

''ဒီလိုဟေ့. . . ဒီလို''

ဖြစ်ကြောင်းရယ်ကုန်စင်ကို နတ်သံနှောရပြန်သည်။ သည် ''နွဲ့အောင်''သည် သူတို့နှင့် မည်သို့အဆက်အစပ်ရှိလေသည်ကို မိမိမသိ။ သံယောဇဉ်နွယ်မျှင် တစ်ဆံခြည်မျှ မရှိလေကလည်း သက်သို့သက်ဆိုင် ဆက်နွယ်လာစရာ အကြောင်းရယ် မရှိလေသည်သာ။ သို့ဆိုလျှင် မိမိ၏ မျက်နှာရိပ် မျက်နှာနေကို ဖတ်မိ၍ထင်ပါသည်။ မိမိစကားဆုံးသည်နှင့် အေးမွန်က ပါးစပ်ပြင်သည်။

''မိတ်ဆက်ပေးပါရစေဆရာ။ သူက ခင်နှင်းဦးပါ။ သမီးတို့ မိုးညှင်းက ညီမဝမ်းကွဲပါပဲ။ ဆရာနဲ့တွေ့ပါရစေ၊ မေးချင်တာလေးတွေ မေးပြီး ပြောချင်တာကလေးတွေ ပြောပြချင်ပါတယ်။ အကူအညီတောင်း လာလို့ပါဆရာ။ လာတုံးကတော့ သူ့အစီအစဉ်နဲ့သူပါ။ အေးမွန်နဲ့တွေ့မှ ဆရာနဲ့ရင်းနှီးတယ်ဆိုလို့ အပူကပ်တာနဲ့ ဆရာ့ဆီ လှမ်းဆက်လိုက်တာ''

အေးမွန်၏စကားကို အထောက်အခံပြုဘိသို့ အသာအယာ ခေါင်းညိတ်ပြသည်။ ဘယ်လိုရယ်ဖြစ်ဖြစ်၊ သည်ကလေးငယ်သည် နှစ်ဆယ် မကျော်တတ်သေးပါ။ ပီဘိနုနယ်လွန်းနေသည်။ လောကအဝန်း အဝိုင်း အတွင်းသို့လည်း စမ်းတဝါးဝါးမင်ဖြစ်စေ လျှောက်ဖူးခဲ့သေး ဟန်လည်း မတူရှာပါ။ သည်တော့လည်း ထောင်ဆိုသော အရပ်ဒေသနှင့် နွယ်၍ သူမကို စပ်ဟပ်ကြည့်၍ မရနိုင်လေပါ။

''အေးပါ၊ ဟုတ်ပါပြီ။ အေးမွန်ညီမဆိုတော့ ညီမပဲပေါ့ကွာ။ ကဲ. . . ဆရာကတော့ တဲ့တိုးမေးတတ်တယ်။ မေးချင်တယ်။ သိစရာ





ရှိတာတွေ ရှင်းရှင်းလင်းလင်း သိထားမှလဲ အကျဉ်းထောင်နဲ့ဆိုင်တဲ့ ကိစ္စမျိုးတွေမှာ ကူညီသင့်မသင့်၊ အသိပေးသင့်မသင့် ချိန်ဆလို့ရနိုင်တယ်။ ဒီတော့. . . သမီးက နွဲ့အောင်နဲ့ဘာတော်သလဲ။ ဘယ်လိုပတ်သက်သလဲ''

မျက်နှာတွင် အရိပ်ကလေးတစ်ခု လျှပ်ပြက်သလို ရိပ်ခနဲ ပြေးသွားသည်။ ဖြူနုဝင်းမွတ်နေသော အသားအရေမို့ ရှက်သွေးရောင်နီဘျာတျာကို သိမ်းဆည်းဖုံးကွယ်၍မရပါလေ။

တအိအိနိမ့်ဆင်းပြိုကျလာသော တိမ်တစ်ဆုပ်မှ မိုးရည်မိုးစက်တို့ သွန်ကျလာသလို တဖြည်းဖြည်း ညို့ညို့မှိုင်းသော မျက်ဝန်းအစုံမှ မျက်ရည်တို့ အိုင်၍လျှံကျလေပြီ။

ညိုးငယ်နွမ်းလျစွာ တသိမ့်သိမ့်ရှိုက်၍ ရှိုက်၍သာ။ မျက်ရည်။ မျက်ရည်သည် သမုဒ္ဒရာ၏အမှတ်အသား။ ဝမ်းနည်းဝမ်းသာ အကြောင်း ချင်း အဖြာဖြာရှိလေသည့်တိုင် သမုဒယအရင်းခံ၍သာ မျက်ရည်ဖြစ်ထွန်း နေသည်မှာ မငြင်းမကွယ်သာ။

မျက်ရည်ပေါက်ကြီးငယ်၏ ပမာဏသည်ပင်လျှင် သမုဒယ၏ အတိမ်အနက် အကျယ်အဝန်းကို သက်သေပြုနိုင်လေမည် မဟုတ် ပေလော။

ကြွေရုပ်ကလေးတစ်ရုပ် တသိမ့်သိမ့်ရှိုက်၍ သည်းတန်အူလှိုက် မျက်ရည်လိမ်းကာ ငိုကြွေးနေသည်။ မိမိမှာမူ အဖြေရှာရန် မလိုတော့ သည့် ပုစ္ဆာတစ်ပုဒ်နှယ်။ သိသလိုလို ထင်ယောင်မှားသိစိတ်ဖြင့် မှင်တက် မိနေမိသည်။

''ဒီလိုပါဆရာ အေးမွန်ပြောပါရစေ။ နောက်ကြောင်းက နည်းနည်း ရှည်တယ်ဆရာ။ သေချာမသိခဲ့ရင် နားလည်ပေးနိုင်မှာ မဟုတ်လို့ အချိန်ပေးပြီး နားထောင်ပေးပါနော်. . . ''

အေးမွန်ကသာစကားဆိုပါသည်။

''ခင်နှင်းဦး'' ဆိုသည့် သည်မိန်းကလေးငယ်သည် ယခုအထိ

စကားမဆိုသေးပါ။ စကားဆိုရန်လည်း စကားလုံးရှိရှာလေမည် မထင်ရက်အားပါ။ ခွန်းဖွဲ့ညွန်းဆိုရန်လည်း လိုမည်မဟုတ်လေတော့ပါ။ စကားလုံးများနှစ္စာဖြင့် စရနယ်၍ နှလုံးသားစိမ့်စမ်းက ဝှန်တက်စီးလျှံလာလေသော သည်သမုဒယ၊ သည်မျက်ရည်သည်သာ သံယောဇဉ်ရှင်းတမ်း၏ ကျမ်းဦးနိဒါန်းဟု ဆိုစကောင်းခဲ့လျှင် . . . . . . . .

✪✪✪✪✪

## (၄)

နေမွန်းတိမ်းခဲ့ပြီ။

သီကရီနွဲ့နွဲ့ဖွဲ့ဖွဲ့ သဲသဲကလေးမျှ စင်ကျလာနေသော မိုးစက်မြူမှုန်တို့က ဆောင်းစဝါနှယ် မှုန်မှုန်မှိုင်း၍ ညို့နေသေးငြား ခေတ္တမျှ မိုးရှာရပ်နေသည်။ မိုးဖြူမစဲ မိုးမည်းမရွာဆိုလေပါက ဖြူရောင်မည်းရောင် သည်တိမ်နိုးမြူမှောင်တစ်အုပ်ကြောင့် မည်သို့ရှိပါလေမည် မမှန်းမမျှော်နိုင်ချေပြီ။

“အဲဒါပါပဲဆရာ။ ဒီအကြောင်းတွေကို နွဲ့အောင်ကိုလည်း မသိစေချင်ဘူး။ လောလောဆယ် အချုပ်ကျလို့ ဒုက္ခပင်လယ်ဝေနေရတဲ့အထဲမှာ နောက်ထပ်ဝမ်းပါးစရာတွေကိုလည်း မသိစေချင်တော့ဘူး။ ဒီစားရာလေးတွေကတော့ သူ့အတွက်ပါ။ ဆရာအဆင်ပြေသလိုပဲ စီစဉ်ပြီးပေးပေးပါ။ နောက်လဲ ခင်နှင်းဦးကရော၊ အေးမွန်တို့ကရော အဆင်ပြေသလို သူ့ကိုထောက်ပံ့သွားမှာပါ။ ဆရာနဲ့လည်း အဆက်အသွယ် မပြတ်ပါဘူး။ နွဲ့အောင်နဲ့ပတ်သက်လို့ ထူးခြားတာရှိရင်လဲ အေးမွန်တို့ကို ပြောပါနော်ဆရာ”

အေးမွှန်၏ စကားက အဆုံးသတ်မှာ ဆွေးရိပ်ဖြင့် တိမ်၍နစ်ဝင်သွားသည်။

ရင်ထဲမှာ တင်းခနဲဖြစ်၏။ မနက်ဖြန်။ မနက်ဖြန်တဲ့။ ထူးခြားသော ပိုင်းဖြတ်မှုတစ်ရပ်က မနက်ဖြန်နှင့်အတူ ကြိုလင့်နေသည်။ ဤသည်ကိုလည်း မိမိက ကြိုတင်သိခွင့်ရခဲ့သည်။ သို့တစေ၊ သည်လျှို့ဝှက်အပ်သော စကားကို နှုတ်ထွက်မရဲချင်။

သောကဒဏ်ရာတို့သာ မွေးဖွားစေဦးမည့် သည်ကြိုတင်သိမှုအတွက် စကားလုံးတို့ကို မသိမကုံးချင်တော့။ မနက်ဖြန်နှင့်အတူ မွေးဖွားလာမည့် ဖြစ်တတ်ရာရာ ထွေတလာတို့သည် ဖြစ်ခါမှသာ ကြုံပါရစေတော့။

အဦးအစပြုကာ ကြိုမတွေး ကြိုမဆွေးလိုတော့ပြီ။ ''ပစ္စုပ္ပန်ကို ပဲရှု' ဟု ဗုဒ္ဓဘုရားက သွန်သင်ခဲ့သည်။ သည်အခြေ သည်အနေတွင် ဘုရားရှင်၏ သည်ဓမ္မတရားသည်သာ ကွန်းခိုရာ ဖြစ်စေအပ်၏။

''ဆရာ၊ ကျေးဖူးကမ္ဘာဆိုင်နော်''

မိုးညှင်းရှမ်းတို့၏ စကားသံဝဲဝဲလေးက ဆည်းလည်းကလေးကို လေအငင်မှာ ဘယ်ညာယိမ်းနွဲ့ လှုပ်ခတ်သည်သို့ သာတကား။ မျက်နှာအိုအို ဝင်းဝင်းကလေးဖြင့် ခမြာနှုတ်ဆက်ရှာပေသေးသည်။

''အေးကွာ၊ ဆရာကူညီနိုင်တာဆိုရင် တတ်စွမ်းသမျှ ကူညီမှာပါ။ ခင်နှင်းဦးလဲ စိတ်ချလက်ချထား၊ ကျန်းမာရေးဂရုစိုက်ပေါ့။ ဆရာ့ ဖုန်းနံပါတ်လဲ သိနေတာပဲ။ အကြောင်းရှိရင် ဆက်ပေါ့''

''ဟုတ်ကဲ့ဆရာ''

ရင်ဝယ်တရက် မြူများပို၍ဆိုင်းလာသည်။ မှိန်မှိန်လင်းနေသော ရှုခင်းသည် မှုန်၍ဝါး၍ သွားလေပြီ။ ညနေပိုင်းရွာသောမိုးက တော်တော်သည်းသည်။

☼☼☼☼☼

# အပိုင်း(ခ)

# နှုတ်မှက်တဲ့သင်္ဂါရနှလုံးအိမ်

*What's in the name?*
*That which are call a rose*
*any other name*
*wouth smell as sweet.*

နာမည်ဘာပဲရှိပေစေ
မွှေးမြူတဲ့ နှင်းဆီ၊
နှင်းဆီပန်းပွင့်
ပန်းဂုဏ်ဝင့်ကြောင်
သင့်ပြောရာရာ မွှေးမြမြသာ။
နှင်းဆီမှာနှင်းဆီဖြစ်၍ မွှေးမြမြသည်သာ
ရုံ့ပါကပန်းဖြစ်
ပန်းဖြစ်၍သာ ရနံ့ရှိမှုသော်၊
နှင်းဆီကာလသွား မွှေးဆဲ၊
ပန်းတော့ပွင့်သည်မြင်သည်နှင့်သာ
သာဘာဝရဲ့ မျှတာ။ ။

*(ဝီလျံရှိတ်စပီးယား)*



# (၂)

''ဝုန်း. . . ''
''အား. . . အမလေး. . . ''
''အား. . . အား. . . အား''

တစ်ညလုံး အငြိုးတကြီး ရွာနေသော မိုးသံတွင် တစ်စုံတစ်ရာ ကျိုးကျခြင်း၊ ပြိုကျခြင်း ဖြစ်တန်ရာသော 'ဝုန်းခနဲ' အသံကြီးကို ထင်းထင်းကြီး ကြားရသည်။ နောက်ဆက်တွဲအနေဖြင့် ထိတ်လန့်တကြား အော်ဟစ်လိုက်ကြသော အသံနက်ကြီးများကိုလည်း ကြားရသည်။ ရာသီဥတုဆိုးဝါးပြင်းထန်လွန်းလှသော ပုံမှန်မဟုတ်သည့် အခြေအနေများ၌ အရေးကြီးသော ထောင်တွင်းပြစ်မှုများ ဖြစ်ပွားလေ့ရှိတတ်သည်။

သည်အစဉ်အလာ သည်အတွေ့အကြုံများကြောင့် မိုးသံကြီး တစ်ခဲနက် ပြင်းထန်လာလေကတည်းက အိပ်ယာမှထကာ ထောင်အတွင်း တစ်ပတ်လှည့် ကင်းစစ်ရန် အဝတ်အစားလဲပြီး လက်နှိပ်မီးကို စမ်းသပ်ပြင်ဆင်ပြီးနေပြီ။ အာရုံတွေ နိုးကြားလန်းဆတ်သွားအောင် Black Coffee ခါးခါးတစ်ခွက် ဘာသာဖျော်ကာ သောက်နေ၍ အိမ်ကထွက်ဖို့ အတန် နောက်ကျနေရသေးသည်။

သည်စဉ် အခိုက်တွင်. . . သည်အသံများကို ဆက်တိုက်ကြား လိုက်ရခြင်းဖြစ်ပါသည်။ အသံကြားရာကို မှန်းဆကြည့်သည်။ အကျဉ်း ထောင် အုတ်ရိုးနှင့်ကပ်လျက် အရှေ့တောင်ဘက်ထောင့်ဆီတွင် ရှိသော ညှော်ရိပ်သာဘက်က ဖြစ်နိုင်သည်။ သရက်ပင် ပိန္နဲပင် စသည့်ကျိုးပဲ့ လွယ်သော ပင်စောက် ပင်မြင့်ကြီးများ ကိုင်းချင်းဆက်မျှ ရှိနေသည်။ ရိပ်သာတွင် စာရေးကလေး နိုင်ဦး ညအိပ်နေတတ်သည်။ သူ့အသံ မကြားရသေး၍ ညှော်ရိပ်သာဆီကို အလျင်သွားကြည့်ဖို့ စိတ်ကူးကို ပြင်ရ သည်။

ခြေဦးကို အကျဉ်းထောင်ဗူးတံခါးကြီးဆီသို့ ချက်ချင်းပင်လှည့်ကာ ခပ်သွက်သွက် လှမ်းလာခဲ့သည်။

''ဗိုလ်ကြီးလား. . . ''

တပ်ကြပ် ဆရာမျိုးတင့်၏အသံ။ ခြေသံတရှပ်ရှပ်နှင့်အတူ လက်နှိပ်မီးအရောင်က ဝင်းခနဲ ဝေ့ဝဲကျလာသည်။ အကျဉ်းထောင်ဆီ သွားရာမြေနီလမ်းကလေးပင် မိုးရေဖြင့် ရွှဲရွှဲနစ်ကာ ရေစပ်စပ်တင် နေသည်။

''ဘာထူးလဲ ဆရာမျိုးတင့်။ အသံတွေလည်း ကြားလိုက်ရတယ်။ ဘယ်မှာ ဘာဖြစ်တာလဲ''

အရေးတကြီး သိချင်သည့်တို့ကို ဆက်တိုက်မေးမိသည်။

''တစ်တိုက်ဘက်က ညောင်ပင်ကိုင်းကြီး ကျိုးကျတာဆရာ။ အဲဒါ ကို မိန်းမထောင်က လန့်ပြီးအော်ကြတာ။ တာဝန်မှူးနဲ့ ညကင်းအဖွဲ့တွေ စစ်နေကြပါပြီ။ ကျွန်တော်က ဗိုလ်ကြီးနဲ့ ထောင်ပိုင်ကြီးကို လာသတင်းပို့ တာပါ''

''တာဝန်မှူးနဲ့ ကင်းမှူးက ဘယ်သူလဲ''

''ထောင်မှူး ဦးခင်မောင်မြင့်နဲ့ ဒုတပ်ကြပ် သန်းရွှေပါ ဗိုလ်ကြီး''

''ဘယ်သူတွေ ဒဏ်ရာရသွားသေးသလဲ''

''ဘယ်သူမှ မထိပါဘူးခင်ဗျ။ တိုက်ရှေ့ကွက်လပ်မှာ ပွဲကျသွား





တာပါ။ ဝန်ထမ်းတွေနားနေတဲ့ အဖီဆွယ်သွပ်မိုးနဲ့ ဘာယာခန်းက အမိုး တချို့တော့ သစ်ကိုင်းအဖျားရိုက်သွားလို့ နည်းနည်းပျက်စီးသွားပါတယ်။ ကင်းတာဝန်ကျ တပ်သားစိုးပိုင်နဲ့ ဖော်ထွန်းမိုးတို့ ကျော်ငြိမ်းတို့က တိုက် ခန်းအလယ်၊ လျှောက်လမ်းမှာပဲ အိပ်ကြတော့ ဘာမှမဖြစ်ပါဘူး''

''အေးဗျာ ဒါဆိုလည်း ထောင်ပိုင်ကြီးသွားမနှိုးပါနဲ့တော့။ သူတို့ မိသားစုလည်း ထောင်ထဲက ဓါတ်ကူးပြီး ကာရာအိုကေဆိုလိုက်ကြတာ (၁၂) နာရီကျော်မှ ဝိုင်းသိမ်းပြီး အိပ်ကြတာ။ နားပါစေတော့။ ခင်ဗျား သော့သေတ္တာ (Key Box)ထဲက မိန်းမဆောင်သော့တွဲ ထုတ်ခဲ့ဗျာ။ တိုက်မှာ ဦးခင်မောင်မြင့်ရောက်နေပြီဆိုတော့ သင့်သလို ကြည့်လုပ်ထားပါ လိမ့်မယ်။ ကျွန်တော်တို့ အမျိုးသမီးဆောင် ဝင်ကြည့်ကြတာပေါ့။ တာဝန်ကြပ်က သင်းသင်းလှိုင်လား၊ ဆရာမကြီး ဒေါ်တင်တင်ဝင်းလား''

''ဘယ်အခြေအနေမှာဖြစ်ဖြစ်၊ လုပ်သင့်တာကို အရင်ရှာပြီးလုပ် ကျန်တာတွေ အလိုလိုပြီးသွားလိမ့်မယ်'' ဟု ငယ်ဆရာများက ထောင်မှူး ပေါက်စဘဝမှာ ကန့်ကူလက်လှည့် လက်ထပ်သင်ပေးခဲ့ကြသည်။ ဘဝတွေ ရင့်မှည့်လာလေ၊ အတွေ့အကြုံတွေ ထုပ်ထုပ်ပိုက်ပိုက်သိမ်းဆည်းနိုင် လာလေ သည်ဆုံးမစကားကလေးများ၏ တန်ဖိုးက ပိုမိုမြင့်လာလေပင်။ ယခုတော့ မိမိတို့ကပင် လက်အောက်ဝန်ထမ်းနှင့် လုပ်ဖော်ကိုင်ဖက် အရာရှိမျိုးဆက်သစ်များကိုသည် အဖိုးတန် စကားလက်ဆောင်ကလေး အား လက်ကမ်းနေရပေပြီ။ စာတွေ့ရော၊ လက်တွေ့ရောဟုပင် ဆိုရ ပါသည်။

''ဒေါ်တင်တင်ဝင်းပါဗိုလ်ကြီး။ ထောင်မှူး ဒေါ်ကြည်ကြည်ညွန့် ထဲရှိနေပါတယ်။ ညက ဝင်အိပ်ပါတယ်''

''အေး. . . အေး လုပ်ဗျာ။ အဆင်သင့်ဖြစ်ရင် သတင်းပို့ ကျွန်တော် ဗဟိုကင်းပေါ်မှာရှိမယ်''

''ဟုတ်''

အကျဉ်းထောင်တိုင်းတွင် ဗဟိုကင်း (Main Guard)နှင့်

လက်နက်တိုက် (Arms Court)သည် ဗူးတံခါးကြီး၏ အပေါ်ဆုံးထပ်မှာသာ ရှိနေတတ်ပါသည်။

အကျဉ်းထောင်တစ်ခုလုံး၏ အဓိက ဝင်ပေါက် ထွက်ပေါက်ဖြစ်သည့် တံခါးမကြီး၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရန်နှင့် အကျဉ်းထောင်တစ်ခုလုံးကို စီးမိုးအကဲခတ်ကြည့်ရန် အမိန့်ပေးအဖွဲ့က လိုအပ်သော အုပ်ချုပ်စီမံမှုများကို အချိန်နှင့်တပြေးညီ ကွပ်ကဲနိုင်ရန် ရည်ရွယ်ပါသည်။

သည်သို့ဖြစ်၍ အကြောင်းကြီးငယ်ရှိပြီဆိုလေတိုင်း ဗဟိုကင်းအဖွဲ့ကို နိုးနိုးကြားကြားရှိနေအောင် အရင်ဝင်စစ်၊ လိပ်ပြာနိုး ပေးထားရတတ်ပါသည်။

''ဖြူဖြူအေးလားဟေ့။ ဘယ်သူ့ကင်းချိန်လဲ''

''ဟုတ်ကဲ့ဆရာ။ ကျွန်မကင်းချိန်ပါ။ အားလုံးတော့ နိုးနေကြပါတယ်။ ဆရာမကြီးလဲရှိပါတယ်။ ဆရာဝင်စစ်ဦးမှာလား''

''အေး. . . ဒေါ်ကြည်ကြည်ညွှန့်ကိုခေါ်လိုက်။ အဲဒီမှာ အတွင်းသော့။ ဆရာမျိုးတင့်ပေးလိမ့်မယ်''

ညအချိန်မဆိုထားနှင့် နေ့ခင်းအချိန်များတွင်ပင် အမျိုးသမီးအိပ်ဆောင်အတွင်း အမျိုးသားအရာရှိများ ဝင်စစ်ဆေးဖို့မှာ တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ တိတိကျကျရှိပါသည်။ ကိုယ့်သဘောနှင့်ကိုယ် ဝင်ခလုတ် ထွက်ခလုတ် လုပ်ချင်၍မရပါ။

အနည်းဆုံး တာဝန်ခံအရာရှိ ၏ တရားဝင်ခွင့်ပြုချက်ရှိရပါမည်။ ပြီးလျှင် မိမိနှင့်အတူလိုက်ပါဖို့ အမျိုးသားဝန်ထမ်း အနည်းဆုံး နှစ်ဦးပါရပါမည်။ အမျိုးသမီးအိပ်ဆောင်တွင်လည်း တာဝန်ခံအဆောင်မှူး အပါအဝင် အမျိုးသမီးဝန်ထမ်းနှစ်ဦး အနည်းဆုံးရှိနေရပါမည်။

သည်သို့ အတူဝင်ရောက်မည့် အင်အားစုံလင်လေမှ အမျိုးသမီးအိပ်ဆောင် အဝင်တံခါး၏ အတွင်းသော့ကို သွင်းပေးပြီး ဖွင့်ခွင့်ရသည်။ သော့နှစ်ထပ်ခတ်၍ ထိန်းသိမ်းထားရပါသည်။

အမျိုးသမီးဆောင် ဝင်ရောက်စစ်ဆေးမှု မှတ်တမ်းတွင်လည်း





ရက်စွဲ၊ အချိန်၊ အတူစစ်ဆေးသူများ အမည်/ရာထူး အဆင့်၊ စစ်ဆေးတွေ့ရှိချက်၊ ထွက် ချိန်၊ ထိုးမြဲလက်မှတ်များကို ချက်ချင်းရေးသားဖြည့်သွင်းကာ မှတ်တမ်းတင်ထားရပါသည်။ ထောင်ပိုင်ကြီးဝင်လျှင်လည်း သည်လုပ်နည်းအတိုင်းသာပင်။

''ဆရာ ကျွန်မရောက်ပါပြီ''

''အေး. . . အတွင်းသော့ဖွင့်ဗျာ''

''ဟုတ်ကဲ့''

မိမိတို့အဖွဲ့ ဝင်လာခဲ့ကြသည်။ သူတို့အမျိုးသမီးဝန်ထမ်းအဖွဲ့ကလည်း အင်အားတောင့်သည်။ တာဝန်မှူးအပါအဝင် ငါးဦးတောင် အားလုံးလည်း နိုးနေကြသည်။ မိုးကသည်းလွန်း ကြီးလွန်း၍ပင် မအိပ်နိုင်ကြလေသလား။ အမျိုးသမီးဆောင်ထဲသို့ ဝေ့ဝဲအကဲခတ်မိသည်။ အိပ်သူအိပ် နိုးသူနိုး စကားသံတို့က မဆိတ်။ ကျွတ်ကျွတ်ညံနေသည်။

ပြီးလျှင် သူတို့တစ်တွေ၏ မျက်နှာပေါ်၌ တစ်စုံတစ်ခု ထူးခြားနေသော သွင်ပြင်မှုယာဆစ်မျိုးကို တွေ့နေမြင်နေရသည်။ မျက်နှာငယ်သည် ဟူသော စကားလုံးကိုပင် ပြေး၍သတိရမိသေး၏။

ယခုလည်း သူတို့မျက်နှာများက အမျိုးသမီးများတွင်သာ တွေ့ရတတ်လေ့ရှိသော ထိတ်လန့် ကြောက်ရွံ့မှု၊ တုန်လှုပ်ချောက်ချားမှုနှင့် အားကိုးရာမဲ့မှု စသည့် စိတ်ဒုက္ခ ဝေဒနာများ ပေါင်းစပ်ရောယှက်နေသည့် မျက်နှာတစ်မျိုးကို တညီတည်း တွေ့နေရသည်။ သူတို့ထဲက အကြီးအကဲဖြစ်နေသော ထောင်မှူး ဒေါ်ကြည်ကြည်ညွှန့်ပင်လျှင် သည်မျက်နှာရိပ်ကို ဖုံးဖိမနိုင်။

''ဘာထူးသလဲ ဆရာမကြီး။ ခင်ဗျားတို့အဆောင်ကလန့်အော်တဲ့အသံကြားလို့ ဝင်လာကြတာ။ ဘာဖြစ်ကြလို့လဲ။ ဒီဘက်အထဲရောညောင်ကိုင်းပဲ့ကျသေးသလား''

မေးမိသည်။ သည်မိန်းမဆောင်နှင့် သုံးပေအကျယ် (၁၈) ပေအမြင့်ရှိသော အုတ်နံရံတံတိုင်းသာ ခြားကာ ဟိုမှာဘက်တွင် အမှတ်

(၁) တိုက်နှင့် ဗိုက်ရှေ့က ညောင်ပင်ကြီးရှိသည်။ သက်တမ်းရှည်ကြာလှ အိုးမင်းရင့်ညောင်းလှပြီဖြစ်သည့် သည်ညောင်ပင်ကြီးက ဝေသီခေါင်အောင်မြင့်ကာ သူ့လက်တံ လက်မောင်း ညောင်ကိုင်းများကလည်း သည်မိန်းမထောင်ဘက်သို့တိုင် ထိုးထွက်နေသည်။ သို့လျှင်ဖြစ်၍ မိမိက မေးမိရသည်။

"ညောင်ကိုင်းလဲ မကျိုးပါဘူး။ လူတွေလည်း ဘာမှမဖြစ်ကြပါဘူး။ ဒါပေမယ့် ဟို. . . ဟို. . . "

"ဘာလဲဟဲ့။ နင့်ဟာက။ စကားလက်စသတ်အောင် မပြောဘူး" ညကင်းတာဝန်ကျ ဆရာမလေး ခင်စပယ်နုက စကားဆုံးအောင်ပင် မပြောနိုင်။ မျက်လုံးလေးပြူးပိုင်းကာ တံတွေးတနင်နင်ဖြစ်နေသည်။ သူ့စကား လိတ်ပတ်မလည်။ သည်တွင် ဆရာမျိုးတင့်က ဝင်ကြိမ်းသည်။ လူကောင်ထွားထွား၊ ဂင်တိုတို ပုတိုက်တိုက်နှင့် တပ်ကြပ်မျိုးတင့်က စိတ်မြန်လက်မြန်၊ စိတ်ကြမ်းကိုယ်ကြမ်းသူလည်း စိတ်ရှည်နိုင်ဟန်မတူ။ မိမိကပင် လက်ကာပြကာ ဟန့်တားလိုက်ရ၏။ ပြောပါစေလေ။ သူတစ်ခုခုတော့ ပြောစရာရှိနေသည်မှန်း သိသာ၍နေပါသည်။

"ဟဲ့. . . ပြောလိုက်လေ။ နင်က. . . အဲဒီအချိန် ကင်းတာဝန်ကျပဲ။ နင်ကြားတာ နင်ပြောလိုက်"

အဆောင်မှူး ဒေါ်ကြည်ကြည်ညွှန့်က စကားလမ်းကြောင်းပြသည်။ သူ့အသံတွင်လည်း တစ်ခုခုကို သိထားလေပြီကို မှန်းဆ၍ရပါသည်။

"ဟိုညောင်ပင်ကြီးက လူညည်းသလို အော်သံကြီးထွက်နေတယ် ဆရာ"

"ဟေ"

"ဟာ ဒီကောင်မလေးတွေ ပေါက်တတ်ကရ ပြောကြပြန်ပြီ မဟုတ်မဟပ်တွေ"

ဗကပဗာ အမည်ပြောင်ရလောက်အောင်ပင် စိတ်နယ်လွန် ဂမ္ဘီရ





ကိစ္စများကို သည်းသည်းလှုပ်ဆန့်ကျင်သည့် သည်ဆရာမျိုးတင့်နှင့်မှ တွေ့ကြရသည်။ ခင်စပယ်နု၏ အပြောကို သူက လက်မခံ။ ဖီဖီခါ ငြင်းဆန်ကန့်ကွက်သည်။ မိမိကမူ အကြောင်းစုံမသိရသေး၍ ယုန်ကလေး နားစေးနေခြင်း မဟုတ်သည့်တိုင် စဉ်းစားယောင်ပြုကာ ငြိမ်နေမိသည်။ ခါတစ်ရံ ဆိတ်ဆိတ်နေ၍ နားကိုသာဖွင့်ထား စွင့်ထားခြင်းက ပို၍ကျေးဇူးများတတ်သည်လည်းရှိသည်လေ။

"အားဘူထု. . . အားဘူထု"

"ရှင်. . . အစ်မ"

"လာဦး၊ ညည်း ကင်းတွဲသက်မာကိုပါခေါ်ခဲ့"

ခဏကြာလေလျှင် ရင်းနှီးနေသော မျက်နှာနှစ်ခုကို အိပ်ဆောင်ဘာယာတန်း (သစ်သားပျဉ်တန်း)များကြားက တွေ့ရသည်။ သည်အမျိုးသမီးအိပ်ဆောင်၏ သာယာလှပရေးနှင့် ထွေထွေရာရာကိစ္စများစွာကို စီဘဲလိုလက်ရ စိတ်ဝင်တစား လုပ်လေ့ရှိသူ လက်ထောက်တန်းစီး ကချင်မလေး။

မူးယစ်ဆေးဝါးနွယ်သော ပြစ်မှုတစ်ခုဖြင့် ထောင်ကျနေသူ။ အားဘူထုဟုခေါ်သည်။ နောက်တစ်ဦးက မိုးညှင်းမြို့နယ်၊ မီးသတ်ဦးစီးမှူး ဦးသက်တင်လာ၍ အပ်နှံထားသည့် သူ့မိတ်ဆွေညီမ၊ သက်မာဆိုသည့် ကလေး။ သူလည်း မူးယစ်ဆေးဝါးနှင့်နွယ်၍ အချုပ်ကျခံနေရသူ။ သူကလေးတို့နှစ်ဦးက ခင်စပယ်နု ကင်းချိန်တွင် အိပ်ဆောင်ဘာယာ ညကင်းများဖြစ်၍နေသည်. . . တဲ့။

"အားဘူထု"

"ရှင်"

"ညည်းတို့ကင်းချိန်မှာ ဘာဖြစ်သလဲ။ ထောင်မှူးကြီးကို ပြောပြစမ်း"

"ဟုတ်ကဲ့အစ်မ"

သူတို့က သူတို့၏ ထောင်မှူးမမကို 'အစ်မ' ဟု ရင်းနှီးနှစ်လိုစွာ

ခေါ်ဝေါ်လေ့ရှိကြပါသည်။

"သမီးတို့ကင်းချိန်က သုံးခြောက်ပါဗိုလ်ကြီး။ သမီးတို့ ကင်းလဲပြီးချိန်မှာ မိုးကတအားရွာပါတယ်။ မီးစက်လည်း ပိတ်ထားတော့ သမီးတို့လည်း ဆရာမ ခင်စပယ်နုက ခိုင်းတာနဲ့ ဖယောင်းတိုင်တွေ ထပ်ထွန်းထားပါတယ်။ မကြာခဏ လူပေါင်းလည်းစစ်ပါတယ်။ လေးနာရီတစ်မောင်းလောက်၊ ဘာယာသံချောင်းခေါက်ပြီးတဲ့အခါ အပြင်မိလ္လာခုံကြီးဆီက လူညည်းသံကြီးကြားရပါတယ်။ တကယ့် လူမမာညည်းသံကြီးပါ။ သက်မာလည်းကြားတယ်နော်။ သမီးတို့ဆရာမ ခင်စပယ်နုကို သတင်းပို့ပါတယ်။ ဆရာမက အပြင်ကပတ်ပြီး လက်နှိပ်မီး(တုတ်မီး)နဲ့ ထိုးပြီးစစ်ပါတယ်။ လူတော့မတွေ့ပါဘူး။ ညည်းသံကြီးကတော့ မရပ်ပါဘူး။ ကြားနေရတုံးပါပဲ"

"အေး. . . ဆက်ပြော"

"အဲဒါ ဆရာမကြီး ဒေါ်တင်တင်ဝင်းနဲ့ အစ်မတို့ကို နိုးပြီးသတင်းပို့ပါတယ်။ အစ်မနဲ့ ဆရာမတွေတစ်သိုက်ကြီး သွားကြည့်ကြပါတယ်။ အဲဒီလူညည်းသံကြီးက ပိုကျယ်လာပါတယ်။ ကြောက်စရာကြီး။ ကြည့်နေတုံး အဆောင်သားတွေ တစ်ယောက်တစ်ပေါက် နိုးလာကြပြီး ဟိုတိုးဒီတိုးလုပ်ကြတော့တာပဲ။ အာလုံးလန့်ကြတာပေါ့။ ဒီတုံး ညောင်ကိုင်းကြီးက "အုံးခနဲ" ကျိုးကျတော့ သမီးတို့လဲ လန့်အော်ကြတော့တာပေါ့။ အကုန်လုံး အကုန်လုံး ဗိုလ်ကြီး။ ကြောက်လိုက်တာဆို တုန်လို့ပဲ"

အာဂကချင်မကလေးပါပေ။ ပြောသွားလိုက်သည်မှာ ကျကျနနပြည့်ပြည့်စုံစုံ။ သက်မာဆိုသည့် အသားညိုညို၊ ပြည့်ပြည့်ချောချောကလေးမကမူ မျက်လုံးအဝိုင်းသားဖြင့် ခေါင်းညိတ်ပြခြင်းဖြင့်သာ တွင်တွင် ထောက်ခံသည်။

"ဒေါ်ကြည်ကြည်ညွှန့်၊ အဲဒီအသံကြီးကို ခင်ဗျားလည်း ကြားသလား"

"ကြားတယ်ဆရာ။ လူနာညည်းသံကြီးလိုပဲ"





"ဘယ်ကကြားရတာလဲဗျ"

"အပြင်မိလ္လာခုံကြီးကထင်လို့ မီးထိုးပြီး ပတ်ကြည့်တာပဲဆရာရဲ့။ မတွေ့ဘူး။ ညောင်ပင်ကြီးက အဲဒီအသံထွက်နေတာ။ ကျွန်မက ဟိုဘက်ကိုက်မှာ လူနာရှိတယ်ထင်လို့။ ညောင်ကိုင်းကြီး ကျိုးကျသွားတော့ အဆောင်သားတွေ လန့်အော်ကြတယ်။ အသံကြီးလည်း တိတ်သွားတယ်ဆရာ"

"အေး. . . ခင်ဗျားတို့ဟာက အဆန်းပဲ။ ကဲကဲ ခင်ဗျားသမီးတွေအကုန်ပြန်အိပ်ခိုင်း။ အစောကြီးရှိသေးတယ်။ ကျုပ်တို့အပြင် မိလ္လာခုံကြီးပတ်လည် စစ်ပြီးရင် ပြန်ထွက်တော့မယ်"

"ဟုတ်ကဲ့"

တကယ်တော့မူ မိမိအနေဖြင့် အယုံအကြည်သိပ်ရှိလှလေသည် မဟုတ်လှပါ။ သို့နှင့်တိုင် စကားသံကျယ်ကျယ်ပြော မိန်းမထောင်ဝင်းအတွင်း ဟိုမှသည်မှ သွားသွားလာလာပြု၊ လက်နှိပ်မီးရောင် တဝင်းဝင်းဖြင့် ဟိုထိုးသည်ထိုးလုပ်ရပါသည်။

မတည်မငြိမ် ကြောက်ရွံ့ချောက်ချား မှုအားကြီးနေကြသော သည်မိန်းမသူများအား စိတ်ဓါတ်မြှင့်တင်ပေးခြင်း သက်သက်ဖြစ်ပါသည်။ သည်သို့လုပ်ဆောင်ခြင်း၏ အကျိုးသက်ရောက်မှုက များစွာအကျိုးရှိတတ်ပါသည်။

အကျဉ်းထောင်တစ်ခုကို စီမံအုပ် ချုပ်ခြင်း၏ အဓိက အခြေခံအချက်မှာ အကျဉ်းသား၊ အချုပ်သားတို့၏ စိတ်အနေအထားကို ပုံမှန်မူခြေ (Normal Condition)၌ တည်ငြိမ် စွာရှိနေနိုင်ဖို့ ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းသာလျှင် ဖြစ်ပါသည်။

ယခုလည်း အမျိုးသမီးဆောင်က မိမိတို့ပြန်ထွက်လာတော့ သူတို့အိပ်ဆောင်အတန်ပင် တည်ငြိမ်သွားပါပြီ။ မိုးမလင်းသေး၍ ပြန်အိပ်နိုင်းထားခဲ့ရပါ၏။

မိမိအတွက်မူ အဖြေရှာရဦးမည့် ပုစ္ဆာတစ်ပုဒ်က တန်းလန်းပါ

လာခဲ့ပြန်သည်။ ညောင်ပင်ကြီးက လူညည်းသံ၊ လူအော်သံကြီး ကြားရသတဲ့။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ သည့်ဇာတ်လမ်း၏အစကို သိမ်းဆည်းရပါဦးမည်။ မေးမြန်းစူးစမ်းရပါဦးမည်။ ဆက်နွယ်ဆက်စပ်စဉ်းစားအဖြေရှာ၍ ဖြစ်တန်ရာသော အလားအလာများကို မှန်းဆစီမံရပါဦးမည်။

''ဆရာမျိုးတင့်ရေ. . . ။ တိုက်ဘက်တန်းသွားဗျာ''

''ဟုတ်ကဲ့။ မိန်းဂျေးဘဘက်မလှည့်တော့ဘူး ဗိုလ်ကြီး။ မိန်းမဆောင် နံရံဘေး ပတ်လမ်းကပဲ သွားလိုက်တော့မယ်''

''ကောင်းတယ်ဗျာ။ ဒီဘက်တစ်ခြမ်း စစ်ပြီးသားဖြစ်သွားတာပေါ့။ သွား. . . သွား''

မိမိသည် ထောင်ကလေးကို ပြောင်းရွှေ့ရောက်ရှိကာ ထောင်အုပ်ချုပ်ရေးကို စတင်စီမံကိုင်တွယ်ကတည်းက အရေးတကြီး အလေးထားလုပ်ဆောင်ခဲ့သည်မှာ ထောင်အုတ်နံရံကြီး (Main Wall)ကြီး လျှောက်လမ်း (Walking Road)ကို တခုတ်တရ ဖောက်လုပ်စေခဲ့ခြင်းဖြစ်ပါသည်။

ညကင်းအဖွဲ့များသာမက ထောင်ပိုင်ကြီးအပါအဝင် အရာရှိများလည်း ထောင်ပတ်ပတ်လည်ကို အန္တရာယ်ကင်းကင်း၊ စိတ်အေးလက်အေး ပတ်၍စစ်၍ရသည်။ လိုအပ်သမျှ နေရာတိုင်း၌ လျှပ်စစ်မီးတိုင်များ တပ်ဆင်ထားခြင်းဖြင့် အုတ်နံရံကြီး၏ လုံခြုံမှုကိုလည်း ထိန်းသိမ်းပြီး ဖြစ်သည်။

တစ်ပြိုင်တည်းတွင် ဆန္ဒရှိပါက မိမိအာရုံကျရာ ရည်သန်၍ တရားရှုမှတ်ခြင်း၊ ပုတီးစိပ်ခြင်းကိုလည်း လုပ်နိုင်သေးသည်။ ကျန်းမာရေးအတွက် လမ်းလျှောက်ပြီးသားလည်း ဖြစ်သည်။

''ဟာ. . . ဗိုလ်ကြီးလာတယ်ဟေ့။ တာဝန်မှူးသွားခေါ်လိုက်ဦး။ မိန်းဂျေးမှာရှိတယ်''

''ဟုတ်ကဲ့. . . ''





တပ်သားတစ်ယောက် ပြေးထွက်သွားသံ ကြားရသည်။ ကင်းမှူးဖြစ်သူ ဒုတပ်ကြပ် သန်းရွှေက တိုက်ခန်းအဝင် သံဆူးကြိုးတံခါးသော့ကို ဖွင့်ပေးရင်း ဆီးကြိုသည်။

လက်နှိပ်မီးဖြင့် ဝေ့ဝဲထိုးကာ စစ်ဆေးကြည့်ရာ ကျိုးကျနေသည့် ညောင်ကိုင်းကြီးက အတန်ကြီးသည်။ ကံသီပေ၍သာ၊ မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာအနာတရ မရှိကြ။ တိုက်ခန်းတွင် ထားရှိသော အကျဉ်းသားအားလုံး နိုးနေကြပါပြီ။

''ဗိုလ်ကြီးရေ. . . ညောင်ပင်ကြီးက လူအော်သလို အော်တယ်ဗျ။ ဒဏ်ရာရထားတဲ့ လူတစ်ယောက် ညည်းသလိုချည်း။ ဒီမှာ အကုန်ကြားကြရတယ်။ ပြီးတော့ ညောင်ကိုင်းကြီး ကျိုးကျတော့တာပဲ။ ထူးဆန်းတယ်ဗျ''

ခတ်တိုင်းငံသည့် ပဲခူးဆား၊ ပါလေရာရာ ငါးပိချက်ဖြစ်သည့် တပ်သားစိုးပိုင်က သူ့အသံပြကြီးဖြင့် ဗလုံးဗထွေး သတင်းပို့ပါ၏။ မိမိစိတ်ထဲ ထွေသွားသည်။ သည်လူ ညည်းသံ၊ လူအော်သံကြီးကိစ္စ။ မိန်းမဆောင်က ထွက်လာပြီးနောက် မိမိတို့က ဘာမျှ မည်သည့်အကြောင်းကိုမျှ မမေးမမြန်း၊ မပြောဆိုရသေးမီ သူတို့ထံက အရင်ကြားရပြီ။ တိုက်ဆိုင်မှုလေလား၊ အမှန်တကယ် ဖြစ်ရပ်လေလား။ ထောင်တိုင်းဆောင်တိုင်းမှာ ထိုသို့ ဉာဏ်နယ်စာဖွဲ့စရာ ဇာတ်ဆန်းကလေးတွေ ရှိနေတတ်သည်မှာ ထောင်သဘာဝ။ မိမိနိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက် ကြုံခဲ့ဖူးလေပြီ။ ယခုလည်း ကြုံလာရပြန်ပြီ။

''ဆရာသန်းရွှေရေ ဘယ်လိုလဲဟေ့''

တိုးတိုးတိတ်တိတ် တီးတိုးမေးရသည်။ သည်လိုကိစ္စမျိုးက အကျယ်တဝင့် အော်ကြီးဟစ်ကျယ်လုပ်၍မရ။ ကျယ်ကျယ်ပြန့်ပြန့် အဖြစ်ခံနိုင်။ အမြန်ဆုံး ငြိမ်ဝပ်အောင် ငြိမ်းသတ်ထိန်းသိမ်းရမည်သာ။

''ဟုတ်တယ်ဗိုလ်ကြီး ဘာရယ်လို့တော့ သေသေချာချာ မသိပေမယ့် ညောင်ပင်ကြီးက လူညည်းသံကြီး ထွက်နေတာတော့ အမှန်ပဲ။

အားလုံးကြားကြရတယ်။ အကောင်အထည်တော့ မတွေ့ရဘူး။ အသံကြီးပဲ ကြားရတယ်''

''အေး. . . ညောင်ကိုင်းချင်း ပွတ်တာလဲဖြစ်နိုင်တာပဲကွာ။ ညောင်ကိုင်းပဲ့ပြီး ပြတ်မကျသေးခင် ပင်စည်မကြီးနဲ့ ပွတ်တိုက်ပြီးလည်း အသံထွက်နိုင်တာပဲ။ ဟိုဟိုဒီဒီ ဥပဒ်မနေပါနဲ့။ တကယ်ဖြစ်နိုင်တာ ဖြစ်တတ်တဲ့သဘာကိုပဲ ရိုးရိုးလေး စဉ်းစားကြည့်ကြစမ်းပါ။ မဟုတ်ဘူးလား''

''ဟုတ်ကဲ့''

သူ့မျက်နှာက ဇဝေဇဝါ။ တာဝန်မှူးလည်း ရောက်၍လာသည်။ ဖြစ်ချင်တော့ သူကလည်း ဂမ္ဘီရသမား။ တန့်ဆည်နယ်၊ မင်းကင်းအထွက်က မဟာမြိုင်တောကြီးနားမှာ မွေးဖွားကြီးပြင်းခဲ့သူ။ သူ့ကိုလည်း နှုတ်ပိတ်ရပြန်သေးသည်။

သူ့ကိုနှုတ်ပိတ်လေမှ မိမိကို အခြားတပ်ဖွဲ့ဝင်များကွယ်ရာ ညောင်ပင်ဘေးဆွဲပြီး ပြောမိအောင် ပြောလေသေးသည်။

''ဆရာရေ။ ကျွန်တော်ဒီထောင်မှာ တာဝန်ကျတာ ကြာခဲ့ပြီ။ ဒါပါနဲ့ဆိုရင် နှစ်ကြိမ်ပါ။ စုစုပေါင်း ဆယ်နှစ်ကျော်ခဲ့ပါပြီ။ ဒီညောင်ပင်ကြီးက ညည်းသံထွက်ရင် တစ်ခုခုတော့ သေချာပေါက်ဖြစ်တာပဲ။ ကျွန်တော်မီသလောက် နှစ်ကြိမ်ဖြစ်ဖူးတယ်။ ပထမအကြိမ် ညည်းသံကြားရတုံးက နောက်တစ်နေ့ ညနေခြောက်နာရီလောက် ထောင်ပိတ်နေတုံး ဒီအရှေ့ဘက်ထောင်အုတ်ရိုးနား ခတ်တိုင်က တွယ်တက်ပြီး ထောင်နံရံကျော်ထွက်ပြေးမှု ဖြစ်ခဲ့တယ်။ ထောင်မှူးကြီးမောင်မောင်သန်း ပင်စင်အပေးခံလိုက်ရတယ်။ နောက်တစ်ကြိမ်က ၁၉၈၇ မှာ။ ဒီညောင်ပင်ကြီးက ညည်းလိုက်တာမှ ဆရာရယ် နေ့စဉ်ရက်ဆက်။ သုံးရက်လောက်ကြာတော့ မကြာဘူး။ ရက်ပိုင်းအတွင်းပဲ ရောဝတီမြစ်ရေလျှံ။ မိုးတွေကြီးလိုက်တာ ထောင်ထဲအထိ ရေသုံးပေလောက်တတ်တယ်။ ဝန်ထမ်းလိုင်းတွေ ရေမြုပ်၊ ရိက္ခာကိုဒေါင်တွေရေဝင်။ မီးဖိုကြီးလည်း ရေဝင်လို့ ချက်မရ။ ဒုက္ခရောက်





လိုက်ကြရတာဆရာရယ်။ တကယ်ပါ။ တစ်သက်နဲ့တစ်ကိုယ် အဲဒီအခါလောက် ဒုက္ခရောက်တာ မကြုံဘူးခဲ့ရဖူးပါဘူး။ မြို့ပေါ်ရပ်ကွက်တွေ၊ ကမ်းနားက အိမ်တွေဆို ပိုဆိုးပေါ့။ ဒါကြောင့် ဒီညောင်ပင်က ညည်းသံကြီးကြားရတာကို မပေါ့နဲ့ဆရာ။ တစ်ခုခုပဲ''

ရော. . . ခက်နေပြီ။ သူ့လိုလုပ်သက်ရင့် အရာရှိတစ်ဦးကိုယ်တိုင်က သည်သို့ဖြစ်နေမှ ကျန်သည့်ဝန်ထမ်းတွေ အကျဉ်းသားတွေကို သူတို့ဘယ်နည်းဘယ်ပုံ ထိန်းကြပါ့။ ခက်သည်။ တော်တော်ခက်ပါသည်။

''ကဲပါအစ်ကိုရယ်။ အစ်ကိုသိတာ အစ်ကို့ဝမ်းထဲထားပါ။ အားလုံးအထိတ်တလန့် ဖြစ်ကုန်ပါမယ်။ ထောင်ပိုင်ကြီး တင်မြပြီး ညှိနှိုင်းလုပ်ကိုင်ကြတာပေါ့။ ညည်းသံကြီးကိစ္စတော့ ပါးစပ်ပိတ်ထားပါဦး''

''ဟုတ်ကဲ့ဆရာ''

မိမိက ထောင်မှူးကြီး သူက ထောင်မှူးဆိုသော်လည်း မိမိထက် အသက်အရွယ်ကြီး ထောင်မှူးသက် ရင့်ပါသည်။ ထောင်မှူးလောင်းသင်တန်းအပတ်စဉ် (၁) ဆင်း ဖြစ်၍ မိမိက အပတ်စဉ် (၃) ဖြစ်သည်။ အနေအထိုင် ကျစ်ကျစ်သိပ်သည်း၍ ဘာသာတရား ကိုင်းရှိုင်းသဖြင့်လည်း မိမိကတလေးတစား ''အစ်ကို'' ဟုသာ ခေါ်ပါသည်။ သူကလည်း မိမိကို လေးစားစွာ ဆက်ဆံပါသည်။

တာဝန်အရမို့သာ ပြောလိုက်ရသည်။

မိမိလည်း ကိုယ်တွေ့ကြုံခဲ့ဖူးပါသည်။ မွန်ပြည်နယ် ဘီးလင်းမြို့နယ်က ''နောင်ရိုးကြံစိုက်ပျိုး'' အလုပ်စခန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ၁၉၈၂ ကပင်။

တစ်ရက်သားမှာ နေ့ခင်းကြောင်တောင်ကြီး အကျဉ်းသား (ရဲဘက်) များ နေ့စဉ်စားသုံးရန် ချက်ပြုတ်ကျွေးမွေးရသည့် စားဖိုကြီး၏ ခေါင်မိုးကို မီးထစွဲကာ အတန်သင့်လောင်ကျွမ်းပျက်စီးခဲ့သော မီးရေးထင်းရေးကိစ္စလေး ဖြစ်ခဲ့၏။ ကိုယ်ချင်းသာ ကိုယ်သိကြိတ်၍ ဖြေရှင်းနိုင်ခဲ့ပါ၏။ သိုသိုသိပ်သိပ် ဖုံးဖိနိုင်ခဲ့ပါ၏။ သို့တစေ ဖိုကြီး ခေါင်မီး

လောင်သည့် ကိစ္စကို ရေးကြီးခွင်ကျယ်လုပ်ကာ တွေးတောကြံဆကြ၊ တီးတိုးတီးတိုး သဖန်းပိုးလုပ်ကြလေ၏။

အလုပ်စခန်း၏ တာဝန်ခံ ထောင်ပိုင်ကြီး အသက်ဘေးပဲ အန္တရာယ်ရှိတော့မည်မှာ နေ့လိုလို၊ ညလိုလို (ထိုစဉ်က ထောင်ပိုင်ကြီးမှာ ယခုနိုင်ငံကျော်စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၏ ဖခင် ထောင်ပိုင်အဆင့် (၁) ဦးစိန်မောင် ဖြစ်ပါသည်) စခန်းကိုပဲ KNU သူပုန်ဝင်စီး၍ စခန်းပျက်တော့မည် လိုလို။ မိမိတို့က အယုံအကြည်မရှိ ဟန်ဖြင့် ပျက်ရယ်ပြုခဲ့ကြပါသည်။

တကယ်လည်း ထောင်ပိုင်ကြီး ဘာမျှ မဖြစ်ခဲ့ပါ။ ကျန်းမာပကတိ၊ ချမ်းသာပါ၏ပေ့။ သို့သော် . . . မမျှော်လင့်ဘဲ မဖြစ်စလောက် နှာစေး၊ ချောင်းဆိုး ရောဂါကလေးလောက်နှင့် ဆေးထိုးများကာ ကွယ်လွန်ဆုံးပါး ခဲ့ရရှာသူက စားဖိုကြီးကို တိုက်ရိုက်ကိုင်တွယ် စီမံရလေသော ထောက်ဌာနစု ထောင်မှူးကြီး ဦးအုန်းမောင်ဖြစ်သတည်း။

ကြေကွဲခဲ့ရပါသည်။ နှမြောတသမဆုံး ဖြစ်ခဲ့ရပါသည်။ ဘာမှန်း မသိသည့် သည်ဂမ္ဘီရဆိုတာကြီးကိုလည်း နာကြည်းချင်သလိုလို ဖြစ်ခဲ့ဖူးပါသည်။ (ထောင်မှူးကြီး ဦးအုန်းမောင်ကား သူကွယ်လွန်ရှာပြီး ရှစ်နှစ်ခန့်အကြာမှာ မိမိ၏ ယောက္ခမ ဖြစ်ခွင့်ကြုံခဲ့ရပါသည်)

သည်လို အတိတ်က ခဲမှန်ဖူးသည့် အတွေ့အကြုံကြောင့် သည် ညောင်ပင်က ညည်းသံကြီးကိစ္စက ရင်ထဲမှာ စလုံးစခုကြီးဖြစ်ကာ ကန်လန့် ခံနေသည်။ လိပ်ခဲတည်းလည်း ရင်မရှင်းဘဲ နောက်ကျိရှုပ် ထွေးနေမိသည်။

သို့ဖြင့် လင်းရောင်ကလေး အပျို့မှာ ထောင်ထဲက ပြန်ထွက်လာခဲ့ သည်။ နံနက်က မြူများ နှင်းမှုန်များဆိုင်းလာပြီး မှုန်မှိုင်းနေသည်။ မိုးက ဖွဲဖွဲကျသည်။ ညက မိုးကြီးသည်းသည်း၏ ဒဏ်ရာများကလည်း ရှုခင်းကို စိုးမိုးထားသည်။

---





ရင်တွင်မေးလိုက်ချင်သော မေးခွန်းက ပလုံစီထလာသည်။ ...နလာရယ်၊ ဘယ်ပုံဖြင့် ကြုံဆိုလိုက်လေသလဲ။ ရုံးတွေဖွင့်စ၊ တက်ကြွ ...ကြား ရွှင်မြူးကြည်လင်စွာ အစချီ၍ ကန့်လန့်ကာဖွင့်ခဲ့ဖို့ ကောင်းသည်။ ...ခုတော့ ချိုကတည်းကယဉ်လေသည်။

သည်ကနေ့တော့ တစ်ခုခုကြုံရလေဦးမည်။

✿ ✿ ✿ ✿ ✿

# (၃)

''ကိုကိုနိုင်ရေ. . . ''

''ဗျာ. . . ဗိုလ်ကြီး''

''လွတ်လူ လွတ်ရအောင်ကွာ။ ထောင်ကျရုံးကို အကြောင်းကြားလိုက်ပြီး ဒီနေ့ရုံးထွက် အချုပ်အဖွဲ့တွေကြည့်မယ်။ ပြင်နိုင်းထား''

''ဟုတ်ကဲ့။ ဒါနဲ့ ဗိုလ်ကြီး ဒီနေ့တန်းစီလုပ်ဖြစ်ဦးမှာလား။ တာဝန်မှူး ဆရာဦးသိန်းစိုး မေးနေလို့''

''အေးကွာ။ ထောင်ပိုင်ကြီး အိမ်က အခုဘဲပြန်လာတာ။ တန်းစီမလုပ်ဖြစ်တော့ဘူး။ ထောင်ပိုင်ကြီး သိပ်နေမကောင်းလို့။ အိပ်ဆောင်တန်းစီတွေကို မင်းပဲလိုက်ပြောလိုက်လေတော့။ လွတ်လူတွေ စုံရင်လွှတ်မယ်ကွာ''

''ဟုတ်ကဲ့. . . ဗိုလ်ကြီး''

စိတ်ကိုဖြေလျှော့ကာ အသာထိုင်နေမိသည်။ ရုံးအကူအကျဉ်းသားကိုကိုနိုင်ဖျော်ပေးသော ကော်ဖီပူပူကို အရသာခံ၍ ဖြည်းဖြည်းကလေး





သောက်နေမိသည်။ တဖြိုင်ဖြိုင်ကျသည့်မိုးရေတွင် အာရုံ၌ နံနက်ပိုင်းကဖြစ်ရပ်များကို စေ့ငုဆင်ခြင်နေမိသည်။

''ထောင်မှူးကြီးရေ၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်မနေနဲ့။ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ မှန်းဆကြည့်လို့ တွေးကြည့်လို့ မရနိုင်တဲ့ အခြေအနေမှာ ဖြစ်လာတာကြုံတွေးပြီး ငုတ်တုတ်ထိုင်စောင့်နေတာထက် ကိုယ်လုပ်သမျှ အလုပ်တွေကို အပြစ်ကင်းအောင် စေ့စေ့စပ်စပ် ကြိုးစားလုပ်နေတာက အကောင်းဆုံး ပြင်ဆင်ခြင်းမဟုတ်လား''

''ထောင်မှူးကြီးစီစဉ်ခဲ့တာ ကောင်းပါတယ်။ ကျွန်တော်တို့ ဒီကနေ့တစ်ရက်တော့ Supretendent Parade နဲ့ Round တော့ ဖျက်လိုက်ကြစို့။ ဟိုမေးဒီမေး၊ ဟိုပြောဒီပြောတွေကို ရှင်းရမယ့် အလုပ်ကိုခဏဆိုင်းထားလိုက်ကြရအောင်။ တစ်ခါတစ်ခါ တချို့အလုပ်တွေ ပြဿနာတွေက သွားမရှင်းနဲ့ဗျ။ သူ့အလိုလို ရှင်းသွားတာကိုပဲ ထိုင်စောင့်ကြည့်။ ကိုယ့်ပယောဂမပါဘဲ သူ့သဘောသူဆောင်သွားတာကို ဘေးကထိုင်ပြီးဆင်ခြင် သင်ခန်းစာယူ။ အဲဒီလိုလည်း ရှိတတ်သေး တယ်။ ကဲ. . . ဒီနေ့တော့ ထောင်ပိုင်ကြီး နေမကောင်းဘူးပေါ့ဗျာ။ ဆက်လုပ်စရာရှိတာ ဆက်လုပ်ပါ။ ထူးတာရှိရင်လည်း လာခဲ့ပေါ့။ အိမ်မှာပဲရှိမယ်''

ချီးကျူးမိရပါသည်။ စိတ်ဝင်စားဖို့လည်းကောင်းသည်။ ရုတ်တရက် မိမိရင်ဆိုင်ကြုံတွေ့နေရသည့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုးကို သူဖြေရှင်းပြသွားပုံက လွယ်လွယ်၊ ရိုးရိုးကလေး။ တစ်ခုပဲလိုအပ်ပါသည်။ သူ့လို မတုန်မလှုပ် အေးအေးဆေးဆေး စိတ်ရှည်သည်းခံစွာ အခြေအနေပြောင်းလဲမှုကို ထိုင်၍ကြည့်နေနိုင်ဖို့ ကြည့်နေတတ်ဖို့၊ အရွယ်ချင်းကွာသဖြင့် တုံ့ပြန်ခံစားပုံခြင်း မတူတာလည်း ဖြစ်တန်ရာပါသည်။ မည်သို့ဆိုဆို၊ သည်ကနေ့ အနေအထားအရ မိမိဆရာ ထောင်ပိုင်ကြီး၏ ဗျူဟာက အခြေအနေနှင့် အကိုက်ညီဆုံးဟုသာ လက်ခံထားလိုက်ရတော့သည်။

သည်တော့. . . အကောင်းဆုံး မင်္ဂလာအရှိဆုံးအလုပ်ကို အဦး

အစဆုံးရွေး၍ လုပ်ရန်တာစုရပါပြီ။

"ကိုကိုနိုင်ရေ. . . "

"ခင်ဗျာ. . . ဗိုလ်ကြီး"

"လွတ်လူတွေခေါ်ကွာ။ ထောင်ပိုင်ကြီး နေမကောင်းဘူး။ နားလိမ့်မယ်။ ငါပဲ လွတ်လူလွှတ်လိုက်တော့မယ်"

"ဟုတ်ကဲ့၊ ကောင်းပါတယ်ဗိုလ်ကြီး"

တကယ်လည်း၊ ထောင်လုပ်ငန်းမှာ "အားလုံးကောင်းပါသည်ခင်ဗျား" ဆိုသည့် စကားက မင်္ဂလာအရှိဆုံးပေတကား။

ဘဝတွင် ပျော်စရာအကောင်းဆုံးနေ့များ များစွာရှိလေသည့်အနက် ကျန်သည့်အရာများကို တိတိပပ မသိနိုင်လေငြား "ထောင်ကလွတ်သည့်နေ့သည် အပျော်ဆုံးပါ" ဆိုသည်ကိုတော့ လက်တွေ့ မျက်မြင်ဖြစ်၍ တကယ်မှန်ပေသော စကားဟု ဝန်ခံစကားဆိုပါမည်။ လူသားတစ်ယောက်၏ဘဝတွင် ဟိုးအောက်ထစ်ဆုံးအရပ်၌ ဂုဏ်၊ သိက္ခာ၊ မာနအလုံးစုံ ခဝါချ၍ လူဖြစ်လေသည်ဆိုရုံမျှသာသာဖြင့် ရပ်တည်နေရသည့်အကျဉ်းသား၊ အချုပ်သားဘဝကို တစ်စက္ကန့်မျှပင် နေချင်သူမရှိတန်ရာပါ။

ထောင်လွတ်လက်မှတ် (Release Warrant)ကို လက်ကကိုင်၊ အကျဉ်းထောင်တံခါးကြီး၏ မလွယ်ပေါက် တံခါးသေးသေးလေးမှ ကိုယ်ကိုလျှိုထွက်ကာ အကျဉ်းထောင်နံရံကြီးကို ကျောခိုင်း၍ ခြေအစုံရပ်လိုက်မိချိန်တွင် မြင်တွေ့လိုက်ရသည့် မျက်နှာလောက် ကျက်သရေရှိလှသည့် မျက်နှာ၊ ကျေနပ်ပျော်ရွှင်နေသည့်မျက်နှာ၊ အနာဂတ်ကို ယုံရဲမှုနှင့်အတူ ခွန်အားသစ်များ ပြည့်လျှမ်းနေသည့် မျက်နှာရှိအံ့မထင်ပါ။ သူတစ်ပါးကို အပြုံးတွေ၊ အပျော်တွေ မျှဝေကူးစက်မှု မြန်ဆန်လွန်းစေသည်မှာလည်း အံ့မခန်းသာပါ။

ရှေးက ထောင်ပိုင်ကြီးများ ပြုမြဲထုံးစံရှိသည်။ အကျဉ်းထောင်လက်စွဲဥပဒေ (Burma Jail Manual)နှင့်အညီဟုလည်း ဆိုကြပါ





သည်။ နံနက်စောစောနေမထွက်မီ (before the sun raises) ထောင်ဖွင့်ပြီးသည်နှင့် လွတ်လူအကျဉ်းသားကို အဦးဆုံး စောနိုင်သမျှ စောစွာ လွှတ်လေ့ရှိတတ်ကြပါသည်။

မိမိ၏ ဆရာဦးသန်းစိန် (သမ္မတကြီး) ဦးစိန်မောင်၊ ဦးသန်းစိန် (ကုလား) ဦးရန်အောင်မောင်မောင်တို့ ဆိုပါလျှင် တစ်ဦးနှင့်တစ်ဦး စရိုက်သဘာဝ၊ လူဟန်အနေအထား လုံးဝမတူဟုဆိုရလောက်အောင် အကွာခြားကြီးကွာခြားကြပါသည်။ သို့တစေ တစ်ပုံစံတည်း တူညီလေသည်မှာ လွှတ်လူလွှတ်သည့်ကိစ္စ။

နံနက်လင်းပြီဆိုသည်နှင့် မျက်နှာသစ်၊ ဘုရားခန်းဝင်၊ အလေးအပေါ့သွားပြုဖွယ်ကိစ္စများပြီးပြီလား။ ညအိပ်ညဥ့်နေ အဝတ်အစား ပင်မလဲလှယ်တော့ဘဲ အရပ်ဝတ်အရပ်စား (ခါတစ်ရံ စွပ်ကျယ်ပဲပါသည့်အခါလည်း ရှိတတ်သေးသည်)နှင့်ပင် ရုံးမှာထိုင်၍ လွှတ်လူခေါ်မည်။ ထောင်ပိုင်ဘာယာလုပ်သူ လူယုံလူရင်းတပည့်က ရောမ မတ်ခွက်ကြီးနှင့် ကော်ဖီဖျော်ကာ ယူလာလိမ့်မည်။

ပြီးလျှင် ထိုနေ့အတွက် လွှတ်ရမည့် အကျဉ်းသားများကို တစ်ယောက်ပြီးတစ်ယောက် စေ့စေ့စပ်စပ် စစ်မည်။ ဆေးမည်။ ဆုံးမမည်။ သွန်ကြားမည်။ ပြီးလျှင် လွှတ်မည်။ လွှတ်လူကိစ္စကို မည်သူ့ကိုမျှ မည်သည့် အကြောင်းနှင့်မျှ မည်သည့်အခြေအနေတွင်မျှ ကိုယ်စားမခိုင်းခဲ့ပါ။

"နှင့်အသက်တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်'ဟုဆိုကာ ငါးကလေးတွေ၊ ငှက်လေးတွေကို စိတ်ကူးတပေါက်ရှိလေမှ လွှတ်တတ်သည့် သူတွေနှယ်သာ ဆုတောင်းပြည့်ခဲ့လျှင် သည်တစ်သက် သေဖွယ်မရှိဟုပင် ပြုံးပြုံးကြီး ကျေကျေနပ်နပ်ကြီး ဆိုတတ်ကြပါသေးသည်။

လွမ်းသည်။

ငယ်ဆရာကြီးများနှင့် သူတို့၏ ဂုဏ်ကျေးဇူး အထူးထူးကို အောက်မေ့လွမ်းဆွတ်ရမိပါသည်။

သို့ဖြင့် လွှတ်လူစစ်ဆေးလိုက်၊ ဆရာကြီးများ သတိရကြည်ညို လိုက် ကော်ဖီတစ်ကျိုက်သောက်လိုက်ဖြင့် စိတ်ငြိမ်ဆေး မှိုဝဲလိုက်ရသဖြင့် ဇာည်း လွှတ်လူနှစ်ဆယ်ဦးကျော်ကို ထောင်ဗူးဝတံခါးကြီးက လွှတ်ပေးပြီး သည့်အချိန်တွင် အအေးဓါတ်၊ အငြိမ်းဓါတ်ကလေးက ရင်၌ ပြန်ခိုဝင် သည်။

✿✿✿✿✿

(၄)

''နံမည်''
''မောင်ချို''
''အချုပ်နံပါတ်''
''၄၅၆၇/ခ''
''အဖေနံမည်''
''ဦးထင်စီ''
''ဘာမှုလဲ''
''လိမ်လည်မှု''
''ဘယ်ရုံးလဲ''
''မြို့နယ်တရားရုံး၊ မြစ်ကြီးနား''
''အရင်အမှုရှိလား''
''မရှိ''
''အချုပ်ကာလ ဘယ်လောက်ရှိပြီလဲ''

''ဆယ်လ''

''ထောင်နေသား''

''ဆယ်လ''

တစ်ယောက်ပြီးပြီ။ တရားရုံးချုပ်ရီမန် (ချုပ်မိန့်) ပေါ်တွင် ပါရှိသောအကြောင်းအရာ၊ အချက်အလက်များ၊ ရုံးချိန်ရက်စွဲများနှင့် တရားသူကြီးလက်မှတ်များကို တိုက်ဆိုင်စစ်ဆေးကာ အတည်ပြုရသည်။

အကျဉ်းထောင်အပြင်သို့ ထွက်၍ တရားရုံးတွင် စစ်ဆေးမှုခံယူရမည့် အကျဉ်းသား၊ အချုပ်သားများသည် အကျဉ်းထောင်အတွင်း ပြဿနာအလုံးစုံကို သယ်ဆောင်လာနိုင်သည့် အဓိကလမ်းကြောင်းကြီးဖြစ်၍ သည်လမ်းကြောင်းကြီးပေါ်မှာ ကိုယ်က စီးထားမိုးထားနိုင်အောင် စေ့စေ့စပ်စပ် အလုပ်လုပ်ရပါသည်။

ဖြစ်နိုင်လေသမျှ နှစ်ကြီးအကျဉ်းသားများ၊ နှစ်ကြီးကျနိုင်သည့် အချုပ်သားများကို ကိုယ်တိုင် မှတ်ပုံတင်၊ ကိုယ်တိုင် မျက်မြင်လူတွေ့စစ်ဆေး၊ ကိုယ်တိုင်ရုံးထုတ်မှတ်တမ်းများဖြင့် တိုက်ဆိုင် စစ်ဆေးနိုင်လေ ကိုယ့်နယ်ကိုယ့်စည်းကို လုံခြုံဘေးကင်းအောင် သိမ်းဆည်းနိုင်လေ ဖြစ်ပါသည်။

''နံမည်''

''လင်းအောင်လွင်''

''ထောင်နံပါတ်''

''၁၂၃၆/စီ''

''အဖေနံမည်''

''ဦးအောင်လွင်''

''ဘာမှုလဲ''

''မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်ဝယ်တွေ့ရှိမှု''

''ဘယ်ရုံးလဲ''

''မြို့နယ်တရားရုံး၊ မြစ်ကြီးနား''





''အရင်အမှု''

''မူးယစ်ဆေးဝါးသုံးစွဲမှု''

''ထောင်နေသား''

''တစ်နှစ်ရှစ်လ''

''ထင်ရှားသည့်အမှတ်အသား''

''နဖူးလယ် အမာရွတ်စင်းတစ်၊ ဝဲနားရွက်နောက် မွေးမှတ်တစ်၊ နှုတ်ခမ်းဝဲဘက် မှဲ့နက်တစ်''

ရပ်နေသူကို မိမိကြည့်သည်။ သူကလည်း မိမိကိုပြုံးဖြီးဖြီးကြည့်နေသည်။ ထောင်များမှာသည်လို ပုဂ္ဂိုလ်တွေက သတိအထားရဆုံးဖြစ်သည်။

''လင်းအောင်လွင်''

''ခင်ဗျာ. . . ဗိုလ်ကြီး''

''ဒီနေ့ ထောင်ဝင်စာက ဘယ်သူတွေလာတွေ့မလဲ''

''ဟာ. . . ဗိုလ်ကြီးကလဲ''

''လုပ်မနေပါနဲ့ကွာ၊ မင်းရဲ့နောက်မှုဆိုတာက အင်ကြီးပါ။ တကယ်ဖြစ်တာလဲမဟုတ်။ တကယ်ထောင်ကျမှာလဲမဟုတ်။ ထောင်ဝင်စာလွတ်လွတ်လပ်လပ်တွေ့ချင်လို့ မိသားစုတွေနဲ့ ကြာကြာတွေ့ရဖို့ မင်းသားစုကိစ္စတွေ စီမံခန့်ခွဲနိုင်ဖို့ ဆင်ထားတဲ့ နောက်မှုကြီးပါ။ ဟုတ်တယ်နော်''

''. . . . . . . . . .''

''အေးပါ ထားပါ။ ဒါက မင်းကိစ္စပါ။ ဒါပေမယ့် မင်းကိုတော့ မှာလိုက်ချင်သေးတယ်။ ထောင်ဝင်စာပစ္စည်း လုံးဝလက်ခံမလာပါနဲ့။ ငွေသွင်းဖို့ ပစ္စည်းသွင်းဖို့ မကြိုးစားပါနဲ့။ ငါစောင့်ကြည့်နေတာ သိထားပါ။ ပြောတဲ့အထဲက ရုံးထုတ်ကားပြန်လာလို့ ပစ္စည်းတွေသိမ်းရင် မင်းလဲ စိတ်မကောင်းဖြစ်ရမယ်နော်။ တရားဝင် ထောင်ဝင်စာလာတွေ့ပြီးဖဲ သွင်းပါကွာ ဟုတ်လား''

''ဗိုလ်ကြီးကလည်း လုပ်ပါ့မလားဗျာ။ လင်းအောင်လွင်က ဗိုလ်ကြီးတပည့်ပဲဟာ''

''အေးဟေ့. . . အဲဒီလိုတပည့်မျိုးတွေ ကြောက်နေရတာ။ ဒါကြောင့်သေချာမှာနေရတာ''

''သိပါတယ်ဗိုလ်ကြီးရယ် မြွေပွေးမှာ ဖြေဆေးမရှိဘူးဆိုတာ ဟဲ. . . ဟဲ. . . ဟဲ. . .''

''ခွေးမသား''

ရင်းနီးအောင်လည်း ပေါင်းရသည်။ ခင်မင်အောင်လည်းနေရသည်။ သံယောဇဉ်ငြိအောင်လည်း ပြုရသည်။ ယုံကြည်အားထားအောင်လည်းကျင့်ရသည်။ ရိုသေခန့်ညားအောင်လည်း အုပ်ချုပ်စီမံရပါသည်။ ထိုတမူ သူတို့တစ်တွေ၏ ခြေအလှုပ် လက်အလှုပ်ကိုလည်း မျက်စိလျှင်လျှင် နားပါးပါးထား၍လည်း နေရပါ၏။ ဤအရပ်မျိုးကိုပင် ထောင်ဟုခေါ်လေသည်။

''နံမည်''

''နွဲ့အောင်''

''အချုပ်နံပါတ်''

''၄၂၃၁/ခ''

''အဖေနံမည်''

''ဦးစောနွဲ့ထိန်''

နားမယဉ်သည့်အမည်မျိုးမို့ ခေါင်းမော့ကာ ကြည့်မိသည်။ တနင်္ဂနွေနေ့ တစ်နေ့လုံးတာစားခဲ့သည့် နွဲ့အောင်။ တစ်နေကုန် တစ်နေ့ခန်း မိမိ၏အာရုံများကို နှောက်ခဲ့သည့်နွဲ့အောင်။ သေချာ ကြည့်မိတော့မှ ထင်ထားသည်ထက်ပို၍ ယောကျ်ားပီပီ ရှင်းသန့်ခန့် ညားသည့် လူချောလေးတစ်ဦးမှန်းသိရသည်။

အသားဝင်းဝင်း၊ အရပ်အမောင်းကောင်းကောင်း၊ ကျစ်လျစ်သွယ်လျသည့် ကိုယ်နေဟန်၊ ရိုးသား ဖြူစင်သည့် မျက်နှာနေ၊ နှီးရှင်းသည့်





ဝတ်စားဆင်ယင်မှုတို့က သူ့အရွယ် သူ့အမည်ကလေးနှင့် လိုက်ဖက်သည်။ သည်အကျဉ်းထောင်လို အရပ်ဒေသမျိုးမှာ ရောက်နေသည်ပင် နှမြောဖို့ကောင်း၏။

''နေပါဦးကွ။ နံမည်ကအဆန်းပဲ။ ဘာလူမျိုးလဲ''

''ခန္တီးရှမ်းပါဗိုလ်ကြီး''

''အော်. . . အော်''

''ဘာမှုလဲ''

''ဓါးပြမှု၊ လူသတ်မှု''

ခေတ္တရပ်၍ တစ်ကြော့ကြည့်မိရပြန်သည်။ သည်ကလေး၏ ပုဒ်မနှင့် စွဲဆိုထားသည့် ပြစ်မှုကား ယှဉ်ဖို့၊ တွဲစပ်ဖို့ အားနာစရာကောင်းလွန်းလှသည်။ ဤလောကီဘုံအနှမ်းတွင် သည်လိုဇာတ်ဆန်းတို့ ဘယ်ခါကုန်ဆုံးမည်လဲလေ. . . ။

''ဘယ်ရုံးလဲ''

''ခရိုင်တရားရုံး၊ မြစ်ကြီးနား''

''အရင်အမှုရှိလား''

''မရှိ''

''အချုပ်ကာလ ဘယ်လောက်ရှိပြီလဲ''

''တစ်နှစ်သုံးလ''

''ထောင်နေသား''

''ဆယ့်တစ်လ''

မေးမြန်းစိစစ်စရာမရှိတော့သော်လည်း မနေ့က တရားသူကြီးဦးသွန့်ရွှေ၏စကားသံကို ကြားယောင်မိကာ စကားစမြည်ပြောဆိုတီးခေါက်ကြည့်ချင်သေးသည်။

''မနေ့က ကာရာအိုကေစတားက မင်းပဲလား''

''ဟာ့. . . ဗိုလ်ကြီးကလည်း မဟုတ်ပါဘူး။ ကျွန်တော်က ဝါသနာပါလို့ ဆိုတာပါ''

"တော်တော်ကောင်းတယ်လို့ ပြောကြတယ်ကွ"

"ဟုတ်ကဲ့"

"နေပါဦး မင်းတို့အမှုအခြေအနေက ဘယ်အဆင့်ရောက်ပြီလဲ"

"ဒီနေ့အမိန့်ချမယ်ပြောတယ် ဖိုလ်ကြီး"

ပြောင်ရင်းက မျက်နှာညှိုးရိပ်သန်းသည်။ ရင်ထဲကမီးက မျက်နှာနှင့် မျက်ဝန်းသို့ ချက်ချင်းလျှံတက်လာသည်သို့ မြင်နေရသည်။

"ဟေ. . . ဟုတ်လား။ အိမ်က မိသားစုတွေရော သိကြရဲ့လား"

"အဘိုးပဲ ရှိတော့တာပါ ဖိုလ်ကြီး။ အခုဘုန်းကြီးဝတ်နေပါတယ်။ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ အသိမပေးတော့ပါဘူး"

အသံက တိမ်ချင်ချင်။ မိမိလည်း မှားပြီးရင်းမှားနေမိသည်။ သူ့အာရုံညှိုးနွမ်းစေမည့် စိတ်ဒဏ်ရာတွေကိုမှ သွားသွားပုတ်ခတ်မိနေပြီထင်ပါသည်။

"အမှုတွဲရှိသေးလားကွ"

"ရှိပါတယ်ဖိုလ်ကြီး"

"ဘယ်သူလဲ"

"ပေါ်တာပါ"

"ညီအစ်ကိုလား"

"သူငယ်ချင်းပါဖိုလ်ကြီး"

"အော်. . . ရှေ့နေငှားထားသေးသလား"

"မငှားနိုင်ပါဘူးဖိုလ်ကြီး။ စာရေးကလေး ကိုကျော်သူရလင်းစီစဉ်ပေးလို့ ရှေ့နေဆရာ ဦးခင်မောင်က စေတနာနဲ့ လိုက်ပေးနေပါတယ်"

"အေး. . . အေး ဒီလိုပေါ့ကွယ်။ အားမငယ်ပါနဲ့။ ကံနဲ့လူက ပူစရာမရှိပါဘူး။ တရားနတ်စောင့်လို့ ဆိုတယ်မဟုတ်လား။ မြေ့ရော. . . ဒါကလေးဆောင်သွား။ လက်ဖွဲ့မဟုတ်ဘူးနော်။ ဆရာအားဆိုင်း အာရုံပြုပြီး အမြဲစိပ်နေတဲ့ ကိုးလုံးပုတီးပဲ။ 'အရဟံ'ပဲ အာရုံပြုစိပ်ကွာ။





[illegible] စိတ်တော့ အေးချမ်းတည်ငြိမ်တာပေါ့"

"ဟုတ်ကဲ့ ကျေးဇူးပါ ဖိုလ်ကြီး။ ကျွန်တော် ကန်တော့ပါရစေ"

"ဟာ. . . အေးပါ၊ အေးပါကွာ၊ သာဓု၊ သာဓု၊ သာဓု ဘုန်းကြီး[illegible]တ်ရှည်ပါစေ။ ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်ဆိုးက ကျော်နင်း[illegible]ာက်ပါစေ။ ကောင်းကျိုးလိုရာဆန္ဒနဲ့ ပြည့်ပါစေ တပည့်ရယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေ ဖိုလ်ကြီး"

"အေး. . . အေး။ သွားတော့. . . သွားတော့"

ငြိမ်ဝပ်ခဲ့သော ရင်သည် လှုပ်လှုပ်ခတ်ခတ်ရှိရပြန်လေသည်။ [illegible] နိမိတ်ဆိုးသည် သည်ကလေးအပေါ် မဥပါဒ်စေချင်ပါ။ [illegible]အလယ်တွင် ရွှင်လန်းတက်ကြွစွာ မျှော်လင့်ခြင်းမနက်ဖြန်များစွာ[illegible] အိပ်မက်များဖြင့် အိပ်စက်နိုင်၊ နိုးထနိုင်ရမည့် သည်အရွယ်၊ [illegible]ငယ်ကလေးများသည် သူတို့၏ နေရာမဖြစ်ထိုက်သည့် သည်[illegible]များတွင် အပွင့်အသီး၊ အရွက်အခက်တို့ ကြွေရချေတော့မည်[illegible]

သူတို့အမှု၊ သူတို့ဖြစ်စဉ် ဖြစ်ရပ်ကိုဖြင့် မိမိမသိပါလေ။ အပြစ်ရှိ[illegible]သည်လည်း မိမိအလုပ်မဟုတ်ပါလေ။ သို့တစေ သည်လူငယ်[illegible]အပေါ် မတော်မလျော်သော ပြစ်ဒဏ်ကြီး ချမှတ်ခံရမည်ကိုလည်း [illegible]၊ မမြင်ချင်။ သဗ္ဗေသတ္တာ၊ ကမ္မသကာ. . . ။ အဖဘုရား၏ [illegible]မ်းမှ လမ်းညွှန်မေ့ဩဝါဒကလေးသည်သာ ဆောက်တည်ရာပေ[illegible]

"ဖိုလ်ကြီး ရုံးထုတ်ရဲကား ရောက်ပါပြီ"

"အော်. . . . အေး. . . အေး၊ အချုပ်ရုံးထောင်မှူးခေါ်ကွာ။ [illegible] ရုံးထုတ်အဖွဲ့တွေရှာဖွေရေးလုပ်ပြီး တံခါးပို့ခိုင်း။ မင်းတို့ တံခါး[illegible]ည်း သေချာထပ်စစ်။ ချုပ်ရမန်တွေပါထပ်စစ်ဦးနော်။ ရုံးထုတ်ပေးပြီး [illegible] လူပေါင်းစာရင်းသတင်းပို့ကြဦး"

"ဟုတ်ကဲ့ဖိုလ်ကြီး"

''အော်. . . ဟော့ တံခါးရေ၊ အကျဉ်းသားနောက်မှ ရုံးထုတ်တွေ ပါတယ်နော်။ ထောင်ပုံစံ (၂၁၁)မှာ သေချာလက်မှတ်ထိုးပြီး လွှဲပေး ရုံးထုတ်မပေးခင် ငါ့ရုံးပေါ်တင်ပေးဦး။ ကြားလား''

''ဟုတ်''

သည်သို့သာပါ။ မနက်မိုးလင်း ထောင်ဖွင့်လိုက်သည်က စတင်ခဲ့သော ဆောင်ရွက်ဖွယ်များသည် ဇယ်ဆတ်သလိုပါပင်။ နယ်ထောင်ငယ်ကလေးဖြစ်၍ ထောင်ပိုင်ကြီးက အေးအေးသက်သာ မျက်နှာလွှဲထားလေငြား ဒုတိယတာဝန်ခံဖြစ်သူ ထောင်မှူးကြီး မိမိက ထိုသို့ ထပ်တူပြု၍ မရပါ။

မိမိအထက်အရာရှိနှင့် မိမိဌာနကို ကိုယ်စားပြုတာဝန်ခံပြီး ကိုယ်တိုင်ဦးစီးကာ ကြပ်ကြပ်မတ်မတ် တွန်းတွန်းတိုက်တိုက် လုပ်ကိုင်ရပါသည်။ ထောင်ပိုင်က ဖခင်ဆိုလျှင်၊ မိမိထောင်မှူးကြီးက မိခင်ပေ။

အိမ်ထောင်ထိန်းသိမ်းမှု တာဝန်ယူရသည့် မိခင်တစ်ဦး၏ စီမံခန့်ခွဲစရာ ကိုယ်တိုင်ပြုဖွယ်ရာ လုပ်ငန်းဝေယျာဝစ္စများကား များလှဘိတောင်း။ သည်သို့နှယ်သာပင်။ ထောင်မှူးကြီးတစ်ဦး၏ ထွေထွေရာရာ စုံစီနဖာ တွေက များလှလေသည်။

''ဗိုလ်ကြီး''

''ဟာ ကိုတင်ထွေး၊ လာထိုင်''

မြစ်ကြီးနားမြို့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ C.R.O ရဲအုပ် ကိုတင်ထွေး၏ အမြဲပြုံးရွှင်နေသော မျက်နှာကို ကျက်သရေရှိစွာ မြင်ရပါသည်။ လုပ်ငန်းတာဝန်အရလည်း ဆက်စပ်ရင်းနှီးသည်။ ပုဂ္ဂိုလ်ရေးအရလည်း ထူးထူးလည်လည် ကျွမ်းဝင်သည်။

ဝန်ကြီးဌာန၏ အစီအစဉ်အရ ပူးပေါင်းဖွင့်လှစ်သည့် ပြည်နယ်ရှိ ဝန်ကြီးဌာနလက်အောက် ဦးစီးဌာနအသီးသီးမှ အရာရှိ၊ ဝန်ထမ်းများ လုပ်ငန်းခွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းတွင်လည်း မိမိက သင်တန်း





နည်းပြအဖွဲ့တွင် ပါဝင်၍ ဘာသာရပ်ခွဲသုံးလေးခုကို ပို့ချသင်ကြားခွင့်ရခဲ့သေးရာ သူ့ကို သင်တန်းသားတစ်ဦးအဖြစ် သိခဲ့ရသည်။

ဆရာကြီး ဒဂုန်ရွှေမျှား၏ 'ထောင်မင်းသားဦးဖိုးထော်'၊ ဆရာမြသန်း၏ 'သာယာဝတီ ထောင်က ငရဲစခန်းများ' နှင့် ဆရာကြီးသုထုဦးလှသော်၏ 'ထောင်နှင့် လူသား' အပါအဝင် ထောင်စာပေများကို ရှာရှာဖွေဖွေ ဖတ်ရှုကာ သိလိုသမျှ နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းစူးစမ်းတတ်သော သည်ရဲအရာရှိ တစ်ဦးကို အမှတ်ထင်ထင် သတိထားမိကာ ရင်းနှီးခင်မင်ခဲ့ရသည်။

''ဒီကနေ့ ထူးထူးခြားခြား ကိုတင်ထွေးကိုယ်တိုင် လိုက်လို့ပါလား။ ရော့. . . ကော်ဖီသောက်ဦး''

''ဟုတ်တယ်ဗိုလ်ကြီးရေ၊ အရေးကြီးအချုပ်တရားခံတွေပါလို့ ဒီနေ့ အမိန့်ချမှာမို့ပါ''

''အော်. . . ဘယ်သူတွေလဲ ကိုတင်ထွေး''

''မိုးညှင်းကအမှုတွဲပါ။ ခါးပြလူသတ်မှုလေ။ ပေါ်တာနဲ့ နွဲ့အောင်ပါ ဗိုလ်ကြီး''

''အမိန့်ချမယ်ဆိုတော့ အမှုအခြေအနေက ဘယ်လိုရှိလို့လဲ ကိုတင်ထွေး၊ အခြေအနေကောင်းပါ့မလား''

''ဗိုလ်ကြီးရေ၊ ကောင်လေးတွေကတော့ သနားစရာပါ။ တစ်ဖက်တရားလိုက ဇွတ်ဖိလိုက်နေတာ။ ခမြာများ ရှေ့နေတောင် မငှားနိုင်ရှာကြဘူး။ ဆရာဦးခင်မောင် (ဥတ္တရလမင်း) က စေတနာ့ဝန်ထမ်းလိုက်ပေးနေရတယ်။ ကြားရသလောက်တော့ ပြင်းမယ်ထင်တယ်''

''အင်း. . . စိတ်မကောင်းစရာဗျာ။ ကောင်လေးတွေက ထောင်ထဲမှာတော့ အေးအေးဆေးဆေးသမားလေးတွေပါ။ နေတာထိုင်တာလည်း ရိုးကြတာပဲ။ ခင်္ဘီးရှမ်းကလေးတွေ''

''ဟုတ်တယ်ခင်ဗျာ။ ရုံးထုတ်ရင်တောင် ထောင်ဝင်စာမလာနိုင်

ဘူး။ ကျွန်တော်တို့ C.R.O ရုံးကပဲ ထမင်းစားဖို့ စီစဉ်ပေးနေရတာ သနားလို့ စိတ်မကောင်းလို့ပါ"

"အေး. . . ကိုတင်ထွေးရေ၊ သဗ္ဗေသတ္တာ ကမ္မသကာပေါ့ဗျာ ကိုင်း. . . ကော်ဖီသောက်ဦး အေးမယ်"

"ကျေးဇူးဗိုလ်ကြီး။ မနက်ကတည်းက တလှုပ်လှုပ်နဲ့ ဘာမှကို မစားရသေးတာ။ အော်. . . ဒါနဲ့ နွဲ့အောင်ကိုတော့ ဘယ်သူပို့မှန်းမသိ ရသေးတဲ့ စားစရာထုပ်က ရုံးထွက်တိုင်း ရောက်ရောက်လာတယ် ဗိုလ်ကြီး ရဲ့။ ဆိုက်ကားသမား လာလာပို့တယ်။ ပို့တဲ့သူမေးတော့လည်း မိုးညှင်း ကားဂိတ်ကတစ်ဆင့် ပို့နိုင်းတာ. . . တဲ့။ ဘယ်သူပို့မှန်း မသိရဘူး၊ စားစရာလေးတွေတော့ စုံစုံလင်လင်ပါတယ်"

"အော်. . . ဒီလိုကိစ္စမျိုးရှိသေးသလား။ စိတ်ဝင်စားစရာပဲ၊ ရုံးထွက်တိုင်းပို့သလား"

"ပျက်ရင်လည်း တစ်ခါနှစ်ခါပေါ့။ ပျက်ခဲပါတယ်။ ပုံမှန်ပို့တယ် ပဲပြောပါစို့ ဗိုလ်ကြီးရယ်။ ကျွန်တော်ရဲ့မျက်စိမှာတော့ ထူးဆန်းတာလေး တွေရှိတယ်။ ထောင်ဝင်စာထုပ်ထဲမှာ အမြဲပါလေ့ရှိတဲ့ပစ္စည်းကလေးတွေ ပုံမှန်ဆိုသလို ပါနေတာ သတိထားမိတာခင်ဗျ"

"အိုး. . . လျှို့ဝှက်ဆန်းကြယ်လေးပါလား။ လုပ်စမ်းပါဦး၊ စိတ် ဝင်စားစရာက ကောင်းလာပြီ"

မေးလည်းမေးရပါသည်။ ပြောလည်းပြောရပါသည်။ ကိုယ့်ထောင်၊ ကိုယ့်အုပ်ချုပ်မှုအောက်က အကျဉ်းသား၊ အချုပ်သားတို့၏ ထွေထွေ ရာရာကိစ္စကလေးများကို သိသင့်သိအပ်သမျှ သိထားလေ၊ သူတို့တစ်တွေ အပေါ် စာနာနားလည်နိုင်လေ သူတို့နှင့်ကိုယ့်ဆက်ဆံရေး ပြေပြစ်ချော မွေ့လေပါပင်။

"ဟုတ်တယ်ဗိုလ်ကြီးရဲ့။ ပျားရည်စိမ်ထားတဲ့ မခြစ်ဥဘူးလေး တစ်ဘူးရယ်။ လက်ကိုင်ပုဝါအဖြူလေးတစ်ထည်ရယ်။ အမြဲတမ်းပါတတ်





တယ်။ ကျန်တဲ့အစားအစာတွေကတော့ ကော်ဖီမစ်ထုပ်ကလွဲရင် ဒေသ အစားအစာလေးတွေပါပဲ။ ဆေးဘူးနဲ့ပဝါဖြူကတော့ အမြဲပါတယ်"

"ဒီတော့. . ."

"ဒီတော့ စုံထောက်ကြီးရှားလော့ဟုမ်းရယ်၊ မြန်မာစုံထောက်ကြီး ဦးစံရှားရယ်ကိုသာ သူတို့နည်းတွေသုံးပြီး ကောက်ချက်ဆွဲရရင် တစ်၊ သူ့ကို ပို့ပေးနေတဲ့ ထောင်ဝင်စာပစ္စည်းများ စီစဉ်ပေးနေတဲ့သူဟာ အမျိုးသမီးငယ်ငယ်ထဲက ဖြစ်ရမယ်။ နှစ်၊ သူတို့တရားဝင် ပေါ်ပေါ် ထင်ထင် ဆက်သွယ်ခွင့်မရတဲ့သူ မဆက်သွယ်ရဲတဲ့သူ ဖြစ်ရမယ်။ သုံး၊ သူနဲ့ သာမန်ထက်မကသော သံယောဇဉ်ရှိဖူးတဲ့သူ ဖြစ်ရမယ်။ ဒီလိုမှန်း ဆမိတယ် ဗိုလ်ကြီးရဲ့။ မဟုတ်မှသာလွဲရော"

"ဟား. . . ဟား. . . ဟား။ မဟုတ်မှတော့ လွဲပြီပေါ့ ရဲအုပ်ကြီးရယ်၊ ဘော်လိုက်တာ. . . ဟား. . . ဟား. . . ဟား"

"ဟား. . . ဟား"

သူလည်းရယ်၊ ကိုယ်လည်းရယ် ရယ်ပွဲဖွဲ့မိသည်။ သို့နှင့်တိုင်၊ ရင်ထဲမှာ အစိုင်အခဲတည့်စပြုသော သမုဒယက တင်းခနဲ ဆောင့်ဆွဲ လိုက်သလို နာနာကျင်ကျင်ဖြစ်မိချင်သည်။ မျက်နှာတွင် အရယ်အပြုံး ကို ဆင်ငြား၊ ရင်ထဲက နွမ်းလျလျ။ မနေ့ကတွေ့ခဲ့ရသော အေးမွန်ကို လည်း သတိရသည်။ ခင်နှင်းဦးကိုလည်း သတိရသည်။ ပြီး သူတို့ ပေးလိုက်သော နွဲ့အောင်အတွက် ပစ္စည်းထုပ်ကလေးကိုလည်း သတိရ သည်။

မှန်ပါသည်။ ကိုတင်ထွေးမှန်းဆအဖြေထုတ်သော ကောက်ချက် များ တသွေမလွဲမှန်ပါသည်။ သူပြောသော မခြစ်ဥထည့်ထားသည့် ပျားရည်ဘူးလေးနှင့် ပဝါဖြူလေးတစ်ထည်လည်း အမှန်ပင်ပါခဲ့ပါသည်။ ကျန်သည့် အချက်များမှာလည်း. . . ။

"ကဲ. . . ဗိုလ်ကြီးရေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဆရာငှားပေးထား

တဲ့ (ဦး) ရန်အောင် မောင်မောင်ရဲ့ 'ထောင်တစ်သက် အတွေ့အကြုံ စာအုပ်ကြီးတော့ ပြီးတော့မယ်ခင်ဗျ။ သိချင်တာ၊ မေးချင်တာလေးတွေလည်း ရှိသေးတယ်။ တစ်နေ့တော့ အေးအေးဆေးဆေး 'Lucky'မှာ ဆုံကြဦးစို့။ ကျွန်တော် ဒကာခံပါမယ်''

''ရပါတယ်ဗျာ၊ ကဲချီတက်ပေရော့''

''လေးစားပါတယ် ဗိုလ်ကြီး''

''လေးစားပါတယ်ဗျာ. . .''

အလေးပြု၍ သူထွက်သွားသည်။

ရုံးထွက်အကျဉ်းသား အချုပ်သားများ တင်ဆောင်ထားသောရဲအချုပ်ကားလည်း သူနှင့်အတူ မောင်းထွက်သွားလေပြီ။ သူတို့နှင့်ဆိုင်ရာဆိုင်ရာ အမှုအခင်းတွေကို ဆိုင်ရာတရားရုံးများတွင် ရင်ဆိုင်ကြရရှာပေတော့မည်။ လူနှင့်လူချင်း လက်နက်မစွဲ၊ ဒါးလှံမစွဲဘဲ စစ်ခင်းကြပေဦးမည်။ လောဘ၊ ဒေါသ၊ မောဟ စသည့် စစ်အင်္ဂါများ ခြံရံလျက် တစ်ဦးနှင့်တစ်ဦး အသေအကြေတိုက်ခိုက်ကြပေဦးမည်။

လောကကြီးက အလွတ်မျှတသော တရားစီရင်သူတစ်ဦးဖြစ်သည်။ လူသားတို့ လူနှင့်လူအချင်းချင်း လောဘ၊ ဒေါသ၊ မောဟ ဦးစီးလျက် မဆွေရစစ်ပွဲခင်းနေကြချိန်များတွင် မသန့်မစင်သည့် စစ်တလင်း၌ရှိခြင်းငှာ မတိုက်သည့် ချစ်ခင်မြတ်နိုးခြင်း သိင်္ဂါရ နှလုံးအိမ်ကို တိတ်တဆိတ် သိမ်းဝှက်ထားတတ်သည်။ သိုဖွက်ထားတတ်သည်။ အမုန်းတရားတို့ ကြီးစိုးရာ အရပ်ကို ချစ်ခြင်းတရားက မျက်ကွယ် ပြုလေစမြဲ။

''ကလင်. . . ကလင်. . . ကလင်''

''ဟုတ်ကဲ့၊ အမိန့်ရှိပါခင်ဗျာ။ မြစ်ကြီးနား အကျဉ်းထောင်ကပါ''

''ထောင်မှူးကြီးနဲ့ ပြောချင်ပါတယ်ရှင်''

''ပြောပါခင်ဗျာ။ ကျွန်တော် ထောင်မှူးကြီးပါ''

''အော်. . . ဆရာ၊ သမီးအေးမွန်ပါ''





''အေး. . . ညည်းအသံမှတ်မိသားပဲ။ ဆိုဗျာ စောစောစီးစီး ...တွေများ အရေးကြီးပြန်ပြီလဲ''

''အားနာစရာကောင်းနေပါပြီဆရာရယ်။ စောစောကြီး အကူအညီ ...ောင်းရဦးမယ်။ နော. . . ဆရာ''

''ပြောပါဟယ်။ ဒီလိုပဲ ကိုယ်နိုင်တာကိုယ်လုပ်ပေးရတော့ ငါလည်း ...သိုလ်ရတာပေါ့ဟဲ့။ ကဲပြော၊ ဘာတွေကူညီရမှာလဲ''

''ဟိုလေ. . . ဆရာ၊ ဒီနေ့ နွဲ့အောင် အမိန့်ချမယ်တဲ့. . .''

''အေးလေ ဟုတ်တယ်''

''အဲဒါ ခင်နှင်းဦးက ယတြာလုပ်ဖို့ပစ္စည်းနဲ့ အစီအရင်ကလေး ...တွေပို့ခိုင်းလို့ မောင်လေးကို ဆိုင်ကယ်နဲ့ ဆရာ့ဆီလွှတ်ပေးခိုင်းလိုက် ...တယ်။ နွဲ့အောင်ကိုပေးပေးပါဆရာ။ ခင်နှင်းဦးလဲ အမိန့်ချတာကို စောင့် ...နေဘယ်။ မနက်ဖြန်မှ ပြန်မယ်ဆရာ။ အဲဒါလည်း ပြောပေးပါဦး''

''အင်း. . .''

''ဘာလို့လဲဆရာ၊ ပေးလို့မရဘူးလား''

''ပေးလို့မရတာမဟုတ်ဘူးသမီးရဲ့၊ ပေးလို့မမီတော့တာ''

''ရှင်''

''အခုပဲ ရုံးထုတ်ကားက ထွက်သွားပြီ။ နွဲ့အောင်လည်းပါသွား ...ပြီ။ သမီးဆီက ယတြာရောက်လာတောင် နွဲ့အောင်ကို ပေးဖို့ မမီတော့ ...တာကိုပြောတာ''

''ရှင်''

ခါတစ်ရံ ကံကြမ္မာက သည်သို့နှယ် ကျီစယ်တတ်လေ့ရှိပါသည်။ ...သူကကျီစယ်သည်ဆိုပေလင့်ကစား၊ ကျီစယ်ခံနှလုံးသားတို့ကား နွမ်းရိ ...ခွေနွဲ့။

ရုံးမှသည် အိမ်သို့ပြန်ခဲ့သည်။ ခဏနားရဦးမည်။ ရေမိုးသန့်စင် ...ဦးမည်။ တစ်နေ့တာ၏ ကျန်အချိန်ကာလများကို ကျော်ဖြတ်ရင်ဆိုင်ဖို့ အားသစ်ရဦးမည်။

နေကဝင်းနေအောင် ဖြာကျနေသည်။ ညကမိုးကြီးသည်းသည်း ရွာခဲ့သည်နှင့်ပင် မတူလေပြန်တော့။ သည်သို့ဆိုခဲ့လျှင် . . . ။ သည်ကနေ့ နေသာလိမ့်မည်။ ဝင်းဝင်းတောက် ပူပေလိမ့်မည်ထင်သည်။ နေခြည် ရဲရဲတို့ကြောင့် . . . ။ ။

## (၁)

နေဝင်တော့မည်။

ထူးထူးခြားခြား မိုးရိပ်မိုးသား ကင်းစင်သော ကောင်းကင်က ပြာလွင်လွင်အဆင်အသွေးနှင့် ရှုချင်စဖွယ်သာယာသည်။ တိမ်မျှင် တိမ်မိုး တစ်စမရှိ ပကတိရှင်းသန့်ကြည်လင်သော နောက်ခံဝယ် ပုစွန်ဆီရောင် အသွေးနှင့် မှိန်ဖျော့ဖျော့နေဝန်းကိုမြင်နေရသေးသည်။ နေ့အလင်းတို့ အိပ်တန်းမတက်မီ သီကရီအလှဟုပင် ဆိုရအံ့နိုးထင်မိသည်။ မှုန်ရီရီ မြူခိုးတို့ သိုင်းဖွဲ့လွှမ်းခြုံမလာသေးမီ ညနေခင်း၏ မျက်နှာက ကျော့ကျော့ ရှင်းသည်။

ထောင်အပြင်တောင်ယာတစ်ပတ်ကို လှည့်၍ စားပင်သီးနှံနှင့် ပန်းမာလ်ဥယျာဉ်တို့ကို စစ်ဆေးခဲ့ရသေးရာ ခဏတော့ နားလိုက်ချင် သေးသည်။

မိမိ၏ ထိုင်ခုံတွင် ပြေလျော့ခွေထိုင်လျက် တစ်ကိုယ်လုံးရှိ အကြော အခြင်တို့ကို လျှော့ချကာ ဝင်သက်ထွက်သက်လေကို အာရုံပြု ရှုမှတ်နေ မိသည်။ လောကတွင် မိမိရှင်သန်နေသေးကြောင်း အဆုံးအဖြတ်ပြုရာ

သည်၊ သည်ထွက်သက်လေနှင့် ကင်း၍မရပါတကား။ ဝင်၊ တည်၊ ထွက်၊ ဖြစ်၊ တည်၊ ပျက်။ ဥပါဒ်၊ ဌီ၊ ဘင်။ ပကတိ မပြောင်းမလဲ တည်နေသည်မှာ မမြဲလေသော သဘောတရားကိုယ်သာလျှင်တကား။ စိတ်၌သည်သို့ ဆင်ခြင်လျက် အေးရာငြိမ်းရာ အခြေအနေကလေးတွင် တည်နေမိပါသည်။

"ဗိုလ်ကြီး"

"ဟေ့လကွာ"

မိမိရှုံးအကူ အကျဉ်းသား ကိုကိုနိုင်၏ မဝံ့မရဲအသံ။ မျက်စိကို အသာဖွင့်ကြည့်ရသည်။

"စောစောကပဲ ညှိသည်တွေ ပြန်သွားပါတယ်။ ဗိုလ်ကြီးကို စောင့်နေသေးတယ်။ နည်းနည်း နောက်ကျလို့ နောက်မှပဲ ဆက်သွယ်ပါ့မယ် ပြောသွားပါတယ် ဗိုလ်ကြီး"

"ဦးရန္တီဖုန်တို့အဖွဲ့လားကွ။ ငါနဲ့တွေ့ပြီးပါပြီ။ သူတို့ ပူတာအိုဒေသထွက် သစ်သီးမျိုးစုံနဲ့ ခမ်းတောက်မြစ်၊ မခြစ်ဥနဲ့ မရှော့ရွက် နည်းနည်းစီတောင် ပေးခဲ့သေးတယ်။ ငါ့ဘီရိုထဲမှာ ထည့်ထားတယ်။ ဂျူတီထွက်တာကြုံရင် ဖြူဖြူအေးနဲ့ အိမ်ပို့နိုင်းလိုက်ဦး"

"ဟုတ်ကဲ့၊ အဲဒါကျွန်တော် သိတယ်လေ ဗိုလ်ကြီး။ အခုဟာက ဟို. . ."

"ဘာလဲကွ၊ မင်းဟာက လျှို့လျှို့ဝှက်ဝှက်နဲ့"

"ဟိုလေ၊ ဗိုလ်ကြီး။ မိန်းကလေးနှစ်ယောက်ဗျ။ တော်တော်လှတဲ့ကလေးမလေးတွေ။ မျက်စိမျက်နှာတော့ မကောင်းဘူး။ တစ်ယောက်ကငိုလို့၊ အဲဒါ ဗိုလ်ကြီးနဲ့ ဘာတွေမှန်းမသိတော့. . ."

"ဟာ. . . ခွေးမသား မဟုတ်မဟတ်တွေ"

"မသိဘူးလေ ဗိုလ်ကြီးရဲ့။ ကျွန်တော်တွေးမိတာပြောရတာ"

"ကဲပါကွာ၊ မင်းအတွေးတွေခဏထားပါဦး။ အခုဘယ်မလဲ။ အိမ်က စောင့်နေသတဲ့လား"





"ပြန်သွားကြပြီဗိုလ်ကြီး။ ဒီစာကလေးတော့ပေးခဲ့တယ်"

"အေး. . . ပေးစမ်း"

နည်းနည်းတော့ ဦးနှောက်စားရသည်။

သည်မြို့ငယ်ငယ်လေးတွင် မိမိနှင့် ရင်းရင်းနှီးနှီး ကျွမ်းဝင်လှသူမိန်းကလေး သိပ်များများမရှိလှပါ။ မိမိ၏ သင်တန်းတွင် တက်ရောက်သင်ကြားခဲ့ကြဖူးသော မယက၊ ခယက၊ မယကနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့များက သင်တန်း သူတပည့်မများတော့ ရှိပါသည်။ များလှဘိတောင်း။ သို့တစေ မျက်ရည်စတွေဝေလျက်လာမည့် မိန်းကလေး လှလှဆိုသည်ကိုမူ စဉ်းစား၍မရတတ်ချင်။

အိတ်ပိတ်မထားသော စာအိတ်ထဲမှ စာခေါက်ကလေးကို ဘာသာပြန်၍ဖတ်မိသည်။ အော်. . . အေးမွန်၏လက်ရေး သေးသေးဝိုင်းဝိုင်းကလေးများသာတကား။

"ဟင်. . ."

မျှော်လင့်ထားပြီးဖြစ်သည့်တိုင်၊ ရင်တွင် ကျင်ခနဲ စူးခနဲ ဆို့နင့်စွာခံစားလိုက်ရသည်။ အပူစီးကြောင်းတစ်ခုကို မြို့ချလိုက်ဆီသို့ နှလုံးသားသို့တိုင်အပူက တိုးလျှိုပေါက်စီးသည်။

"ဗိုလ်ကြီး ဘယ်သူလဲ။ ဘာဖြစ်လို့လဲ ဗိုလ်ကြီး"

မိမိရုံးလုပ်ငန်းကိစ္စများတွင်သာမက မိမိ၏ မျက်နှာနေ မျက်နှာထား၊ ခြေအလှုပ် လက်အလှုပ်ကအစ အရိပ်ကြည့်ကာ ကူညီပေးနေသည့် ကိုကိုနိုင်က အထိတ်တလန့် မေးသည်။ မိမိမည်မျှ မျက်နှာပျက်ယွင်းနေမိသည်မသိတတ်နိုင်။ မျက်နှာပြင်၌ ဟန်ဆောင်ဖို့ပင် မေ့လျော့နေမိသည်။

"ဖြစ်မှဖြစ်ရလေကွာ. . ."

မည်သူ့အပေါ် ပေါက်ကွဲရလေမည်မသိ။ ရင်ထဲမှာ ဆို့ကြပ်ကြပ်ကြီးဖြစ်၍လာသည်။ အေးမွန်၏စာကို တကြော့တပြန် ဖတ်မိရပြန်၏။

ဆရာ. . .
နွဲ့အောင်ကို ဒီကနေ့ အမိန့်ချလိုက်ပြီဆရာ။
နွဲ့အောင် ကံမကောင်းရှာဘူး။ 'သေဒဏ်'တဲ့ဆရာ။
ခင်နှင်းဦးတော့ အရုပ်ကြိုးပြတ် ပုံလဲသွားတာပဲ။
ရုံးကိုတော့ မလိုက်ရဲ၊ မလိုက်ဝံ့ရှာဘူး။
သမီးတို့အိမ်ကနေ ကြားရတာ။
သမီးတို့လဲ ငိုတာကလွဲလို့ ဘာမှမလုပ်တတ်ဘူးဆရာ။
ဆရာ့တပည့်ကို ဆရာစောင့်ရှောက်ပါဦး။
မောင်လေးနဲ့ စားစရာတွေပေးလိုက်မယ်။အားကိုးပါတယ်ဆရာ။
အေးမွန်တို့ ဆရာနဲ့တွေ့ပါဦးမယ်။ ဒီမှာလဲ ခင်နှင်းဦးက ထိန်းလို့ ကိုမရဘူး သူ့ကိုမိုးညှင်းအရင်ပြန်ပို့ရဦးမယ်။ ဆရာရေ စိတ်ချ ပါရစေရှင်။

သမီး (အေးမွန်)

သီသီဝေသောအာရုံတွင် ညှိုးငယ်နွမ်းလျနေရှာသည့် နုနုငယ်ငယ် သည်ကလေးမငယ်၏ မျက်နှာကို မြင်ယောင်သည်။ သောက၊ ပရိဒေဝ အရှိန်အငွေ့တို့ဖြင့် နွမ်းခြောက်နေမည့် မျက်နှာကလေးကို တရေးရေး မြင်၏။ ထို့အတူသာလျှင် မျှော်လင့်မထားသော ကံကြမ္မာ၏ စီရင်ချက်ကို အံ့အားတသင့် လက်ခံလိုက်ရရှာလေမည့် နွဲ့အောင်နှင့် အာယု လူငယ်လေး နှစ်ဦးကိုလည်း ပြေး၍သတိရသည်။ လောကသည် ကံစီမံ ရာဆိုလေသော်လည်း သည်ကံသည်ပင် စိမ်းရက်လေအား။ တရားသီသီ လွဲခဲ့ပြီထင်။ ဖြစ်သင့်ရာရာ ဖြစ်မြဲဓမ္မတာထက် အတန်သင့် အကဲသာ လေဘိသည်ထင်သည်။

"ဘယ်သူ ဘာဖြစ်လို့လဲ ဗိုလ်ကြီး"

ကိုကိုနိုင်က သိလိုဇောဖြင့် ထပ်မေးပြန်သည်။

သည်စကားဆိုးကို နှုတ်ကမထွက်ချင်။ မထွက်ရက်။ စာကိုသာ





လက်ကမ်းပေးလိုက်မိသည်။ စိတ်ထဲတွင်လည်း လေးလံ၍နေသည်။ သည်သို့ဆိုလျှင် နံနက်ဦးက ညောင်ပင်ညည်းသံကြီးဆိုသည်ကပင် သည်ကြမ္မာ ခေါ်သံပေလား။ မဥပါဒ်လိုသော်လည်း သည်သို့သာပင်ဟု ယိုးမယ်ဖွဲ့ချင်သည်။ အတိတ်၊ နိမိတ်ဆိုသည့် သည်အရာများကို မိမိ ထောက်စမ်းမမီသော်လည်း ယုံချင်အောင်ကြုံခဲ့ရသည်များတို့ကြောင့် စိတ်အထိုင်ပင် ယိုင်ချင်ချင်၊ နဲ့ချင်ချင်။

"အို x x x ရတာလေးနဲ့ပဲ ကျေနပ်နှစ်သိမ့်နေမယ် x x x
ဘာမှလည်း ထပ်မလိုချင်တယ် ရှိပါစေတော့ x x x
အို x x x ဖြစ်သမျှအကြောင်း x x x
အကောင်းလိုပဲ x x x အောက်မေ့ပါတယ် x x x
မျှော်လင့်ချက်နဲ့ပျော်နေမယ် x x x ရှိပါစေတော့ x x x
ဒါပေမယ့် x x x ဒါပေမယ့်လည်းလေ x x x
ကျန်တာတွေကိုလည်း x x x တကယ်ပိုင်ဆိုင်နိုင်ခြင်းမရှိ
တယ် x x x
မရယ်နိုင်ရင်တောင်မှ ကိုယ့်ဘဝမှာ မငိုချင်ခဲ့တယ် x x x
အနိုင်မယူချင်သူတစ်ယောက်ရဲ့ x x x အရှုံးမို့ x x x
ရင်နာလို့မဆုံး x x x "

တပည့်ကျော် ဘုန်းနိုင်က ထောင်အတွင်း ဖိုကြီးမှ ယူလာသော ရေနွေးဓါတ်ဘူးကို မိမိရှေ့တွင် ချထားတည်ခင်းခဲ့ကာ ကော်ဖီကို စိတ်အေးလက်အေး ကျကျနန ဖျော်နေသည်။ ပါးစပ်ကလည်း သီချင်း တအေးအေး။ ကိုထီး၏ "အနိုင်မယူလိုသူအရှုံး" သီချင်းက သာမန် အချိန်ဆိုလျှင် အရသာခံ တွေးတောနားဆင်ချင်စရာ။ ယခုအခြေအနေ တွင်မူ သူ့စာသား အဓိပ္ပါယ်များက သောကအခံဖြင့် နွမ်းချင်ချင်နှလုံး သားကို ဖိညှစ်တော့မည်လိုလို ခြိမ်းခြောက်နေသယောင်။

"ဟော့ကောင်၊ ပါးစပ်ကြီးပိတ်ထားစမ်းပါဟ"

အခြေအနေကို သိနှင့်ပြီးမို့ ကိုကိုနိုင်ကတားသည်။ သူက နည်းနည်းလူကြီးဆန်သည်။ အေးအေးလေးလေး။ တွေးတွေးဆဆ။ ဖေးဖေးမမ။

"ဟာ. . . ဘာလဲဟ။ နောက်တစ်ပတ် ကာရာအိုကေဆိုရင် နွဲ့အောင်ထက်သာအောင် အဆိုကျင့်နေတာဟ။ နောက်အပတ်လဲ ကာရာအိုကေသွင်းပေးဦးမှာ ဟုတ်လား ဗိုလ်ကြီး"

ပြောပြောမေးမေးပြုသည်။ ဤသည်က ဘုန်းနိုင်၏လေ၊ ဘုန်းနိုင်၏ သဘာဝ။ ဘဝကိုလက်တွေ့ကျကျ ရှုမြင်ကျော်ဖြတ်တတ်လေသူမို့ အယူအမြင်က ရှင်းပြတ်သည်။ သောကနှင့် ဝေးဝေးမှာနေသည်။ နေဖို့ ကြိုးစားသည်။ သို့ကြောင့်ပင် သူ့ကိုကြည့်က အမြဲပျော်နေသည်။

"ဟာ. . . ဒီကောင်၊ လာဦး။ ဒီကိုလာဦး"

ကိုကိုနိုင်က သူ့လက်ကို ဆွဲခေါ်ကာ ဘီရိုကြားမှာ တီးတိုးပြောဟန်တူသည်။ မိမိကို လှမ်းကြည့်၊ အကဲခတ်ဟန်ပြသည်။ ပြီး. . . ကိုကိုနိုင်ပြောလေသမျှ ခေါင်းတညိတ်ညိတ်။

"ဗိုလ်ကြီး ကိုကိုနိုင် ပြောတာ ဘာကယ်လား"

ဖုန်းနိုင်က မိမိကို အတည်ပြုချက်တောင်းသည်။ စိတ်မကောင်းရသည့်အထဲကပင် ပြုံးချင်မိမိဖြစ်ရသေးသည်။ အပူသည် အကူးခတ်အပျံ့အနှံ့ လျှင်မြန်လွန်းလှပေစွ။ သည်ကလေးမျက်နှာပေါ်က အပျော်ဓါတ်တွေ ရေငွေ့ပြန်သလို ပြန့်ကုန်ပြီထင်၏။ မျက်နှာက တည်တည်။

"အေးလေကွာ၊ အခုပဲ သိရတာ"

"ဒီတော့ ဘာဖြစ်မှလဲဆရာ"

"ဘာဖြစ်ရမလဲဟ။ ကြိုးသမားနှစ်ယောက်တောင် တစ်ပြိုင်တည်း လက်ခံရမှာဆိုတော့ ထောင်တော့ အလုပ်များ၊ အလုပ်ရှုပ်ဦးတော့မှာ။ ဒါပေမယ့် ပြင်ဆင်ထားရမှာပေါ့။ တကယ်အဖြစ်မှန်ကိုလဲ လက်ခံရမယ်။ သေဒဏ်အကျဉ်းသားနှစ်ယောက် လက်ခံထိန်းသိမ်းဖို့လည်း ပြင်ဆင်ထားရမှာပေါ့"





"ဒါဆိုဆရာ. . ."

"အေး. . ."

သူတစ်ခုခုကို တွေးတွေးဆဆပြောတော့မည်။ သူ့ဟန်၊ သူ့လေကို ခေါ်ခါးအူမ ငုံမိကျက်မိနေသူမို့ ကြို၍သိသည်။

"ဟို. . . ဘုရားဟောဇာတ်တော်တစ်ခုတည်းကလို ပြောရင် "သစ္စာတရားသေပြီ" လို့ ဆိုရမှာပေါ့နော် ဆရာ"

"ဟာ မင်းဟာကလည်း ဘလိုင်းကြီး၊ ဘာဆိုင်လို့လဲဟ"

ကိုကိုနိုင်က ဝင်၍ဟန့်သည်။ သည်နှစ်ယောက်၏ စကားရည်လုပွဲက မိုးလင်းမိုးချုပ် အမြဲရှိစမြဲ။ ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းလို ဘဝကို တစ်နေရာဘက် တစ်ဖက်စီမှ ရပ်၍မြင်နေလေ့ရှိသူများမို့ ရင်ကြားစေ့၍မရချင်။ သူတို့အယူ၊ သူတို့အမြင်ကို လက်ဆုပ်မဖြေကြ။

"ကိုကိုနိုင်ရေ ခဏကလေး။ သူပြောချင်တာလေး တစ်ခုခုတော့ ရှိလိမ့်မယ်။ ဒို့ နားထောင်ကြည့်ရအောင်။ ကဲ. . . တက္ကသိုလ်ကိုဖုန်းနိုင် မင်းဘာကို ပြောချင်တာလဲ"

မိမိက ဝင်ထောက်ပေးရသည်။ ရင်ထဲ၌ ကြွင်းရစ်သော စကားကြွင်း စကားကျန်တို့ကြောင့် နှလုံးသားမည်မျှ နာရသည်ကို ကြုံဖူးပြီးမို့ ကိုယ်ချင်းစာချင်သည်။ မည်သည်ကိုရည်၍ ပြောလေသည်ကို နားထောင်ကြည့်ချင်မိသေးသည်။ စကားကြွင်းစေအောင် မဟန့်တားချင်။

"ဒီလိုပါဗိုလ်ကြီး။ ဒီ. . . နွဲ့အောင်ဆိုတဲ့ ကောင်ကလေးဟာ ကျွန်တော်နဲ့ တစ်နှစ်နီးပါး တစ်ခန်းတည်းနေ၊ တစ်အိုးတည်းစားလာတာပါ။ သူ့သဘော သူ့စိတ်ရင်းကျွန်တော်သိတယ် ဗိုလ်ကြီး။ သဘောဖြူအူစင်းပါ။ သိပ်ဖြောင့်မတ်တဲ့ကောင်။ ခန္တီးရှမ်းအနွယ်မို့ ဘာသာတရားလည်း လွှတ်ကိုင်းရှိုင်းတယ်။ လူသတ်ဖို့နေနေသာသာ။ ထောင်ထဲက ကျုပိုးကောင် လက်နဲ့ကောက် ပုလင်းထဲစုထားပြီး တော်ရာမှာ လွှတ်ပစ်တဲ့ ကောင်ကလေးပါ။ ဗိုလ်ကြီး. . . မနေ့က သူ့သီချင်းဆိုတာ ကြားတယ် မဟုတ်လား။ ဘယ်လောက်ကောင်းသလဲ။ တကယ့်ခံစားချက်အပြည့်နဲ့

ဆိုသွားတာ''

''အင်း. . .''

''အဲဒီလောက် သီချင်းသံစဉ်တစ်ခုကို ရသမြောက်အောင် ခံစားဖန်တီးနိုင်တဲ့ အနုပညာသွေးရှိတဲ့ နှလုံးသားက လူသတ်တယ်ဆိုတာ ယုံကောင်းစရာမှ မဟုတ်တာလေ''

''ဒါက မင်းအတွေးပဲရှိသေးတာကိုး ဖုန်းနိုင်ရ။ သေတဲ့လူက သေလို့ပဲ အရိုးဆွေးနေပြီ။ သေပြီဆိုမှတော့ သတ်တဲ့လူရှိလို့ပေါ့ကွ။ နွဲ့အောင်နဲ့ သေသူနှစ်ဦးတည်းရှိတဲ့ဟာ ကျန်တဲ့လူ သေသွားရင် သတ်သူက နွဲ့အောင်ပေါ့ကွ။ ရှင်းနေတာကို''

ကိုကိုနိုင်က ဝင်ထောက်သည်။ သူ့စကားက သူ့စိတ်ရင်းသဘောမှ လာခြင်းမဟုတ်သည်မှာ သေချာသည်။ နွဲ့အောင်သည် သူ့ညီအရင်းကလေးလို အတူနေ အတူစား စောင့်ရှောက်ထားသည့် ကလေးဖြစ်သည်။ ဖုန်းနိုင်၏ ကြီးကြီးကျယ်ကျယ် ဘဝဒဿနများကို ခနဲ့လို၍ တမင်ဝင်ဆွပေးခြင်း ဖြစ်တန်ရာသည်။

''အဲဒါပဲပေါ့ကွ ကိုကိုနိုင်ရ။ မင်းတို့က လွယ်တာကိုခက်အောင်၊ ရှင်းနေတာကို ရှုပ်အောင်လုပ်ကြတာ။ ဘယ်တော့မှ ရိုးရိုးကလေး မစဉ်းစားဘူး။ Every Simple, Be Simple လုပ်စမ်းပါကွ။ အခြေခံကျကျ ရိုးရိုးကလေး ပိုင်းပိုင်း၊ ကန့်ကန့်ပြီး စဉ်းစားစမ်းပါ သူငယ်ချင်းရာ။ ပြဿနာကြီးတွေဟာ လွယ်လွယ်ရှင်းရှင်းကြီး ဖြစ်သွားပါလိမ့်မယ်''

''ရှင်းတော်မူပါခင်ဗျာ''

မိမိက ငြိမ်၍နားထောင်နေမိသည်။ သူ့တို့ပြောနေတာလေးတွေက စိတ်ဝင်စားစရာ အကြောင်းသား။ ထောင်ပိုင်ကြီးအိမ်မှ ရုံးစာများပိုက်ကာ ပြန်လာသော စာရေးကလေး ကျော်သူရလင်းလည်း ပြန်ရောက်လာ၍ သူကလည်း စကားဝိုင်းအတွင်း နားထောင်သူအဆင့်ဖြင့် ပါဝင်လာပြန်၏။

''ဒီလိုလေကွာ. . .။ သေတဲ့လူက သေတာလည်း အမှန်ပဲ။





မှိုင်း၍သေတာမဟုတ်ဘူးနော်။ သတ်သူရှိလို့ သေတာ။ အသတ်ခံရတာ။ ဒီတော့ သတ်သူတစ်ယောက်ကတော့ မုချရှိရမယ်''

''ဟုတ်ကဲ့''

''ဒါပေမယ့် သေသူနဲ့ နွဲ့အောင်နှစ်ယောက်တည်းရှိတဲ့ အခြေအနေမို့ နွဲ့အောင်သတ်တာလို့ တစ်ထစ်ချယူဆတာကျတော့လည်း သိပ်မဟုတ်သေးပြန်ဘူး။ လေ့နံ့ဝါးထစ်ကြီး။ သေသူကိုသတ်တဲ့လူဟာ သုံးဦးဖြစ်နိုင်စရာရှိတယ်။ တစ် နွဲ့အောင်၊ ဒါကတော့ တွေးရိုးတွေးစဉ်အတွေးပေါ့။ သမားရိုးကျတွေးရင်တော့ အဲဒီထက် ကျော်ကြမှမဟုတ်ဘူး''

''နောက်ရောကွာ''

''နှစ်က သေသူဟာ နွဲ့အောင်နဲ့ သူတစ်ပြန် ကိုယ်တစ်ပြန်လုံးကြ တွေးကြရင်း သူ့ပယောဂနဲ့ သူလည်း သေနိုင်သေးတာပဲလေ''

''အဲဒါ သိပ်မရှင်းဘူး။ နည်းနည်းရှင်းအောင် ပြောဦးကွ''

စာရေးကလေးကလည်း သူ့ပင်ကိုယ်မျက်လုံးပြူးပြူးကို ရှေ့ထုတ်၍ ဆိုလာပြန်သည်။

''ဒီလိုဗျ စာရေးကလေးရ။ နွဲ့အောင်ပြောဖူးတာက သေတဲ့အိမ်ရှင်က သူတို့ကို တူမီးသေနတ်နဲ့ လိုက်ပစ်တယ်။ မထိဘူး။ နောက်တစ်ကြိမ် ထပ်ပစ်ဖို့ ကြိုးစားတုံး သူက ဝင်လုံးတယ်။ တူမီးကို သူရင်ဝါရလုံးကြရင်း ကျည်ထွက်သွားတယ်။ တူမီးမှန်လို့ အိမ်ရှင်သေတယ်။ အိမ်ရှင်သေတဲ့အချက်ရယ်၊ သေရတာက တူမီးသေနတ်ဒဏ်ရာကြောင့်လို့ ဆိုတဲ့အချက်ရယ်က အတည်ပြုလို့ရတယ်။ တစ်ထစ်ချ လက်ခံနိုင်တယ်။ ဒါပေမယ့် တူမီးကျည်ထွက်သွားတာ ဘယ်သူ့ကြောင့်လဲ။ သေနတ်က အိမ်ရှင်သေသူရဲ့ သေနတ်။ နွဲ့အောင်က သေသူကို ချိန်ပစ်ခဲ့တာလည်း မဟုတ်ပြန်ဘူး။ သေနတ်ကိုလုရင်းက ကျည်ထွက်သွားတာ။ ညဆယ့်နှစ်နာရီတကယ်မှောင်ကောင်းတဲ့ အချိန်ကြီး၊ မျက်မြင်သက်သေတစ်ဦးမှလည်း မရှိ။ မမြင်။ ဒီအခြေအနေမှာ နွဲ့အောင်သတ်လို့ သေပါတယ်ဆိုတဲ့အချက်က မခိုင်မာပြန်ဘူး။ သံသယဝင်စရာတွေ ရှိနေသေးတယ်။

သေနတ်လုရင်း ကျည်ထွက်သေတာလို့ ယူဆရင် ဘယ်သူ့ကြောင့် ကျည်ထွက်သလဲဆိုတာ နိုင်မာအောင် ဘယ်လိုသက်သေပြမလဲ. . . ကဲ''

''အင်း. . . ''

ကိုကိုနိုင်၊ ကျော်သူရလင်းနှင့်မိမိ။ သုံးဦးစလုံး ငြိမ်နေမိကြသည်။ သည်လိုတော့လည်း အဟုတ်သားပင်။ သည်တစ်ချီတော့ သူ့ကို သူ့အတွေးအခေါ်ကို လိုက်လိုက်လျောလျောလေး လက်ခံလာချင်မိရသည်။

''အေးကွ၊ လုပ်ပါဦး သုံးအချက်ကို''

သိချင်စိတ်ဖြင့် မိမိကပင် ဝင်လောမိရတော့သည်။

''ဒီလိုပါဗိုလ်ကြီး၊ သေသူက နွဲ့အောင်ကို တူမီးနဲ့လိုက်ပစ်တယ်။ နွဲ့အောင်နဲ့ သေသူ သေနတ်လုကြရင်းက သေနတ်သံကြားရပြီး သေသူ လဲကျသွားတယ်။ နွဲ့အောင်က ကြောက်ကြောက်နဲ့ ထွက်ပြေးလာခဲ့တယ်။ သေသလား၊ ရှင်သလားဆိုတာတောင် သေချာမသိခဲ့ဘူး။ သူ့ကို ရဲကဖမ်းမိတော့မှပဲ သေတယ်ဆိုတာ တိတိကျကျ သူသိရတာ။ ဒီမှာစဉ်းစားစရာက သူတို့ သူရှင်ငါရလုကြတဲ့ သေနတ်က တူမီးသေနတ်နော်''

''အင်း. . . ''

''တူမီးသေနတ်ရဲ့ သဘာဝတစ်ချက်ပစ်ပြီးရင် ယမ်းထောင်းရသေးတာ။ ကဲ မှောင်ကြီးမဲတောထဲမှာ သေသူက ဘာကြောင့် ဒီလောက်မြန်မြန်ယမ်းထောင်းနိုင်ရတာလဲ။ နွဲ့အောင်ကိုလည်း မီအောင်လိုက်ရသေးတယ်။ ပြေးရင်းလွှားရင်း မြန်မြန်ဆန်ဆန်ကြီး တူမီးသေနတ်ကို ဘယ်လိုယမ်းထောင်းနိုင်ရတာလဲ။ ဒါက စဉ်းစားစရာတစ်ချက်''

''အေး. . . ဟုတ်တယ်ကွ''

''နောက်. . . ဒီတူမီးသေနတ်ကို ပုံမှန်ပစ်တာတောင် သူမောင်းခလုတ်နဲ့ ပြောင်းဝက ဒီလောက်ကွာသေးတာ။ နှစ်ယောက်သား လုရင်းယက်ရင်း ကျည်ထွက်ခဲ့တယ်ထားပါဦး။ ဘာကြောင့် သေသူရဲ့ ရင်ဝ သေကွင်းကိုမှ ကျည်မှန်ရတာလဲ။ ဗိုလ်ကြီးတို့လည်း တူမီးမြင်ဖူး ပစ်ဖူး





ာပဲ။ သေသူကိုပြောင်းဝမှာ ရပ်ပြီး နောက်တစ်ယောက်က သေချာ ပစ်ဘဲ ဘယ်လိုလုပ်မှ လုရင်းယက်ရင်း ရင်ဝမှန်မသေနိုင်ဘူး''

ဟုတ်သလိုလိုရှိသား။ ယုတ္တိရှိသည်။ ယထာဘူတကျသည်။ ာက်တွေ့မျက်တွေ့ အမှန်တရားနှင့် အတန်ပင် နီးစပ်ပါပေသည်။ သည်သို့သာ ဆိုချင်မိ၏။

''အေး. . . မင်းပြောတော့လည်း ရှင်းသား ဖုန်းနိုင်ရ။ ဒါဆို ဲ့အောင်ပြောပြောနေတာ မှန်နိုင်တာပေါ့။ သူမသတ်ရပါဘူး အတန်တန် ြင်းနေတာလေ။ ဒါဆို ဒီကောင်လေး အချောင်ဒုက္ခရောက်ရတာပေါ့''

စာရေးကလေးက တွေးတွေးဆဆ မှတ်ချက်ပြုသည်။ သူလည်း ေလ လောကီသားမို့ အမှန်တရား မြတ်နိုးခုံမင်သည့် နှလုံးသားနုနုလေး ာစ်စုံရှိနေပါသေးသည်လေ။

''နွဲ့အောင် သတ်တယ်၊ မသတ်ဘူး ကျွန်တော် ယတိပြတ် ပြောနိုင်ဘူးနော်။ နွဲ့အောင်သတ်တယ်ဆိုတဲ့ ကောက်ယူချက်မှာ ထည့် ာ်းစားရမယ့် အားနည်းချက်၊ ပျော့ကွက်၊ မခိုင်လုံမှုတွေရှိနေတာကိုဘဲ ာ်းစားကြည့်တာပါ။ ဒီအချက်တွေကို သေသေချာချာ ရှင်းလင်းအောင် ဖော်ထုတ်နိုင်ဘဲ။ သက်သေမပြနိုင်ဘဲ နွဲ့အောင်ကို သေဒဏ် စီရင်ချက် ျတယ်ဆိုရင်တော့ ဒါလောကမှာ တရားသေပြီလို့ပဲ ဆိုရတော့မှာပေါ့ ိုလ်ကြီးရာ''

''. . . . . . . . . . ''

စကားမဆိုမိကြ။ ရင်မှာ အတွေးကိုယ်စီဖြင့် ငြိမ်နေမိကြသည်။ ြာတော့ပြောရဦးမည်။ သူ့စဉ်းစားပုံ သဘာဝကျလေသော်လည်း ောကာ၏ ပကတိအဖြစ်အမှန် သဘောနှင့် တရားဥပဒေ၏ တရားစီရင်မှု သဘောသဘာဝကို မထူးခြားနားမှုကိုတော့ အယူမတိမ်းအောင် ပြောပြရလေဦးမည်သာ။

''ကိုဖုန်းနိုင်ရေ။ တစ်ခုတော့ ပြောပြချင်တယ်ကွ။ ဒါတို့များ အားလုံးရဲ့ အမြင်မှာ ဝေဝါးပြီး ရောထွေးနေတတ်ကြတဲ့ အမြင်ကဖော်

တစ်ခုအကြောင်းပါ။ မှုခင်းဆိုင်ရာ နယ်ပယ်မှာ၊ တရားစီရင်ရေးနယ်ပယ်မှာ ကြုံရတွေ့ရတတ်တဲ့ သဘောသဘာဝကလေး တစ်ခုအကြောင်း ဆိုပါတော့ကွာ။ Confliet of Truth & Law လို့ ဆိုရမှာပေါ့လေ။ တကယ့်လောက၊ တကယ့်ဘဝထဲမှာ အမှန်ဖြစ်တဲ့ အဖြစ်အပျက်နဲ့ တရားစီရင်မှု သို့မဟုတ် တရားခွင်ရှေ့မှောက်ရောက်လာတတ်တဲ့ အဖြစ်အပျက်တွေဟာ မတူတတ်ကြပါဘူး။ တရားခွင်မှာ တရားစီရင်ကြတယ်ဆိုတာက တရားခွင်ရှေ့မှောက်ကို ထင်ရှားတင်ပြနိုင်တဲ့ လူပုဂ္ဂိုလ်သက်သေ အထောက်အထား သက်သေများ ရနိုင်သမျှတွေအပေါ်က ချိုင့်သုံးသပ်ပြီး ဖြစ်တန်ရာတယ်လို့ ယူဆနိုင်တဲ့ ကောက်ချက်တွေအရ အမှန်နဲ့ အနီးစပ်ဆုံး၊ တရားမျှတမှုအရှိနိုင်ဆုံး ဆိုနိုင်တဲ့ဆုံးဖြတ်ချက်၊ စီရင်ချက်တွေကို ပြုစုယူရတာပါ။ တကယ့်ဒိဋ္ဌ ဓမ္မလောကမှာ အမှန်ဖြစ်ပျက်ခဲ့တယ်ပဲ ဆိုစေဦး အဲဒီအဖြစ်အပျက်ရဲ့ အထောက်အထားတွေထဲက ထင်ရှားတဲ့ ခိုင်မာတဲ့သက်သေ အထောက်အထားတွေကိုသာ ဖော်ထုတ်စုစည်းပြီး တည်ဆဲဥပဒေနှင့်အညီ ဥပဒေလမ်းကြောင်းအတိုင်း ဆောင်ရွက်ရတာပါ။ ဒါကြောင့် အမှုတိုင်းကို ဒိဋ္ဌဓမ္မလောကရဲ့ အမြင်နဲ့ တရားရုံးစီရင်ချက်တွေအပေါ် ရှုမြင်သုံးသပ်လို့ မရပေဘူး။ အခြေခံ တည်ဆောက်မှုချင်း မတူညီတတ်ကြဘူးကွ၊ ငါ့ညီရဲ့''

''ဟုတ်ကဲ့ဗိုလ်ကြီး''

''သေချာတာတစ်ခုကတော့ ဒီကမ္ဘာဒီလောကကြီးမှာ သစ္စာတရားဟာ ဘယ်တော့မှ မသေပါဘူး။ မသေနိုင်ပါဘူး။ နေနဲ့လနဲ့ ကွယ်မသွားသလို အမြဲရှင်သန်နေမှာပါ။ ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုးတွေကြောင့် အခိုက်အတန့်ကလေး နေအလင်း၊ လအလင်း ညှိုးချင်ညှိုးမယ်။ မှိန်ချင်မှိန်မယ်။ နေမကွယ် လမပျောက်သလို သစ္စာတရားဆိုတာဟာလည်း တို့လူသားတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ အာဃာတတရားတွေရဲ့ လောင်းရိပ်အောက်မှာ တစ်ဒင်္ဂမှိန်ညှိုးနေရပေမယ့် ဒါ. . . ယာယီပါ။ အဲဒါဟာ ယာယီရယ်ပါ။ ထာဝရမှာတော့ ဒီလောကရဲ့ သစ္စာတရားဟာ





ကမ္ဘာစောင့်တရားအဖြစ် အမြဲထွန်းလင်းနေမှာပါကွာ။ ဒါတော့ ရဲရဲယုံကြည်ထားလိုက်ပါ''

ရင်ထဲက စကားများက တသွင်သွင် သီကရီခုန်ပေါက်ထွက်သွားကြဘိသည်။ ရင်တွင်းခံစားချက်ကြောင့် လှိုက်လှိုက်လှဲလှဲ ပြောမိသည်ထင်၏။ စကားများများ စီကာပတ်ကုံး ပြောလေ့မရှိသူ မိမိနှုတ်ဖျားက သည်စကားတွေ ဒလဟောသွန်ကျလာ၍ သူတို့တွေလည်း အံ့အားသင့်နေကြသည်။

ပြောမိရပါသည်။ ပြောမိရပြန်ပါသည်။

သည်တစ်ကိုယ် သည်တစ်သက်၊ ယုံကြည်ရာသည်လမ်းတွင် သစ္စာပန်းဖြူဖြူတွင် အဆုပ်လိုက် အခိုင်လိုက် ကြဲဖြန့်ကာ ထုံမွှမ်းနိုင်သည်လည်းရှိ။ ပန်းခြောက်ငယ်တစ်ပွင့်ရယ်မျှ ကောက်ယူနိုင်ဖို့ အခွင့်အရေးမရှိ ဆိတ်သုဉ်းခဲ့သည်များလည်းရှိ။ သို့တစေ သည်သစ္စာတရား၏ စိမ်းစိုဝေစည် ရှင်သန်မှုနှင့်အတူ မိမိအသက်ခန္ဓာကို ပေးအပ်နှင်းထားမိလောက်အောင်ပင် ယုံကြည်ရဲရင့်ခဲ့လေပြီမို့ လောက၏ သစ္စာသည် မခန်းမခြောက်၊ မညှိုးမယော်၊ အစဉ်မွှေးပျံ့ဆဲဆိုသည်ကို သက်ကမ်းဆင့်သီ ပြောမိရပါသည်လေ။

''ကလင်. . . ကလင်. . . ကလင်''

''ဟဲလို. . . အမိန့်ရှိပါခင်ဗျာ၊ အော်. . . ခဏနော်။ ဆံရာရေ ဆရာ့ရဲ့ဖုန်း''

''အေး. . . အေး''

ဖုန်းခွက်ကို စာရေးကလေးထံမှ လက်ပြောင်းယူမိသည်။

''ဟုတ်ကဲ့၊ အော်. . . အေး. . . သမီး ပြော''

ဖုန်းခွက်ထဲမှ စီးမျောလာသည့် သတ္တုလှိုက်သံတွင် သောကအငိုးအငွေ့တို့၏ အရောင်ရနံ့ကို သိသိရသည်။ သဲ့သဲ့ရှိုက်သံ၊ တုန်ရင်ကြက်မော မချိသောနှလုံးသားမှ ညှစ်ထွက်လာသည့် တိုးညင်းပါးလျလွန်းသည့် တအိအိငိုသံ။ သည်မိန်းမငယ် အငိုတိတ်အောင် စောင့်လေက

အဘယ်သို့နှယ် ဆုံးစထင်ပေမည် မသိတတ်နိုင်. . .

''ခင်နှင်းဦးလား''

''ဟုတ်ကဲ့ဆရာ. . .''

''အေးမွန်စာဖတ်ရလို့ ဆရာတော့ သိပြီးပြီသမီးရယ်။ သမီးက ပြောစရာစကားနှစ်ခွန်းရှိတယ်။ တစ်ခုက အမှာစကား တစ်ခုက ကတိ စကား''

''ဟုတ်ကဲ့''

''ဒီလောကကြီးထဲမှာ လူဖြစ်လာရတဲ့ တို့တစ်တွေဟာ တစ်ခါ တစ်ရံ အခြေအနေတွေကို တို့ကဖန်တီးနိုင်တယ်။ တစ်ရံတစ်ခါ အခြေ အနေတွေက တို့ကိုဖန်တီးတတ်တယ်။ အခြေအနေတွေကြောင့် တို့လုပ် ချင်တာ တို့ဖြစ်ချင်တာတွေကို ပြုစုခွင့်၊ ဖန်တီးခွင့်၊ လုပ်ခွင့်ရတတ်သလို အဲဒီအခြေအနေတွေရဲ့ အချုပ်အချယ်၊ အကန့်အသတ်တွေကြောင့် တို့တွေ လုပ်မရအောင် ဖန်တီးခွင့်တွေ ပဲ့ကြွေဆိတ်သုဉ်းကြရတယ် ဒီတော့ ကြုံလာတဲ့ အခြေအနေကို ခန့်မှန်းတတ်ဖို့ သိတတ်ဖို့ လိုတယ် သမီးရယ်။ စုန်ရမဲ့အချိန်မှာ မဆန်မိစေနဲ့။ အပန်းတကြီးဖြစ်ရပေမယ့် ရလာဒ်ကောင်းတွေ မရနိုင်တတ်ဘူး။ ဆရာဆိုလိုချင်တာ သမီးသိတယ် နော်. . .''

''ဟုတ်ကဲ့ဆရာ. . .''

''နောက်. . . ဘယ်အခြေအနေမှာမဆို နွဲ့အောင်ကို ဆရာစောင့် ရှောက်မှာပါ။ ဒီကနေ့ ချလိုက်တဲ့ပြစ်ဒဏ်ကြောင့် သူ့ဘဝ၊ သူ့စိတ် အခြေအနေတွေက တိမ်းကပါး မဖြစ်ရအောင် ဆရာ စောင့်ရှောက်မှာပါ ထောင်ဆိုတာလည်း အညံ့ပန်းကလေးတွေရဲ့ ဝိုင်းပြည့်ပါပဲ။ ပန်းဖြစ်လို့ ပန်းရဲ့ရနံ့ရှိမှာပါ။ ပန်းရဲ့ဗီဇ၊ ပန်းရဲ့သတ္တိ၊ ပန်းရဲ့အနံ့တွေ ပျောက်မသွား စေရအောင် ပြုစုပေးမှာပါ။ ဒါဆရာနဲ့ ဆရာရဲ့တာဝန်အပေါ်ထားတဲ့ သစ္စာကတိစကားပါ''

''ကျေးဇူး. . . ကမ္ဘာပါဆရာ။ သမီးမှာ ပြောစရာစကားသိပ်နည်း





နေပါပြီဆရာ။ အစကတည်းကလည်း ပြောခွင့်မရ မြိုချခဲ့ရတာ အကျင့် ဖြစ်နေပါပြီ။ နွဲ့အောင်ကို ဆရာစောင့်ရှောက်ပေးပါ။ ဒါလေးပဲ သမီးပြော ပါရစေတော့ဆရာ''

''အေးပါကွယ်၊ စိတ်ချပါ''

''. . . . . . . . . . . . . .''

စကားသံ တိတ်ခဲ့ပြီ။ ဖုန်းခွက်ကို မချသေးသော်ငြား ငိုသံ တအီအီကိုသာ ကြားနေရတော့၏။ မျက်ရည်၏ ဘာသာစကားကိုဖြင့် မကြားလို၊ အဓိပ္ပါယ် ထွေထွေရာရာ မဖွင့်လိုပြီ။ ဖုံးခွက်ကို ပု[illegible]ပေါ်သို့ အသာအယာ ချထားလိုက်သည်။ ငိုချင်သည်ဆိုက ငိုပါလေ မိန်းကလေး။ သမုဒ္ဒယနှင့် ယှက်လိမ်နေသော သည်မျက်ရည်ပူပူတို့ နှလုံးသားမှ လျှံကျ လာလေမည်ကို မတားမဆီးချင်ပါနှင့်တော့။ တစ်ဒင်္ဂတော့ သည်ကမ္ဘာ၊ သည်လောကကို မျက်ကွယ်ပြုကာ ငိုချင်သမျှရယ်သာ ငိုကြွေးလိုက်ပါ လေတော့။ ခါတရံ မျက်ရည်ထက် ကောင်းလေသောဆေးအမယ် မရှိ နိုင်၊ မရှိတတ်ပြီလေ. . . ။

''ဗိုလ်ကြီးရေ၊ ရုံးထုတ်ကားတွေ ဝင်လာကြပြီ''

''အေးကွာ၊ ဗဟိုကင်းအဖွဲ့ကို Stand By လုပ်ခိုင်းထား။ တာဝန်မှူးနဲ့ တာဝန်ကြပ်ကို တံခါးမှာခေါ်ထား။ ထောင်ကျရုံး ထောင်မှူး ကို ငါ့ရုံးခန်းလာခဲ့ပါလို့ပြော။ နောက်. . . ဆရာကြီးသာမောလေးကို တိုက်ခန်းနှစ်ခန်း ရှင်းပြီးပြီလား။ ရှင်းပြီးရင် ငါ့ဆီသတင်းပို့ဖို့ ပြောလိုက် ဦး''

''ဟုတ်ကဲ့၊ ဗိုလ်ကြီး''

''မျိုးမျိုးအောင်. . . ရေ. . .''

''ခင်ဗျာ. . . ဗိုလ်ကြီး. . .''

''မင်း. . . ထောင်ပိုင်ကြီးအိမ် ခဏပြေးဦး တပည့်။ သေဒဏ် အကျဉ်းသားနှစ်ယောက်ပါတယ်လို့ သတင်းပို့လိုက်။ ထောင်မှူးကြီး ဆက်လုပ်ပါမယ်လို့ ထောင်ပိုင်ကြီးကို သိအောင်သာ လာပြီးသတင်းပို့

တာပါလို့ပြောကွာ။ စိတ်ပူပြီး ချက်ချင်း ထလိုက်လာဦးမယ်''

''ဟုတ်ကဲ့ဗိုလ်ကြီး''

''ထောင်ပိုင်ကြီး မှာလိုက်တာတွေလည်း သေသေချာချာ နားထောင်ခဲ့ဦး။ ပြီးရင် ငါ့ဆီပြန်လာသတင်းပို့''

''ဟုတ်ကဲ့''

လိုအပ်ရာရာပြုဖွယ်ကိစ္စတို့ကို စီစဉ်ထားရှိခဲ့ပြီးပြီမို့ ရှေ့ကြုံဆုံလာလေမည်တို့ကို စိတ်ရှင်းလက်ရှင်း ပိုက်စိပ်တိုက်၍ ဆောင်ရွက်ရုံမျှသာ။

''ဗိုလ်ကြီး''

''ဟော. . . လာ ကိုတင်ထွေး၊ အပြန်လဲပါလာတာပဲလား''

''ဟုတ်တယ်ဗိုလ်ကြီးရေ။ ဗိုလ်ကြီးလဲ တရားရုံးက ကြားပြီးရောပေါ့။ သေဒဏ်ကျ အကျဉ်းသားနှစ်ယောက်ပါလာတယ်ခင်ဗျ။ မြို့နယ်မှူးကြီးက ကိုယ်တိုင်ပို့ပါဆိုလို့ပါ''

''အေးဗျာ၊ ကောင်လေးတွေအခြေအနေ ဘယ်လိုရှိလဲ။ သိပ်များစိတ်ထိခိုက်၊ စိတ်ကျိုးနေသလား''

''အခုထိတော့ သိသာလောက်အောင် မဟုတ်သေးပါဘူး။ အမိန့်ချကာစကတော့ ငိုကြတာပေါ့ဆရာရယ်။ အာယုအမေနဲ့ မိန်းမတွေလည်းတက်လို့ချက်လို့။ နွဲ့အောင်ကတော့ ဘယ်သူမှ မလာရှာပါဘူး''

''ကဲ. . . သူတို့နှစ်ယောက်နဲ့ ထောင်ကျတွေအရင် လက်ခံလိုက်မယ်ဗျာ၊ သွင်းပေတော့''

ကြုံပြီဆို၊ ရင်မဆိုင်၍မျှ မရပေဘဲ။ ရင်ဆိုင်ရတော့မည့်ပင်။ ရွှေညောင်ပင် ညည်းသံက သည်သို့နှယ် မြန်ဆန်စွာ အကျိုးသက်လာမည် မထင်ခဲ့။ ယခုတော့ဖြင့် မြန်လွန်းလှသည်။

✿✿✿✿✿

# (၂)

''ဆရာ. . . ဆရာ''

ထောင်မှူးဦးခင်မောင်မြင့်က လူထက်အသံက အလျင်ဝင်လာသည်။ သည်မှာဘက်တွင် ဘာတွေဖြစ်နေသည်ကို သူသိပုံ သတိထားမိပုံလည်းမရ။ သူ့အရေး သူ့ကိစ္စသာ အရေးကြီးနေသည့်ဟန်။

''ဟ. . . အစ်ကို ဘာတွေဖြစ်လာပြန်ပြီလဲ။ ရေးကြီးသုတ်ပျာနဲ့''

''ဟို. . . ဘိုးတော်လေ လူသူတော် ဘိုးတော်ဆရာ''

''စိန်မျက်ခုံးလား''

''ဟုတ်တယ်ဆရာ ဟုတ်တယ်''

သည်ထောင်မှူးနှင့် သည်လူသူတော်ကလည်း တစ်မျောက်။ တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင် ဆိုသလိုပင်။ တစ်ဦးက တိတိကျကျ စည်းကြီးကမ်းကြီးသမား။ ထောင်အုပ်ချုပ်ရေးကို ပုံစံကျကိုင်တွယ်ချင်သူ။ သည် စိန်မျက်ခုံး ဟု အမည်တွင်သော လူသူတော်ကလည်း သာသနာတော်ညစ်နွမ်းစေမှုဖြင့် ထောင်ကျလာခဲ့သော်ငြား၊ သူ့အကျင့် သူ့စရိုက်အားကြောင့် ဂမ္ဘီရဆန်ဆန်

ကိစ္စကလေးများဖြင့် အကျဉ်းထောင်တွင်း အဝန်းအဝိုင်း သေးသေးလေးမှာ လှုပ်လှုပ်ခတ်ခတ်ရှိလွန်းသူ။ ဗေဒင်၊ ယတြာ၊ အခါတော်ပေး အယူတော်မင်္ဂလာ၊ အိပ်မက်အတိတ်ကောက်မှအစ နှစ်လုံး၊ သုံးလုံးထီ၊ ချဲဂဏန်းအထိ အရာကျယ်လေသူ။ သူတို့နှစ်ယောက် ထိပ်တိုက်အမြဲငြိသည်။ ယခုလည်း ဘာတွေဘယ်လို ထိကြ၊ ငြိကြပြန်လေသလဲ မသိ။

"စိန်မျက်ခုံး ဘာဖြစ်လို့လဲ"

"မနက်က ညောင်ပင်ညည်းသံနဲ့ ပတ်သက်တဲ့ကိစ္စကို ထောင်ထဲမှာ မဟုတ်မဟပ်တွေ လျှောက်ပြောနေတယ်ဆရာ။ ကျွန်တော်သိတော့ တောင် သတင်းက တော်တော်ပျံ့နေပြီ"

"ဆိုပါဦးဗျ၊ ဘာတွေရှေ့ဖြစ်နောက်ဖြစ် အတိတ်နိမိတ်တွေ ဟောပြန်ပြီလဲ"

"အဲဒါကို ပြောတာဆရာ။ မနက်က ညောင်ပင်ညည်းသံကြီးဟာ ညောင်ပင်စောင့် ရုက္ခစိုးက လူခေါ်တာတဲ့။ တိုက်ခန်းက အကျဉ်းသားအပျက်အစီးရှိချင်ရှိ၊ မရှိရင်လဲ သေဒဏ်အကျဉ်းသားလိုမျိုး ကြိုးမိန့်ကျတဲ့ အကျဉ်းသားတွေ ရောက်လာလိမ့်မယ်တဲ့။ ဘယ်လောက် ယုတ္တိမဲ့သလဲ ဆရာ။ လက်ရှိတိုက်ခန်းက လူတွေလည်း အရမ်းလန့်နေကြတယ်။ ဖြစ်နိုင်ရင် အိပ်ဆောင်ကိုပြောင်းပါရစေ တင်ပြကြမလို့တဲ့။ ဒီထောင်မှာ သေဒဏ်အကျဉ်းသားက အရင်တုန်းကလည်း မရှိဖူးဘူး။ နောက်လဲ ဝင်လာဖို့မလွယ်ဘူး။ ဒီတော့ ရှိနေတဲ့ လူတွေရဲ့ ကျန်းမာရေး ဘက်က လှည့်ပူကြတော့တာပေါ့။ သိပ်နေမကောင်းတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကဆို ထောင်မှူးကြီးခေါ်ပေးပါ လုပ်နေကြတယ်"

"အော်. . . "

စိတ်ရှုပ်ရသည့်အထဲ စိန်မျက်ခုံးက ကောက်ရိုးပွေ့ပြန်ချေပြီ။ သို့သော်လည်း သူ၏ သိမှုအာရုံနှင့် စရဏက ကောင်းလှလေသည်ဟု ပင် ဩချရတော့မည်။ နွဲ့အောင်နှင့် အာယုသေဒဏ်ကျခဲ့ပြီဆိုသည်





ကို မိမိတို့သိခွင့်ရသည်မှာပင် မိနစ်ပိုင်းရှိသေးသည်။ သည်သတင်းက မိမိရုံးခန်းအပြင် မထွက်သေး။ ထောင်ထဲမှာ စိန်မျက်ခုံးက ဟောချက်ထုတ်နေလေပြီ။

"အစ်ကိုရေ၊ သိပ်လဲ အပူကြီးမနေနဲ့တော့။ သေဒဏ်အကျဉ်းသားက ရုံးပြန်ကားပေါ်မှာ ပါလာခဲ့ပြီ။ ဘယ်သူမှလဲ အဆောင်ပြောင်းပေးဖို့ မလိုတော့ဘူး"

"ဗျာ"

"ဟုတ်တယ်။ နွဲ့အောင်နဲ့ အာယုက သေဒဏ်ကျလာခဲ့ပြီ"

"ဟင်. . . ဒါဆို စိန်မျက်ခုံးမှန်နေတာပေါ့"

"ဒါပေါ့"

"ကျွန်တော်က ထောင်တွင်းမငြိမ်မသက် ဖြစ်အောင်လုပ်မှုနဲ့ ဒီပုဂ္ဂိုလ်ကို ထုတ်တော့မလို့။ အခုအတိုင်းကျတော့. . . "

"တိုက်ခန်းထဲ ထည့်ထားလိုက်"

"ဗျာ. . . ဆရာ"

"ပြစ်ဒဏ်မှတ်တမ်းသွင်းပြီး တိုက်ထဲမှာ တိုက်ပိတ်ပြစ်ဒဏ် (၁၄) ရက်ပေးလိုက်ပါ"

". . . . . . . . . "

"လောကကြီးထဲမှာလေ လူမိုက်မကြောက်နဲ့။ လူရှုပ်လူပွေကို ကြောက်တဲ့။ လူရှုပ်လူပွေတွေကြောင့် နေသားတကျ ဖြစ်နေတဲ့ လောကဟာ ကစဉ့်ကလျားဖြစ်ဖြစ်သွားရတာ။ သိတာကို သိတဲ့အတိုင်းထားပြီး ငြိမ်ငြိမ်မနေနိုင်ဘဲ ကိုယ့်လောက်မှ မသိတဲ့သူတွေကို သူသိထားတဲ့ အသိကလေးတစ်ခုတည်းနဲ့ လွှမ်းမိုးနိုင်အောင် ကြိုးစားချင်တဲ့ စိန်မျက်ခုံးကို နောင်ကျဉ်အောင် ပညာပေးထားလိုက်"

"ဟုတ်ကဲ့ဆရာ"

ထောင်မှူး ဦးခင်မောင်မြင့် ပြန်ထွက်သွားသည်။

လောကကြီးက ဘာကြောင့် ကြောက်စရာကောင်းရတာလဲ ဟု

ငယ်ဆရာ တစ်ဦးက မေးဖူးသည်။ မိမိမဖြေနိုင်၊ မဖြေတတ်ခဲ့။ 'လောကကြီးဟာ ဘာတွေဖြစ်လာမယ်ဆိုတာ ကြိုမသိနိုင်လို့ ကြောက်စရာကောင်းတာ' ဟု ဆိုဆိုဆဲဆဲနှင့် သူကပဲ အဖြေပေးခဲ့ပြန်သေးသည်။

ယခုလည်း. . .

✿✿✿✿✿

## (၃)

စေ့စေ့ကြည့်မိသည်။

ဝိညာဉ်နုတ်ခြေခြင်းခံထားရသည့် ရုပ်ခန္ဓာတစ်ခုပေါ်တွင် တပ်ဆင်ထားသော အနာဂတ်ပျောက်ဆုံးနေသည့် မျက်နှာတစ်စုံကို မြင်နေရသည်။ ပြုံးခြင်းရယ်ခြင်းမရှိ၊ ကျက်ထားသည့် သရေမျက်နှာ ပြင်သဖွယ် တင်းတင်းကျစ်ကျစ် မျက်နှာပေါ်၌ ကြွက်သားမျှင်တို့ တစ်မျှင် တစ်နွယ်မျှ အလှုပ်အခတ်မရှိ။ သေပြီးကာစ ငါးတစ်ကောင်၏ မျက်လုံးနှယ် သတိ၊ အသိ ကင်းသောမျက်စိလေးလုံး၊ သွေးသားခန္ဓာဖြင့် တည်ဆောက်ထားသည့် ကိုယ်ကာယဖြစ်၍သာ တောင့်တောင့်မတ်မတ် ရပ်နေလေပြား၊ လိပ်ပြာလွင့်နေသည့်နှယ် အားအင်နတ္ထိ။

"နွဲ့အောင်"

"ဟုတ်ကဲ့"

"အာယု"

"ဟုတ်ကဲ့"

"သိပ်စိတ်ညစ်နေသလားကွ"

". . . . . . . . . . . ."

''အေး. . . အေး ဒီလိုအခြေအနေ၊ ဒီလိုအချိန်မျိုးမှာ စိတ်မညစ်ဘူးဆိုခဲ့ရင် စိတ်မညစ်ပါနဲ့လို့ ပြောခဲ့ရင် သဘာဝ ဘယ်ကျမလဲ။ လူဖြစ်လာတဲ့ ဒီဘဝ ဒီခန္ဓာကို အလျော်အစားပေးရတော့မယ်ဆိုတာ သိရင် ဘယ်သူမှ ခံနိုင်ကြမှာ မဟုတ်ပါဘူး ငါ့ညီရယ်။ ဒါကြောင့် စိတ်မညစ်နဲ့ စိတ်မဆင်းရဲနဲ့လို့ မပြောချင်ပါဘူး။ မပြောရက်ပါဘူး။ ပြောလဲ မပြောရက်ပါဘူး''

''. . . . . . . . . .''

ငြိမ်သက်နေကြသည်။ အကြည့်က မိမိထံ စူးစိုက်ထားသော်လည်း အာရုံက ပျံ့လွင့်နေသည့်ဟန် မလှုပ်မချောက် ငြိမ်နေသည်။ သူတို့၏ ကိုယ်အရွေ့၊ စိတ်အရွေ့ကိုပင် သတိကပ်ကြဟန် မတူ။

သေဒဏ်ကျ အကျဉ်းသား နွဲ့အောင်နှင့် အာယုနှစ်ဦးစလုံးကို သေဒဏ်ကျ ကြိုးသမားသီးခြား ထိန်းသိမ်းထားရမည့် သီးခြားကြိုးတိုက် မရှိလေ၍ တစ်ခုတည်း တစ်ဆောင်တည်းသာရှိသော အမှတ် (၁) တိုက်တွင် နေရချထားပေးရပါသည်။

သေဒဏ်အကျဉ်းသား လက်ခံထိန်းသိမ်းရသည့် အလုပ်မှာ အကျဉ်းထောင်တွင် တာဝန်အကြီးလေးဆုံး စိတ်ဝန်အပိဆုံး လုပ်ငန်း ဖြစ်ပါလေသည်။ လူမိုက်မကြောက်နဲ့ကွ။ ဖြစ်ချင်ရာဖြစ် သေမထူး နေမထူးကောင်က ထင်မိထင်ရာ လုပ်ချင်တာလုပ်တာ။ ဘာမှ ကြိုတွက်လို့မရဘူး။

ဒါကြောင့် ''လူတစ်ယောက်ရဲ့ မျက်လုံးမှာ အနာဂတ် ပျောက်သွားပြီ၊ တည်ငြိမ်မှုပျက်သွားပြီဆိုရင် ဂရုစိုက်တော့ဟေ့'' ဟု ထောင်ပိုင်ကြီးတစ်ဦးက သင်ပြဖူးသည်။

မှန်ပါ၏။ သည်အသက်၊ သည်ခန္ဓာကို မိမိဘာသာ စီရင်ပိုင်ခွင့် မရှိတော့ဘဲ သေရမည့်နောက်ဆုံးရက် နောက်ဆုံး အချိန်အထိ သည်အခန်းငယ် ကျဉ်းကျဉ်းကလေးအတွင်း နေ့နေ့ညည ကုန်ဆုံးလွန်မြောက်ရလေမည့် ဘဝကို စာနာကြည့်လျှင် ရှုးချင်မိသည်။





သည်ကဲ့သို့၊ သေဒဏ်အမိန့်ကို မမျှော်လင့်ဘဲ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လိုက်ရချိန်တွင် စိတ်တွင်း ပဋိပက္ခတွေ ပြင်းထန်ကာ တချို့ဆိုလျှင် Shock (ရုတ်တရက်တုန်လှုပ်ချောက်ချားမှု) ရတတ်ပြီး မူးမေ့သွားတက်သည်။ တစ်ပတ်ဆယ်ရက် ဒိဋ္ဌဓမ္မဘဝထဲက သည်စီရင်ချက်အမိန့်ကို အိပ်မက်တစ်ခုလိုလို ထင်ယောင်မှားနေတတ်သည်။

အသိစိတ်က လက်မခံ၊ တွန်းခံနဲ ငြင်းဆန်နေတတ်သည်။ အကယ်၍ သူ့ဘဝ အဖြစ်မှန်က စွဲဆိုသောပြစ်မှု ချလိုက်သောပြစ်ဒဏ်နှင့် ဒီလာပါဟု ဘာသာစွဲမြဲနေခဲ့လျှင် စိတ်တွင်းငြင်းဆန်မှုက ပိုပြင်း၊ ပိုကြာတတ်သည်။ တစ်ခါတစ်ရံ လချီ၍ စိတ်အနယ်ထိုင်အောင် စောင့်ရတတ်သည်။

ဲသေဒဏ်ချမှတ်ခံထားရသည့် လက်ရှိအကျဉ်းသားဘဝကို ဘဝင်ကျ လက်ခံလိုက်ပြီဆိုလျှင်လည်း စိတ်ကျိုး (Broken Heart) ကာ နလံမထူဘဲ ပုံလဲသွားတတ်ပါသည်။ ပြုစုပေဦး၊ ကုပေဦး တစ်လကိုးသီတင်း။

သည်လို သေဒဏ်အမိန့်ချသည့်နေ့တွင် သေဒဏ်အကျဉ်းသားကို ပြုစုထိန်းသိမ်းတတ်မှု (Treatment Style)သည် လွန်စွာ အရေးကြီးတတ်ပါ၏။ လက်ရှိဘဝ၊ လက်ရှိအခြေအနေကို တည်တည်ငြိမ် လက်ခံလာအောင် ဖျောင်းဖျရသည့်အလုပ်မှာ အမှန်ပင် လက်ဝင်ကာ စိတ်ရှည်ဖို့ သည်းခံဖို့ စာနာနားလည်တတ်ဖို့နှင့် ရင်တွင် မေတ္တာစိတ်အပြည့်ရှိနေဖို့ လိုပါသည်။ ကုထုံးတိတိကျကျမရှိသော စိတ်ကု 'ကုသိုလ်သည်' ဟုပင် ဆိုတန်ရာပါသည်။

''ဒါပေမယ့် ဆရာမပြောမဖြစ် ပြောရမယ့် စကားလေးတွေရှိနေတယ်။ ငါ့ညီတို့ နားထောင်ပေး။ စဉ်းစားပေး ဟုတ်လား''

''ဟုတ်ကဲ့. . . ဗိုလ်ကြီး''

''ကဲ. . . နားလည်းနားထောင်၊ အဲဒီကော်ဖီနဲ့ မုန့်ကလေးလည်း စားလိုက်ဦး။ မင်းတို့ ဒီနေ့ သောကတွေနဲ့ နပမ်းလုံးနေရတာ ထမင်း

လွတ်ပဲမဟုတ်လား။ မောလဲမောရောပေါ့။ ဆာလဲဆာပြီပေါ့။ စားလိုက်၊ စားရင်း သောက်ရင်းက ဆရာပြောတာကိုလည်း နားထောင်ပေး။ အဲဒီမုန့်က ဝယ်တာမဟုတ်ဘူးနော်။ မင်းတို့အစ်မအိမ်မှာလုပ်ပြီး ပို့ပေးလိုက်တာ''

ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်ကို ညွှန်ကာပြောရသည်။ သံယောဇဉ်များတစ်စင်း၊ မေတ္တာများတစ်စင်းကို ပစ်ခွင်းကြည့်လိုက်ခြင်းပါ။ ခမြာများ၏ စိတ္တယိက၊ ကာယိက ဒုက္ခဝေဒနာများကို သူ့နှယ်ထပ်တူခံစား၍ အာဟာရဖြစ်ဖွယ် အသားညှပ် အာလူးကတ်တလိတ်ကြော်နှင့် ကြက်သားမြူစွမ်ဟင်းချိုတစ်ချိုင့်ကို မိမိမဟေသီက တပ်သားစိုးပိုင်နှင့် ပေးပို့လျက် ကုသိုလ်ယူသည်။ သည်အစာ သည်အာဟာရကလေးများ ဝင်လေလျှင် ခန္ဓာကျန်းခံ့၍ စိတ်ကလေး အနားရစေချင်ပါသည်။

ကော်ဖီနှင့် မုန့်ကိုတို့၍ စမ်းကြည့်ရာမှ စားချင်ယောင်ပြုကြသည်။ သည်သို့သာဆိုလျှင်၊ သူတို့စိတ်အခြေအနေသည် ထင်ထားသလောက် ဆိုးဟန်မရှိသေးပါ။

''အခု ညီတို့ကို သေဒဏ်ဆိုတဲ့ ပြစ်ဒဏ်စီရင်ချက် ချလိုက်တယ်နော်''

''. . . . . . . . . ''

''ဒါပေမယ့် အခုသတ်လိုက်တော့လို့ ပြောသလား''

''မပြောပါဘူး။ ပြောလို့မရပါဘူး။ အခုချလိုက်တဲ့ ပြစ်ဒဏ်ဟာ ပြစ်မှုနဲ့ မျှတမှုမရှိပါဘူးခင်ဗျာ။ ပြစ်ဒဏ်ကို ပယ်ဖျက်ပေးဖို့ ပြင်ဆင်ပေးဖို့၊ ပြောင်းလဲပေးဖို့ အထက်ရုံးအဆင့်ဆင့်မှာ အယူခံဝင်ဖို့ ကိုယ့်ညီတို့မှာ ဥပဒေအရ အခွင့်အရေး အပြည့်ရှိနေသေးတယ်။ ပြည်နယ်တရားရုံး၊ တရားရုံးချုပ် (တစ်ဦးထိုင်)၊ တရားရုံးချုပ် (စုံညီ) ရုံးတွေမှာ အဆင့်ဆင့်ထိ တို့ရဲ့ အမှန်တရားအတွက် တိုက်ပွဲဝင်ခွင့် ရှိသေးတယ်။ ထားပါလေ သုံးနှစ်ပေါ့။ အဲဒီအယူခံတွေ ရှုံးရင် နိုင်ငံတော်အကြီးအကဲထံကို အသနားခံစာ တင်ခွင့်ရှိပြန်သေးတယ်''





''အယူခံတွေ အသနားခံတွေ ပြီးပြတ်လို့ ရှုံးခဲ့ဦး။ ကြိုးပေးခံပြီး သေရမလားတဲ့. . .။ လုံးဝမသေပါဘူး။ ဒီအစိုးရလက်ထက်မှာ တရားရုံးအဆင့်ဆင့်က သေဒဏ်ချမှတ်ခဲ့သူ အကျဉ်းသားတွေကို သေဒဏ်အတည်ပြုပြီး ကြိုးပေးခဲ့တာ တစ်ယောက်မှမရှိခဲ့ဘူး။ ဒါ (၁၉၈၈) ကနေစပြီး ပြောတာနော်။ တိုင်းဆူပြည်ဖျက် အရေးအခင်းကာလကြီးထဲမှာ ရက်ရက်စက်စက် တရားလက်လွတ် ခေါင်းဖြတ်သတ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေတောင် ဒီအစိုးရလက်ထက်မှာ သေဒဏ်အတည်ပြုပြီး ကြိုးမပေးခဲ့ပါဘူး။ အခုဆိုရင် လွတ်ငြိမ်းချမ်းသာခွင့် အမျိုးမျိုးနဲ့အတူ ပြစ်ဒဏ်တွေ ပြောင်းလဲပြင်ဆင်ခံစားခွင့်ပြုခဲ့လို့ သေဒဏ်က လွတ်မြောက်သွားကြပါပြီ''

အကဲခတ်ကြည့်ရသည်။ ကော်ဖီ၊ မုန့်နှင့် ဟင်းချိုကို ဆာဆာနှင့်စားနေကြပြီ။ မိမိစကားကိုလည်း မျှော်လင့်ချက်ကြိုးတစ်မျှင်အဖြစ် နားစွင့်နေဟန်ကို မြင်ရသည်။ တစ်ဆင့်တော့ ကျော်ဖြတ်နိုင်ခဲ့ပြီ။ ပင့်သက်ကို အသာခိုး၍ ရှိုက်လိုက်ရသည်။

''ဒီတော့. . .တို့တွေဘာလုပ်ကြမလဲ။ ဘာလုပ်သင့်သလဲ။ တရားရုံးက ချမှတ်တဲ့ပြစ်ဒဏ်ကို ယာယီလက်ခံလိုက်။ ပြီးရင် ဥပဒေလမ်းကြောင်းပေါ်မှာ တို့တရားဝင်ရထားတဲ့အယူခံမှုအခွင့်အရေးကို အသုံးပြုပြီး အမှုမှန်ပေါ်ပေါက်အောင်၊ မျှတတဲ့တရားစီရင်မှုဖြစ်အောင် ကြိုးစားရမှာပေါ့။ မဟုတ်ဘူးလား''

''အဘ၊ ကျွန်တော်တို့ အဲဒီလို လုပ်လို့ရသေးလားအဘ''

အာယုက မေးသည်။ အသက်ရှည်ရာအနာမဲ့ကြောင်း ရည်ရွယ်၍ အာယုဟု မိခင်က မြတ်မြတ်နိုးနိုးသညာပြုခဲ့သော သည်ကလေးကလည်း နှဲ့အောင်နှယ်အသက်နှစ်ဆယ် စွန်းစသာသာ လူငယ်ကလေးတစ်ဦးဖြစ်ရာသည်။ သူ့သူငယ်ချင်း နွဲ့အောင်အတွက် အဖော်ပြုရင်း သေဒဏ်နှင့်ဘိုးခဲ့ရသူကလေးပင်။ ငယ်ရွယ်ပျိုမျစ်မှု၏ နုသစ်သောသွင်ပြင်က စိတ်ဒဏ်ရများအောက်မှာပင် ရှင်သန်နေသေးသည်။

''ရှိပြီလား ညီရဲ့။ မင်းတို့ရဲ့ စီရင်ချက်မိတ္တူနဲ့ အမှုတွဲထဲက

အရေးကြီးတဲ့ ထွက်ချက်မိတ္တူတွေအားလုံး (C.R.O)ရဲ့အုပ်ဦးတင်ထွေးနဲ့ ပါလာခဲ့ပြီးသား။ စီရင်ချက်ချတဲ့ ဒီကနေ့ကနေ ရက်တစ်ပတ်(၇)ရက်အတွင်း တို့အယူခံပြီးအောင်တင်ရမယ်။ တင်ပြီးရင်နောက်အကျဆုံး (၃)လအတွင်းမှ မင်းတို့အဖြေတစ်ခုရမယ်. . . ကဲ''

''အဘ၊ ဒါဆိုကျွန်တော်တို့ ဘာလုပ်ရမလဲ''

''မင်းတို့မလုပ်ရသေးဘူး။ ဆရာလုပ်ရမှာ။ ဆရာက မင်းတို့ရဲ့ မှုခင်းဖြစ်ရပ်နဲ့ ဥပဒေအချက်အလက်တွေကို စိစစ်ပြီး မင်းတို့ရဲ့ ပြစ်ဒဏ်ကို ပယ်ဖျက်ဖို့၊ ပြင်ဆင်ပြောင်းလဲပေးဖို့ အယူခံရေးပြီး တင်ရမှာ။ အသနားခံတာ မဟုတ်ဘူးနော်။ အသနားမခံဘူး။ အမှန်တရားအတိုင်း မျှတတဲ့ စီရင်ချက် အပြစ်ပြန်သုံးသပ်ပေးဖို့ အထက်ရုံးကို အယူခံတင်မှာ။ အမှန်တရားအတိုင်း ဖြစ်ဖို့အတွက် တောင်းဆိုမှာ။ ဒီလိုလုပ်ဖို့အချိန်က ခုနစ်ရက်ပဲရတယ်။ ဒီတော့၊ ဒီအယူခံအချိန်မီ အမြန်ဆုံးတင်နိုင်အောင် မင်းတို့က ဆရာ့ကို ကူညီကြရမယ်''

''ကျွန်တော်တို့ ဘယ်လိုကူညီရမှာလဲ. . . အဘ''

ယိမ်းတိုက်ထားသည့်အလား သူတို့ထံက သံပြိုင်ထွက်လာသည်။ အသံတွင် ဝိညာဉ်လိပ်ပြာနိုးထလာသည့် ရနံ့ကို ရသည်။ သစ္စာတရားနှင့် လောကတည်၍ သစ္စာတရားပင် လောကကို ရှင်သန်ဝေစည်စေနိုင်သည် ဟု မိမိယုံသည်။ ဘုရားရှင်၏'ဝဋ္ဋသုတ်ပရိတ်တော်မြတ်'ပါ သစ္စာစွမ်းအင်၏ အကန့်အသတ်မဲ့ ကြီးမြတ်မှုမျိုးကို မိမိအမှန်ယုံသည်။ သည်လူငယ်နှစ်ဦးအတွက် မေတ္တာနှင့် သစ္စာတရားကို ခိုလှုံရာကွန်းသာယာအဖြစ် အရိပ်မိုးပေးထားချင်သည်။

''လွယ်ပါတယ်။ မင်းတို့လုပ်လဲလုပ်နိုင်ပါလိမ့်မယ်။ ပထမဆုံး အလုပ်က မင်းတို့ကျန်းမာရေးကို အလေးထားဂရုစိုက်ရမယ်။ မင်းတို့ ကိုယ်မင်းတို့ စောင့်ရှောက်ရမယ်။ စိတ်ရောကိုယ်ရော ကျန်းမာနေအောင် နေရမယ်။ ကြိုးစားရမယ်''

''ဗျာ''





''မဖျားနဲ့။ 'လက်နက်မစွဲ၊ သူရဲမမည်''တဲ့။ စစ်မြေပြင်ထွက်မဲ့ စစ်သည်သူရဲဟာ ရန်သူကိုဖြိုခွင်းဖို့ လက်နက်ကောင်းဆောင်ရတယ်။ ဒီလိုပဲ၊ အမှန်တရားတစ်ခုအတွက် ရှေ့ဆက်ခရီးနှင်မဲ့ ဒို့တစ်တွေကလည်း ကိုယ်ရောစိတ်ရော သန်စွမ်းပြီး ကြုံလာသမျှကို မတုန်မလှုပ် ဘာမထီ စိတ်နဲ့ ကြံ့ကြံ့ခံမဲ့ စိတ်အားသတ္တိ (Will power) လက်နက် မင်းတို့မှာ တပ်ဆင်ထားရမယ်ကွ''

မိမိက အားတက်သရော၊ လက်သီးလက်မောင်းမတန်းရုံတမယ်သာ ပြောပြဖြစ်သည်။ သူတို့မျက်လုံးကလေးတွေထဲတွင် ဝီရိယအလျဉ်များ ကူးစက်စီးဝင်ကာ အလင်းရောင်သဲ့သဲ့ကလေး လင်းလက်လာသည်ကိုလည်း စိတ်ကသိသည်။

''ပြီးတော့ရော အဘ''

နွဲ့အောင်က ဝင်လောသည်။ ယိုင်နေသောစိတ်ကလေး ဆောက်တည်ရာ ရရှာပေပြီ။

''ပြီးတော့. . . ၊ မင်းတို့ဆရာ့ကို အမှန်တွေကိုပဲ ပြောပြရမယ်။ မင်းတို့ဘဝ၊ မင်းတို့ဇာတ်ကြောင်း၊ မင်းတို့ရဲ့မှုခင်းအဖြစ်အပျက်၊ မင်းတို့နဲ့ ဆက်နေနွယ်နေတဲ့ အမှုကြောင်းတွေ အိတ်သွန်ဖာမှောက်တစ်လုံးမကျန် ဆရာသိချင်တယ်။ မင်းတို့ဘဝကို မင်းတို့သိထားသလို၊ သိထားသလောက် ဆရာသိချင်တယ်။ အရောင်မခြယ်နဲ့။ ပရိယာယ်မများနဲ့။ အမှန်ကို အမှန်အတိုင်း စကားသစ္စာကိုပဲ ဆရာသိချင်တယ်''

''. . . . . .''

''ဆရာပြောတဲ့ အချက်နှစ်ချက်ကို မင်းတို့က ကြိုးစားဆောင်ရွက်ပေးရင် ဆရာက မင်းတို့ရဲ့သေဒဏ်စီရင်ချက်ဆိုတာကြီးကို သုံးလအတွင်း ပျက်အောင်ဖျက်ပေးမယ်။ ဥပဒေနဲ့အညီ တုံ့ပြန်ဆောင်ရွက်ပေးမယ်။ အမှန်တရားသစ္စာတစ်ခုအတွက် မင်းတို့ရှေ့မှာ ဆရာမတ်မတ်ရပ်ပေးမယ်. . . ကဲ. . . ဘယ်လိုလဲ။ စိမ်မလား''

''ဘယ်တော့စကြမလဲ ဆရာ. . .''

နွဲ့အောင်စကားသံက ပြတ်သည်။ မာသည်။ အဆုံးတိုင် သံမဏ္ဍာန် ခိုင်မာပြီးသည့် သည်အသံသည် ရင်ကလာမှန်းသိသာသည်။

''ကျွန်တော်တို့ကို ကယ်ပါအဘရယ်. . .''

အာယုအသံက သိပ်မခိုင်ကျည်ချင်။ တုန်ယင်ချည့်နဲ့ချင်သေးသည်။ သံမှန်သို့ မရောက်တတ်သေး။ အသက်ဆက်ရှင်သန်ဖို့ ဆေးတစ်ခွက်ဖြင့် ရှောရှောရှူရှူဝင်သွားပါပြီ။ ဆေးစွမ်းလည်းပြသင့်သမျှပြပါ သည်။ ဆေးပတ်မလည်သေး။ အချိန်ပေးရဦးမည်။ သင့်နိုးရာရာ သည်းခံစောင့်ဆိုင်းတတ်ခြင်းသည်လည်း အနုပညာတစ်ရပ်ပင်ဖြစ်သည်လေ. . .။

''ဒီလောကမှာ ဘယ်သူက ဘယ်သူ့ကို ဘယ်လိုမှကယ်မရဘူးကွ။ ကိုယ့်ကိုယ်ကို ကယ်မှရတယ်။ ဒါကြောင့် ဒို့ရှင်တော်ဘုရားက ဟောတော်မူတာပေါ့။ 'အတ္တဟိ အတ္တနော နာထော'တဲ့။ ကိုယ့်ကိုယ်ကိုချစ်၊ ကိုယ့်ကိုယ်ကိုကယ် လို့ပြောတာကွ လူလေးတို့ရဲ့''

အသံသြသြ၊ ကြည်ကြည် မာမာပြတ်ပြတ်ကို ကပ်လျက် အခန်းမှကြားလိုက်ရသည်။ ကိုယ့်ကိစ္စ၊ ကိုယ့်ဇာဖြင့်သာ အာရုံကျနေမိကြသော မိမိတို့သုံးဦးက အသံလာရာကို ပြိုင်တူကြည့်မိရသည်။

လူသူတော် စိန်မျက်ခုံး။

မနေ့ညနေပိုင်းက မိမိတိုက်ပိတ်ခိုင်းသဖြင့် အိပ်ဆောင်အမှတ်(၆)မှ (၁)တိုက်အခန်း(၁၂)တွင် ရောက်ရှိနေသည့် ထောင်ကျအကျဉ်းသား။ အသက်အရွယ်က ခြောက်ဆယ်စွန်းစ၊ လုံးတန်ရပ်တန်။ အသားလတ်လတ်။ ဆံပင်တိုတို မျက်နှာလေးထောင့်နှင့် မျက်ခုံးများက သိသိသာသာကောင်းလွန်းသည်။ အဖြူတချို့စွက်နေပြီဖြစ်၍လည်း မျက်ခုံးဖြူမဲနှင့်မို့ ကြည့်ရသည်မှာ ထူးခြားသည်။ တည်ငြိမ်အေးဆေးသည့် မျက်နှာနှင့် ခန့်ညားသည့် ဥပဓိက ကြည်ညိုဖွယ်ရှိ၏။ တစ်ဖက်ခန်း တံခါးသံတိုင်များကြားမှ မိမိတို့၏စကားများကို နားစွင့်နေဟန်ရှိပါသည်။ ယခုစကားအဆက်အစပ်ကလေးနှင့် လှမ်း၍ပြောလိုက်ခြင်းက မိမိတို့ကိစ္စကို





သူကလည်း စိတ်ဝင်တစားရှိနေမှန်း သိသာလှသည်။

သူတပါးသေရေးရှင်ရေးကိစ္စမို့ ဝင်မစွက်ဖက်ကောင်းသဖြင့်သာ ငြိမ်နေကြသော်လည်း (၁)တိုက်ရှိ အကျဉ်းသားတိုင်း သည့်ကိစ္စသည်အရေးကို စိတ်ဝင်စားနေကြလေသည်သာ။

''အော်. . . ထောင်မှူးကြီး၊ ခွင့်မပန်ဘဲ ဝင်ပြောမိတာ ခွင့်လွှတ်ပါခင်ဗျာ။ သည်ကလေးနှစ်ယောက်အပေါ်မှာပဲ စေတနာလွန်ကဲသွားမိလို့ပါ။ နောက် ထောင်မှူးကြီးကြိုးပမ်းနေတာလေးတွေ အရာထင်စေချင်တယ်လေ။ ကလေးတွေရဲ့ ကံကလည်း ဥပစ္ဆေဒကကံနဲ့ ဆုံးပါးဖို့မရှိတာမြင်ထားလို့ပါ''

စိတ်ဆိုးရန်ကလည်း အခက်သား။ ပြောစကားက စေတနာပါသည်။ လက်ငင်းလက်တွေ့ မိမိအလုပ်ကိုလည်း အထောက်အပံ့ပြုနိုင်သည်။ ပြောရလျှင် သူ့အပေါ်သာ ယုံကြည်မှုပို့ခဲ့လျှင် သည်ကလေးတွေ၏စိတ်ဒဏ်ရာကို သူတို့ဘာသာပင် ကုစားနိုင်လေဦးမည်။ သည်တော့. . .''

''ရပါတယ်ခင်ဗျာ။ အိပ်ဆောင်တွေမှာက အသိဉာဏ်နည်းတဲ့သူတွေသာများကြတာကိုး။ ဟိုစကားကြား၊ သည်စကားကြားနဲ့ တောင်တောင်အီအီတွေ ဖြစ်လာမှာစိုးလို့သာ ဒီတိုက်ကို ပြောင်းခိုင်းထားတာပါ။ နေရတာ အဆင်ပြေရဲ့လား''

''ပြေပါတယ် ထောင်မှူးကြီး။ ဘယ်နေရာပဲဖြစ်ဖြစ်ပါ။ ကိုယ့်ကိုယ်နဲ့ကိုယ့်စိတ်တည့်နေရင် နေဖြစ်တာပါဘဲ။ ဘယ်လောက်ဆိတ် ငြိမ်အေးချမ်းအဆင်ပြေတဲ့နေရာနေရပါစေ၊ ကိုယ့်စိတ်နဲ့ကိုယ့်ကို သပ္ပါယ မဖြစ်ရင် နလုံးစိတ်ဝမ်းဘယ်အေးချမ်းမလဲ။ ဘဝဆိုတာနေတတ်ရင် ကျေနပ်စရာပါ။ အဆင်ပြေပါတယ်. . . အဆင်ပြေပါတယ်''

သည်လိုတော့လည်း အဟုတ်ပေသား။ ရောက်ရာအရပ်မှာ သင့်အောင်နေမည့်သူပေတကား။ တရားအခံကလေး ရင်မှာကိန်းတည်ရှိရှာပေသား။

''ကျွန်တော့် ဒီကလေးနှစ်ယောက်ကိုလဲ ကြည့်ရှုပေးမပေးပါဦး။ ကလေးတွေက အသက်ကငယ် အတွေ့အကြုံကနုနု၊ ကျလာတဲ့ပြစ်ဒဏ်ကြီးက မချိမဆံ့ဆိုတော့ ဒီအချိန်စိတ်သာမထားတတ်ရင် ရူးချင်စရာကြီးပါ။ ဒါပေမဲ့ သူတို့အမှုက အကြောင်း(Law Ground)ကောင်းပါတယ်။ အယူခံမှာ တစ်ခုခုတော့ထူးခြားမှာပါ။ ဒါကြောင့်လဲ ကြိုးစားနေရတာပါ''

''သာဓုပါ ထောင်မှူးကြီးရယ်။ ကလေးတွေရဲ့ ကုသိုလ်တွေရဲ့ ကုသိုလ်ကံပဋ္ဌာန်းဆက်ကလေးတွေ ကောင်းပါသေးရဲ့။ ''ဖြစ်ချင်တာက ဆန္ဒ၊ ဖြစ်နိုင်တာက သဘာဝ၊ ဖြစ်သင့်တာက 'စ,လုပ်၊ တကယ်လုပ်အဟုတ်ဖြစ်တယ်''တဲ့ လူလေးတို့ရဲ့''

''လောကကြီးမှာလေ၊ လူတိုင်းလူတိုင်းဖြစ်ချင်လိုက်တဲ့ဆန္ဒတွေ ဆန္ဒတွေပဲဟာလေ များမှများ။ ပေါမှပေါ။ အနတက္ကမပဲ။ ဒါပေမဲ့ ဆန္ဒတိုင်းက ဖြစ်နိုင်ကြတာမဟုတ်ဘူး။ ဖြစ်လာကြတာ မဟုတ်ဘူး။ သဘာဝ (Law of Nature)ရဲ့ ဘောင်ထဲမှာ အံ့ဝင်ခွင်ကျ ဝင်ဆံ့မှသာ အဲဒီလို ဆန္ဒမျိုးက ဖြစ်နိုင်တာ။ သဘာဝနဲ့ အံလွဲနေရင် ဆန္ဒဘယ်လောက်ပြင်းပြပြင်းပြ ဖြစ်မလာနိုင်ဘူး''

''ဖြစ်နိုင်တဲ့ ဆန္ဒတွေထဲမှာလည်း ဖြစ်သင့်တဲ့ဆန္ဒ၊ မဖြစ်သင့်တဲ့ ဆန္ဒဆိုတာ ရှိလာပြန်ရော။ ကိုယ့်ဝန်းကျင်၊ကိုယ့်အသိုင်းအဝိုင်း ကိုယ့် Comunity၊ ကိုယ့်ယဉ်ကျေးမှုနဲ့ သဟဇာတမဖြစ်ရင်၊ သူတပါးရဲ့ ဆန္ဒတွေ အကျိုးစီးပွားတွေကို ဟန့်တားပိတ်ဆို့အကျိုးမဲ့ဖြစ်စေမယ်ဆိုရင် အဲဒီဆန္ဒမျိုးကို ပယ်ရပြန်ရော၊ ချိုးနှိမ်ရပြန်ရော''

''သဘာဝနဲ့ လိုက်လျောညီထွေရှိလို့ ဖြစ်နိုင်တဲ့ဆန္ဒတွေထဲက ဖြစ်သင့်တာတွေကို ရှေ့နောက်တန်းစီလိုက်၊ အဖြစ်သင့်ဆုံးက စပြီးလုပ်။ လုပ်ပြီဆိုရင်တော့ မဆုတ်မနစ်နောက်မဆုတ်တမ်းလုပ်။ တကယ်လုပ်ရင် အဟုတ်ဖြစ်ရမှာပေါ့။ ဒါ အဘရဲ့ဘဝ နေနည်း အကျဉ်းချုပ်ပဲ''

စကားစကို သူရပ်လိုက်သည်။ ပြင်းပြထက်သန်စူးရဲသည့် သူ့ယုံကြည်စိတ်၏ စွမ်းအင်များက သူ့စကားခွန်းတိုင်းတွင် တောက်လောင်ပြည့်





ွမ်း၍နေသည်။ အားအင်ရှိလှပေသည်။ အမှတ်မထင် သူ့အား သည် လေးများ၏ အခန်းရွှေ့ပို့ပေးခဲ့သည့် မရည်ရွယ်ဘဲ ဖန်လာသော ကိုပင် ကျေးဇူးတံ့တင်ဆိုချင်မိရသည်။

နွဲ့အောင်နှင့် အာယုတို့လည်း သူ့ကိုအားကိုးတကြီးကြည့်နေကြသည်။ ကော်ဖီ၊ မုန့်နှင့် ဟင်းချိုလည်း ကုန်လေပြီ။ တက်တက်စင်ပြောင်နေပါပြီ။ စိတ်အာဟာရ၊ ရုပ်အာဟာရဝင်လေပြီ ဖြစ်၍ မျက်နှာကလေးများ အရည်အဆင်းကြည်လာသည်။ ညစ်ထေးမှုန်မှိုင်းသော သောကရိပ်တို့ အတန်မျှပါးလျလာသည်။

''ဟုတ်ပါတယ်။ ကျွန်တော်လည်း ဒါပဲပြောချင်တာပါ။ သေဒဏ်ဆိုတာက ခရိုင်ရုံးတရားသူကြီးရဲ့ စီရင်ချက်ပါ။ အဆုံးသတ်တစ်လမ်းသွားအမိန့်တစ်ရပ်မဟုတ်သေးပါဘူး။ ကန့်သတ်ထားတဲ့ကာလအတွင်းမှာ ထုံးပုံနည်းကျ အယူခံဝင်မယ်။ ကျွန်တော်တို့မှာ အခွင့်အရေးရှိသေးတယ်။ ရှိနေတယ်။ ဒီကလေးနှစ်ယောက်ကသာ ဟုတ်တိုင်းမှန်ရာကို ရဲရဲကြီးပြောခဲ့ရင် သင့်လျော်မှန်ကန်တဲ့ အဖြေတစ်ရပ်ကို ဥပဒေနဲ့အညီ ကျွန်တော်တို့ ဖန်တီးယူနိုင်သေးတယ်။ လိုနေတာက အချိန်ရယ်။ အမှန်တရားရယ်။ ဒါပါပဲ''

ဝင်းဝင်းလက်လာသော သူတို့နှစ်ဦး၏ မျက်ဝန်းရိပ်၌ လူငယ်တို့၏ မာန်နှင့် ဖြူစင်သော သတ္တိကို မြင်နေရပါသည်။ စိတ်တွေညှိုးရော်ခွေပျောင်းကာ ကံပြုပြင်စီရင်သမျှခံလေတော့မည်ဟူသည့် နုံသော၊ သိမ်ဖျင်းသော အတွေးတို့ သွေးရောင်လျှမ်းလာကာ အကြောအခြင်တို့ သိမ်သိမ်မွေ့မွေ့အလှုပ်အခတ်ရှိသည်။

''ကဲ လူကလေးတို့၊ ဒါလောက်ဆိုရင် လူကလေးတို့ဘာလုပ်သင့်တယ်ဆိုတာ ရှင်းပြီထင်တယ်။ ထောင်မှူးကြီးက လူကလေးတို့ကို ဥပဒေဘောင်စည်းဝိုင်းထဲက ကူညီပေးမယ်။ အဘကတော့ လောကုတ္တရာလို့ ပြောတဲ့ လောကီကလွန်မြောက်တဲ့ 'ဂမ္ဘီရနယ်၊ ဂမ္ဘီရလမ်း'ပေါ်က ဝိုင်းကူမယ်။ လူကလေးတို့က သစ္စာတရားအတိုင်း ဟုတ်တိုင်းမှန်ပိုင်း မှန်ရာကို

ပြောပြဖို့ပဲ. . . ဘယ့်နှယ့်လဲ''

ဦးသူတော်ကြီးက သူတို့မှာန်ကို ပုတ်၍ရှိုးသည်။

''ကျွန်တော်တို့ရဲ့ ကိစ္စကို၊ ကျွန်တော်တို့ထက်ပိုပြီးနားလည်ခံစား ဆောင်ရွက်ပေးနေတဲ့ ထောင်မှူးကြီးဟာ ကျွန်တော်တို့ရဲ့ အမေ၊ အဖေပါ။ ထောင်မှူးကြီးရော. . .ဒီက အဘဦးသူတော်ကြီးရော ကျွန်တော်တို့အပေါ် ထားတဲ့စေတနာမေတ္တာတွေ အလကားမဖြစ်စေရပါဘူး။ နောင်မှပဲ ဘာတွေဖြစ်လာလာ၊ ကျွန်တော်တို့ဘဝရဲ့အကြောင်းတွေကို အဘထောင် မှူးကြီးကို ပြောပြပါမယ်။ ပြစ်ဒဏ်က လွတ်ချင်တာထက် လောကရဲ့ အမှန်တရားကို စိမ်ခေါ်ချင်လို့ပါ။ အမှန်အတိုင်းပြောပါမယ် ခင်ဗျား''

နွဲ့အောင်၏ စကားက ရှင်းလင်းတိကျသေသပ်သည်။ သည်မျှဆို လျှင်ပင်၊ သည်ကလေးတွေအတွက် စိတ်ချရပြီ။ အနာဂတ်မပျောက်ဆုံး သေးသရွေ့၊ မျှော်လင့်ချက်တွေ ရှင်သန်ဖို့အခွင့်အရေးရှိနေသေးသရွေ့ ထိုလူသား၏ လားရာကို ယုံကြည်နိုင်ပါသည်လေ. . . ။

''အေး ဒါဆိုရင်၊ မင်းတို့စိတ်အေးလက်အေးနားတော့။ ရေမိုးချိုး။ အိပ်ချင်ရင် အိပ်လိုက်ဦး။ ထောင်ပိတ်ပြီး ရုံးနာရီလောက်မှ ဆရာလာ မယ်။ အဲဒီတော့မှ အလုပ်စကြစို့။ ညနေစာတော့ ဆရာ့အိမ်ကပဲ ပို့ပေး လိုက်မယ်။ ဘာမှ သောကတွေတွေးမနေနဲ့။ ဟုတ်ပလား''

''ဟုတ်ကဲ့. . . အဘ''

''အော်. . . ဒါလေးယူထားလိုက်ဦး။ ဘာလဲဆိုတာတော့ မင်းသိမှာ ပါ''

မိမိက သင်းပျံ့ပျံ့လက်ကိုင်ပဝါဖြူလေးတစ်ထည်နှင့် ပျားရည်စိမ် ထားသော မချစ်ဥဆေးဘူးလေးကို ကမ်းပေးလိုက်သည်။

မိမိထံ ကမ်းလင့်ယူငင်လေသော နွဲ့အောင်၏လက်က အနည်း ငယ် တုန်ချင်သည်။ သည်ပစ္စည်းကလေးနှစ်ခုအပေါ် မြတ်နိုးခုံမင်စွာ ကြည့်သော အကြည့်က သစ္စာပန်းဖြူဖြူတစ်ပွင့်အပေါ် လွမ်းရိပ်၊ ကြည် နူးရိပ်တို့၏ အငွေ့အသက် ပျပျထင်သည်။

---

**စိတ်ကူးသာ်စာပေ**



သစ္စာတရားသည် မသေ။

သစ္စာတရားဟူသည် ပျက်သုဉ်းပျောက်ကွယ်ရလေမည့် အရာမ ဟုတ်ချေတကား။

လျှပ်ပန်းခွေနွဲ့. . . လေသွဲ့ယူငင်ရာ ကောင်းကင်အလင်းအိမ်၌ အိမ်တိုက်ဖြူဖြူတစ်အုပ်တို့ အဆုပ်လိုက်အထွေးလိုက် ပြေးသွားနေကြ သည်မှာ လွတ်လပ်ပေ့ါပါးလှ၏။

မိမိလည်း ထွက်သက်လေကို ဖွဖွမှုတ်ကာ ခြေလှမ်းပြင်သည်။

✿✿✿✿✿

## (၄)

''ဆရာ''

''ဟေလကွာ''

တပ်သားဦးပိုင်က ထမင်းချိုင့်တစ်ဖက်၊ အထုပ်တစ်ဖက်ဆွဲ လျှက် တိုက်သံဆူးကြိုးဝင်းအတွင်း ဝင်လာသည်။ ဘာတွေလုပ်လာခဲ့ပြန်ပြီနည်း။

''ထောင်ပိုင်ကြီးက ပို့ခိုင်းလိုက်တာဆရာ။ နွဲ့အောင်နဲ့ အာယုအတွက်တဲ့''

ရင်ထဲမှာ နွေးခနဲဖြစ်သွားသည်။ အကျဉ်းထောင်တစ်ခု၏ အကြီးဆုံး၊ အဆင့်အမြင့်ဆုံး တာဝန်ရှိသူထောင်ပိုင်ကြီးက သည်ကနေ့မှ သေဒဏ်စီရင်ချက် ချမှတ်ခြင်းခံရသည့် အကျဉ်းသားအတွက်စားဖို့ ထမင်းနှင့်ဟင်းကို တကူးတကပို့၍ ပေးလေသည်. . . တဲ့။ မျက်မြင်ပေမို့သာ။ ရင်ထဲမှာ လှိုက်လာအောင်ပင် ကြည်နူးမိရပါသည်။

''အေး. . . ။ ဟို အထုပ်တွေကရော''





''ဒါက အိပ်ဆောင်တွေက စုပြီး ထောက်ပံ့ကြတဲ့ စားသောက်စရာနဲ့ အဝတ်အထည်တွေပါ။ တစ်ဆောင်ကို တစ်ထုပ်နဲ့ ငါးထုပ်ပါဆရာ။ ဒါက မိန်းမဆောင်ကပါ။ သူတို့ကတော့ စားစရာထုပ် အပြင် စာကလေးပါသေးတယ် ဆရာ. . . ဒီမှာ''

*''ကိုနွဲ့အောင်. . . ,*

*အားမငယ်ပါနဲ့။ စိတ်ဓာတ်မကျပါနဲ့။*

*အားတင်းထားပါဦး။*

*အယူခံအတွက် လူရောစိတ်ရောပြင်ဆင်ထားပါ။*

*အယူခံမှာ စာရွက်စာတမ်းအတွက်သုံးဖို့ ကုန်ကျသမျှကိုကျွန်မတို့ မိန်းမဆောင်က တာဝန်ယူပါမယ်။*

*မကြာခင် ကိုနွဲ့အောင်ရဲ့ တေးသံကို ပြန်ကြားခွင့်ရပါရစေ။*

*အစ်မနဲ့ ညီမများ''*

ဆွတ်ကြွင်ရလွန်း၍ ရင်အပြင်သည်ပင် ထုံနေပေပြီ။ သည်စားရာနှင့် အဝတ်အထည်ထုပ်များကို သူတို့နှစ်ဦးအားခွဲပေးလိုက်သည်။ သည်ပစ္စည်းထုပ်များပေါ်သို့ မျက်ရည်စက်များ ပိုးပိုးပေါက်ပေါက်ကျလာလေမှ သူတို့ငိုနေကြမှန်းမိမိသိသည်။

''ဒီတစ်ခါငိုတာ ဝမ်းနည်းလို့မဟုတ်တော့ပါဘူး အာဘရယ်။ ဝမ်းသာလွန်းလို့ပါ။ ကျွန်တော်ငယ်ငယ်လေးကတည်းက အတူနေပြီး ဘစ်ဘဝလုံးစည်းစိမ်ချမ်းသာတွေ တိုးသထက်တိုးအောင် ကိုယ်နဲ့ရင်း၊ အသက်နဲ့ရင်းပြီး ရှာဖွေပေးခဲ့တဲ့ ကိုယ့်ကျေးဇူးခံတွေက ဘယ်လိုမှမထင်ထားဘဲ ရက်ရက်စက်စက်သေတွင်းပို့လိုက်လို့ ဒီလောကကြီးကို စိတ်နာနေတာ အမှန်ပါ။ သေဒဏ်အမိန့်ကြားလိုက်ကတည်းက ကြိုးပေးမဲ့နေ့အထိမစောင့်ဘဲ ကိုယ့်ဘဝကိုယ် အဆုံးစီရင်ဖို့ စိတ်ကူးထားခဲ့တာ။ ဒါပေမဲ့. . . ဒီကနေ့လိုမျိုး ဆွေမတော်မျိုးမစပ်တွေက ဝိုင်းကြဝန်းကြဖေးမကြကူညီကြ။ တစ်သက်နဲ့ တစ်ကိုယ် စဉ်းစားတောင်မကြည့်ခဲ့ဘူးတဲ့ စေတနာမေတ္တာတွေပါ။ ကျွန်တော့်မှာ ခင်တွယ်စရာ ဘကြီးတစ်ယောက်ပဲရှိတော့

တာပါ။ အခု သာသနာ့ဘောင်ဝင်သွားပါပြီ။ ဆွေရင်းမျိုးရင်းဆိုလို့ ဒီကောင် အာယုတို့မိသားစုပဲ ရှိတာ။ အခုတော့ ကျွန်တော့်မှာ မိဘရယ်၊ ညီအစ်ကိုမောင်နှမတွေရယ်၊ များမှများပါလား အဘရယ်။ ကျွန်တော်ဝမ်းသာလိုက်တာခင်ဗျာ. . . ”

ပြောရင်းငို၍ ငိုရင်းပြောရှာလေသည်။

အာယုကတော့ နွဲ့အောင်လိုတဖွဲ့တနွဲ့ မပြောတတ်။ မျက်ရည်လည်ရွဲသာ ငိုနေရှာလေသည်။ သို့တစေ ဘဝကို နာကြည်းသော၊ စိတ်ပျက်အားလျော့သော၊ လက်မြှောက်အရှုံးပေးသော မျက်ရည်များဖြင့် မဟုတ်လေပါ။ အနာဂတ်အတွက်အားသစ်သော၊ မေတ္တာတရားအတွက် ကြည်နူးသော၊ လောကသစ္စာတရားအတွက် ယုံကြည်ကိုးစားသော မျက်ရည်များသာ။

သည်တစ်ဒဂ်ကိုဖြင့် မိမိဘဝ စာမျက်နှာတွင် မေ့ပျောက်မရနိုင်အောင်ပင် အမှတ်ထင်ထင်ရှိနေတော့မည်။

မေတ္တာစေရာ ထိုထိုအရပ်၌ သင်းပျံ့မွှေးကြူသော အအေးဓာတ်၊ အငြိမ်းဓာတ်တို့အစဉ် တည်နေတတ်သည်သာ။

သည်သို့သာလျှင်. . . ။

✿✿✿✿✿

# အပိုင်း(၈)

# လျှပ်ပန်းခွေနွဲ့၊ လေသွဲ့ယူငင်

ဝန်းကျင်တွင် ညနေရီ၏ အလင်းမှုန်များနှင့်အတူ ဆောင်းဦးည အရိပ်အယောင်ဖြစ်သော ဆောင်းငွေ့က သီသီဝေ့သည်။ မှုန်မှုန်မှုား နေလုံးရယ်ဟု သိသာရုံမျှ နေဝန်းက အနောက်ဘက်စစ်ဖန္ဓယ်လုံတော တန်းကြီးပေါ်တွင် တွဲရရွဲမေးတင်နေရာမှသည် တရိပ်ရိပ်ဖြင့် ထိုးက ပျောက်ကွယ်သွားပြီ။

တောင်ယာလယ်ကွင်းများဆီက မီးခိုးငွေ့များက ဟိုနေရာ၊ သည် နေရာတစ်ကွက်ဆီမှ လွင့်၍လွင့်၍တက်နေသည်။ လေကလည်း တဖြည်း ဖြည်းသိပ်သည်းလာပြီး အေးသည်ထက်အေးလာနေသည်။ ရေခဲတော တန်းများ၏ အနီးဆုံးအရပ်ဒေသဖြစ်၍လည်း တောင်ရိပ်က ပို၍အေး သည်။

နေညိုစပြုချိန်ကပင် စောနွဲ့ဘီတောင်နှင့်သူညီ စောနွဲ့ထိန်တို့သည် အောက်ဆန်ဂေါင်ရွာကြီးကို ကျော်ခဲ့ကြပြီ။ ရဝမ်နှင့် လီဆူးလူမျိုးများ နေထိုင်ကြပြီး အိမ်ခြေတစ်ရာကျော်၊ လူဦးရေ ရဝဝကျော်နေထိုင်ကြသော သည်ရွာကြီးသည် လွန်ခဲ့သော သုံးနှစ်ခန့်ကပင် စတင်ကာ စည်ကား ဖွံ့ဖြိုးလာခဲ့သည်။





"လွန်ခဲ့တဲ့ သုံးနှစ်လောက်က လူတွေသွားလိုက်၊လာလိုက်ကြတာ များပန်းခတ်ပဲ။ ဆေးမြစ်ဆေးဥပွဲစားတွေ၊ တရုတ်လောပန်တွေရဲ့ ကိုယ်စားလှယ်တွေ၊ ကုန်သည်တွေ ရေခဲတောင်ပေါ်ကထွက်တဲ့ ဆေးမြစ်၊ ဆေးဥတွေကို အလုအယက်ဝယ်ယူကြတဲ့အချိန်၊ ဒေသခံတွေပြောပုံအရ 'စိတ်ရူးထချိန်'ကပေါ့။ ဆေးမြစ်တူးသူကတူး။ ဝယ်သူကဝယ်၊ အရက်ထမ်းပြီးရောင်းသူကရောင်း၊ မုန့်ရေဆမ်း(မြေပြန့်မုန့်ဟင်းခါးနှင့်ဆင်တူသည်)ရောင်းသူကရောင်းနဲ့ များပန်းခတ်စည်ကားပြီး လူစုလူဝေးကြီးတွေ ခြေချင်းလိမ်နေခဲ့တာပေါ့"

နှင်းပွင့်ကလေးများပက်ဖြန်းထားသည့် တောလမ်းကလေးကို ဖြတ်ရင်း သူ့မိတ်ဆွေရဝမ်ကြီးရခွီဖုန်က သူ့ကို ရှင်းပြခဲ့သည့် စကားသံကို ပြန်လည်သူကြားယောင်မိသည်။

ဟုတ်ပါသည်။ ထိုအချိန်က မိမိသည်ပင်လျှင် ကချင်ပြည်နယ်ရှိ သည်ရေခဲတောင်ကြီးပေါ်တက်ကာ အဖိုးတန်ဆေးမြစ်၊ ဆေးဥများ တူးယူရောင်းချသည့် အလုပ်ကို စီးပွားရေးလုပ်ငန်းတစ်ခုသဖွယ် ဇောက်ချလုပ်ကိုင်ခဲ့ဖူးသေးသည်။ များပန်းခတ်ခြေချင်းလိမ်နေခဲ့ကြသော လူအုပ်စု၊ အစုအဝေးကြီးတွင် သူတို့လည်း အဝင်အပါဖြစ်ခဲ့ဖူးသည်။

အထက်ဆန်ဂေါင်၊ အောက်ဆန်ဂေါင်ဝန်းကျင်တစ်ကြောနှင့် စစ်ဖန္ဓယ်လုံတောင်တန်းကြီးတစ်ခွင်တွင် ခြေရာချင်းထပ်မျှအလုပ်လုပ်ခဲ့ကြသည့် ထိုနေ့များကို သတိရမိသေး၏။

မြန်မာပြည်မြောက်ဖျားစွန်း ရေခဲတောင်ပေါ်တွင် ပေါက်ရောက်သော ဆေးဘက်ဝင်အပင်၊ အမြစ်နှင့်ဥများကို တစ်ဖက်နိုင်ငံတရုတ်ကုန်သည်များက ဈေးကောင်းပေးကာ ဝယ်ယူခဲ့ကြသဖြင့် ၁၉၅၆ခုနှစ်ခန့်က စတင်ကာ သည်ဗရဆေးပင် ရှာဖွေခြင်းလုပ်ငန်းက ခေတ်ထလာသည်။ စောနွဲ့ဘီတောင်တို့လို ဘိုးဘေးဘီဘင်လက်ထက်ကတည်းက ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာလုပ်ငန်းသဖွယ် လုပ်ကိုင်ခဲ့သူများသာမက ယခင်က စိတ်မဝင်စားသူများပင်လျှင် သည်အလုပ်ကို အလုအယက် လုပ်လာ

ကြသည်။

အထူးသဖြင့် သူတို့၏ ကျေးဇူးရှင် စဝ်ဖန္ဒယ်လုံတောင်တန်းကြီး ပေါ်တွင် မချစ်ဥ၊ ခန်းတောက်မြစ်၊ မရှော့ရွက်စသည့် ပရဆေးများသာ မက တောင်ဆိတ်၊ ကတိုးစသည့် အဖိုးတန်တိရစ္ဆာန်များကလည်း ပေါ များလွန်းလှသည်။ သည်ရှားပါးရတနာများကို ယူ၍မကုန်နိုင်လောက် အောင်ပင် ရက်ရက်ရောရောပေးစေနေသည့် သည်မြေ၊သည်ရေ၊သည် တောင်တန်းကြီး၏ ကျေးဇူးကား တုဖွယ်နှိုင်းဖွယ်မရှိ။

မချစ်ဥကို ရဝမ်ဘာသာစကားဖြင့် 'မဂျစ်'၊ လီဆူးဘာသာစကား ဖြင့်'ပိုမိုး'၊ ခန္တီးရှမ်းဘာသာစကားဖြင့်'ယာမလိုနွယ်'၊ တရုတ်ဘာသာစကား ဖြင့်'လမုံ' ဟုခေါ်ဆိုကြပြီး၊ မြန်မာဘာသာဖြင့် မချစ်ဥ၊ မသေဆေးဥ၊ ဂမုန်းသက်ရှည်ဥ ဟုခေါ်ကြပြန်သည်။

မချစ်ဥမှာ ကြက်သွန်ဖြူဥနှင့် ဆင်ဆင်တူသည်။ အရသာမှာ လွန်စွာခါးသည်။ ရေခဲတောင်တန်းကြီးများပေါ်တွင် ရေခဲများဖုံးအုပ်နေချိန် ၌ အစို့အညှောက်အပင်အဖြစ် ပေါက်ရောက်ကြပြီး ရေခဲများပျော်ချိန်တွင် အမြန်နှုတ်ယူကြရ၏။ သက်စွန့်ဆံဖျား နှုတ်ကြရသည်သာ။

ခန်းတောက်ပင်ကို အရွက်ထက်အမြစ်အားပို၍ အသုံးပြုကြသည်။ အနည်းဆုံးသုံးနှစ်သက်တမ်းရှိသည့် အပင်၏ အမြစ်မှာ ခြောက်လက်မ ရှစ်လက်မခန့်အထိရှည်တတ်ပါသည်။ နနွင်းတက်အတွင်းသားနှင့် တူ ယောင်ရှိသည်။ ခန်းတောက်မြစ်လည်း ခါး၏။ ရေတွင်စိမ်၍ သောက်ရ အဖျားအမျိုးမျိုးနှင့် ငှက်ဖျားပျောက်သည်ဟု ဒေသခံတို့က ယုံကြည် သည်။ သွေးထွက်သံယိုဖြစ်လျှင် အမြစ်ကို ထုထောင်းပြီး ကြိတ်၍ အုံရသည်ဟု ဒေသနေတိုင်းရင်းသားတို့က ဆိုကြပါ၏။

မချစ်ဥသည်လည်း ခါး၍ အပူဓာတ်ရှိသည်ဟုဆိုသည်။ ပျားရည် အရက်တို့နှင့် စိမ်၍ သောက်လေ့ရှိကြ၏။ အားဆေးဟု တောင်ပေါ်နေ ဒေသသားတို့က အားကိုးသည်။ မသေဆေးအဖြစ်လည်း အမြတ်တနိုး ဖော်စပ်ထားကာ အသုံးပြုလေ့ရှိကြသည်။





နောက်ထပ်၊ သည်စဝ်ဖန္ဒယ်လုံတောင်တန်းကြီးပေါ်၌ အညည်ကြီး ဆေးဘက်ဝင်အပင်တစ်မျိုးရှိသေးသည်။ မရှော့ပင်ဖြစ်သည်။ မရှော့ရွက် ကို အဆိပ်ပြေဆေးအဖြစ် ဒေသနေတို့က ယုံကြည်ကြသည်။

အရိုးနာ၊ အောင့်၊ ကျိုး၊ ပွဲဒဏ်ရာများ၊ လေဝင်လေနာဒဏ်ရာ များ၊ သွေးတိုး၊ ပိုးထိ၊ အစားမှားစသည်ဖြင့် များစွာသော ရောဂါဝေဒနာ များကို သည်မရှော့ရွက်သုံးကာ ဒေသကုထုံးဖြင့် ကုသပျောက်ကင်းကြ သည်ဟုလည်း စွဲစွဲမြဲမြဲယုံကြည်ကြသည်။

သည်ဒေသတွင် ဆေးမြစ်၊ ဆေးဥစိတ်ရှူးထချိန်က ခန်းတောက် မြစ်၊ မချစ်ဥနှင့် မရှော့ရွက်တို့မှာ သည်အရပ်၌ ရေပန်းအစားဆုံးဖြစ် သည်။ ဆေးဘက်ဝင် အရွက်၊ အမြစ်၊ ဥမှန်သမျှကို တရုတ်လောပန်တို့ က ဒေသခံကျွမ်းကျင်သူတို့ထံမှ တစ်ဆင့်ဝယ်ကြပြီး အဆင့်ဆင့်လက် တမ်း သယ်ဆောင်သွားရာ ခရီးလမ်းကြောင်းရှည်လျားလွန်းလှသကဲ့သို့ သည် ခရီးတစ်လျှောက် ပရဆေးနွယ်ဝင်တို့၏ သတင်းက မွှေးပျံ့စေခဲ့ သည်။

ကျောက်စိမ်းထွက်သည့် အရပ်တွင် နေ့ချင်းညချင်း မှော်များ၊ ကျင်းများ၊ မိုင်းများမှိုလိုပေါက် စည်ကားလာတတ်သကဲ့သို့ပင်။

သည်အထက်ဆန်ဂေါင်၊ အောက်ဆန်ဂေါင်ရွာကြီးများကို ခြေကုပ် စခန်းပြုလျှက် နောက်ကျောက စဝ်ဖန္ဒယ်လုံတောင်စဉ်တောင်တန်းကြီး ပေါ်၌ တစ်တောဝင်တစ်တောင်တက် ဖဆေးမြစ်၊ ဆေးဥတူးသူများ၊ ဆေးပင်ရှာသူများ ခြေချင်းလိမ်လာကြတော့သည်။

နှင်းခဲပျော်ချိန်။ သည်အချိန်၌ ရေခဲတောင်မြင်ကွင်းသည် အလှ ဆုံးဖြစ်သည်။ နေဝန်း၏ အလင်းရိပ်က ပို၍တောက်ပပြီး တစ်နှစ်ပတ်လုံး ဖုံးအုပ်ထားသည့် နှင်းပဝါက ပါးလျလျ လျှော့ကျချိန်။ ရဲဖန်ရဲခါ နေရောင် ခြည်ဝင်းဝင်းတောက်သည့် နေ့ရက်များကိုပင် လျှပ်တစ်ပြက်တွေ့ရ တတ် သည်။

တောင်တစ်ခုလုံးရောင်စုံပန်းများ ပွင့်လိုက်ကြသည်မှာ သဘာဝ

တရားကြီးက သည်တောင်စဉ်တောင်တန်းကြီး တစ်ခုလုံးကို ပန်း ရောင်စုံရနံ့သင်းထုံထုံတို့ဖြင့် ကျဲဖြန့်ဖုံးအုပ်ထားသလိုရှိနေတော့သည်။

သည်ကာလတွင်၊ ဒေသခံတောင်သူတို့နှင့် ဆေးမြစ်ကျွမ်းကျင်သူ တို့သည် တောင်ယာလုပ်ငန်းသိမ်းချိန်လည်း ဖြစ်၍ ရေခဲတောင်ပေါ်တက် ကြ၏။ သည်ရေခဲဖုံးတောင်တန်းကြီးအပေါ်တွင် သက်စွန့်ဆံဖျား အသက် ရှင်သန်လှုပ်ရှားနေခွင့် ရသည်ကိုပင် ပျော်နေမိကြ၏။

"နွဲ့ထိန်ရေ. . . ခဏနားကြဦးစို့"

အထက်ဆန်ဂေါင်ရွာ အနောက်ဘက် 'နမ့်ဟန်တိန်းချောင်းကြီး' အရောက်တွင် စောနွဲ့ဘီတောက်က ပြောသည်။ နည်းနည်းလည်း မော ချင်လာသည်။ သား၊ မယားမရှိ။ ပူပန်ကြောင့်ကြစရာ နတ္ထိဘဝဖြစ်လေ သော်လည်း၊ သည်ညီငယ်စောနွဲ့ထိန်နှင့် သူတို့မိသားစုကလေး၏ သံ ယောဇဉ်ကြောင့် သူတို့ဘိုးဘွားအဆက်ဆက်လုပ်ကိုင်ခဲ့သော ဆေးကု ဆေးရှာက်ဆေးမြစ်တူးသည့် အလုပ်ကို ဆက်လုပ်နေရခြင်းဖြစ်သည်။

အသက်မွေးမှုစင်ကြယ်၍ အကုသိုလ်အကြွင်းမဲ့ ကင်းစင်သော သည်အလုပ်ကိုလည်း မြတ်မြတ်နိုးနိုးရှိသည်။ ဆေးပင်၊ ဆေးမြစ် ဆေးဥတို့ ပေါက်ရောက်ရာ အရပ်ဒေသ၊ တောတောင်ရေမြေတို့ကိုလည်း သားစဉ်မြေးဆက် လက်ကမ်းပြသထားခဲ့ချင်သည်။

စောနွဲ့ထိန်၏ သားစောနွဲ့အောင်က သည်အလုပ်ကို အလွန်စိတ် ဝင်စားသော်လည်း ငယ်လွန်းသေးသည်။ ကျောင်းကလည်း တက်နေရဆဲ ကျောင်းပိတ်ချိန်နှင့်ကြုံလျှင် သူနှင့်မခွဲမခွာတန်းလိုက်ကာ တောမျော် တောင်မျော်ဘဝကို ခံမင်ရှာသည်။ သူကြိမ်းမောင်းနိုင်လွန်း၍သာ ကျောင်း ကိုဆက်တက်နေခြင်းဖြစ်သည်။

နွဲ့ထိန်က တစ်မျိုး။ သူ့စရိုက်ခလေ့က တစ်ဘာသာ။ မိရိုးဖလာ သည်အလုပ်ကို သူငယ်ငယ်ကပင် စိတ်မဝင်စားခဲ့။ မြစ်ကြီးနားအထက် အင်ပိုင်ခ–မလိခမြစ်ဆုံဒေသတွင် ရွှေတူး၊ ရွှေကျင်၊ ရေ့ပိုင်းအလုပ်တို့ လုပ်ချင်လျှင် လုပ်သည်။ သူ့မိတ်ဆွေ ခမိုင်တန်နှင့် ဂျာခေါင်တို့ဇနီးမောင်





နှံင့် အတူ တစ်နှစ်တစ်မိုးနေထိုင်ပြီး ရောဝတီမြစ်ရိုး တစ်လျှောက် ရွှေမိုင်း၊ ရွှေမှော်ရှာသည့်အလုပ်ကို တစိုက်မတ်မတ်လုပ်၍လည်း နေချင် နေသည်။ ခါတစ်ရံ ဖားကန့်၊ ဆိုင်းတောင်၊ တာမုခန်၊ လုံးခင်းကျောက်စိမ်း မှော်များထဲ၌ ဝဲလည်လှည့်ကာ ပျော်ချင်ပျော်နေတတ်သည်။

ယခု သည်ခရီးက နွဲ့ထိန်စိစဉ်သည့် ခရီး။

လိုအပ်သမျှ စရိတ်ကြေးငွေများနှင့် အိမ်ရှိမိသားစုများ ပူပင် ကြောင့်ကြမရှိနေနိုင်လောက်သည့် ကြိုတင်ထုတ်ပေးငွေများကို နှင့် လောက်အောင် ရလာယူလာနိုင်သည့် သည်ခရီးက ခက်ခဲ၊ ကြမ်းတမ်း သည်။ သက်စွန့်ဆံဖျားနိုင်သည်။

တောခရီးတောလမ်း သည်တောင် သည်မြောင်တွေကို ကျွမ်းဝင် နေ်လိုသကဲ့သို့ ဒေသခံရွာနေပြည်ထိုင်တို့နှင့် အလွမ်းသင့်ဖို့လည်း အမိက ဆိုသည်။ အကူအညီ၊ အဖော်ကောင်း လမ်းပြကောင်းကောင်းလည်း ရှိရမည်။

သူကတားချင့်မှိခဲ့သေးသည်။

သို့တစေ။ နှုတ်ကဖွင့်၍ မတားမိ၊ မတားရက်ခဲ့။

အသက်အရွယ်အတန်ရလာသော မိမိအနေဖြင့် မိမိတစ်သက်တာ ကျွမ်းဝင်ခဲ့သော သည်အလုပ်ကို အရင်းအနှီးပြုကာ ညီငယ်၏ မိသားစု ဘဝကို လူတလုံးသူတလုံးထူထောင်ပေးချင်စိတ်နှင့် အလုပ်၏စိမ်ခေါ် မှုကာ ညို့ချက်ပြင်းလွန်းလှ၍ ညီငယ်၏ ကမ်းလှမ်းမှုကို လက်ခံကာသည် ခရီးကို စတင်ခဲ့ကြခြင်း ဖြစ်သည်။

"အစ်ကိုကြီး. . . ခဏ ထိုင်ဦးနော်။ ကျွန်တော်ရေခပ်လာခဲ့မယ်"

စောနွဲ့ထိန်က ပြောပြောဆိုဆို ချုံတောများကို တိုးလျှိုးကျော်ဖြတ် ပြီး ချောင်းကမ်းခြေအတိုင်း ခက်ခက်ခဲခဲတွယ်ကပ်ဆင်းသွားသည်။

သည်နမ့်ဟန်တိန်းချောင်းသည် မလိခသို့ စီးဝင်သည်။ ကျောက် ဆိုင်ကျောက်တုံးများ ပေါများလှသော ချောင်းတစ်ချောင်းဖြစ်သည်။ ရေ ခဲတောင်မှ ချောင်းဖျားခံကာ စီးဆင်းလာလေသဖြင့် ချောင်းရေသည်

ကြည့်လင်ကာ အေးလွန်းလှသည်။ ရေသည် ကျောက်ကြိုကျောက်ကြား မှ ဖြတ်သန်းစီးဆင်းနေ၏။ ကြည့်လေရာရာ မျက်စိတစ်ဆုံး မြင်နေရသည်မှာ ကျောက်တုံးကျောက်စိုင်များ လက်သီးဆုပ်ခန့် သေးသေးလေးမှ အိမ်သေးသေးအရွယ်ခန့် အကြီးကြီးအထိ စီရရီ။

သဘာဝသည် ထူးဆန်းလွန်းလှသည်။

ချောင်းအတွင်းသို့ ထိုကျောက်တုံးများကို မည်သို့သယ်ဆောင်လာခဲ့သည်၊ ကာလဘယ်မျှကြာခဲ့လေပြီမသိ။ ချောင်းတလျှောက်ကျောက်တုံးများ တင်းကြမ်းဖြစ်နေသည်။

ပြီး၊ သဘာဝသည် လျှို့ဝှက်လှသည်။

သည်ကျောက်တုံးများ၏ အရောင်အသွေးမှာ အမျိုးမျိုး။ အသွယ်သွယ်။ ရောင်စုံခြယ်သကာ ခင်းကျင်းထားသည်သို့ လှပလွန်းနေသည်။ တစ်ခါက သည်ချောင်း၊ သည်နေရာတွင် သူ၏စူးစမ်းစပ်စုတတ်သော စိတ်က လှုံ့ဆော်သဖြင့် မြေပေါ်တွင် အမြင့်နှစ်ပေခန့်၊ လုံးပတ်လူနှစ်ဖက်စာခန့်ရှိသော ကျောက်တုံးတစ်တုံးကို ချောင်းရေဖြင့် လောင်းကာ ပွတ်သပ်ဆေးကြောကြည့်ခဲ့ဖူးသည်။

ချောင်းရေဖြင့် ပက်လိုက်လျှင်ပင် ကျောက်တုံးမှာ ပြာခနဲဖြစ်ပြီး စိမ်းလဲ့လဲ့အရောင်ပြေးနေသည်။ ရေအောက်မြေအောက်တွင် မြုပ်နေသည့် အပိုင်းက မည်မျှကြီးမားလေ သည်မသိနိုင်။ နေရာအကွက်အကွင်း ထင်ရှားသည့် သစ်ကြီးဝါးကြီး၊ လမ်းအနေ၊ ချောင်းတည်ရာတို့ကို သေသေချာချာအမှတ်အသားပြုကာ ကျောက်တုံးတစ်ဖဲ့ကို သူယူလာခဲ့ဖူးသည်။

ကျွမ်းကျင်သူတို့ အဆိုအရ သက်နုကျောက်စိမ်းဟု သတ်မှတ်ကြသဖြင့် လက်ဝင်းဝင်ငွေမရလင့်ကစား သူ၏ ဆေးပင်ဆေးမြစ် ရှာပုံတော်မှတ်တမ်းတွင်တော့ အကြောင်းအရာသစ်၊ မြေပုံသစ်တစ်ခု ထပ်၍ တိုးလာခဲ့ရပြန်သည်။

"အစ်ကိုကြီး. . .ရေရပြီ။ မျက်နှာလေးသစ်လိုက်ပါလား။ လန်း





ဆန်းသွားတာပေါ့"

"အေး. . . အေး"

ရေခဲပျော်ချိန်တွင် ချောင်းရေက ထုံကျင်နေအောင်ပင် အေးသည်။ မျက်နှာနှင့် ဦးခေါင်းအနှံ့ ရေအေးဖြင့် သုတ်သင်သန့်ရှင်း လိုက်၍ လန်းဆန်းပေါ့ပါးသွားသည်။

"နွဲ့ထိန်ရေ"

"ခင်ဗျာ"

"မင်းက သဘာဝသယံဇာတတွေတူးရ ဆွရ၊ ရှာရ ဖွေရတာ ဝါသနာကြီးတယ်။ အခုဒီဆန်ဂေါင်ဒေသတစ်ဝိုက်ကို သေသေချာချာမှတ်ထား။ မင်းအတွက် အကျိုးရှိလိမ့်မယ်။ ဆန်ဂေါင်ရွာ အနောက်ဘက်'လုံပဝမ်'ချောင်းဖျားနဲ့၊ 'ရှိမ်ပိန်ဝမ်'ချောင်းဖျားမှာ သက်နုကျောက်စိမ်းနဲ့ ခဲကျောက်ဂွမ်းတွေထွက်တယ်။ ဆန်ဂေါင်နောက်ကြော'မန်စေစွန်'ရွာ တစ်ဝိုက်က စဝ်ဖနွယ်လုံတောင်ကြောကြီးပေါ်မှာ ကျောက်နီ(ပတ္တမြား) ထွက်တယ်"

"ဟာ. . . ဟုတ်ရဲ့လား အစ်ကိုကြီး"

"အေး၊ ငွေတို့ သံ၊ ခဲတို့လည်းထွက်တယ်။ မန်စေခွန်ဝန်းကျင်က ဘန့်ကူဆန်ကျောက်အကောင်းစားတွေ ရှာလို့ ရနိုင်တယ်။ ဒီကနေ တောင်ဘက်မိုင်သုံးလေးဆယ်သွားလိုက်ရင် 'ဆွမ်ပီယမ်ဒေသ'မှာ 'တုမ်ယမ်'နဲ့ 'မရောင်' ဆားတွင်းသုံးတွင်းရှိသေးတယ်။ ဒို့ကချင်ပြည်နယ်မှာ ဆားဆိုတာ ရွှေထက်အဖိုးတန်တယ်ကွ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဒီအထက်ဆန်ဂေါင်ရွာနား 'နမ့်ဟန်တိန်းချောင်း'နဲ့ "နမ့်ခေါ်ခေါင်–နမ့်ဖာတိတ်" ချောင်းအထက်ပိုင်းတွေမှာ ကျောက်စိမ်းအရည်ကောင်းတွေ ရလို့ တူးခဲ့ကြဖူးတယ်။ ကျောက်စိမ်းမှော်ကြီးတစ်ခု ဖြစ်ခဲ့ဖူးတယ်။ ကျောက်တွင်းပေါင်းထောင်သောင်းချီ တူးခဲ့ကြလို့ ချောင်းရေတွေတောင် နောက်ကုန်တဲ့အထိပဲ"

"ဟုတ်လား အစ်ကိုကြီး။ အဲဒါကို ကျွန်တော်မသိသေးဘူး။ ဒီတစ်ခါက် လုပ်ငန်းတွေပြီးရင် အဲဒီနေရာတွေကို လိုက်ပြပေးပါ အစ်ကိုကြီး"

ဆောင်းလေအေးက သိမ့်ခနဲတိုက်ခတ်လိုက်သည်။ စိမ့်ခနဲပင် ကျော်ချမ်းသွားမိရသည်။

"အေးလေ. . . ။ မင်းကို ဒါတွေပြချင်လို့ ငါလိုက်လာတာပေါ့။ မင်းရဲ့ဒီအလုပ်ပြီးရင်တော့ စင်စင်ကြယ်ကြယ် ဒို့မိရိုးဖလာအလုပ်ကဲ လုပ်ပါတော့ကွာ။ မင်းကို မျက်နှာလွှဲရရင် ငါလည်းနားတော့မယ်။ သာသ နာ့ဘောင်ဝင်တော့မယ်။ နွံ့အောင်ကလည်း ငယ်သေးတော့ မင်းကိုပဲ လွှဲခဲ့ချင်တယ်။ မင်းခုလုပ်နေတဲ့ အလုပ်တွေက ဝုန်းခနဲ ဒိုင်းခနဲ ချမ်းသာနိုင်တာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ လောဘခိုးက မွှန်လွန်းတယ် ကွာ။ အန္တရာယ် မကင်းချင်ဘူး။ ဒို့မိဒို့ဖတွေရှိရင်လဲ ကြိုက်ကြမှာ မဟုတ် ဘူး"

"ဟုတ်တော့ ဟုတ်ပါတယ် အစ်ကိုကြီး။ ဒါပေမဲ့ ကိုယ်ကောင်း ခေါင်းမရွေ့ပါ။ ကျွန်တော် ရိုးရိုးသားသား မှန်မှန်ကန်ကန်နေဖို့ကပဲ အဓိကပါ။ ဒီရွှေမိုင်း အလုပ်ကလဲ တစ်ချီမိရင် မိသားစုတစ်သက် စားရော့ပါ။ ခမိုင် တန်ဆိုတာကလည်း ကျွန်တော်နဲ့ ခေါင်းနင်းမဆင်းခဲ့ တမယ် ရင်းတဲ့ကောင်ပါ။ ဒီတစ်ချီတော့ ပွဲပြီးလောက်ပါတယ်"

သူစကားနှင့်သူ၊ ရည်မှန်းချက်ကောင်းလေးရှိ၊ မနောလေးလည်း မှန်နေသဖြင့် သူ မဝေဖန်ချင်ပြီ။ တစ်လောကလုံးတွင် ညီရင်းအစ်ကို သည်နှစ်ယောက်သာ ရှိတော့သဖြင့်လည်း မဆူရက်၊ မပြောရက်။ တစ်ခါ တလေ အရက်သေစာလေး သောက်စားတတ်သည်မှအပ၊ မူးယစ်ဆေး ဝါး၊ လောင်းကစား၊ မိန်းမမူကင်းသော သည်ညီကို သူချစ်သည်။ စိတ်အ နှောင့်အယှက်မပြုချင်။ မျက်နှာ မညှိုးစေချင်။

"အေးလေကွာ။ ဒီတောင်တန်းကြီးနဲ့ ဒီချောင်းတွေမှာ ဒီလောက် အဖိုးတန်သဘာဝသယံဇာတ ပစ္စည်းတွေ ထွက်နေတာ။ ရှာပါလေ့၊ စားပါလေ့။ ခန်းတောက်မြစ်၊ မချစ်ဥ၊ အကျော်၊ သစ်မွှေး၊ မရှော့ရွက်.





စုံလို့ပါကွာ။ လောဘကြီးမနေပါနဲ့။ လူဖြစ်လာရတဲ့ ဒီဘဝသန့်သန့်ရှင်း ခြင်း၊ စင်စင်ကြယ်ကြယ်နေသွားနိုင်ဖို့ သိပ်အရေးကြီးတယ်ကွ၊ နွံ့ထိန်ရဲ့ အမျိုးအနွယ်ကို ဒီလိုပဲ စည်ပင်စေချင်တာ"

စောနွံ့ဘီတောင်က ဝန်စည်စလယ်များကို ဆွဲကာ ထရပ်သည်။

ရတ်တရက်မြူများ ပို၍ဆိုင်းလာသည်။ နားပြီးလျှင် ပြန်မထချင် တော့။ ခွေးက လေးသွားတတ်သည်။ ခြေအလှုပ်လက်အလှုပ်မှုပင်လျှင် နေးကွေးလေးလံချင်သည်။ သွေးပူသွားအောင် ခပ်သွက်သွက်ကလေး လှမ်းလိုက်မှသာ သွေးနွေးလာကာ နေသာတော့သည်။

ရွာနှင့်နီးပြီ။

လမ်းဆုံးလျှင် ရွာတွေ့မည်။ သားစဉ်မြေးဆက် သည်သို့ပင် ပြောထုံးရှိသည်။ ရွာနှင့်နီးဖို့ လမ်းဆုံးအောင် လျှောက်ရပေဦးမည်။

အတွေးနှင့် စိတ်ကူးတို့ကိုပါ လွယ်ပိုးလျှက်နှင့် မှုံမှုံမြူထုထဲသို့ သူတို့ညီအစ်ကို တိုးဝင်ခဲ့ကြတော့သည်။

✿ ✿ ✿ ✿ ✿

# (၂)

ဝန်းကျင်တွင် လေမတိုက်သော်လည်း မြူငွေ့ဖြင့် တဖြည်းဖြည်း အေးလာသည်။ အိမ်အသီးသီးမှ မီးခိုးငွေ့လည်း တလူလူလွင့်ပြီ။ လွန်ကဲသည့် ချမ်းအေးမှုဒဏ်ကို မီးလှုံပြီး အနွေးဓာတ်ယူကြမည် ထင်ပါသည်။

သွားလာရန် ခက်ခဲလှသည့် ဝေးသီခေါင်ဖျားဒေသ၊ ရာသီဥတုကဲလွန်းလှသောနယ်မြေ၊ စကားမပေါက် လူအရောက်နည်းလွန်းလှသည့် အရပ်။ သီးခြားကမ္ဘာလေးတစ်ခုနှယ် ငွေနှင်းမှုန်ဖွဲ မိုးသည်းသည်းနှင့် ရေခဲတောင်များ ဝန်းပတ်ရံနေသည့် သည်ဒေသကလေးကို 'ခမ်းတီးလုံလွင်ပြင်'ဟု ခေါ်ကြပါသည်။

သည်လွင်ပြင်ကျယ်ကြီး၏ မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် မိုးယံထိမြင့်မားလှသည့် တောင်တန်းကြီးများက ပတ်လည်ဝိုင်း၍ ကာရံထားသည်။ အရှေ့နှင့် အနောက်၁၀မိုင်ကျော်၊ တောင်နှင့်မြောက် မိုင်သုံးဆယ်ကျော်ခန့် ကျယ်ပြန့်သည့် သည်ခမ်းတီးလုံ





ပြင်သည် ဆွတ်ဆွတ်ဖြူအောင် ရေခဲများဖုံးလွှမ်းနေသည့် 'လုန်ခရ ဒင်' ရေခဲတောင်ကြီးနှင့်'ဖုန်ကန်' ရေခဲတောင်ကြီး၊ 'ခါကာဘိုရာဇီ ခဲတောင်ကြီး' သို့ သွားရာ တံခါးဝလည်းဖြစ်သည်။

မချစ်ဥ၊ ခမ်းတောက်မြစ်၊ မရွှေ့ရွက်စသည့် အဖိုးတန်ရှားပါး းမြစ်၊ ဆေးဥများ၊ ရွှေ၊ ကျောက်စိမ်းစသည့် သဘာဝတွင်းထွက်များ က်ဖွဲ့တည်ရှိရာ သည်ဒေသ၊ သည်အရပ်၏ အချက်အချာမှာ သည် 'ဆန်ဂေါင်'ရွာ ဖြစ်သည်။

စောနွဲ့ဘီတောင်နှင့် စောနွဲ့ထိန်တို့ ညီအစ်ကိုနှစ်ဦး အထက်ဆန် င်ရွာအရောက်တွင် လေအေးက တသုန်သုန်တသဲသဲ ရှိနေလေသည်။ သည်အအေးဒဏ်ကြောင့် သူတို့မှာ ရင်တွင်းတွင် တဆတ်ဆတ်ခုန်ပြီး နေမိကြရ၏။

''ချီးတဲ့မှ၊ အေးလိုက်တာကလည်း လွန်ရောပေါ့''

စောနွဲ့ဘီတောင်၏ နှုတ်ကပင်ထုတ်၍ ညည်းမိရ၏။

တော်သေးသည်။ အအေးဒဏ်ကို ပြင်းပြင်းထန်ထန်မခံရသေးမီ ဦးထိပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ကြသည်။

ရွာကလေးက ရွာစည်းရိုးတွင် ဝင်းတံခါးနှင့် လှေကားနှင့်။ ရွာရှေ့ င်မှ တဲကလေးနှင့် လှစင်နှင့်ဟု ဆိုရမည့် ရိုးရာဝလေ့ကလေးများ တိုင်း သပ်သပ်ရပ်ရပ်တည်နေပါသည်။ ရေခဲဖုံးတောင်တန်းကြီးများ မှ မြောက်ပြန်လေအေးက တသဲသဲတိုက်ခတ်နေရာ သည်လေဒဏ် ာက်တွင် ရွာကလေးက ငြိမ်ငြိမ်ကုပ်ကုပ်ဖြင့် ရှိနေရှာသည်။

ရွာခံတို့၏ နေအိမ်အများစုမှာ သက်ကယ်မိုးနှင့် နှစ်ထပ်အိမ်များ သည်။ ခြံကျယ်ဝန်းကျယ်များဖြစ်ပြီး သစ်ပင်ဝါးပင်များလည်း မြိုင်မြိုင် ပ်အုပ်ရှိ၏။

စောနွဲ့ဘီတောင်တို့ ခေတ္တနားမည့်'ရယ်တန်လ'တို့၏ အိမ်တွင် စ်လုံးထွင်းလှေကားကို တစောင်းထောင်ထားသည်။ အမြင့်၁၀ပေခန့်ရှိ မည်။ အိမ်ကြမ်းပြင်တွင် ဝါးပိုးဝါးကြီးများကို လေးစိတ်ကွဲ စိတ်ဖြာ

၍ ခင်းထားသည်။

"အေး...၊ ယောက်ဖတို့လာမယ် ကြိုသိလို့ မှာထားတဲ့အတိုင်း စောင့်နေကြတာပဲ။ အမှာပါးတဲ့ အတိုင်းပဲလေ။ နည်းနည်းတော့ ပြော ဆိုရရှိမယ်ဆိုပေမဲ့ အဆင်ပြေမှာပါ"

အိမ်ရှင်ရယ်တန်လက ခရီးဦးကြိုသည်။

အိမ်ပေါ်အရောက်တွင် အပူငွေ့ကြောင့် နွေးသွား၏။ အိမ်အလယ်တွင် လေးထောင့်စပ်စပ်သစ်သားမီးဖိုကြီး ဖိုထားကာ မီးဖိုအလယ်တွင် သုံးချောင်းထောက်သံဖိုခနောက်ကြီးဖြင့် ရေနွေးကျိုထားသည်ကို တွေ့ရသည်။

သူတို့သည် မီးဖိုကြီး၏ ဘေးတွင် ဝိုင်းထိုင်လိုက်ကြ၏။ အိမ်ရှင် ရယ်တန်လ၊ သူတို့၏ ခရီးတွင် လမ်းပြအဖြစ်လိုက်ပါမည့် ဒေသခံမုဆိုး ကျော် ခန္တီးရှမ်းအမျိုးသား စောနွံ့စေဟောနှင့် လီဆူးအမျိုးသားဝါရဲဂျာ ကေပီယောနသန်တို့ ပါဝင်သော သူတို့လူစုကလေး စုံစုံညီညီဖြစ်ပြီ။

ဒေသအခေါ်နှင့် ဂျိန်းဖေ့စကားအရ 'ဖခါး'ဟု ခေါ်သည့် နီညိုရဲ ရောင်လက်ဖက်ရည်ကြမ်းပူပူကို ဝါးဆစ်ခွက်ကလေးများထဲထည့်ကာ ရယ် တန်လ ကမ်းပေးသော မီးခိုးနံ့သင်းသင်းကလေးဖြင့် မွှေးနေသည့် ဖခါး ရည်ကို သောက်ချလိုက်ရာ တစ်ကိုယ်လုံးနွေးထွေးသွားတော့၏။

တခဏတော့ဖြင့် စကားမဆိုမိကြသေး။

ဖခါးပူပူကိုသာ တဖူးဖူးမှုတ်၍ တရှူးရှူးသောက်နေမိကြ၏။ ရယ်တန်လက အလိုက်တသိ ဝက်ပေါင်ခြောက်နှင့် မုန်ညင်းချဉ်ချက်ဟင်း ကို ပန်းကန်လုံးထဲထည့်၍ အငွေ့တထောင်းထောင်းဖြင့် ယူလာပေးမြ ရာ ဝိုင်းကပို၍ စိုပြေလာသည်။

"ကဲ... နွံ့ထိန်ရေ၊ နင်ပြောတဲ့ အလုပ်ကို ငါ့လူတွေတော့ အသေးစိတ်ရှင်းပြပြီးပြီ။ ဒါလူရင်းတွေပဲ။ အရေးဟေ့ဆို အသက်ချင်း လဲမယ့် လူတွေချည်းပဲ။ စောနွံ့စေဟောကို နင်သိပြီးသား။ ဒီဝါရဲဂျာ ယောနသန်တို့ နှစ်ယောက်က နင်ပြောတဲ့ ပစ္စည်းရနိုင်တဲ့နေရာ၊ ရှိနိုင်တဲ့





အရပ်တွေကို ကျွမ်းကျင်တဲ့လူတွေပဲ။ ရောက်လဲရောက်ဘူးတယ်။ ရလည်းရဘူးတယ်။ စိုစိုပိုပို အကျိုးရှိရင်လုပ်ကြရုံပဲ"

ဖခါးရည်ပူပူကို ကျိုက်ချရင်း ရယ်တန်လက အလုပ်ကိစ္စကို စကားဦးစသည်။

စောနွံ့အီတောင်က တဖျောက်ဖျောက် တဖောက်ဖောက်မြည်သံ ပေး၍ တောက်လောင်နေသော မီးဖိုကြီးမှ မီးရောင်ကိုသာ အာရုံစိုက် ကြည့်နေသော ဒေသခံ မုဆိုးများကို စေ့စေ့ကြည့်မိသည်။ မီး၏အလင်း ရောင်ပြန်တွင် မြင်တွေ့ရသည့် မျက်နှာသုံးခုမှာ ကြံ့ခိုင်ခြင်း၊ ရဲရင့်ခြင်း၊ ဖြူစင်ဖြောင့်မတ်ခြင်းနှင့် ဖွဲနဘဲကြီးခြင်း၏ အမှတ်လက္ခဏာများကို တွေ့ရသည်။

ဝါရဲဂျာ၏ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ် အမာရွတ်စင်းနီနီကြီး များကိုလည်း ထင်ထင်ရှားရှားတွေ့ရသည်။ ရှားပါးလှသော ရေခဲတောင် ဝက်ဝံနှင့် ယှဉ်ပြိုင်ရင်း မသေကောင်းမပျောက်ကောင်းရခဲ့သော ဒဏ်ရာ ဟု အတွင်းသိတို့က ဆိုပါသည်။

"အေးလေ...။ လုပ်ငန်းအောင်မြင်လို့ပဲ ဖြစ်ဖြစ်၊ မအောင်မြင် လို့ပဲဖြစ်ဖြစ်၊ ဒီခရီးအတွက် ရသင့်တဲ့ ငွေကြေးတော့ အခုပဲ တစ်ခါတည်း ပေးမယ်လေ။ လိုချင်တဲ့ ပစ္စည်းရအောင်ကတော့ ကျားကုတ်ကျားခဲကြိုး စားပြီးရှာမှာပဲ။ ငါက ဒီနယ်ကို မကျွမ်းဘူး။ ငါ့အစ်ကိုကြီးကတော့ ဒီတောဒီတောင်တွေကို အိမ်ဦးနဲ့ ကြမ်းပြင်၊ သူ့အိမ်လိုပဲ။ ဒါပေမဲ့ လိုအပ်လို့ ဘနိုင်းဘက်ကို ကူးရမယ်ဆိုရင် ဟူးကောင်းတောင်ကြားလွင်ပြင်ကို တို့ မကျွမ်းဘူး။ ယောက်ဖတို့က စိတ်ရှည်ရှည်နဲ့ အန္တရာယ်ကင်းအောင် ကူညီကြပါ။ ရည်ရွယ်တဲ့အတိုင်းပစ္စည်းရခဲ့ရင် အကျိုးအမြတ်ကိုတော့ ဝေပုံကျ ခွဲယူကြဖို့ပဲ။ ငါတို့ချည်း ရေပေါ်ဆီခပ် မသောက်ဘူး။ အချိုးကျ အကျိုးခံ စားစေရမယ်။ ရယ်တန်လနဲ့ ငါနဲ့ကတော့ ညီနောင်သွေးရင်းပဲ။ တောထဲ တောင်ထဲ အသက်ပေးနေခဲ့ကြတာ ကြာပြီ။ မသေလို့သာ ယောက်ဖတို့နဲ့ တွေ့ရတာပဲလေ"

စောနွဲ့ထိန်က စကားကို ရှင်းအောင်ပြောသည်။ ပြီးလျှင် ဝက်သားမုန့်ညင်းချက်ဟင်းကိုသာ တွင်တွင်ခပ်ကာ စားနေတော့၏။ ဟာနေသောဝမ်းကို ဖခါးရည်ပူပူတစ်ကျိုက် ကျိုက်လိုက်၊ ဟင်းတစ်ဇွန်းကော်ခပ်စားလိုက်ဖြင့် ဖြည့်တင်းနေသည်။

''ကြိုက်တယ် ယောက်ဖ။ အာရှင်းတယ်။ ယောက်ျားစကားဆိုတာ တိုတိုပြတ်ပြတ် တိတိကျကျကောင်းတယ်။ ကဲ. . . ရောနသန် မင်းလည်း ပြောဦး''

ဝါရဲဂျာက ရွှင်ပြုံးစွာ စကားကို အားရှိပါးရှိပြောသည်။ ပွင့်လင်းလွပ်လပ်သော သူ့အပြုံးက မြင်သူကို နှစ်လိုခင်မင်စေ၏။

''ငါတို့အဓိက လုပ်တာက တောင်ဆိတ်ဖမ်းတယ်။ တာကင်လို့ခေါ်တဲ့ သားမင်းလိုက်တယ်။ ကတိုးလို့ မင်းတို့သိတဲ့ ထလား(ခေလား)ကောင်ဖမ်းတယ်။ ဒါ ငါတို့ရဲ့ ပင်မအသက်မွေးဝမ်းကျောင်းပဲ။ ဒီအလုပ်က ရာသီအလိုက်လုပ်ရတာဆိုပေမဲ့ တစ်နှစ်တစ်မိုးစားဖို့ ဖူလုံတယ်၊ ဝင်ငွေလည်းကောင်းတယ်။ တို့ ကျွမ်းပြီးသားနေရာ ကျွမ်းပြီးသား အလုပ်ဆိုတော့ အန္တရာယ်ရှင်းတယ်။ ယောက်ဖတို့ အလုပ်က သက်စွန့်ဆံဖျား။ အောင်မြင်မယ်,မအောင်မြင်ဘူး မသေချာဘူး။ သေချာတာက အန္တရာယ်များမှာပဲ။ ဒီတော့ အသက်စွန့်တန် စွန့်ရမယ့် ဒီအလုပ်ကို လုပ်ချင်လောက်အောင် မက်လုံးပေးရှိမှပဲ လုပ်ပျော်မှာပေါ့။ ယောက်ဖပြောတဲ့အတိုင်းဆို စိမ့်လိုက်ပဲ။ ငါတို့အလုပ်နဲ့ ပါတ်သတ်လို့ကတော့ ရယ်တန်လ သိပြီးသား။ ထပ်ပြောစရာမလိုတော့ဘူးနော. . . စိတ်ညီရင် ဆော်ကြဖို့ပဲ. . . ဟုတ်ပြီလား''

ကေပီယောနသန်၏ စကားကို စောနွဲ့စောဟေက အပြုံးဖြင့် ထောက်ခံဟန်ပြသည်။ စကားဟဟမပြော။ စကားမပြောသော်လည်း တောင့်တင်းကြံ့ခိုင်သည့် မေးရိုးကားကားကြီးများဖြင့် အဆက်အပေါက်ကြီးမားတုတ်ခိုင်သည့် သည်မှဆိုးလူထွားကြီးက 'ဟင်'ဆိုလျှင် လှည့်ကြည့်သည့် လူမျိုးမှန်း စောနွဲ့ဘီတောင်သိသည်။





''ဟုတ်တယ်နွဲ့ထိန်။ ဒီကနေ့ မင်းငွေကြေးထုတ်ပေးပြီးရင် လိုအပ်တာတွေ စီစဉ်ကြမယ်။ နောက်သုံးရက်လောက်မှာ ခရီးစထွက်ကြမယ်။ အစ်ကိုကြီးက နက္ခတ်ကောင်း၊ အခါကောင်းကြည့်တတ်တာပဲ။ ဘယ်နေ့ဘယ်အချိန်ထွက်မယ်ဆိုတာ အစ်ကိုကြီးသဘော။ အစ်ကိုကြီးစီစဉ်''

ရယ်တန်လက လုပ်ငန်းအတည်ဖြစ်သည့် သဘော အဆုံးအဖြတ်ပြုသည်။ သည်လူ့သည်လူတွေက သည်ထက်ပို၍ စကားတံဖွာဖို့ မလို။ သွေးတူရည်တူ၊ စိတ်တူကိုယ်တူ။

''ကဲ. . . ကဲ ဒါဆိုလဲ ငါနားတော့မယ်ဟေ့။ မင်းတို့စကားပြောချင်ပြောကြဦး။ နွဲ့ထိန်ကလည်း မင်းလုပ်ချင်တာတွေကို ကြိုရှင်းပြထားလိုက်ဦး။ ဒါမှ လိုအပ်တာတွေ စုဆောင်းလို့ စီစဉ်လို့ရမှာ''

''ဟုတ်ကဲ့ အစ်ကိုကြီး. . .''

''နားပါ အစ်ကိုကြီး။ နားပါ''

စောနွဲ့ဘီတောင်က စကားဝိုင်းမှထကာ ရယ်တန်လ စီစဉ်ပေးထားသော အိမ်ခေါင်းရင်းခန်းတွင် လဲလျောင်းအနားယူဖို့ ပြင်သည်။ တနာသုံးပါးပူဇော်ကန်တော့ ရဦးမည်။ တောတောင်ရေမြေ စောင့်ရှောက်ကြသော နတ်ဒေဝတာတွေ၊ မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်သတ္တဝါတွေကို မေတ္တာပို့ ရဦးမည်။ သည်ယနေ့အထိ ပြုပြုသမျှ ကုသိုလ်အဖို့ ဘာဂကို အမျှပေးဝေရဦးမည်။ ပြုမြဲအလုပ်များကို ပြုပြီးတော့ အိပ်ယာတွင် လဲလျောင်းကာ နားနေလိုက်သည်။ အိပ်မပျော်နိုင်သေးပါ။

ဆောင်းဦးညဥ့်လေအေး၏ ဒဏ်ကို အိမ်ခန်းအလယ်ရှိ မီးဖိုကြီးမှ အနွေးဓာတ်က ကောင်းကောင်းတွန်းလှန် ကာကွယ်နိုင်ပါသည်။

သူ့ညီစောနွဲ့ထိန်နှင့် ရယ်တန်လတို့အဖွဲ့ စကားဝိုင်းက ပို၍မြိုင်လာသည်။ စောနွဲ့ဘီတောင်ကို လေးစားအားနာ၍ ဖခါးရည်ကိုတွင်တွင်သောက်နေရာမှ ဒေသခံကချင်မီးတောက်အရက်က စကားဝိုင်းကို ပို၍စည်စေသည်။ မုဆိုးကျော်တို့၏ စကားဝိုင်းဖြစ်၍လည်း ဂျီသားခြောက်၊ ဆတ်သားခြောက်ဖုတ်ဆီဆမ်းကာ သံပရာရည်ရွှဲရွှဲဆမ်းထားသည့်

အမြည်းပွဲက အားနာစရာမလိုလှပါ။ ဝက်ပေါင်ခြောက်နှင့် မုန့်ညင်းချဉ်ရည်ကလည်း အငွေ့တထောင်းထောင်းနှင့် ထမင်းလွတ်စားချင့်စဖွယ် ကောင်းလှလေသည်။

ညဥ့်လယ်ယံမြောက်ပြန်လေအေးလည်း သူတို့၏ ရှင်မြူးတက်ကြွမှုကို မလွှမ်းမိုးနိုင်ပြီ။ တရှိုက်ရှိုက်မြည်သံပေးကာ ဝေ့ဝဲပတ်လှည့်လှည့်နေတော့သည်။

✪✪✪✪✪

# (၃)

အမေ့ကို မြင်လိုက်ရသည်။

စဝ်ဖနွယ်လုံတောင်တန်း မြင့်မြင့်မတ်မတ်ကြီးပေါ်၌ တစ်ဆုပ်တစ်ခဲပြတ်၍ လွင့်မျောလာသည့် တိမ်တစ်အုပ်အတွင်းမှာ အမေ့မျက်နှာကို မြင်လိုက်ရသည်ဟု သူထင်သည်။ သူစိတ်ထင်၍ ဖြစ်မှာပါလေဟု စိတ်ကို ပြန်တွေးကြည့်သော်လည်း အမေ့မျက်နှာပဲ စိတ်ထဲစွဲနေသည်။

မိမိသည် တောင်တန်းကြီးပေါ်တွင် ရေခဲတောင်ထွက် ရှားပါးအဖိုးတန်လွန်းလှသော သစ်မြစ်၊ သစ်ဥတွေ ရှာဖွေနေချိန်။ ဒေသခံတိုင်းရင်းသားတို့က မသေဆေး၊ အသက်ရှည်ဆေးဟု စွဲစွဲလမ်းလမ်း ယုံကြည်လှသော မချစ်ဥများကို ရေခဲတောင်ပေါ်တွင် ရှာဖွေနှုတ်ယူကာ အသက်ရှည်လိုသူ၊ အားသစ်အင်သစ် ဖြစ်ထွန်းလိုသူတို့၏ အလိုဆန္ဒကို ဖြည့်ဆည်းနေချိန်မှာ အမေက ဆင်းရဲကြပ်တည်းစွာ ဘဝကို ရုန်းကန်ရင်ဆိုင်ရင်း ...ယာထဲလဲနေခဲ့သည်။ အသက်ရှည်ဖို့ထက် အသက်ရှင်ဖို့ပင် မနည်းကြိုးပမ်းနေခဲ့ရသည်။

သူ့အပေါ်ညီအစ်ကိုလို ခင်မင်သော သူငယ်ချင်းရခိုင်ဖုန်နှင့် အချမ်းဖုန်တို့ နှစ်ဦးက အလိုက်တသိ အကြောင်းကြား၍သာ အမေ့ဆီသို့ ပြန်လာလေတော့ အမေ့မှာ မီးစာကုန်ဆီခမ်း ဖြစ်နေရရှာပြီ။

သူပြန်ရောက်ပြီး နောက်တစ်နေ့၊ သူ့လက်ပေါ်မှာပဲ အမေအသက်ကုန်ခဲ့သည်။ ဖွယ်ဖွယ်ရာရာ ယုယုယယမပြုစု မကုသလိုက်ရတော့ပါ။

ယခု သူချစ်သည့် သည်အမေ့မျက်နှာကို မှတ်မှတ်ရရ မြင်လိုက်ရသည်။ သူ့လက်ပေါ်တွင် ဝိညာဉ်ချုပ်ခဲ့ချိန်က ဝတ်ဆင်ထားသည့် အဝတ်အစားအတိုင်း တသွေမလွဲ သူတွေ့ခဲ့ရသည်။

'အမေရေ. . . 'ကလေးငယ်တစ်ယောက်နှယ် တမ်းတအော်ဟစ်မိသည်။ ရေခဲတောင်ကြီးများထံက ပဲ့တင်သံများ သူ့ထံပြန်လာကြသည်၊ အမေခေါ်သံတွေ အရပ်အနားမရှိ သူ့နားထဲတွင် ဝေစည်လှုပ်ခတ်နေသည်။

အမေရေ. . . အမေရေ. . . ။

''သား လူကလေး စောနွဲ့၊ အမေဒီမှာ''

အမေ့အသံ။ အမေ့ခေါ်သံကို သေသေချာချာ သူကြား၍ စူးစူးစိုက်စိုက်ကြည့်မိရသည်။ တွေ့ပါတယ်။ စောစောက မြင်ခဲ့ရသော တိမ်တိုက်ထဲမှာ အမေက ရပ်၍နေသည်။ ပြီး. . . သူ့ကို ခေါ်နေသလိုလို။

ဝမ်းသာအားရ ပြေးသွားဖို့ ပြင်လိုက်သည်။ ဟင်၊ မယုံနိုင်စရာ၊ သူ့တစ်ကိုယ်လုံးငှက်မွေးလေးတစ်မျှင်လို ပေါ့ပါးလှစွာ လေတွင်လွင့်၍ ဝဲ၍ အမေ့ဘေးရောက်သွားသည်။ ယခုတော့၊ သူပါရောလျှက်ဝေဟင်တိမ်တိုက်ထဲရောက်နေလေပြီ။

အမေမျက်နှာညှိုးလှရှာသည်။

သူက အမေ့ကို မလွတ်တမ်း တင်းတင်းကြပ်ကြပ် ဖက်ထားမိ၏။ သည်တစ်ခါတော့ အရင်လို ထွက်မသွားပါနဲ့တော့ အမေ။ စိတ်ထဲမှာပဲ တိုးတိုးစကားဆိုကြည့်သည်။

''သား. . . စောနွဲ့။ သားပင်ပန်းနေပြီလား''





အမေ့အသံချိုချိုနွေးနွေးကလေးကို ကြားရပြန်ပြီ။

''မပင်ပန်းပါဘူးအမေ။ သားဒီတစ်ခေါက် ဒီခရီးက ပြန်သွားပြီး ...် သာသနာ့ဘောင်မှာ ထာဝရနားရတော့မှာပါ အမေ။ ညီလေးနွဲ့ထိန် ...ကလေးတွေ အခြေကျအောင် စီစဉ်ပေးပြီးရင် ဒီအလုပ်၊ ဒီတောင်တန်း ...ကို သားကျောခိုင်းလိုက်တော့မယ် အမေ။ ဒီခရီးဟာ နောက်ဆုံးပါပဲ''

စကားလုံးတွေကို ပန်းနွယ်စီ၍ ရင်ထဲကပဲ ပြောမိရသည်။ အမေ ...ယ်။ အမေ့နောက်ဆုံးအချိန်တွေ ရောက်နေသည့်တိုင် အမေ့အနားမှာ ...က်ကလေးဆုပ်ကိုင်လို့ နေမပေးနိုင်ခဲ့တဲ့ သားကိုခွင့်လွှတ်ပေးပါအမေ။

''သား စောနွဲ့. . . ရေ။ သားကို ခွင့်လွှတ်ပါတယ် သားရယ်။ ...တို့ခရီးကို ကူညီဖို့ အမေလာခဲ့တာသားရဲ့။ သားတို့သွားရမဲ့ ခရီးစဉ် ... အမေလိုက်ပြပေးမယ်။ သားအမေနဲ့ လိုက်ခဲ့. . . ''

ရုတ်ခြည်းပင် သူ့ကိုယ်ခန္ဓာက တိမ်တိုက်ကလေးတစ်စလို ဖြစ်၍ ...သွားသည်။ ပေါ့ပါးလွတ်လပ်လှချည့်။ အမေ့ဘေးမှာ ယှဉ်၍ လိုက်ရင်း ...ရိပ်ရိပ်ပြေးသွားနေသော ရှုခင်းတွေကို တစ်ခုပြီးတစ်ခု ဖြတ်သန်းလာ ...သည်။

တောင်တွေ၊ တောတွေ၊ မြစ်တွေ၊ ချောင်းတွေ၊ လျှိုတွေ မြောင်တွေ . . . ။ သူသွားခဲ့လာခဲ့ကျက်စား ကျင်လည်ခဲ့ဖူးသည့် နေရာများ၊ ...မှတ်အသားများ၊ သင်္ကေတများ။ သူ့ကိုယ်က သည်ရှုခင်းတွေထဲ ...ဝင်သွားနေလည်း အထိအခိုက်မရှိ။ ငွေ့ရည်ဖွဲ့တိမ်တစ်ဆုပ်နှယ် သူ့ ...ယ်က လွတ်လပ်ပေါ့ပါးလွန်းလှသည်။

''စောနွဲ့ရေ. . . ဒီကနေ ဟိုဘက်ဆို သားမရောက်ဘူးတဲ့ဒေသ ...ဖြစ်သွားပြီ။ သေချာမှတ်ထားနော်. . . ''

စဝ်ဖနွယ်လုံတောင်ကြီးကို ကျော်လာခဲ့ပြီမှန်းသိသည်။ အောက် ...င် နမ့်လန်ချောင်းနှင့် နမ့်လန်မြေပြန့်လွင်ပြင်ကျယ်ကြီးကို မြင်ရသည်။ ...လျှင်. . . ၊ ခါမောင်းခါလန်းရွာဟု ခေါ်သော နမ့်လန်ခူးရွာကို ရိပ်ခနဲ ...ရပြန်သည်။ ပြီးလျှင်. . . ငွေရောင်ဖိတ်ဖိတ်တောက်လက်နေသော

ရေခဲတောင်ကြီး။ ပြီးလျှင်. . . . ပြီးလျှင်. . . . ပြီးလျှင်။

"အဲဒါပဲသား. . . သားတို့ရောက်ချင်တဲ့နေရာ. . . သားတို့သွား ချင်တဲ့အရပ်ပဲ။ အဲဒီမှာ သားတို့လိုချင်တဲ့ ပစ္စည်းရှိတယ်။ ဒါပေမဲ့ ပိုင် ဆိုင်ခွင့်ရဖို့ မလွယ်ပါဘူး။ သီလရယ်၊ သစ္စာရယ်၊ သတိနဲ့ပညာရယ် မပြရင် ရထိုက်ခွင့်ရှိတဲ့ ပစ္စည်းတွေမှ မဟုတ်ဘဲကလား"

အမေ့အသံအေးအေးက ရင်သို့တိုင်ဝင်၏။ ဟုတ်တယ် အမေ သားသိပါတယ်။ သားနားလည်ပါတယ်။ ဒါပေမဲ့ ဒီခရီးအောင်မြင်အောင် ကူညီပါ အမေ။ အမေ့စိတ်၊ အမေ့နှလုံးအိမ်ကို နားလည်စွာ စိတ်ထဲက ပြောမိရသည်။

"စောန္တဲ့. . . သား။ နားထောင်စမ်း။ အမေ့စကားကို နားထောင် စမ်း။ လောကီလောဘသားတွေ ရောက်ခွင့်မရှိတဲ့ အရပ်နော်။ ရထိုက်ယူ ခွင့်မရှိတဲ့ ပစ္စည်းတွေ။ ဘာသာ၊ သာသနာနဲ့ သတ္တဝါဝေနေယျတွေရဲ့ အသက်ဇီဝကို စောင့်ရှောက်ဖို့သာ နှလုံးမစွဲရင် ရထိုက်ခွင့်မရှိဘူး"

"သားကတော့ သီလမြဲတယ်။ သာသနာကိုစောင့်ရှောက်မဲ့သူ အမေသိလို့သာ ဒီခရီး၊ ဒီလမ်းကို ပြတာ။ သားနဲ့ထိုက်တာတော့ ရခွင့် ရှိမှာပေ့ါ။ သားညီလေးနဲ့ ထိန်ကိုတော့ စောင့်ရှောက်နော်. . . သတိ ပညာလွတ်လို့ လောဘအငွေ့ထွက်ရင် ပြန်လမ်းမရှိတဲ့ခရီးကွဲ့. . . သားရဲ့ ငါ့သားကြီးသတိနဲ့ ပညာဦးစီးလို့ သာသနာကို မှန်စွာစောင့်ရှောက်ပါကွယ်။ ဘေးရန်ကင်းပါလိမ့်မယ်။ ဘေးရန်ရှိခဲ့တောင် စောင့်ရှောက်မဲ့သူပေါ်ပါ လိမ့်မယ်"

အမေ့အသံက တိုးလျလွန်းသည်။ မျက်ရည်သီသီဝေ့သော အမေ့ မျက်နှာကလည်း ညှိုးရော်လွန်းလှသည်။ ကြွေတော့မည့် ပန်းတစ်ပွင့် ၏ ပွင့်ချပ်လွှာလေးများနှယ်။ အရောင်နှင့် ရနံ့ကို မစွန့်သေးသော်ငြား ပန်း၏ဝိညာဉ်၊ ပန်း၏လိပ်ပြာမရှိပြီ။ အမေ. . . အမေ. . . အိုအမေ။ ချစ်ချင်းအားဖြင့်၊ လက်အုပ်အစုံဖြင့် အမေ့ကို မြတ်မြတ်နိုးနိုးဦးခိုက်မိရ သည်။

---

**စိတ်ကူးသစ်စာပေ**



"သားကြီးစောန္တဲ့. . . ကျန်းမာသက်ရှည်စွာ သတ္တဝါများ အကျိုး ာသနာတော် အကျိုးဆောင်နိုင်ပါစေကွယ်"

ရုတ်တရက်၊ လျှပ်တစ်ပြက်အတွင်းမှာပင်. . . ဝင်းကနဲ အရောင် လင်းတန်းကြီးက မိုးယံသို့ ထိုး၍ပျံတက်သွားခဲ့သည်။ အမေ. . . အမေ ပြီတော့။ အမေ့ကို မတွေ့တော့ ပြန်ပြီ။

အမေမရှိတော့သော လောကသည် အလင်းမရှိ၊ ပကတိအမှောင် က်သက်။ သူအားကုန်ကြုံး၍ အော်ဟစ်လိုက်မိသည်။

"အမေ. . . အမေ. . . အမေ"

✿✿✿✿✿

## (၄)

စောနွဲ့ဘီတောင် အိပ်ရာမှလန့်၍ နိုးလာချိန်တွင် စောနွဲ့ထိန်တို့၏ စကားဝိုင်းက အရှိန်ကောင်းဆဲ။ စကားဝိုင်းကို စောနွဲ့ထိန်က ဦးဆောင်ကာ အပြန်အလှန် ဆွေးနွေးငြင်းခုံနေကြဆဲဖြစ်သည်။

ညဉ့်နက်လေ အအေးဓာတ်က ပြင်းထန်လာလေဖြစ်သည်။ ခရီးပန်းလာသဖြင့် ခဏလှဲလိုက်ရာမှ မေးခနဲ အိပ်ပျော်သွားရခြင်းဖြစ်သည်။ ခဏကလေးအိပ်ပျော်စဉ်အခိုက် သည်အိပ်မက်ကြောင့် လန့်နိုးလာရသည်။

အမေ့ကို အမှန်ပင် သတိရလွမ်းတမိတော့သည်။

''ဒီရေခဲတောင်တန်းကြီးတွေ တစ်လျှောက်မှာ မသေဆေးပင်ဒါမှမဟုတ် အသက်ရှည်ဆေးပင်လို့ အဓိက ထင်ရှားတာကတော့ မချစ်ဥနဲ့ မရှော့ရွက်ပဲ။ ဒါကတော့ ယောက်ဖတို့သိပြီးပဲ။ အစ်ကိုကြီးစောနွဲ့ဘီတောင်ဆိုရင် သူ့ဘဝတစ်လျှောက်လုံး ဒီဆေးပင်၊ ဆေးဥတွေဖက်မွေးလာသလားပြောရလောက်အောင် ဒါတွေနဲ့ပဲ အသက်ရှင်လာခဲ့တာ။ ဒါနဲ့ပဲ အသက်မွေးလာခဲ့တာ''





စောနွဲ့ထိန်၏ စကားသံကို နားထောင်ရင်း အသာမှေးနေမိသည်။ အအေးကဲလွန်းသဖြင့် လှုပ်ရရွေ့ရမည်ကိုပင် ဝန်လေးနေခြင်းလည်းဖြစ်သည်။

''အခု ငါတို့ရှာဖွေမယ့်ဆေးပင်က မရှော့ပင်မဟုတ်ဘူး။ 'အဆက်ကလူစီ'လို့ ခေါ်တဲ့ အင်မတန်ရှားပါးတဲ့ မသေဆေးပင်တစ်မျိုးပဲ။ ရဲဝမ်၊ ဂျိန်းဖော၊ လီဆူး၊ ခန္တီးရှမ်းတွေအပါအဝင် တို့ကချင်လူကြီးတွေက ရွှေထက်ပိုပြီးတန်ဖိုးထားကြတယ်။ တစ်ပင်မှာ အရွက်တစ်ရွက်၊ နှစ်ရွက်သာပါပြီး ဆယ့်နှစ်ရာသီလုံး စိမ်းရင့်ရောင်လွှမ်းနေတတ်တယ်။ အမြစ်က ရွှေဝါရောင်။ အရွက်သေးသေး၊ ဝိုင်းဝိုင်းပုပုကလေး။ အနားပတ်လည်မှာ ခွေးသွားစိတ်ကလေးတွေလိုမျိုးရှိတယ်။ နောက်ပတစ်မျိုးက အရွက်နည်းနည်းရှည်ပြီး ချွန်နေတယ်။ အနားပတ်လည်မှာတော့ ခွေးသွားစိတ်လိုမျိုးလေးတွေပါတယ်''

''တို့ကချင်လူကြီးတွေဟာ လူချင်းသိပ်ခင်သိပ်ချစ်မှသာ တစ်ဦးနဲ့တစ်ဦး လက်ဆောင်ပေးလေ့ရှိတယ်။ ရွှေနဲ့စက်ပြီးတန်ဖိုးပေးတာတောင်မရောင်းတတ်ကြဘူး''

''မမှားရအောင်၊ ဒီမှာ နမူနာအရွက်နဲ့ အမြစ်ယူလာခဲ့တယ်''

စောနွဲ့ထိန်က အဝကျယ်ဖန်ပုလင်းပုလေးနှစ်လုံးတွင် ထည့်ထားသော 'အဆက်ကလူစီ'ဆေးရွက်ကလေးနှစ်ရွက်နှင့် ဆေးမြစ်ကလေးနှစ်မြစ်ကို တယုတယ ထုတ်၍ ပြနေသည်။ ရယ်တန်လနှင့် မုဆိုးအဖွဲ့ကမီးအလင်းရောင်တွင် သေသေချာချာကျကျနန အသေးစိတ် ကြည့်နေကြသည်။

သူညီစောနွဲ့ထိန်က သူတို့သယ်ယူလာသည့် လက်ဆွဲအိတ်အတွင်းမှ 'အဘွတ်အင်အာဆင် FRCS. FRGS ပြုစုထားသော''မြန်မာပြည်မှ အဖိုးတန်ဆေးဘက်ဝင်သည့် သစ်ပင်သစ်ရွက်များ'' စာအုပ်ကိုထုတ်ယူကာ စာအုပ်တွင်ဖော်ပြထားသော 'အဆက်ကလူစီ'ဆေးရွက်နမူနာဓာတ်ပုံများ၊ သစ်ပင်တစ်ပင်လုံး ပဥ္စင်ါးပါးပါဝင်သည့် ရောင်စုံဓာတ်ပုံ

များကို လှန်လှောကာ ရှင်းပြနေသည်။

''အေး. . . ငါ တစ်ကြိမ်တော့ တွေ့ဖူးတယ်။ ငါ့အဘိုးက သူ့လောပန်တရုတ်ကြီးတစ်ယောက်ကို လက်ဆောင်ပေးတုန်းက တွေ့ဖူးတာ။ ငယ်ငယ်ကဆိုတော့ သစ်ရွက်ပုံစံတော့ အသေးစိတ်မမှတ်မိတော့ဘူး။ အဘိုး ပြောတာတော့ ဒီမသေဆေးရွက်တွေက ခန်းတောက်မြစ်တို့ မချစ်ဥတို့ မရှော့ပင်တို့လို ရေခဲဖုံးတောင်တွေပေါ်မှာ ပေါက်တာမဟုတ်ဘူး။ ချင်းတွင်းမြစ် အထက်ပိုင်းမြစ်လက်တက်ဒေသ၊ ကချင်ပြည်နယ်အစွန်တောတောင်တွေမှာသာ ပေါက်တတ်တာလို့ ပြောတယ်။ ကချင်စော်ဘွားတွေခေတ်က မိုင်းခွန်နယ်၊ 'ရှင်ဖွေယန်'တစ်ဝိုက်တောကြီး တောင်ကြီးတွေထဲမှာသာ ရှိတတ်တယ်လို့သိရတယ်ကွ''

ဝါရဲဂျာက တွေးတွေးဆဆပြောသည်။ တောတောင်ကျွမ်းရုံမှုမကမြန်မာပြည်မြောက်ပိုင်းတစ်ခွင်ကို ခြေရာချင်းထပ်အောင် သွားလာလေ့ကျက်ခဲ့သူမို့ ဒေသန္တရ၊ ဘာသန္တရဗဟုသုတလည်း စုံသည်။ လေ့လေ့လာလာ မှတ်မှတ်သားသားလည်း ရှိသည်။

''ဟုတ်တယ်။ မရောက်ဖူးပေမယ့် မုဆိုးခန်ဆက်စကားလက်ဆင့်ကမ်းခဲ့ကြလို့ နေရာတော့သိတယ်။ ရှင်ဖွေယန်က သိပ်မဝေးဘူး။ မြစ်ကြီးနား–မိုင်းစွပ်–ရှင်ဖွေယန်–တဒန်ခါး(ထရုန်ခါး)လမ်းအတိုင်းပဲသွား။ ရှင်ဖွေယန်ရဲ့ အနောက်ဘက်အလွန်ရှိလှ မိုင်(၂၀)ပေါ့။ အဲဒီတောင်တန်းကြီးပေါ်မှာ ဒီလိုမသေဆေးရွက်တွေ၊ ဇေ...က်သွေးတွေရှိတယ်လို့ တနိုင်းကငါ့မိတ်ဆွေနာဂမုဆိုးကြီး ထနော်ဟီးကလည်း ငါ့ကိုအသေးစိတ် ပြောဖူးတယ်''

တစ်ချိန်လုံးငြိမ်နေခဲ့သည့် ခန္တီးရှမ်းမုဆိုးကျော်စောနွံ့စေဟောကတိတိကျကျပင် ဝင်၍ပြောသည်။ ရယ်တန်လ လူရွေးချယ်၊ လူစုထားသည်မှာ မှန်ကန်သည်ဟု စောနွံ့ဘီတောင်က ကြိတ်၍တွေးနေမိသည်။ မိမိ၏ အဖိုးတန်ဆေးမြစ်၊ ဆေးဥ၊ ဆေးပင်များ ပေါက်ရောက်ရာဒေသမှတ်တမ်းစာအုပ်တွင်လည်း စောနွံ့စေဟောပြောသလိုပင် မှတ်သားထားသ





သည်။

သူ့အိပ်ရာမှ ထကာ မီးဖိုဘေးသို့လာခဲ့သည်။ ဖခါးရည်ပူပူတစ်ခွက်ကို ဖူးခနဲ မှုတ်ကာ သောက်လိုက်မှ ဝမ်းတွင်းနွေးသည်။

''ထမင်းသုံးဆောင်တော့မလား အစ်ကိုကြီး''

ရယ်တန်လက မေးသည်။ သူလက်ကာ၍ ပြလိုက်သည်။ အသားစားခြင်းဝလေ့ကို စွန့်လွှတ်ခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီ။ တောထဲတောင်ထဲ အလုပ်လုပ်ချိန်က လွဲ၍ နေ့လွဲညစာမစားခဲ့သည်မှာလည်း ကြာပြီ။ သို့သော်ငြား၊ သည့်ကိစ္စများကို ဂုဏ်တစ်ခုလုပ်ကာ မပြောချင်။

''အေး. . . အေး၊ ဖခါးရည်ပဲ သောက်ပါမယ်ကွာ။ စောစောကနွံ့ထိန်မင်းတို့ကို ပြောတာရောနေလို့ ငါထလာတာ။ ဒီမှာကြည့် ဒီသေးသေးပုပုဝိုင်းဝိုင်းလေးတွေက အဆိပ်ပြေဆေးပင်ပဲ။ ဘယ်လိုအဆိပ်မျိုးမဆို နိုင်တယ်။ ပြီးတော့ အနာဟောင်းအနာသစ် ဘယ်လိုဒဏ်ရာမျိုးမဆို ဒီအရွက်ကို ကြိတ်ပြီး အုံထားရင် အနာမရင်းဘူး။ မန်းမတက်ဘူး။ သွေးအဆိပ်ကင်းတယ်။ ဘာဆေးမှ မလိုဘဲ သူ့ဘာသာပျောက်တယ်၊ ဒီမှာကြည့်''

စောနွံ့ဘီတောင်က အဆိပ်ပြေဆေးရွက်ကို သေချာပြသည်။ မရှော့ရွက်နှင့် ခပ်ဆင်ဆင်။ သို့တစေ သည်အရွက်ကလေးများက အသားနည်းနည်းထူပြီး ရွက်မွေးနုကလေးများပါသည်။

''အဆက်ကလူစီဆိုတဲ့ မသေဆေးရွက်က ဟောဒါ''

အရွက်ရှည်ပြီး ချွန်ချွန်ပုံသဏ္ဌာန်ရှိ အရွက်ကလေးများကို သေသေချာချာပြသည်။

''အခုန ဒီကညီတော်မောင်ပြောတာမှန်တယ်။ ဒီရှားပါးပြီး အဖိုးတန်လွန်းတဲ့ ဒီဆေးပင်နှစ်မျိုးဟာ 'ရှင်ဖွေယန်'နောက်ကျောက တောင်တန်းကြီးမှာ ရှိတယ်လို့ သိရတယ်။ တို့ဒီကနေ ရှင်ဖွေယန်ထိပေါက်တဲ့ အရင်ဆန်နဲ့ ဆားသယ်တောတွင်းလမ်းကြမ်းရှိတယ်။ ဒီကညီတော်မောင်တို့ သိရဲ့မဟုတ်လား''

''နှစ်ခေါက်တော့ ရောက်ဖူး၊ သွားဖူးတယ် အစ်ကိုကြီး။ လမ်းကြမ်းဆိုမှ တကယ့်လမ်းကြမ်းပါပဲ။ တောလဲကြီးတယ်။ သားရဲတိရစ္ဆာန်လည်း အလွန်ပေါ။ လစ်ရင်လစ်သလို ပစ္စည်းယူ၊ လူသတ်တဲ့ နာဂသူပုန်လိုလို ဓါးပြလိုလိုတွေလည်းရှိတယ်။ အန္တရာယ်တော့များတယ်နော်''

ဝါရဲဂျာက ဖြေပြောပြောသည်။ သူ့အတွေ့အကြုံများက မနည်းလှသည်မို့ ပြောသင့်သည်များကို ကြိုပြောထားခြင်းဖြစ်သည်။

''အေးလေ ယောက်ဖရယ်။ ဒီလောက်အဖိုးတန်တဲ့ ပစ္စည်းရှိမှတော့ အန္တရာယ်ကြီးပြီပေါ့ကွာ။ လွယ်လွယ်ရနိုင်ရင် ဘယ်မှာတန်ဖိုးကြီးတော့မလဲ။ ယောက်ဖတို့ လမ်းပြနိုင်ရင် ပြီးတာပါပဲ။ အန္တရာယ်ကတော့ ရင်ဆိုင်ရမှာပေါ့''

''ငါတို့ဘက်ကတော့ အဆင်သင့်ပဲဟေ့''

''ကဲ၊ ကဲ. . . ဒါဆိုရင်လဲ နားကြတော့။ အိပ်ကြတော့။ နောက်နေ့တွေမှာ လုပ်စရာတွေက များသေးတယ်''

စောနွဲ့ဘီတောင်၏ စကားကြောင့်လူစုခွဲကာ အသီးသီးအိပ်ယာဝင်ကြသည့်အခါ ညဥ့်တစ်ဝက်ကျိုးခဲ့ပြီ။

မြောက်ဘက်တောင်ကုန်းဒေသ၏ ညဥ့်လေရိုင်းက တရှိုက်ရှိုက်အော်မြည်ကာ တက်တုံသက်တုံပြေးလွှားနေ၏။ အရိုးကွဲမတတ် ပြင်းထန်လှသော အအေးဓာတ်ကလည်း ထူးကဲပြင်းထန်စွာ အေးလွန်းလှသည်။ ညသည်ပင် သည်ဆောင်းညလေကြမ်းကြမ်းအေးအေးကြီး၏ ပြုသမျှကို မျက်စိမှိတ်နေရရှာ၏။

သည်သို့ဖြင့်. . . ။

တစ်မိုးသောက်ပေဦးတော့မည်။

✿✿✿✿✿

# (၅)

တစ်မိုးသောက်ခဲ့ပြန်ပြီ။

နေ့၏ အလင်းသည် အလင်းရိပ်ကလေးရသည်ဆိုရုံမျှသာ မှုံမှုံသဲ့သဲ့ကလေးလင်းသည်။ နေဝန်းကို မြင်ပင်လျှင် မမြင်ရ။ နှင်းနှင့်မြူငွေ့များက ပိတ်သည်းနေ၏။ ရှေ့တခေါ်ခန့်မျှ မြင်ကွင်းကိုသာလျှင် မြင်နေရသည်။

ခရီးဆုံးသို့ရောက်လုနီးခဲ့ပြီ။

ရက်ရှည်ကြာမျှော တောကိုဖြတ်၍ တောင်ကိုကျော်ကာ မြစ်ကူးချောင်းခြားခရီးပြင်းနှင်လာခဲ့သည်မှာ ကြာခဲ့ပြီ။ ယခုဆိုလျှင် ခရီးဆုံးသို့ ရောက်ဖို့ တစ်နေ့ခရီးပျော့ပျော့သာ ကျန်တော့၏။

အင်မိုင်ခခေါ် မေခမြစ်၏ အဖျားပိုင်းတစ်လျှောက်ကို ကျော်ဖြတ်တောတိုးကာ ချင်းတွင်းမြစ်စတင်မြစ်ဖျားခံသည့် လက်ကျန်ခနှင့် တနိုင်းခမြစ်များဒေသကို ခရီးကြမ်းနှင်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာပြည်မြောက်ဘက်ဖျားရှိ ရေခဲတောင်များတွင် မြစ်ဖျားခံခဲ့

သည့် ထလာဝမ်၊ အဒုံဝမ်နှင့် ဆန်ခူးဝမ်မြစ်သုံးသွယ်သည် မြောက်လတ္တီတွဒ် ၂၈ဒီကရီ အထက်နားတွင် ပေါင်းဆုံမိကြပြီး နမ့်တမိုင်မြစ်ဖြစ်လာခဲ့၏။

ထိုနမ့်တမိုင်မြစ်သည် အရှေ့တောင်ဘက်သို့ ဆက်လက်စီးဆင်းလာခဲ့ရာ မြောက်ဘက်မှ စီးဆင်းလာခဲ့ကြသည့် ဒပ္ပလူဝမ်၊ တဂူဝမ်မြစ်တို့နှင့် တရုန်ဝမ်မြစ်တို့က ဝင်ရောက်ပေါင်းဆုံကြပြန်၏။

ထိုနေရာမှ စတင်၍ မေခ(အင်မိုင်ခ)ဟု အမည်တွင်ကာ အရှေ့တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့လေသည်။

စောနွဲ့ဘီတောင်တို့အဖွဲ့သည် နမ့်တမိုင်မြစ်ဆုံမရောက်မီ ထလာဝမ်၊ အဒုံဝမ်နှင့်ဆန်ခူးဝမ်မြစ်တို့ကို ဆက်တိုက်ဖြတ်ကျော်လျှက် တနိုင်းမြစ်ဖျားဒေသသို့ ကန့်လန့်ဖြတ်ကာ တောကျော်တောင်ဖြတ် ခရီးနှင်ခဲ့ကြခြင်းဖြစ်သည်။

ယခုမူ နောက်ဆုံးစခန်းချ ရိက္ခာဖြည့်ခဲ့သည့် ကချင်ပြည်နယ်၏ အနောက်ဘက်ဆုံးဒေသ၊ မြို့ငယ်ကလေးဖြစ်သော ထရုန်ခါးမြို့ကလေးသည် သူတို့၏ဦးတည်ရာဖြစ်သော တောင်တန်းကြီးရှိရာသို့ လှမ်းမြင်နေသည့် ချောင်းငယ်ကလေး၏ အထက်ကုန်းမြင့်က လေးပေါ်တွင် ယာယီစခန်းချနေကြခြင်း ဖြစ်သည်။

စောနွဲ့ဘီတောင်သည် နှင်းမှုံမှုံမြူထုအောက်၌ ညို့ညို့ဆိုင်းကာ မှိုင်းပြာနေသော မျက်စေ့တစ်ဆုံးတောင်တန်းကြီးကို စူးစိုက်အကဲခတ်နေမိသည်။

သည်တောင်တန်းကြီး။

ကချင်ပြည်နယ်၏ အနောက်ဘက်ဆုံးချောင်ကျလှသည့် သည်ဒေသတွင် သည်တောင်တန်းကြီးက နာမည်ဆိုးဖြင့် ကျော်ကြားလှသည်။

မရဏတောင်တန်းကြီး။

ဒေသနေတိုင်းရင်းသားတို့က ဤသို့အမည်သညာပြုကာ အသွားအလာမရှိလောက်အောင်ပင် ဝေးဝေးကရှောင်ကြသည်။





ဗြိတိသျှအစိုးရလက်ထက်ကမူ သည်ဒေသကို Blind Zone ဟု အမည်ပေးကာ လူသားစားသော လူမျိုးနွယ်တစ်ခု တစ်စုနေထိုင်ရာဒေသအဖြစ် ကန့်သတ်တားမြစ်နယ်မြေ(Limited Area) အဖြစ်သတ်မှတ်ခဲ့ဖူး၏။ အသွားအလာအဆက်အသွယ်နည်းခဲ့ကာ ခေါင်းပါးလွန်းလှသည်။

သည်တောသည်တောင်ကလည်း ကြမ်းတမ်းလှ၏။ သားရဲတိရစ္ဆာန်များကလည်း ပေါများသောင်းကျန်းလွန်းလှသည်။

ညကပင်လျှင် တစ်ညလုံးစိတ်ချလက်ချ မအိပ်ရခဲ့ကြ။

ပေါင်လယ်ခန့် ထင်းခြောက်တုံးကြီးများဖြင့် မီးအားကောင်းကောင်း မီးဖိုကြီးသုံးဖိုကို ဖိုခုံလောက်ဆိုင်ဖိုကာ ရွက်ဖျင်တဲကို လုံအောင်ကာလျှက် နှစ်ယောက်တစ်တွဲ အလှည့်ကျ ကင်းစောင့်ချထားပြီး အိပ်ယာဝင်ခဲ့ကြသည့်တိုင် တော၏ ကြောက်မက်ဖွယ်တောသံတောင်သံ၊ ခြုံသံမြူသံတွေကြောင့် ပါးပိုးပိုင်းပေါ် ခေါင်းချထားပါလျှက် တော်တော်နှင့် အိပ်၍မပျော်။

ကြက်အိပ်ကြက်နိုးဖြင့်သာ မိုးစင်စင်လင်းခဲ့ကြရသည်။

ညစခန်းတစ်ဝိုက်တွင် . . . ။

တစ်ချိတစ်ချီ ချောင်းတစ်ဖက်တောတွင်းမှ ဟစ်လိုက်ဟိန်းလိုက်သည့် ကျားကြီးများ၏ အစာရှာဖွေသံ၊ တစ်ကောင်နှင့်တစ်ကောင် အချက်ပေးသံများသည်လည်းကောင်း၊ မရဏတောင်ခြေ ဝါးတောကြီးများအတွင်းရှိ တောဆင်အုပ်ကြီးများ၏ တဝူးဝူးအော်မြည်သံ၊ တဖြောင်းဖြောင်းနှင့် ဝါးနုများကိုချိုး၍ စားသောက်နေကြသံ၊ အုပ်လိုက်တောတိုးသံများသည်လည်းကောင်း၊ ဂူကဲ ဂူကဲ ဟူသော သစ်ဆင်ကြီးများ ကျားသစ်ကြီးများ၏ ဝမ်းကြုတ်သံများသည်လည်းကောင်း အဆက်မပြတ်ပေါ်ထွက်နေခဲ့သည်။

သည်အသံများသည် တောတွင်းအန္တရာယ်များကို အရှင်းသားဖော်ပြနေသည့် လှုပ်ရှားမှုများဖြစ်လေရာ အဆက်မပြတ်ထည့်ထားသည့်

မီးဖိုကြီးသုံးဖိုမှ မီးရောင်များ ထိန်ထိန်လင်းနေသည့်တိုင် အိပ်ရဲစရာ မရှိလှ။ ဝမ်းပါးသဖွယ်ကောင်းလှလေသည်။

သူတို့အဖွဲ့သည် အထက်ဆန့်ဂေါင်က ထွက်ခဲ့စဉ်က သူတို့ညီအစ်ကို နှင့် ရဲယ်တန်လစတို့က လေးယောက်။ စုစုပေါင်းခြောက်ယောက်ဖြစ်၏။ တနိုင်းအရောက်တွင် ကွယ်လွန်သွားသည့်နာဂမုဆိုးကြီး ထနော်ဟီး၏ သား ကလာဟီးကို ထပ်မံအင်အားဖြည့်ခဲ့၏။ သူလည်းသူ့အဖေ နာဂ မုဆိုးကြီး၏ ဖဝါးခြေထပ်သင်ပြမှုခံယူခဲ့သည့် တောဝါရင့်မုဆိုးဖြစ်သည်။ သည့်ဒေသတောတောင်များကို မျက်စိမှိတ်၍ပင် သွားနိုင်လောက်အောင် ကျွမ်းဝင်နှံ့စပ်သည်။

သည်ထရှန်ခါးရောက်မှ ယခုသွားရောက်မည့် နယ်မြေဒေသတွင် နေထိုင်ကျက်စားသော ဒေသခံကချင်တောမုဆိုးကြီး ကရင်ဂမ်းကိုပါ ခေါ်ယူခဲ့ပြန်သဖြင့် ပို၍ အင်အားတောင့်တင်းလာခဲ့သည်။ ဝန်တင်လား သုံးကောင်နှင့် လားထိန်းလမ်းပြနှစ်ဦးပါဆိုလျှင် အားလုံးဆယ်ယောက် ဖြစ်၏။

"ဒီတောင်တန်းကြီးဆီကို သိပ်သွားလေ့မရှိကြပါဘူး။ ကျုပ်တို့နယ်က လူတွေက မရဏတောင်ကြီးလို့ခေါ်တယ်။ လူသိများတာကတော့ ကျောက်လက်ဝါးတောင်တန်းကြီးလို့ခေါ်တယ်

ရှင်ဗွေယန်မြို့ရဲ့ အနောက်ဘက်မှာ တစ်နယ်နဲ့တစ်နယ်သွားလာ ဆက်သွယ်တဲ့ လမ်းကြမ်းတစ်ခုရှိခဲ့ဖူးတယ်။ ကချင်ပြည်နယ်အစိုးရက ကတ္တရာလောင်းပြီး လမ်းချောဖေါက်ဖို့ ကြိုးပမ်းခဲ့ဖူးပါတယ်။ အဲဒီအချိန်က လမ်းအရေးပိုင် မစ္စတာသော်မဆင်နဲ့အဖွဲ့က ဒီကျောက်လက်ဝါး တောင်တန်းကြီးဘက်ကို လမ်းအူကြောင်းရှာ၊ တိုင်းတာ(Surver) လုပ်ဖို့ သွားခဲ့ကြဖုံးက ကျွန်တော့်အဖေကို လမ်းပြအဖြစ်သုံးခဲ့လို့ သွားခဲ့ဖူး တယ်။ အန္တရာယ်များလွန်းလို့ နောက်ပိုင်းမှာ လုပ်ငန်းရပ်သွားခဲ့တယ်။ ရောဂါဘယကြောင့်ရော၊ သားရဲတိရစ္ဆာန်အန္တရာယ်ကြောင့်ရော၊ နာဂ သူပုန်တွေရန်ကြောင့်ရော အလုပ်သမားတော်တော်များများလည်း သေ





ဆုံးခဲ့ရတယ်လေ။

"ပြောကြတာတော့ အသားစားလူရိုင်းတွေပဲ ရှိသလိုလို။ လမ်းအ ရေးပိုင် မစ္စတာသော်မဆင်တို့အဖွဲ့ကတော့ ကျောက်သွေးတွေနဲ့ မသေဆေး ပင်တွေရသွားတယ်၊ ရွှေသိုက်တွေ့သွားတယ်လို့တော့ သိုးသိုးသန့်သန့် ကြားခဲ့ရဖူးတယ်။ သေချာတာကတော့ ခင်ဗျားတို့ပြောတဲ့ အဆိပ်ဖြေ ဆေးပင်နဲ့ မသေဆေးပင်တွေဟာ ဒီတောင်တန်းကြီးပေါ်မှာ ရှိတယ်။ များပြားလှတဲ့ကျောက်လိုဏ်ဂူကြီးတွေထဲမှာ ဖြတ်စီးနေတဲ့ ချောင်းနံဘေး တွေမှာ ပေါက်လေ့ရှိတယ်လို့ အဖေပြောခဲ့ဖူးတာပဲ"

ညပိုင်းက စကားဝိုင်းတွင် ကရင်ဂမ်းက သည်သို့ပြောခဲ့သည်။ ဦးလျှင်၊ နှုတ်က ပြောရုံမျှမက၊ သူ့အဖေထံက အမွေဆက်ခံခဲ့သည်ဆို သော သည်ကျောက်လက်ဝါးတောင်တန်းကြီးပေါ်ရှိ သူတို့သွားမည့် ကျောက်လိုဏ်ဂူများ တည်ရှိရာ မြေပုံကြမ်းများပါ မိုင်းကိုင်စက္ကူချပ်အ ဟောင်းကြီးကိုချကာ ရှင်းပြခဲ့သည်။

ထနော်ဟီးနှင့် ဩရဲဂျာတို့၊ စောနွဲ့စေဟေတို့ကလည်း ပါဝင်ဆွေး နွေးခဲ့ကြကာ ယနေ့နံနက်တွင် စတင်ကာ သွားရောက်မည့်လမ်းကြောင်း ကို ရှာဖွေခဲ့ကြသည်။ ညှိနှိုင်းတိုင်ပင်ခဲ့ကြသည်။ စောနွဲ့ထိန်ကလည်း သူယူဆောင်လာခဲ့သည့် မြေပုံစာရွက်များနှင့် အသေးစိတ်ညှိနှိုင်းမေးမြန်း ကာ အမှတ်အသားပြုလိုက်၊ မှတ်စုစာအုပ်များတွင် ရေးမှတ်လိုက် အလုပ် ရှုပ်နေသည်။ သည်ခရီးအတွက် သူလည်းအသေးစိတ်ကြိုတင်ပြင်ဆင်ခဲ့ သည်မှာ သေချာသည်။

"ကိုးနာရီတိတိစထွက်မယ်ဟေ့။ ခရီးလမ်းအခြေအနေနဲ့ ဘာတွေ တွေ့ရကြုံရဦးမယ် ကြိုမသိတော့ သွားလမ်းလာလမ်း၊ ပြန်ချိန်ထည့်တွက် ရင် ညနေလေးငါးနာရီ စခန်းပြန်ရောက်မယ်မှန်းတယ်။ တဲမဖြုတ်တော့ ဘူး။ လားထိန်းတွေနဲ့ စောနွဲ့စေဟေကို စခန်းစောင့်ထားခဲ့မယ်။ ထမင်း ဟင်းချက်ပြုတ်ရင်း စခန်းပါတ်လည်ရနိုင်သလောက် မြင်ကွင်းကောင်း အောင် တောရှင်းထားပေး"

စောနွဲ့ဘီတောင်၏ စီမံဆော်သြမှုဖြင့် နံနက်စာစားကြပြီး တလှုပ်လှုပ်ပြင်ကြ ဆင်ကြရသည်။

ကချင်ပြည်နယ်မြောက်ဖျား၏ ရာသီဥတုကလည်း ပြင်းထန်လွန်းသည်။ သည်ဒေသကို ပတ်ခြာလည်ဝိုင်းနေသည့် ရေခဲတောင်များကို ဖြတ်သန်းလျက် အအေးဓာတ်များလွယ်ပိုးလာသည့် လေကြမ်းက စိမ့်နေအောင်အေးသည်။

သည်လေကြမ်းကြီးကြောင့် မျက်နှာများပင် ပူရှိန်းလာသည် ထင်မိရ၏။ နှုတ်ခမ်းတို့ထူလာသည်။ အာစေးတို့က ပါးစပ်ကို ပိတ်ထား၏။ ခါတစ်ရံ မေးခိုက်သံပင် တဆတ်ဆတ်မြည်လာသည်။ နှာခေါင်းရိုး မျက်ခုံးရိုး၊ လက်ဆစ်ရိုးတို့ကပင် နင့်ခနဲ၊ ကျင်ခနဲ နာချင်သည်။

မီးပုံကိုဆွရင်း ဖခါးရည်ပူပူကို ဝမ်းတွင်းနွေးအောင် သောက်ကာ ကောက်ညှင်းပေါင်းနှင့် အသားခြောက်ကြော်ကို ဗိုက်ဖြည့်လျက် နံနက်ကိုးနာရီတွင် စခန်းက စထွက်ဖြစ်သည်။

လူသွားလမ်းယောင်ကလေးပေါ်တွင် နှင်းငွေ့များဖိ၍ ကျထားသဖြင့် မြေပြင်မှာပျော့လျက် သားကောင်ခြေရာများကိုလည်း လတ်လတ်ဆတ်ဆတ်ပင် တွေ့ရ၏။ ကျပ်ပြားဝိုင်းခန့်ရှိပြီး ရှေ့ပိုင်းချွန်ထွက်နေသော ဂျီခြေရာ၊ လက်ဖက်ရည်ကြမ်းပန်းကန်လုံးကို မှောက်၍ မြေပြင်တွင် ပုံခတ်ထားသည်နှင့် တူသည့် တောဝက်ကြီးများ၏ ခြေရာကွက်များ၊ နွားမဟန်း၏ ခြေရာကဲ့သို့ ရှေ့ပိုင်း၌ ခပ်ချွန်ချွန်ထွက်နေသည့် ဆတ်ဖားကြီးများ၏ ခြေရာစသည်တို့ကို လူးလာတုန့်ပြန်တွေ့နေရ၏။

တစ်ဖါလုံခန့်သွားမိလျှင်ပင်၊ ကိုင်းတောပေါင်းတောနှင့် ကွင်းပြင်ကျယ်ကြီးကို စတွေ့သည်။ ပင်ခြေရှုပ်ရှုပ်နှင့် ဟိုတစ်စသည်တစ်စ ရေအိုင်ကွက်ကြီးများကိုလည်း တွေ့ရ၏။ ကိုင်းတောမဝင်မီ အစနားတွင် ရေစီးနေသော ချောင်းငယ်ကလေးတစ်ခုကိုလည်း တွေ့သည်။

"အလို. . . ထူးလှပါလားဟေး"

ဆန်ဂေါင်က ပါလာသော လီဆူးမုဆိုးကေပီယောနသန်က ပါးစပ်





ကလည်း အသံထွက်မြည်တမ်းပြီး လက်ညှိုးထိုးပြသည်။ သူညွှန်ရာကို ကြည့်မိကြသောအခါ အားလုံးပါးစပ်ဟသွား၏။ မြင်ကွင်းကိုပင် မယုံနိုင်လေဟန် ထပ်ပြန်တကြော့ကြည့်ကြရ၏။

မြင်ရသည်မှာ သည်တောသည်တောင်နှင့် စပ်ဟပ်မှုတော့ လုံးဝမရှိလှ။ ချောင်းငယ်ကလေး၏ အစပ်၊ ကျောက်တုံးငယ်စုစုကလေးများထဲမှ အနည်းငယ်ကြီးသော ကျောက်တုံးပေါ်တွင် လူသူတော်တစ်ဦးကို မြင်ကြရသည်။

ဆံပင်ရှည်ကို နောက်တွဲထုံးထားပြီး အင်္ကျီဖြူလက်ရှည်ရင်စေ့နှင့် လုံချည်ဖြူကို ဝတ်ကာ တင်ပျဉ်ခွေထိုင်လျက် တရားရှုမှတ်နေဟန် ငြိမ်သက်စွာ ထိုင်နေသည်။ သူ့ဘေးတွင် တောင်ဝှေးတစ်ချောင်း၊ ဘူးသီးခြောက်ရေဘူးကလေးတစ်ဘူးနှင့် စားလက်စငှက်ပျောသီးတစ်ဖီးကို တွေ့ရ၏။ အခြားမည်သည့် ဝန်စည်စလယ်မျှလည်း မတွေ့ရ။

သည်တောသည်တောင်ကြီးထဲတွင် အခြေချနေထိုင်သူလည်း မဖြစ်နိုင်။ ရွာစဉ်ရွာဆက်ပင် မရှိသလောက်ဝေးလံသီခေါင်သည့် သည်အရပ်သို့ သည်ပုဂ္ဂိုလ်မည်သို့ ရောက်နေလေသည် မသိတတ်နိုင်။

သူတို့အဖွဲ့အနားရောက်လျှင် သူက မျက်စေ့ကိုဖွင့်၍ ကြည့်သည်။ ကြည်လင်ငြိမ်းအေးသော မျက်နှာက နှစ်လိုဖွယ်အသွင်ရှိ၏။ စကားမဆိုသေးသော်လည်း သူ့မျက်လုံးက ခရီးဦးကြိုနေဘိသို့ ရှိသည်။

"ရောက်လာကြပြီကိုး။ လာကြ. . . လာကြ။ ထိုင်ပြီးခဏနားကြပါဦး"

အသံကလည်း ကြည်လင်လှသည့် အပြင် အားအင်ပါသည်။ စောနွဲ့ဘီတောင်က သည်ပုဂ္ဂိုလ်အနီး ကျောက်တုံးတစ်ခုတွင် ဝင်ထိုင်သည်။ စောနွဲ့ထိန်တို့ လူသိုက်က သင့်သလိုထိုင်ကြကာ ဖခါးရည်သောက်ရင်း အပန်းဖြေနေကြသည်။

"ကိုယ်လိုချင်တာ ကိုယ်ရကြတာ မမွှတာပဲ ကိုရင်တို့ရဲ့။ ရွှေလိုချင် ရွှေရတယ်။ ငွေလိုချင် ငွေရတယ်။ ဒါပေမဲ့ ကိုယ်ဘာကို တကယ်လို

ချင်တာလဲဆိုတာရယ်၊ ကိုယ်လိုချင်တဲ့အရာက ကိုယ်ရထိုက်ခွင့်ရှိသလားရယ် ဆိုတာကြတော့ လူတိုင်းမသိကြပြန်ဘူး''

စူးရှတောက်ပြောင်လွန်းလှသည့် လူသူတော်၏ မျက်ဝန်းက သူ့စကားသံထက် ပို၍ ကျယ်ဝန်းသည့် အဓိပ္ပါယ်ကို ပြောနေသကဲ့သို့ စောနွဲ့ဘီတောင်ခံစားရသည်။ တစ်ပြိုင်တည်းမှာပင် ညကမက်ခဲ့သည့် အိပ်မက်နှင့် အမေ့အမှာစကားတို့ကို သတိရလိုက်သည်။ ညက အိပ်မက်ကို သူ့ညီစောနွဲ့ထိန်ကိုပင် သူမပြောပြခဲ့။ ခရီးသွားလာရင်း စိတ်စနိုးစနောင့် ခံစားရမည်စိုးရိမ်၍ သူ့ရင်မှာပဲ သိုထားခဲ့သည်။

''သီလရယ် သစ္စာရယ်၊ သတိနဲ့ပညာရယ် မမြဲရင် ရထိုက်ခွင့်ရှိတဲ့ပစ္စည်းတွေမှ မဟုတ်ဘဲလား''. . .တဲ့။ ညက ပြောခဲ့သည့် အမေ့အသံကို ကြားယောင်မိသည်။

သူ့အနေဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာအဆုံးအမကို စွဲစွဲနစ်နစ်သက်ဝင်ယုံကြည်သူဖြစ်သည်။ သူ၏ ဘဝနိဂုံးပိုင်းကိုလည်း သာသနာတော်၏ ရင်ခွင်၌သာ မြှုပ်နှံဖို့ ဆုံးဖြတ်ပြီးလည်းဖြစ်သည်။ သည်ခရီးစဉ်အောင်မြင်ခဲ့လျှင်. . .။ သူသာသနာ့ဘောင်ဝင်တော့မည်။ ဂမ္ဘီရနွယ်သော အမှုကိစ္စများကို သူအကျွမ်းမဝင်သော်လည်း သည်လူသူတော်ကိစ္စက ဖြစ်ရိုးဖြစ်စဉ်ထက် ပို၍ နည်းနည်းဆန်းကြယ်နေမှန်း သူသတိထားမိသည်။

သူတို့ခရီးစဉ်အတွက်များ တစ်စုံတစ်ရာသတိပေးလေသလား. . .ဟု စိတ်ထဲတွေးမိရသည်။ သူ့ညီစောနွဲ့ထိန် အပါအဝင် ငယ်သူများကိုမူ မပြောမိသေး။

''ကျွန်တော်တို့ မိရိုးဖလာဆေးပင်၊ ဆေးရွက်၊ ဆေးဥတူးတဲ့သူတွေပါအဘ။ ပစ္စည်းအမှာရလို့ အင်မတန်ရှားပါးတဲ့ ကျောက်သွေးနဲ့ အဆိပ်ပြေဆေးပင်၊ မသေဆေးပင်ဆိုတာ ရှာဖို့လာကြတာပါ။ ဒါတွေကလည်း သက်ဆိုင်တဲ့ ဝေနေယျတွေရဲ့ အသက်ကို ကယ်မဲ့ဇီဝိတဒါနတွေပါ၊ ဘဝကံဟောင်းက ရဖို့ကံကြွင်းရှိရင်ရမယ်လို့ ထင်ပါတယ်''





စောနွဲ့ဘီတောင်က မုသားလွတ်စကားကို ရွေးချယ်၍ ပြောမိသည်။ သည်လုပ်ငန်းမျိုးမှာ သစ္စာမတည်က ဘေးအန္တရာယ်များမှန်း သူ့အတွေ့အကြုံများအရ သိသည်။

''အေးလေ တစ်ဖွဲ့ဆိုတာ တစ်ယောက်တည်းမှ မဟုတ်တာ။ သဘောညီဖို့ ခဲယဉ်းသား။ လူလေးရဲ့ သဘောက သည်လိုရည်ရွယ်ပေမဲ့ အားလုံးက သည်လိုညီညွတ်ကြဦးမှကိုး''

လူသူတော်ကြီးက သူ့ညီစောနွဲ့ထိန်တို့ဘက်ကို မျက်နှာရိပ်ကဲကာ သည်စကားကိုဆို၏။ ဟုတ်တော့လည်း ဟုတ်သည်။ နွဲ့ထိန်က'အဆက်ကလူစီ'ခေါ် မသေဆေးပင်ရှာဖို့သာ မိမိကိုအသိပေးတိုင်ပင်ထားသော်လည်း နောက်ကွယ်တွင် အခြားရည်ရွယ်ချက်များ ရှိနေနိုင်သေးကြောင်း သူကိုယ်တိုင်ပင် သံသယရှိနေသည်။

ဤခရီးကို စီစဉ်ပုံ၊ ပြင်ဆင်ပုံ၊ ငွေကြေးသုံး စွဲပုံနှင့် သူယူလာသည့် မြေပုံများ၊ စာရွက်စာတမ်းများ၊ လက်သုံးကရိယာများ၊ ဝန်စည်စလယ်များက'အဆက်ကလူစီ'ဆေးပင်ရှာရုံမျှနှင့် ပြီးမည် မဟုတ်သည့် လက္ခဏာရှိကြောင်း သူသတိထားမိသည်။ အထူးသဖြင့် နွဲ့ထိန်နှင့် ချယ်တန်လနှစ်ဦး မကြာခဏ ခေါင်းချင်းဆိုင်တိုင်ပင်နေသည်ကို တွေ့မြင်ရသည်မှာ ထူးခြားနေသည်။

''ဒါက ကိုရင်တို့ကိစ္စတွေပါ။ ကျုပ်နဲ့ မသက်ဆိုင်ပါဘူး။ ရော့. . . အဆာပြေ ငှက်ပျောသီးစားသွားကြဦး။ ကျုပ်ခရီးကပြီးပါပြီ။ ကျုပ်အတွက် မလိုအပ်တော့ပါဘူး။ ဒီက လူလေးက ဘာသာရေးအလေ့အထုံရှိပုံရတယ်။ ဒါအန္တရာယ်ကင်းစေမဲ့ ပရိတ်ရေ။ ဇာလီတောင်ဆရာတော်ဘုန်းကြီးဘုရားက ချီးမြှင့်ထားတာ။ ဒီကလူလေးကို ဆက်ပြီး ဒါနလုပ်ရမှာပေါ့။ ရော့. . . ရော့၊ လိုသလိုသုံး''

လက်ကျန်ငှက်ပျောသီး ငါးလုံးနှင့် ဘူးသီးခြောက်ရေဘူးကလေးကို စောနွဲ့ဘီတောင်အားလှမ်းပေးကာ လူသူတော်ကြီးက ထိုင်ရာမှ ထရပ်သည်။ ခေတ္တမျှ ပါးစပ်လှုပ်ရုံတစ်စုံတစ်ခုကို ရွတ်ဆိုကာ ချောင်းရိုး

ကလေးအတိုင်း တည်ငြိမ်အေးချမ်းစွာ တလူပ်လူပ်ထွက်ခွာသွားတော့သည်။

''အေး. . .၊ ဒီတောကြီး မျက်မည်းထဲ တစ်ယောက်တည်းဘယ်လိုလာ ဘယ်လိုသွားနေလဲမသိ။ ဘေးမကြောက်ရန်မကြောက်၊ ကြံ့မကြံ့ဘူးပဟေး''

ဝါရဲဂျာက တအံ့တသြမှတ်ချက်ချသည်။ အားလုံးကလည်း သည်သို့ပင် ဆိုချင်ကြဟန်။ မျက်နှာများက တအံ့တသြရှိနေကြ၏။

''ကဲ. . . ကဲ။ ကိုယ့်အလုပ်ကိုယ်လုပ်ကြစို့။ အချိန်ကလေးရှိတုံး''

စောန္တဲ့ဘီတောင်က ဆော်သြကာ ဦး၍ ခြေလှမ်းပြင်သည်။ စောန္တဲ့ထိန်နှင့်ရယ်တန်တို့က ကချင်လမ်းပြ ကရင်ဂမ်းကို ဦးဆောင်စေကာ ရှေ့မှ ထွက်သည်။

စောန္တဲ့ဘီတောင်သည် ကရင်ဂမ်းလက်ညှိုးညွှန်ပြသည့် လက်ဝဲဘက် ခပ်ယွန်းယွန်းဆီမှ တောင်တန်းအထက်၌ ခပ်မှိုးမှိုးမြင့်မြင့်လှမ်း၍ မြင်တွေ့နေရသည့် နာမည်ကြီးလှသော မရဏ တောင်တန်းကြီးဆီမျှော်ကြည့်ကာ သူတို့နောက်နားက လိုက်သည်။ သူ့နောက်မှာ နာဂကလေး ဇာလာဟီးနှင့် လီဆူးမုဆိုးယောနသန်။ တစ်ယောက်တန်းတန်းကာတစ်ကြောင်းထိုးဆက်၍ ခရီးနှင်ခဲ့ကြတော့၏။

တောင်ခြေရောက်ရန် လေးငါးမိုင်ခန့်မျှ ဝေးတော့သည်။ တောရှခင်းက ပြောင်းလာသည်။ အောက်ခြေတစ်လျှောက်'မြိုင်'ဆန်ဆန် သစ်ကြီးဝါးကြီးများ ထူထပ်စွာပေါက်ရောက်နေသည်။

ထိုစဉ်အခိုက်. . . ။

တရှဲရှဲနှင့် မြေကြီးတွင် ဒရွတ်တိုက်၍ လေးလံစွာ လျောထိုးလာသည့် အသံသဲ့သဲ့ကို ကြားလိုက်ရသည်။ ရှေ့ဆုံးမှ ကချင်မုဆိုး ကရင်ဂမ်းက လက်ပြအချက်ပေးပြီး ရပ်နားစေသည်။

''ဆရာကြီးရေ။ ဘာလဲတော့မသိသေးဘူး။ ဖြစ်ဖို့များတာတော့





တောကြီးမြွေဟောက်ကြီးတွေဖြစ်နိုင်တယ်။ ဒီလို ဒရွက်ဆွဲလာတဲ့ အသံဟာ ဒီလိုမြွေကြီးတွေသွားလာတဲ့အခါ ကြားရတတ်တဲ့ အသံမျိုးပဲ။ အခြားတောကောင်တွေလို ခြေသံမလုံတတ်ဘူး။ သတိတော့ ထားကြရမယ်ခင်ဗျ''

ကရင်ဂမ်း၏ စကားမှန်နိုင်ကြောင်း တောတောင်နှင့် မစိမ်းသည့်သူတို့အားလုံးလက်ခံကြသည်။ သည်တောသည်တောင်တွင် အပေါ်ဆုံးနှင့်အန္တရာယ်အပေးဆုံးမှာလည်း ကျား၊ ဆင်ရိုင်းအုပ်နှင့် သည်မြွေကြီးများသာ ဖြစ်လေ့ရှိသည်။ ကျန်တောကောင်များက လူကပ်မခံ။ လူယောင်မြင်ရုံမျှနှင့် ရှောင်လေ့ရှိတတ်သည်။

''အစ်ကိုကြီးရေ။ ရှေ့နားက ကွပ်လပ်ပြန့်ကလေးနားကို အရောက်သွားပြီး ဟိုအပင်ကြီးအခြေမှာ စုကြရအောင်။ ပြီးမှပဲ အခြေအနေကြည့် လှုပ်ရှားကြစို့။ ဒီကောင်ကြီးတွေက အန္တရာယ်ကြီးတယ်''

''မလိုအပ်ရင် ပစ်တာခတ်တာ၊ သတ်တာ ဖြတ်တာ မလုပ်ကြပါနဲ့ကွာ။ သေနတ်သံကြားရင် အန္တရာယ်ဖိတ်ခေါ်သလိုရှိနိုင်တယ်။ နောက်မြွေဆိုတာ ဘာလဲ မင်းတို့လဲ အသိသား။ အဖိုးထိုက်ရတနာမှန်ရင် သူ့အစောင့်အရှောက်နဲ့ သူပဲကွ။ တောတောင်ရဲ့ ပရိယာယ်ကို နားလည်ကြ''

စောန္တဲ့ဘီတောင်က သတိပေးမိရသည်။ အားလုံးအတွေ့အကြုံရင့်တောမုဆိုးတွေချည်း ဖြစ်ကြ၍ လက်လွတ်စပယ်မလုပ်တတ်ကြမှန်းသိသော်လည်း မာယာများလှသည့် တောတောင်၏ ပရိယာယ်တွင် လှည့်စားခံရလျှင် ဘေးဆိုးကြုံရတတ်သဖြင့် သတိပေးရခြင်း ဖြစ်သည်။

ခင်တန်းရိုးကလေးကို ဖြတ်ကူးလျှက် တောင်လက်ပံပင်မြင့်ကြီးပေါက်နေသော သစ်ပင်အုပ်စုစုကလေးရှိရာသို့ အပြေးတပိုင်းသွားရောက်ကြရသည်။ ပင်ခြေရှင်း၍ ပေလေးငါးခြောက်ဆယ်ပတ်လည် ပြောင်ရှင်းနေသော ပြန့်ကလေး၏ ကွင်းစပ်တွင် ထီးတည်းကြီးပေါက်နေသောတောင် လက်ပံပင်ကြီး၏ သစ်ပျဉ်းကြီးများကို အကာအကွယ်ယူကာ

အသံကြား ဘက်ဆီသို့ မျှော်၍ စောင့်ကြည့်နေကြခိုက်. . . ။

"လာနေပြီဟေ့. . . စောစောကလေးက ဒို့ကူးခဲ့တဲ့ ရိုးချောင်းက လေးဘေး ဗျိုက်တောထဲက အသံကြားတယ်"

လျှောတိုက်၍ လာနေသည့် အသံကြီးက တံ့ခနဲ ရပ်သွားသည်။ ဗျိုက်တောကလေးဘေး ကျောက်တုံးများနောက်မှ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်၏ ဦးခေါင်းကို ရုတ်ခနဲ မြင်လိုက်ကြရသည်။ မြွေလော ကတွင် အန္တရာယ်ကြီးမားလှသည့် အဆိပ်အပြင်းထန်ဆုံး 'ငန်းဦးကွက်' ခေါ် မြွေငန်းကြီးတစ်ကောင်၏ ဆန်ကောတစ်ချပ်ပမာ ဝိုင်းဝန်းသော ပါးပျဉ်း ကြီးကို တွေ့မြင်လိုက်ကြရ၏။

"ဘုရား၊ ဘုရား. . ."

သာမန်'ငန်းပုတ်'၊ 'ငန်းစောင်း' 'မြွေပွေးငန်းစောင်း' မြွေများပင် လျှင် လူတို့ကို အငြိုးတကြီးလိုက်လံအန္တရာယ်ပြုတတ်သည့် အပြင် အဆိပ်ပြင်းထန်လွန်းသေးရာ ငန်းမြွေတို့၏ ဘုရင်ဟုခေါ်ဆိုနိုင်သည့် ဤ'ငန်းဦးကွက်'မြွေကြီးမျိုးကား အသားစားကြူး၍ ဒေါသထန်ပြင်းခြင်း က ပိုတတ်သည်ဖြစ်၍ အားလုံးတုတ်တုတ်မျှ မလှုပ်ရဲကြ။

လူနံ့ကို ရနေသည့် သားစားကြူးမြွေကြီးသည် ပါးစပ်ကြီးကို ဖြဲကာ ကြီးမားသော ခေါင်းကြီးကို ထောင်၍ သူတို့တစ်သိုက်ရှိရာကို တစ်ချက်မျှော်ကြည့်လိုက်ပြီး၊ ဆာလောင်မွတ်သိပ်နေဟန် ရဲတင်းစွာဖြင့် ရှေ့သို့ ခေါင်းလည်ချလိုက်ပြီးနောက် တဟုန်တည်း ရှောခနဲ တက်လာ တော့သည်။

"ရှောင်မလွတ်တော့ဘူးထင်တယ် အစ်ကိုကြီးရေ့"

ဝါရဲဂျာက တိုးတိုးပြောသည်။ ပြောရင်းကပင် တစ်ဦးနှင့်တစ်ဦး မျက်ရိပ်ပြကာ နှစ်ယောက်တစ်တွဲစီ ရှောင်သာတိမ်းသာဆုတ်သာ တက်သာအောင် ခွဲ၍နေရာယူမိကြ၏။ စောနွဲ့ဘီတောင်က ယောနသန်နှင့် တစ်တွဲကျကာ လုံးပတ်နှစ်ပေခန့် ပျဉ်းကတိုးပင်ကို ကွယ်လျှက် သူ့လက်ရှိ တော် ကချင်ဓါးကို တင်းတင်းဆုပ်ထားမိသည်။ ယောနသံကလည်း





၃၀၃ စစ်သုံးရိုင်ဖယ်ကို ကျည်ထိုးကာ မောင်းတစ်ဝက်တင်လျှက် မြွေကြီးရှိရာ တန်းတန်းချိန်ရွယ်ထား၏။

သူတို့အဖွဲ့တွင် သေနတ်ကိုယ်စီပါသည့် ဝါရဲဂျာနှင့် စောနွဲ့ထိန်က တစ်တွဲ၊ ကချင်မုဆိုးကြီး ကရင်ဂမ်းနှင့် နာဂမုဆိုးဇာလာဟီးက တစ်တွဲ ခွဲ၍ နေရာယူထားကြသည်။ ဇာလာဟီး၏ လက်ထဲတွင် ထက်မြနေ အောင် သွေးထားသော ၅ ပေါင်ရဲတင်းကြီးအား ကိုင်ထားသည်ကို မြင်ရသည်။ စောနွဲ့ထိန်ကမူ ငယ်စဉ်ကပင် သူအလွန်တရာအားကိုးသည့် ားလုံကို အသင့်ကိုင်ထားသည်။ သရေခါးပတ်တွင်လည်း အရွယ်စုံ ပေါက်ဓါးများက စီရရီ။

"နွဲ့ထိန် ညီလေး. . . မင်းတို့ဘက်မှာ"

စိုးရိမ်စိတ်ဖြင့်ပင် နှုတ်ကလွှတ်ခနဲ အသံထွက်သွားသည်။ အစာ ဆာလောင်နေသော မြွေကြီးသည် ပါးစပ်မှ ဟူးခနဲ ကျယ်လောင်စွာ မှုတ်လိုက်ပြီး စောနွဲ့ထိန်နှင့် ဝါရဲဂျာတို့ရှိရာ တောင်လက်ပံပင်ကြီးဆီသို့ ခေါင်းထိုး၍ လာလေသည်။

အန္တရာယ်ကို တွေ့တွေ့တင်တင် ရင်ဆိုင်နေရပြီဖြစ်၍ မတတ်သာ သည့် အဆုံး၌ ဝါရဲဂျာသည် . ၃၀၃ ဗို့ စစ်သုံးရိုင်ဖယ်ဖြင့် မြွေကြီး၏ လည်ပင်းကို ထိုးပစ်ပစ်ကာ ချလိုက်ရသည်။ 'ဒိုင်း'ခနဲ ကျည်ပေါက်ကွဲ သံက တိတ်ဆိတ်နေသော တောယံကို ဖြိုခွင်းလိုက်ကာ တောလုံးညံသွား ၏။

မြွေကြီးကား လည်ပင်းကို ဖောက်၍ ရိုင်ဖယ်ကျည်ဆန်ထိမှန်ခြင်း ခံရသည့် အတွက် အနီးရှိ ဝါရဲဂျာကို ၎င်း၏ ကြီးမားသော ရှေ့ပိုင်းကိုယ် ား:ကြီးဖြင့် ရစ်ပတ်ပစ်လိုက်ပြီး အမြီးပိုင်းက ပျဉ်းကတိုးပင်ပေါက်တစ် ပင်ကို လှမ်း၍ အားယူကာ ပတ်လိုက်တော့သည်။ ဝါရဲဂျာခမြာ "အား" နေ့ ညည်းသံထွက်လျှက် မြွေကြီး၏ ရစ်ပတ်မှုကို မချိမဆံ့ခံနေရရှာ သည်။

သတိမြဲမြဲသော စောနွဲ့ထိန်က မြွေကြီး၏ ပါးပျဉ်းခွက်ရှိရာကို

မှန်းကာ သူ၏ ဓားလှံဖြင့် ထောက်ထိုးထိုး၍ ဝါရဲဂျာအား အန္တရာယ်ပေး နေမှုကို ကူညီတိုက်ခိုက်ရတော့၏။ ဇလာဟီးက သူပုန်းကွယ်နေသည့် သစ်တစ်ပင်နောက်မှ လျှင်မြန်လှသော အဟုန်ဖြင့် ရောက်ရှိလာကာ မြွေကြီးအားယူ၍ အမှီသဟဲပြုထားသည့် ပျဉ်းကတိုးပင်၌ တစ်ပတ်ရစ်ပတ် ထားသည့် မြွေကြီး၏ အမြီးပိုင်းအား ရဲတင်းဖြင့် ဘယ်ပြန်ညာပြန် တအားခုပ်ချလိုက်လေသည်။ ထက်မြနေအောင် သွေးထားသော ရဲတင်း နှင့် ဇလာဟီး၏ ခွန်အားတို့ကြောင့် ငါးချက်ခြောက်ချက်ခုတ်ချလိုက်သည် တွင် မြွေကြီး၏ အမြီးပိုင်းသည် တိတိကြီးပြတ်ထွက်သွားတော့သည်။

ဒေါမာန်ထနေသော မြွေကြီး၏ ခေါင်းပိုင်းက ချာခနဲ ရမ်းထုတ် လိုက်ရာ ဓားလှံနှင့်အတူ စောနွဲ့ထိန်လည်း အရှိန်ဖြင့် တောင်လက်ပံပင် ကြီး၏ သစ်ပျဉ်းပေါ်သို့ လွင့်စင်လဲကျသွားတော့၏။ တပြိုင်တည်းမှာပင် ကေပီယောနသံနှင့် ကရင်ဂမ်းတို့ ပစ်လိုက်သော စစ်သုံးရိုင်ဖယ်ပေါက်ကွဲ သံနှစ်ချက်ကို ရှေ့နောက်ဆင့်ကာ ကြားလိုက်ရပြီး မြွေကြီး၏ ဦးခေါင်းမှာ ဘုံးခနဲ ပစ်လဲကျသွားလျှက် မြေပြင်တွင် မချိမဆံ့ တွန့်လိမ်နေလေသည်။

မြွေကြီး၏ အခွေတွင်းမှ မျက်လုံးအဖြူးသားနှင့် အလိမ်အညှစ်ခံ နေရသည့် ဝါရဲဂျာ လွတ်မြောက်ရေးအတွက် သူတို့လူစုဝိုင်းဝန်းကာ ရဲဒင်းများ၊ ဓားကြီးများကို အသုံးပြုလျှက် မြွေကြီးကို ဝိုင်းဝန်းခုတ်ထစ် ဖြတ်တောက်လိုက်ကြရလေ၏။

ပြီးလျှင်၊ သတိမေ့နေပြီဖြစ်သော ဝါရဲဂျာကို မြွေကြီး၏ အခွေအ တွင်းမှ အတင်းဖြဲကာ ထုတ်ယူရပါသည်။

ထိုစဉ် လျှောခနဲ တောတိုးသံကြီးနှင့်အတူ လျှင်မြန်စွာ ပြန်လည် ဆုတ်ခွာသွားဟန်တူသည့် အခြားမြွေကြီးတစ်ကောင်၏ ကျောရိုးကို တွေ့လိုက်ကြရပါ၏။

"ကိုင်းဟေ့။ ဒီကနေ့တော့ ဒီမှာတင်ပဲ နားလိုက်ကြရအောင်၊ ဝါရဲဂျာကိုလည်း စခန်းမှာ ပြန်ပြီးပြုစုရဦးမယ်။ ပြန်ပြေးသွားတဲ့ အန္တရာယ် ကောင်ကြီးကလည်း အလစ်ချောင်းပြီး ရန်ရှာဦးမယ်ဟေ့။ ရယ်တန်လန်





ဇလာဟီးက ဝါရဲဂျာကို သယ်ကွာ။ ယောနသန်က လာလမ်းအတိုင်းပဲ ရှေ့က ဦးဆောင်ပြီးသွား။ ကရင်ဂမ်းကနောက်က ပိတ်လိုက်။ ဘာပဲတွေ့ တွေ့ စွတ်မပစ်နဲ့ဟေ့။ သတိတော့ထားကြ. . . ကိုင်း ထွက်ဟေ့"

သူသာ အကြီးဆုံးဖြစ်၍ ဦးစီးကာစီမံကွပ်ကဲရသည်။ သို့ဖြင့် ဒဏ်ရာရထားသော ဝါရဲဂျာကို သယ်ဆောင်ကာ စခန်းသို့ပြန်လာခဲ့ကြ သည်။ ခရီး၏ အဦးအစနေ့ကား အရေးမလှလေတော့။ ပွဲဦးကျိုးခဲ့ချေပြီ။

ခရီးကို ပြန်မလှည့်သေးမီ လူသူတော်ပေးခဲ့သော ငှက်ပျောသီးသုံး သုံးဖြင့် တောတောင်စောင့် ပုဂ္ဂိုလ်တို့အား မေတ္တာပို့ကာ လှူဒါန်းခဲ့ပါသေး ၏။ လူလိုမှ နတ်လို၊ နတ်လိုမှ ဗြိုလ်မလေမည်။

သူ့ရပ်သူ့မြေ သူ့တော သူ့တောင်တွင် သူစိမ်းတရံဖြစ်သူများက လက်ရဲဇက်ရဲ ဝင်ရောက်ကာ သူ့ထံက အဖိုးတန်ရတနာများကို ယူငင် ကြလေမည်ကို မကြည်ဖြူ၍ ဟန့်တားကြခြင်းဟု သူနားလည်ထား ပါသည်။ တောတောင်၏ ပရိယာယ်ကို အကင်းမပါးလေက ဘေးဆိုးကြုံ တွေ့ရမည်ကား မုချ။

ယခုပင်လျှင်၊ ဝါရဲဂျာမှာ သတိကောင်းကောင်းမလည်ချင်သေး။

ခရီးစဉ်၏ အဦးအစမှာပင် တောစိုးသတ္တဝါ 'ငန်းဦးကွက်' မြွေကြီး ကို သတ်လိုက်ရ၍ စိတ်ထဲမကောင်းလှ။ ကြက်ရေးငှက်ရေးသူ့အသက် ကိုယ့်အသက်လုရမည့်မို့သာ မျက်နှာလွှဲကာ သတ်လိုက်ရခြင်းဖြစ်လေရာ တောဆိုင်ရာတောင်ဆိုင်ရာတို့ကို ခွင့်ပန်ရပါသည်။

အပြန်ခရီးက နေ့းကွေးလေးလံစွာဖြင့်ပင် မမှောင်ခင် ယာယီစ ခန်းချရာ ကုန်းမြင့်ကလေးဆီသို့ ပြန်လည်ဆိုက်ရောက်ခဲ့ကြလေသည်။

✿ ✿ ✿ ✿ ✿

## (၆)

ဆောင်းညဥ့်လေက ဟူးဟူးရားရားတိုက်နေသည်။

ချောင်း၏ တစ်ဖက်မြိုင်တောအတွင်းမှ ဝေါခနဲဟိန်းလိုက်သည့် မြေတုန်ဟည်းရိုက်ခတ်ကာ ပေါ်ထွက်လာသည့် ကျားဟိန်းသံများကြောင့် လားသုံးကောင်မှာ လန့်ဖျပ်နေကြလေရာ လားထိန်းနော်တောင်တို့အဖွဲ့မှာ မနည်းထိန်းနေရသည်။

စခန်းတစ်ဝိုက်တွင် အဆက်မပြတ်ထည့်ထားသော မီးဖိုကြီးသုံးဖိုမှ မီးရောင်များ ထိန်ထိန်လင်းနေတော့သည်။

ညဥ့်နက်လာလေလေ၊ နှင်းတို့ကလည်း မိုးသီးမိုးပေါက်များသဖွယ် တဖြောက်ဖြောက်တဖျောဖျော ပို၍ပို၍ သိပ်သည်းစွာ ကျဆင်းနေလေလေဖြစ်၏။

သတိကောင်းစွာ ပြန်ရလာသည့် ဝါရဲဂျာ၏ တစ်ကိုယ်လုံးကို တောင်ဆိတ်ဆီများဖြင့် လိမ်းကျံကာ အပေါ်မှ အနွေးထည်များထပ်ဝတ်ပေးလျှက် အိပ်ယာပေါ်တွင် နွေးထွေးအောင်ထားရပါ၏။ အသင့်ပါလာသည့် ဆေးဝါးများဖြင့် ပြုစုကုသထားသည့်တိုင် ဒဏ်ရာကပြင်း၊ ကြုံတွေ့လိုက်ရသည့် ဖြစ်ရပ်က ကြောက်မက်တုန်လှုပ်ဖွယ် အသဲတုန်အူတုန်





ဖြစ်၍ စိတ်ကိုပါ ထိခိုက်သွားခဲ့လေရာ တဟင်းဟင်းညည်းညူရင်း အစားဝင် မဝင်နိုင်သေးပေ။

စောနွဲ့ထိန်က သူနှင့် ရင်ဘောင်တန်းကာ အသက်လုရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်၍ ပိုမိုဂရုစိုက်ကုသပေးနေ၏။ ကေပီယောနသန်က စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်ကာ ဆေးတပ်ကြပ်ဖြစ်ခဲ့ဖူး၍လည်း လွန်စွာအားကိုးရသည်။ ကျွမ်းကျွမ်းကျင်ကျင်လည်း ပြုစုကုသနိုင်၏။

''တို့သွားမဲ့ ကျောက်လိုဏ်ဂူတွေနဲ့ အနီးဆုံးနေရာအထိတော့ ရောက်ခဲ့ကြပြီ။ တို့အခုပြန်လှည့်လာတဲ့နေရာက မြိုင်ခြေကိုကျော်လိုက်ရင် တောင်အရင်းကို ရောက်ပြီ။ တောင်က ကျောက်တောင်ဆန်တယ်။ တောင်ပေါ်မှာ သစ်ပင်ဝါးပင်ကြီးကြီးမားမား သိပ်မတွေ့ရဘူး။ တောင်ထိပ်နဲ့ တောင်ခါးပန်းတွေမှာ အအေးပိုင်းရေခဲတဲ့နေရာမှာ ပေါက်တဲ့သစ်ပင်သစ်နွယ်ရေညှိပင်တွေပဲ တွေ့နေရတယ်။ အန္တရာယ်ကင်းကင်းသွားနိုင်မဲ့ ဝင်လမ်းနဲ့ အမြန်ဆုံးပြန်ထွက်နိုင်မဲ့ အပြန်လမ်းကြောင်းကို ကြိုကြည့်ထားဖို့ လိုတယ်ဟေ့။ အခြေအနေက မြန်မြန်ဝင်မြန်မြန်ထွက်မှဖြစ်မယ်။ ကြာကြာနေလေ အန္တရာယ်ကြီးလေပဲ''

စောနွဲ့ဘီတောင်က မြေပုံချပ်ကြီးများ ဖြန့်ခင်းကာ ကျောက်လိုဏ်ဂူများအတွင်း ဝင်ရာထွက်ရာလမ်းကြောင်းရှာနေကြသော စောနွဲ့ထိန်နှင့် ဇလာဟီး၊ ကရင်ဂမ်း၊ ရယ်တန်လတို့ လူသိုက်ကို လှမ်းပြောရသည်။

''ဒီတစ်ခေါက် တောင်ပေါ်ကို ငါလိုက်မယ်။ ယောနသံကို စခန်းထိုင်ထားခဲ့မယ်။ ဝါရဲဂျာကိုလည်း ပြုစုရင်း စခန်းစောင့်ရင်းပေါ့။ ဇလာဟီးရဲ့ အဖေငါ့သူငယ်ချင်းထနော်ဟီးနဲ့ ငါက သည်လမ်းတွေကို တစ်ကြိမ်မက ကောင်းကောင်းရောက်ခဲ့ဖူးတယ်။ ဇလာဟီးလည်း ရောက်ဖူးမှာပဲ''

''အဲဒီတစ်ခေါက်တုံးက အဆိပ်ဖြေဆေးနဲ့ မသေဆေးပင်ကို မတွေ့ခဲ့ရပေမဲ့ လိုဏ်ဂူတွေထဲမှာ လူအရိုးစုတွေတော်တော်များများတွေ့ခဲ့ရတယ်။ ဆေးပင် ဆေးရွက်လောက်သာမကဘဲ ပိုတန်ဖိုးရှိတဲ့ ပစ္စည်းကို

သိုက်ရှာသလို ရှာခဲ့ကြတဲ့ပုံပဲ။ ဘာမှတော့တွေ့သွားပုံ မရခဲ့ဘူး''

ခန္တီးရှမ်း မုဆိုး၊ ဆန်ဂေါင်ရွာသား စောနွဲ့စေဟောက ဝင်ပြောရာ တရားနည်းလမ်းကျနေသဖြင့် အားလုံးက လက်ခံကြရသည်။ လက်ရှိအခြေအနေအရလည်း သည်မရဏတောင်တန်းကြီးနှင့် ကျောက်လက်ဝါးလိုဏ်ကြီးအတွင်း သွားခဲ့ဖူး၊ ရောက်ခဲ့ဖူးသူများက ဦးဆောင်မှသာ အန္တရာယ်ကင်း၍ အောင်မြင်နိုင်မည်။ သို့နှင့်တိုင်၊ ကြိုတင်မျှော်မှန်းမရနိုင်လေသော အန္တရာယ်များက စောင့်ကြိုနေကြမည်ကိုလည်း ထည့်သွင်းစဉ်းစားပြင်ဆင်ထားရဦးမည်။

''ဒီနေ့နဲ့ နက်ဖြန်နှစ်ရက်တော့ နားနားနေနေလမ်းကြောင်းကြည့်ရင်း၊ တောသဘာဝလေ့လာရင်း ခဏငြိမ်လိုက်ကြရအောင်ပေ့ါ။ ငန်းမြွေများဟာ သိပ်အငြိုးကြီးတာ။ သူ့အန္တရာယ်ပေးချင်ရင် စခန်းကထိုင်ပြီးခုံတာက လုံခြုံတယ်။ သူ့ဇရိယာထဲကို ကိုယ်ဝင်သွားရင် မထင်တာတွေ ဖြစ်လာနိုင်တယ်။

နော်တောင်တို့အဖွဲ့နဲ့ပေါင်းပြီး နားရင်းနေရင်း ပစ်တိုင်းထောင်ညှောင့်တွေလုပ်ကြကွာ။ စခန်းပတ်လည် ဝင်လမ်းထွက်လမ်းချန်ပြီး စေ့နေအောင်ချထား။ အဟန့်အတားတော့ ဖြစ်သေးတာပေါ့။ ဝါးစိမ်းကို ချွန်ပြီး မီးသင်းကြဦး''

စောနွဲ့ဘီတောင်ပြီးလျှင် အသက်နှင့်ဝါအရင့်ဆုံး စောနွဲ့စေဟောက တိတိလင်းလင်း ဝင်ပြောသည်။ မှန်ပါသည်။ တောတွင်းစခန်းချရာတွင် ဖြစ်လာနိုင်ဖွယ်သော အန္တရာယ်များကို ကြိုတင်တွက်ဆစီမံထားနိုင်လေ အန္တရာယ်ကင်းလုံခြုံလေ ဖြစ်ပါသည်။

သည်သို့နှင့်၊ စခန်းတွင်ပင် သူတို့ နှစ်ရက်နားဖြစ်ခဲ့ကြသည်။
ဝါရဲဂျာပင် အနည်းငယ်သက်သာစ ပြုပြီ။

✿ ✿ ✿ ✿ ✿

# (၇)

အမေ့ရနံ့ကို သူရပြန်ပြီ။

သူသည် သူ့တစ်ဘဝလုံး ဆေးမြစ်၊ ဆေးဥတွေတူး၊ ဆေးပင်တွေရှာကာ သည်ဖရဲပုံးတောင်တန်းများပေါ်တွင်သာ တစ်တောင်ဆင်း တစ်တောင်တက် တစ်နေ့ထွက်တစ်နေ့ဝင် လှည့်လည်နေခဲ့ရသည့်တိုင်၊ အလုပ်နားလျှင် အမေ့အပါးတွင်နေစမြဲ။

ဖခင်ဖြစ်သူစောစီးစွာ ကွယ်လွန်သွားခဲ့၍လည်း သားအကြီးဆုံးဖြစ်သူ သူနှင့်အမေတို့က ပိုမိုနီးကပ်စွာ ဘဝကို ရင်ဆိုင်ဖြတ်သန်းခဲ့ရရာ သံယောဇဉ်က အမေ့အပေါ်ပိုခဲ့လေသဖြင့် တစ်အိုးတစ်အိမ်ပင် မထူထောင်ဖြစ်ခဲ့။

သည်မိခင်အိုသည်သာ ကိုးကွယ်ရာဟု မှတ်ယူခဲ့သည်။

အမေ့မျက်နှာပေါ်က အရောင်လျှပ်တစ်ပြက်ပြောင်းလျှင်ပင်၊ အမေ့ရင်ထဲ ဘာတွေရှိသည်ကို အတိအကျအဖြေထုတ်နိုင်ခဲ့စမြဲ။

အမေစားဖို့ အမေဝတ်ဖို့ ကိုယ်တိုင်စီမံကာ အမေလိမ်းဖို့ သနပ်ခါးကိုပင်လျှင် စောနွဲ့ဘီတောင်က တယုတယသွေးပေးခဲ့သား ဖြစ်လေသည်။

သည်တော့လည်း. . .၊ အမေ့ကိုယ်ငွေ့၊ အမေ့ထွက်သက်လေမှ စ၍ အမေ့ရနံ့ကို မြတ်မြတ်နိုးနိုးမွှန်းတီးခဲ့ရသည်။

ယခု အမေ့ရနံ့ကို သူရနေပြန်ပြီ။

ယခင်ညက ကဲ့သို့ပင် သူ့ခန္ဓာကိုယ်က တိမ်မျှင်တစ်စလို ပေါ့ပါးလွန်းစွာ တဲအပြင်ဘက် ရုတ်ခနဲ လွင့်မျောထွက်လာခဲ့သည်။ မြေနှင့်မြေမထိ။ ငှက်ကလေးတစ်ကောင် လေအဟုန်တွင် ဝဲပျံနေရသလို သူတို့စခန်းနေရာကလေးနှင့် ဖိုခုံလောက်ဆိုင်တည်ထားသော မီးဖိုကြီးသုံးပုံကို အပေါ်စီးက လည့်လည်ပျံဝဲရင်း မြင်နေရသည်။

ကင်းတာဝန်ယူထားသူ ယောနသန်နှင့် ကရင်ဂမ်းတို့ ဖခါးရည်ပူပူကို သောက်ကာ စကားပြောနေကြသည်ကိုလည်း သူမြင်တွေ့နေရသည်။

ထိုစဉ်. . . ။

အင်အားပြင်းထန်သည့် လေစုပ်ဝဲကတော့ကြီးထဲ စုပ်ဆွဲပါသွားသလိုပင် သူ့ခန္ဓာကိုယ်က လျှင်မြန်လွန်းသော အဟုန်ဖြင့် လွင့်မျောပါသွားသည်။ သတိမလွတ်အောင် စိတ်ကိုထိန်းထားသည့်ကြားမှပင် သတိကလွတ်ချင်ချင်။ အော့အန်မိမတတ် မူးဝေနောက်ကျိနေပြီးမှ ရုတ်တရက်တန့်ခနဲ ရပ်သွားသည်။

ဖွတ်မှိတ်ထားသော မျက်စေ့ကို ဖွင့်ကြည့်လိုက်လေလျှင်၊. . . ။ မြင်ကွင်းတွေကို ချက်ချင်းပင် သူမှတ်မိသည်။ မနေ့က သူတို့အား ''ငန်းဦးကွက်'' မြွေကြီးက အန္တရာယ်ပြုတိုက်ခိုက်ခဲ့သည့် တောင်လက်ပံပင်ကြီးအနီးတွင် သူရောက်နေသည်။

သူသေကိုယ်သေရင်ဆိုင်တိုက်ခိုက်ရင်း မြွေကြီး၏ကိုယ်မှ တပွက်ပွက်အံထွက်ခဲ့သော သွေး၊ သွေးန သွေးအိုင်ကွက်တို့ကို နေရာအနှံ့ကြည့်မကောင်းအောင် မြင်နေရသည်။ အသားတုံးတို့တော့ မရှိလေပြီ။ တောတိရစ္ဆာန်များ ဆွဲယူစားသောက်ခဲ့ပြီး ထင်သည်။

''ဟင်. . . ''

အမေ့ကို မြင်သည်။





ငန်းဦးကွက်မြွေကြီး မရှုမလှသေဆုံးခဲ့ရာ ပျဉ်းကတိုးပင်ပေါက်ကလေးနားတွင် အမေ့ကို မြင်သည်။

အမေ့ရုပ်သွင် အိုစာနွမ်းလျှလွန်းလှသည်။

မနေ့က တွေ့ခဲ့ရသည်နှင့်ပင် မတူလေတော့။ ဆံနွယ်တွေဖွေးဖွေးလွှ၍ တွင်းဆုံးကျနေသည့် စိတ်အနေကို မြင်ရသည်။

''သားရေ. . . စောစွ်။ လူလေးတို့ပြန်ကြဖော့။ သားတို့လက်လွန်သွားခဲ့ကြပြီ။ သားတို့သတ်လိုက်တာ ဒီတောဒီတောင်ကို စောင့်ရှောက်နေတဲ့ တောစိုးမြွေကြီးကွယ့်သားရဲ့။ သူတော်ကောင်းကြီးပါကွယ်။ ဘာကြောင့်ရက်ရက်စက်စက် သတ်လိုက်ကြရတာလဲ''

အမေ့အသံက ဟိုးအဝေးကြီးဆီမှ လွင့်ပါးလာသလို၊ တိုးညင်းပါးလျှစွာ သူ့နားစည်ထဲ လိုက်၍ ဝင်သွားသည်။

''မဟုတ်ဘူးအမေ။ မဟုတ်ပါဘူး။ သားတို့သတ်တာမဟုတ်ပါဘူး။ မြွေကြီးက ဝင်အန္တရာယ်ပြုလို့ ပြန်ကာကွယ်ရတာပါ။ သားတို့အထဲက ဝါရဲဂျာတောင်သေတော့မလို့အမေ။ အခုလည်း မနည်းဆေးကုထားရတယ်။ သားတို့ကို အန္တရာယ်ပြုလို့ပါ အမေရယ်။ အလကားနေရင်းသားတို့လက်မသရမ်းပါဘူး''

သူ့ရှင်းပြတောင်းပန်စကားတို့က ရင်တွင်းမှ ပလုံစီ၍ ထွက်လာသည်။ ထူးဆန်းနေသည်က သူ့ရင်မှ စကားတို့ကို အသံအသွင် မပြောင်းရဘဲ အမေကသိနေသည်။ သူစဉ်းစား၍မရ။ သူ့ရင်ထဲက အတွေးသည် အမေ့အသိဉာဏ်ထဲသို့ လျှပ်စစ်ကြိုးသွယ်ထားသလို တိုက်ရိုက်ကြီးစီးဝင်နေသည်ကိုလည်း သူအံ့သြရသည်။

''လှန့်လိုက်တာပါ သားရယ်။ သားတို့ကြောက်ပြီး ပြန်ဆုတ်သွားအောင် လှန့်တာပါ။ သူတောသူ့တောင်က ရတနာတွေကို သားတို့လုယူတော့မှာ။ ပြီးရင်၊ သားတို့နောက်က လူတွေအများကြီး လိုက်လာပြီးဒီတောကြီးတောင်ကြီးတစ်ခုလုံးကို တူးကြဖဲ့ကြ ဖျက်ဆီးကြဦးမှာ။ ဒီကသတ္တဝါတွေ ဘေးဆိုးကြီးကျသလို ဒုက္ခကြုံကြရဦးမှာ။ ဒါကြောင့်ဟန့်တား

ချင်လို့ လုန့်လိုက်တာကို သားတို့က အကြောက်လွန်သွားတာပါကွယ်''

အမေ့ပါးပြင်ပေါ်ဝယ် မျက်ရည်တစ်စစွန်းကွက်နေသည်ကို မြင်နေရသည်။ အမေဆုံးပါးမည့်နောက်ဆုံးအချိန်ကလည်း သည်သို့ပင် မျက်ရည်တစ်စ မြေကျပြီး သူတို့တစ်တွေအပေါ် စိတ်မချနိုင်လွန်းစွာ နောက်ဆံငင်လျှက် ကွယ်လွန်ခဲ့ရခြင်း ဖြစ်သည်။ သနားစရာအမေ။

''သားတို့ဘာလုပ်ရမလဲ အမေ''

စောနွဲ့ဘီတောင်က အမေ့ခြေရင်းမှာ ဒူးထောက်ထိုင်ချကာ မေးမိသည်။ သူ့အသံတွင် ငိုသံစွက်လာပြီမှန်း သိသည်။ ငိုမိပေတော့မည်။

''လှည့်ပြန်ပါလား။ ဒီနေရာဒီစခန်းကပဲ လှည့်ပြန်ရင်သားတို့ဘေးအန္တရာယ်ကင်းကြမယ်။ သားရယ်၊ စဝ်ဖေနွယ်လုံတောင်မင်းကြီးဆီမှာပဲ မကုန်နိုင်တဲ့ ဆေးမြစ်၊ ဆေးဥ၊ ဆေးပင်တွေကို နှစ်စဉ်နှင်းခဲပျော်ချိန်တိုင်း သားတို့သုံးမကုန်အောင် ရနေကြတာပဲ မဟုတ်လား။ ဘာလို့ ဒီအန္တရာယ်ကြီးလှတဲ့ တောတောင်က ရတနာတွေကို ရချင်ယူချင်ရတာလဲ လူကလေးတို့ရယ်''

အမေ့ရှိုက်သံက သဲ့သဲ့ကလေးဝေ့လာသည်။

''သားတို့ရှာတာ ရတနာမဟုတ်ပါဘူးအမေ။ ကချင်လူကြီးတွေ အမြဲပြောတဲ့ အဆိပ်ဖြေဆေးပင်နဲ့ 'အဆက်ကလူစီ' မသေဆေးရွက်ပင်ပါ။ နွဲ့ထိန်နဲ့ ကလေးတွေကို ဒီအတိုင်းကြည့်မနေနိုင်ဘူးအမေ။ နွဲ့အောင်လေးလည်း အရွယ်ရောက်ပြီ။ ချမ်းချမ်းသာသာ မဟုတ်ရင်တောင် ဖူဖူလုံလုံ၊ ပြည့်ပြည့်စုံစုံလေး သားစီစဉ်ပေးချင်တယ်။ သတ္တဝါဝေနေယျတွေအတွက် ကယ်တင်ဖို့ဆေးပင်ပဲ ရှာမှာပါ အမေ။ သားကို လမ်းပြပါ။ ဒီတောင်တန်းကြီးပေါ်က ကျောက်လိုဏ်ဂူတွေထဲမှာ ဒီဆေးပင်တွေ ပေါက်နေ၊ ရှိနေတဲ့နေရာကို လမ်းပြပေးပါ အမေ''

''လူကလေးစောနွဲ့. . . ။ သားက သိပ်ရိုးသားတာကိုး။ သားရဲ့အကျင့်သီလကို သိပ်ကိုးစားတာကိုး။ ဒါပေမဲ့သားလိုစိတ်မျိုး လူတိုင်းမရှိနိုင်ဘူးလေ သားရဲ့။ တစ်မအေတည်းမွေးခဲ့တဲ့ နွဲ့ထိန်တောင် သားလောက်





လောဘနည်းမှာ မဟုတ်ဘူး''

''နွဲ့ထိန်လား အမေ. . .''

''ဟုတ်တယ် လူကလေး။ မင်းက အဆိပ်ဖြေဆေးပင်နဲ့ မသေဆေးပင်ရှာမယ်လို့ ပြောတယ်။ အဲဒီရှားပါးအဖိုးတန်လှတဲ့ ဆေးပင်တွေ ပေါက်တဲ့နေရာမှာ အင်မတန် အဖိုးတန်တဲ့ ရတနာတွေရှိနေတယ်သား။ ဒီတောဒီတောင်ကြီးကို မှီနေရတဲ့ သတ္တဝါဝေနေယျတွေ၊ ပုဂ္ဂိုလ်တွေ အသိုက်အမြုံပျက်စီးပြီး တကွဲတပြားပြောင်းရွှေ့ထွက်ပြေးရမဲ့ အန္တရာယ်ဆိုးကြီးကို လက်ယပ်ခေါ်နေတဲ့ သိုက်ကြီးရှိနေတယ်လေ သားရဲ့''

''အမေ. . .''

''ဟုတ်တယ်သား. . . ။ မင်းတို့ကို ခွင့်ပြုလိုက်ရင် ဆေးပင်ဆေးမြစ်လော်ကနဲ့ သားတို့လောဘက တင်းတိမ်ကြပါ့မလား။ မျက်စေ့ရှေ့ကို မမြင်မနေရ၊ တွေ့နေရမဲ့ ရတနာတွေကို လောဘမတက်တော့ဘူးတဲ့လား။ လောဘတွေကို မသိမ်းဆည်းနိုင်ရင် ဒီမှာပဲ အသက်စွန့်ကြရမှာကို အမေမမြင်ရက်ဘူး လူကလေး''

''သားကိုယ်သား ယုံကြည်ပါတယ် အမေ။ သားစိတ်ဝင်စားတာ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတွေပါ။ နဂိုကတည်းက လောဘနဲ့ နေခဲ့ရင် ကျောက်စိမ်းတူး၊ ရွှေကျင်နေခဲ့တော့မှာပေါ့ အမေရယ်''

ရင်ထဲမှာ တင်းကြပ်ပိတ်ဆို့ကာ မောလာသည်။ အဇမလည်း သူ့နည်းအတူသာပင် ပျဉ်းကတိုးပင်ကို မှီကာ ရပ်နေရှာသည်။

''သားကိုယုံပေမဲ့ သားတို့တစ်တွေထဲမှာ မရိုးမသားစိတ်နဲ့ ဒီက ရတနာတွေကို ရှာဖို့လာတဲ့သူတွေပါတယ် သား။ သူတို့ခရီးက ဒီရတနာတွေရှာဖို့။ ဒါကြောင့်လဲ တောစိုးမြွေကြီးက ဟန့်တာပေါ့''

''ဟုတ်ရဲ့လား အမေရယ်။ ရတနာတွေရှိတာ သိဖို့မပြောနဲ့ စကားတောင် မစပ်မိခဲ့ပါလား။ သားမသိခဲ့ရပါလား''

''သားကလွဲရင် ဒီခရီးကို လာခဲ့ကြသူတိုင်းသိနေကြတာပဲ သား။ သားကတော့ ဆေးပင်ဇောကပ်နေတာကိုး၊ ဘယ်လိုသိနိုင်မလဲ။ သူတို့လာ

တာကိုက ရတနာတွေကို လာရှာတာ သားရဲ့''

''ခင်ဗျာ. . .''

''ဟုတ်တယ်သား။ သားမယုံချင်ပေမဲ့ ယုံလိုက်တော့။ သားညီနွဲ့ထိန်၊ အမေ့ရဲ့ အထွေးဆုံးသားနွဲ့ထိန်။ ဒီလူမိုက်ကလေးက ခေါင်းဆောင်ပဲ သားရယ်။ အခုတော့ ပြန်ပြင်လို့ မရတဲ့ အဖြစ်ကြီးကို သူတို့လုပ်လိုက်ကြပြီလေ''

''. . . . . . .''

သူပြောစရာစကားမရှိတော့။ ဆွံ့ပါးရလေပြီ။ ရင်တစ်ပြင်လုံးလောင်မီးကျသလို ပြင်းပြင်းပြပြ ပူလောင်လှသည်။

''နွဲ့ထိန်. . . နွဲ့ထိန်၊ ဒီလူမိုက်ကလေး။ ဒီအပြစ်အတွက် ပေးဆပ်ရမှာ အမေမကြည့်ရက်ဘူး သားရယ်''

''နွဲ့ထိန်ကို ကယ်ပါဦး အမေ. . .

''ဒါကြောင့်သားက ဒီလူစုကို ဖျောင်းဖျပြီး ဒီစခန်းကပဲ လှည့်ပြန်သွားရအောင် ကြိုးစားပါသားရယ်။ ဒီနေရာက လှည့်ပြန်သွားလို့ သားတို့လာရကျိုးမနပ်မဖြစ်ရအောင် ဒီတောဒီတောင်က ပြန်ကြည့်၊ ပြန်ပေးမှာပါ။ သားတို့တစ်ဘဝ မချို့ငဲ့စေရပါဘူး''

''ဘာမှမရလည်း၊ နွဲ့ထိန်အန္တရာယ်ရှိရင် သားပြန်မှာပါ အမေ။ ကိုယ့်ကြောင့် သူတပါးသတ္တဝါဝေနေယျတွေ ဒုက္ခရောက်အောင် သားမလုပ်ပါဘူး''

''သာဓုပါကွယ်. . . သားရယ်''

အမေ့ဆီက မွှေးပျံ့သော ရနံ့တစ်ခုသူရလိုက်သည်။ သူသွားရမည့်လမ်းကို သူသိသည်။

''ဖြစ်ချိန်တန်ရင်ဖြစ်၊ ပျက်ချိန်တန်လို့ ပျက်တဲ့သဘာဝရဲ့ ဓမ္မတာကို မင်းက ဘာသားနဲ့ ထုထားတာမို့ တားရမှာလည်းကွ။ လောဘဇောတွေ ဦးစီးပြီး ဒီတောဒီတောင် ဒီစခန်းဒီလမ်းအထိ ရောက်အောင်လာခဲ့ပြီးမှ မင်းလူတွေက လှည့်ပြန်ပါ့မလား။ မင်းတို့လှည့်ပြန်သွားတော့ရော





နောက်လူတွေ မလာကြတော့ဘူးတဲ့လား။ သုခထဲမှာ ဒုက္ခရဲ့မျိုးစေ့က အလိုလိုရှိပြီးသား။ ဒုက္ခကို လက်ဆွဲခေါ်တာ သုခကွ။ သတ္တဝါတစ်ခု ကတစ်ခုတဲ့။ ဒုက္ခတွေငြိမ်းဖို့ သုခတွေလည်း ချုပ်ရပျောက်ရမယ့် ကာလရောက်ခဲ့ပြီထင်ပကွာ. . .''

ရင်းနှီးဖူးပြီးသော အသံကို သူကြားရသည်။ အသံလာရာလှမ်းအကြည့်၊ တောင်လက်ပံပင်ကြီး အခြေတွင် မနက်ခင်းက တွေ့ခဲ့သော လူသူတော်ကြီးကို မနက်ခင်းကတွေ့ခဲ့သည့် ပုံသဏ္ဍာန်အတိုင်းထိုင်နေသည်ကို မြင်ရသည်။

သည်မျှ မျက်စိတစ်ကမ်းအကွာအတွင်း စောစောက မမြင်မိခဲ့သည်ကိုပင် အံ့သြမိရသည်။

အမေသည် လူသူတော်ကို ဒူးတုပ်လျှက်ပျပ်ဝပ်စွာ လက်အုပ်ချီနေသည်ကို မြင်ရသည်။ သည်မျှ ကြုံ့ကြုံ့ယုံ့ယုံ့ကလေးနေပုံမျိုးကို ဝန်းသိုဆရာတော်ဘုရားကြီးရှေ့တော်မှောက်တွင် ဖူးမြော်ကန်တော့စဉ်က တစ်ခါမြင်ခဲ့ဖူးသည်။ ကြည်ကြည်ညိုညို၊ လေးလေးမြတ်မြတ်ရှိလွန်းလှလေသည်။

''တကယ်လို့ ပြန်သွားခဲ့ရင်တောင် အန္တရာယ်က မလွတ်နိုင်တော့ဘူးလား ခင်ဗျာ''

စောနွဲ့ဘီတောင်က နှိမ့်နှိမ့်ချချစကားဆိုသည်။

''ဒုက္ခဆိုတာ ကိုယ်ကဖန်တီးယူတာ။ ဒီတောဒီတောင်ထဲကို လာဖို့ဘယ်သူ့မှ မဖိတ်မခေါ်ခဲ့သလို ပြန်သွားဖို့လဲ ဘယ်သူကမှ တိုက်တွန်းမှာမဟုတ်ဘူး။ ကိုယ့်ရဲ့ ကံသုံးပါးအမူအရာတွေကပဲ ဒုက္ခတွေ၊ သုခတွေကို ပြဌာန်းတာ။ တကယ်က အန္တရာယ်ဆိုတာ ဒီတောဒီတောင်ထဲမှာ မှီနေတာမဟုတ်ဘူး။ မင်းတို့ရင်ထဲ၊ နှလုံးသားထဲမှာ ကိန်းနေဝပ်နေတာ။ ကိုယ့်ဘာသာ မြင်အောင်ကြည့်၊ ဝေးအောင်ရှောင်၊ လုံအောင်ထိန်း။ ဘယ်သူကမှ ဘယ်သူ့ကို အန္တရာယ်ကင်းအောင် လုပ်မပေးနိုင်ဘူး''

''ဒါဆို. . .''

''ဟုတ်တယ်။ မင်းတားလို့လဲ မရဘူး။ တားလို့လဲ နာခံကြမှာ မဟုတ်ဘူး။ ကိုယ့်ကြမ္မာကို ကိုယ်ပဲဖန်တီးနိုင်ကြတာ။ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား။ မင်းလုပ်သင့်တာ မင်းလုပ်စရာရှိတာ မင်းလုပ်၊ သူတို့ဘဝကို သူတို့စေတနာက ပြဋ္ဌာန်းသွားလိမ့်မယ်။ မင်းဝင်မစွက်နဲ့''

''အို. . . ဆရာ အရှင်. . . ''

အမေ့ထံက တိုးတိုးညည်းသံကို ကြားရသည်။ အမေ၏ မျက်ဝန်း အစုံက လူသူတော်အား ခယတောင်းပန်နေသည့်နှယ် ညှိုးငယ်လှစွာသည်။

''စီရင်ပြီးတဲ့ ဘဝကံတစ်ခုကို ဘယ်သူက ပြုပြင်နိုင်မှာလဲ လုံမက လေး။ မင်းတာဝန်ကျေခဲ့ပြီပဲ။ လောဘ၊ ဒေါသ၊ မောဟ ဒီမီးတွေတောက် နေချိန်မှာ တွေ့သမျှဟာ လောင်စာပဲလေ။ ကြီးကြီးငယ်ငယ်လောင်မြိုက် မှာပဲ၊ ဝါးမြိုမှာပဲ။ မီးကျွမ်းပြာဖြစ်ဖြစ်ရမှာပဲ။ လုံမရဲ့ လားရာကတိကိုသာ ဖြောင့်အောင်သိမ်းဆည်းပါလေ။ ကျန်တာတွေ ကံကိုပဲ ပုံချထားလိုက်ကြ တာပေါ့''

''ဘုရား. . . ဘုရား. . . ဘုရား. . . ''

''လူကလေး။ မင်းကိုပေးထားတဲ့ ပစ္စည်းတွေကို လိုရာသုံး။ မင်းနဲ့ ထိုက်ရင်မင်းရမယ်။ ရတနာသုံးပါး မမေ့နဲ့။ ကံငါးပါးလုံပါစေ။ မင်းကိုယ် ကိုမင်းကလွဲလို့ ဘယ်သူမှ ရန်မပြုနိုင်ပါဘူးကွယ်. . . အေး. . . အေး သွားပေတော့''

တခဏအတွင်းမှာပင် တောင်လက်ပံပင်ခြေက လူသူတော်ရော ပျဉ်းကတိုးပင်နားကအမေရော ရုတ်ခြည်းပျောက်သည်။ သို့သော်. . . ု မနေ့က သူတို့၏ သေနတ်ဒဏ်ရာနှင့် သူတို့ဝိုင်းဝန်းထိုးခုတ်သတ်ဖြတ် ခဲ့ကြသော'ငန်းဦးကွက်'မြွေကြီးကို အပိုင်းပိုင်း အပြတ်ပြတ်၊ သွေးအလိမ်း လိမ်းဖြင့် သွေးအိုင်ထဲ၌ မြင်နေရသည်။ အို. . . မြွေကြီး၏ ဦးခေါင်း။ အမေ့မျက်နှာကို မြွေကြီး၏ခေါင်းမှာ မြင်နေရသည်။ သည်သို့ဆိ လျှင်. . . အမေ။ အမေ။ အို. . . ဘုရား. . . ဘုရား။

''အမေ''





စောနွဲ့ဘီတောင်သည် တောလုံးဟိန်းမျှ သံကုန်ဟစ်ကာ အော် ိုက်မိတော့သည်။

''အစ်ကိုကြီး၊ အစ်ကိုကြီး. . . ဘာဖြစ်လို့လဲ။ နေကောင်းရဲ့လား အစ်ကိုကြီး''

စောနွဲ့ထိန်၏ မျက်နှာကို အနီးကပ်မြင်ရသည်။

ယိမ်းနွဲ့လှုပ်ရှားနေသော မီးတောက်မီးလျှံများ၏ အရောင်အောက် ၌ စိတ်ပူပန်ကြောင့်ကြစွာ သူ့ကို စိုးမိုးကြည့်နေကြသော မျက်နှာများ ကိုလည်း မြင်နေရသည်။

စောနွဲ့ထိန်နှင့် စပ်၍သာ၊ သူနှင့်ရင်းနှီးခဲ့ကြရသော်လည်း အားလုံး က စောနွဲ့ဘီတောင်အပေါ် အစ်ကိုကြီးတစ်ယောက်နှယ် သဘောထားကာ လေးစားအရိုအသေပြုကြမှန်း သူသိသည်။ သည်ခရီးသည်လမ်းကို စောနွဲ့ ထိန်က ဦးဆောင်စီစဉ်ခဲ့သော်လည်း စောနွဲ့ဘီတောင်ကိုသာ အကြီး အမျူးအဖြစ် သဘောထားကြသည်ကိုလည်း သိသည်။

သို့ဖြစ်၍၊ သူတစ်ခုခုဖြစ်မှာကို အားလုံးပူပန်ကြရှာသည်။

''အေး. . . ဒီရက်ပိုင်းစိတ်နည်းနည်းပန်းတာရယ်။ အတွေးများလို့ အအိပ်အနေနည်းတာရယ်။ အသက်ကလေး ရလာတာရယ်ကြောင့်နဲ့ပဲ ပါတယ်ကွာ။ နည်းနည်းသရိုးသရီဖြစ်ရုံပါ။ ကယောက်ကယက်တောင် ြောက်မက် ဆောင်းတွင်းအိပ်မက်နဲ့တူပါရဲ့. . . ။ အေး. . . အေး။ ိတ်မပူကြနဲ့. . . နားကြ။ နားကြ။ ဝါရဲဂျာရော သက်သာရဲ့လား''

''သက်သာပါတယ် အစ်ကိုကြီး၊ အိပ်ပျော်နေပါတယ်''

ရယ်တန်လက ဖြေပြောပြောကာ ဝါရဲဂျာ အိပ်ယာသို့ မျက်ရိပ်ပဲပြ သည်။ စောနွဲ့ထိန်က မီးဖိုပေါ်ရှိ ရေနွေးကြမ်းခရားကြီးကို မ၍ငှဲ့ကာ ေးရည်ပူပူတစ်ခွက်ကို သူ့ထံယူလာပြီး ကမ်းပေးသည်။

''မနက်ကို တောင်ပေါ်ထပ်တက်ကြမယ် အစ်ကိုကြီး။ လမ်းတွေလဲ ားလုံးကြည့်ပြီးပြီ။ ကရင်ဂမ်းနဲ့ ဇလာဟီးတို့ကလည်း စောနွဲ့စေဟေလို ကျောက်လိုဏ်ဂူထဲအထိ ရောက်ခဲ့ဖူးတယ်။ ဒါပေမဲ့ လိုဏ်တွေက

အများကြီးရှိတာ။ လားသမားတွေထဲက လနန်ဘောက်ကတော့ တောင်ဘက်ခြမ်းတောင်စွယ်ကလေးပေါ်က သွားတဲ့လမ်းကို သိတယ်တဲ့။ လွန်ခဲ့တဲ့ လေးငါးနှစ်က ရွှေသိုက်ရှာတဲ့ အဖွဲ့က ဘူမိဗေဒပညာရှင်တွေနဲ့ တစ်ခေါက်ရောက်ဖူးတယ် ပြောတယ်. . ,"

"အေး. . . ဒို့လိုချင်တဲ့ ဆေးပင်မျိုးတွေ တွေ့သတဲ့လား"

"ဆေးပင်တော့ မတွေ့ဘူးတဲ့ အစ်ကိုကြီး။ ရွှေသိုက်လာရှာတဲ့ သုံးယောက်စလုံးတော့ တောတွင်းစခန်းချရင်း ကျားဝင်ဆွဲလို့ ဆုံးရှာတယ် ပြောတယ်။ သူတို့လားသမားတွေတောင် တောတောင်နဲ့ နီးလို့ တောသဘာဝကျွမ်းကျင်လို့ အသက်ရှင်ခဲ့ရတာတဲ့။ ဒါပေမဲ့. . . "

သူညီစောနွဲ့ထိန်ကို သူကြည့်သည်။

မီးလျှံအလင်းရောင်အောက်တွင် စိတ်အားတက်ကြွထက်သန်နေသော စောနွဲ့ထိန်၏ မျက်ဝန်းက ဝင်းဝင်းတောက်နေသည်။

"ဒါပေမဲ့. . . ဘာဖြစ်လဲကွ"

ဖခါးရည်ပူပူကို ကျိုက်ချရင်း သူကမေးသည်။

"ဒါပေမဲ့ ရွှေပါဝင်မှုသိပ်များတဲ့ နမူနာကျောက်တုံးတွေတော့ သူတို့ရခဲ့တယ်တဲ့ဗျ။ ရွှေရည်တော်တော်ကောင်းတဲ့ ရွှေစရွှေနရွှေအခက်လိုက်၊ အဖတ်လိုက်တောင်ပါသတဲ့။ ဘယ်နေရာမှန်း သူတို့မသိဘူး။ နောက်ထပ်လဲ မသွားရဲဘူး။ အဲဒီရွှေသိုက်ရှာတဲ့ အဖွဲ့တွေသွားတဲ့ လမ်းတော့ သူပြပေးနိုင်တယ် ပြောတယ်"

စောနွဲ့ထိန်က ဝမ်းသာအားရပြောနေသည်။

"မနက်ဖြန်တော့ လနန်ဘောက်ကို လမ်းပြခိုင်းပြီး စောဇစာတက်မလားလို့ အစ်ကိုကြီး။ အစ်ကိုကြီး သိပ်နေမကောင်းရင်လဲ စခန်းစောင့်နေချင် နေခဲ့လေ။ ဒီမှာကလဲ၊ သိပ်ကြာကြာမနေသင့်ဘူး။ ဒီမရဏတောင်တန်းကြီးဆီလာသမျှကလဲ အန္တရာယ်တစ်ခုမဟုတ် တစ်ခုဝင်နေကြတော့ လုပ်စရာရှိတာ လုပ်ပြီးရင် ချက်ချင်းပြန်ဆင်းတာအကောင်းဆုံးပဲ မဟုတ်လား"





ရယ်တန်လပြောသော စကားကလည်း လက်ခံနိုင်စရာဖြစ်သည်။ သူ့စိတ်သူ့သဘောအရလည်း သည်နေရာက မြန်မြန်ခွာချင်ပြီ။ 'သူ့သဘောသူဆောင်သွားလိမ့်မယ်' ဆိုသည့် ညက အိပ်မက်ထဲမှ လူသူတော်၏ စကားကို ကြားယောင်သည်။

တားမြစ်ဖို့ မကြိုးစားချင်တော့။

"အေးကွာ. . . ။ ဆုံးဖြတ်ပြီးရင်လည်းတက်ကြတာပေါ့။ စောစောနှင်းကွဲတာနဲ့ တက်ကြရအောင် စီစဉ်ထားကြ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

အမေ့ကို ရည်မှန်း၍ ဦးချမိသည်။ လူသူတော်နှင့်တကွ တောတောင်ရှိ ပုဂ္ဂိုလ်သတ္တဝါဝေနေယျတို့ကိုလည်း မေတ္တာပို့အမျှပေးဝေမိသည်။

အိပ်မပျော်နိုင်သော်လည်း အိပ်ယာထဲ၌ပင် လှဲကာ မှိန်းနေမိလေသည်။ ဆောင်းညဥ့်လေရိုင်းက ထန်ဆဲ။ အအေးလှိုင်းကလည်း ပြင်းပြဆဲ။ ဆောင်းညဥ့်အောက်တွင် တောတောင်တစ်ခုလုံး အေးခဲကာ ထုံထိုင်းမှိုင်းနေသည်။

✿✿✿✿✿

# (၈)

နှင်းမှုံသည်းသည်းအောက်တွင် မရဏတောင်တန်းကြီးက ထီးထီးမားမားကြီးတည်နေသည်။ မှိုင်းညို့နေသည့် တောင်တန်းကြီး၏ အောက်ခြေတွင် မျှော်မဆုံးနိုင်သော သစ်တောဝါးတောကြီးများက ဝန်းရံလျက်ရှိနေ၏။

သည်တောင်တန်းကြီးသည် တောင်ထွတ်တောင်စွယ်များ၏ အစွန်းတွင် တောင်တစ်လုံးတည်းသာ ထီးထီးမားမားတည်နေသည့် ကျောက်သားဆန်ဆန် တောင်တစ်လုံးဖြစ်၏။

လားသမား လနန်ဘောက်ညွှန်ပြသော တောင်ဘက်စောင်းက တောင်စွယ်မှာ တက်ရောက်ရန် လွယ်သည့် ခပ်ပြေပြေတောင်နှာမောင်းဖြစ်နေသည်။

ကျောက်လိုဏ်ဂူများတွင် မိမိတို့အလိုရှိရာ ဆေးရွက်ဆေးပင်နှင့် 'အဆက်ကလူစီ' မသေဆေးပင်ကို တွေ့ရှိခဲ့ပါက ရနိုင်သမျှကို ရှာဖွေယူကာ နေ့ချင်းပင် လာလမ်းအတိုင်းရှင်ဖွေယန်သို့ ပြန်ဆုတ်ရန် စီစဉ်ထားသဖြင့်လည်း စခန်းကိုအပြီး စွန့်ခွာခဲ့သည်။





တောင်ဘက်တောင်စွယ်၏ ပတ်ပတ်လည်မှ လေအကာအကွယ်ရနိုင်သော ဂူယောင်ယောင်ကျောက်နံရံကြီးအကွယ်တွင် ဒဏ်ရာရထားသော ဝါရဲဂျာနှင့် လားသမားနှစ်ဦး၊ အစောင့်အဖြစ် ကေပီယောနသန်ကို ပစ္စည်းပစ္စယများနှင့် အတူထားခဲ့သည်။ သူတို့လုပ်ငန်းအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ မီးခိုးဖြင့် အချက်ပြပါက ပစ္စည်းများ၊ သားများကို အဆင်သင့်ပြင်ကာ စောင့်ဆိုင်းနေရန်လည်း မှာကြားခဲ့ရသည်။

"ကဲ ရှေ့ဆုံးမှာ လမ်းပြမဲ့ လနန်ဘောက်နဲ့ အရင်ရောက်ဖူးတဲ့ စောနွဲ့စေပော၊ ကရင်ဂမ်းတို့က အရင်တက်။ နောက်ဆုံးမှာ ဇလာဟီးနဲ့ ရယ်တန်လက ပိတ်လိုက်။ နွဲ့ထိန်က ဇလာဟီးတို့နဲ့ပေါင်း။ ငါက ရယ်တန်လနဲ့ လိုက်မယ်။ နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့တက်တုံး တစ်ဖွဲ့က လုံခြုံရေးတာဝန်ယူ။ လိုဏ်ဂူဝင်ရင် နှစ်ဖွဲ့ပေါင်းဝင်မယ်။ သိပ်မလော်ကြနဲ့။ စိတ်အေးခေါင်းအေးထား။ ဖြစ်နိုင်သမျှ ပစ်လားခတ်လားမလုပ်ကြနဲ့။ အထူးသဖြင့် လိုဏ်ဂွေထဲမှာ ပိုသတိထားကြ"

စောနွဲ့ဘီတောင်က တောင်ခုလတ်ကျောက်တုံးစုစုကလေးများအနီးတွင် အမောပြေထိုင်ရင်းမှာရသည်။ သည်နေရာအထိ လနန်ဘောက်က တိတိကျကျရေရေရာရာလမ်းပြနိုင်သော်လည်း ရှေ့ခရီးအတွက် အမှတ်အသားပျောက်နေသည်။ ကျောက်တောင် အခြေအနေကလည်း ကျောက်ပြတ်နံရံကြီး ပိတ်ကာထားသည့်နှယ် ဖြစ်နေကာ ကြည့်လေရာရာ ကျောက်သားကျောက်စိုင်များသာ ဖြစ်၍ ထင်ရှားသည့် သစ်ပင်ကြီးကြီးမရှိ။

သည်နှယ်၊ သည်တောသည်တောင်ကို ခြေရာထပ်အောင်နှံ့စပ်လှသည့် ဇလာဟီးနှင့် ကရင်ဂမ်းက လမ်းရာရှာနေကြသည်။ မှိုင်းမှိုင်းညို့ကာ သူတို့အပေါ်က စီးမိုးထားသော တောင်မတ်မတ်ကြီးကမှု လာလှည့်ဟု ဖိတ်ခေါ်နေသယောင်။

"ဟိတ် . . . ကရင်ဂမ်း။ ဝပ်ချလိုက်"

စောန္ဒဲ့ထိန်က လေသံခပ်အုပ်အုပ်ဖြင့် လှမ်း၍ သတိပေးသည်။ ရယ်တန်လကလည်း ကျောက်ခဲငယ်တစ်လုံးဖြင့် လှမ်းပေါက်လိုက်သည်။ ဇလာဟီးနှင့် ကရင်ဂမ်းက နီးရာကျောက်တုံးအခြေကို လှမ်းကပ်လိုက်ကာ သိရှိကြောင်းပြန်အချက်ပြသည်။

''ဟာ. . . မနေ့က အကောင်ကြီး''

စောန္ဒဲ့ထိန်က နောက်ကိုလှည့်၍ ပြောပြီး လက်ညှိုးညွှန်ပြသည်။ သူတို့ရှေ့ကိုက်(၁၀၀)ခန့်အကွာ တောင်ကြောကုန်းရိုးကလေးပေါ်တွင် 'ငန်းဦးကွက်' မြွေကြီးက ပါးပျဉ်းကို ခွက်နေအောင်ချီကာ သူတို့ကို စောင့်နေသည့်နှယ် ယိမ်းနွဲ့နေသည်။

''နည်းတဲ့ကောင်ကြီး မဟုတ်ဘူး''

''ဒါမနေ့က ဆုတ်ပြေးတဲ့အကောင်ကွ။ သေသွားတာက တစ်ကောင်''

''ထူးတာတော့ ထူးတယ်ဟေ့။ ဒီလိုမြွေကြီးမျိုးဆိုတာ တစ်ခါတွေ့ဖို့တောင် သိပ်မလွယ်တာ။ အခုက နှစ်ခါတောင်တွေ့နေရတယ်ဆိုတော့ တောင်စောင့်တောစိုးမြွေကြီးတွေများလား''

''မဟုတ်တာကွာ။ တောထဲတောင်ထဲလာတာ တောသတ္တဝါတောင် သတ္တဝါတွေ့ရမှာပေါ့ကွ။ ဘာတွေလျှောက်ပြောနေသလဲ''

တစ်ယောက်တစ်ပေါက်ပြောကြဆိုကြကာ ရှေ့ခရီးဆက်ရန် အကြံအိုက်နေကြရပါ၏။

မြွေကြီးကား ရှေ့လည်းမတိုး၊ နောက်လည်းမဆုတ်။ တန်းတန်းကြီးရှိနေရာမှ သူတို့လူစုအား တစ်ချက်ကြည့်ကာ ခေါင်းကိုလည်ချလျှက် လျှောခနဲ လျှောခနဲ သူ့ကိုယ်လုံးကြီးနှင့် မလိုက်ဖက်လောက်အောင်ပင် လျှင်မြန်လွန်းစွာ သူ့အနောက်ဘက် ကျောက်တောင်ချပ်ကြီးဆီသို့ ဦးတည်ထွက်ခွာသွားပါလေ၏။

''ဇလာဟီးနဲ့ ကရင်ဂမ်းရေလိုက်ဟ၊ လိုက်ဟ။ အဲဒီမြွေကြီးခြေရာခြေကြောင်းခံပြီးလိုက်။ မျက်ခြည်မပြတ်စေနဲ့။ သူသွားတဲ့နေရာဟာ ဒို့ရှာ





နေတဲ့ နေရာဖြစ်နိုင်တယ်''

စောန္ဒဲ့ထိန်က ပြောပြောပြေးပြေးပြုကာ ဇလာဟီးတို့ထံပြေးသွားလေရာ ကျန်လူများလည်း ယခုမှပင် အသက်ဝင်လာဘိသကဲ့သို့ အပြေးအလွှားလိုက်ကြရသည်။

စောန္ဒဲ့ဘီတောင်သည် မြွေကြီးကို ကြည့်နေရင်း မနေ့ကလူသူတော်ပေးသွားခဲ့သည့် ငှက်ပျောသီးကို စားနေရာမှ ဗူးသီးခြောက်ရေဘူး အတွင်းက ပရိတ်ရေကို ဦးခေါင်းနှင့်မျက်နှာများအား နှံ့စပ်အောင် ပက်ဖြန်းလျှက်ရှိသည်။ သူ့အရှေ့က လူသိုက်အပြေးအလွှားမြွေကြီးနောက် လိုက်ကြလေသဖြင့် သူလည်းမှီအောင် လှုပ်ရှားရသည်။

''တောစောင့်တောင်စောင့်၊ တောစိုးနတ်စိုးများခင်ဗျာ။ လမ်းပြကူညီကြပါ။ မသေဆေးပင်နဲ့ အဆိပ်ဖြေဆေးရွက်ကိုလည်း သတ္တဝါတွေ အသက်ကယ်တင်နိုင်ဖို့ ပေးသနားကြပါ။ ဘယ်သူတစ်ယောက်မှ ဘေးမသီ ရန်မခရအောင် စောင့်ရှောက်တော်မူကြပါ။ အမေရေ. . . သားတို့ ခရီးကို အောင်မြင်အောင် ကူညီပါအမေ''

စောန္ဒဲ့ဘီတောင် နှုတ်ကလည်း တတွတ်တွတ်ရွတ်ဆိုကာ တောစောင့်တို့အား အခွင့်ပန်နေမိလေသည်။

ဤသည်က တောထုံးစံ၊ တောင်ထုံးစံ။

ဤတောဤတောင်တွင် ကိုယ်ကဧည့်သည်။ သူ့မြေသူ့ရေကို ကျူးကျော်ဝင်ရောက်ကာ သူ့ထံက ပစ္စည်းတွေ၊ အပင်တွေ၊ တန်ဖိုးရှိရတနာတွေကို ယူငင်မည့်သူတွေ။

တောဝင်လျှင် တောကိုအခွင့်ပန်ရမည်သာ။

'ငန်းဦးကွက်' မြွေကြီးက လျှင်မြန်လှသော အလျှင်နှုန်းဖြင့် အိမ်လုံးခန့်ရှိသည့် ကျောက်ထရံကြီး နှစ်ချပ်ထပ်နေကာ နွယ်ပင်၊ ရေညှိပင် စိမ်းစိမ်းများဖြင့် စိမ်းစိုနေသော နေရာဆီသို့ ရွေ့လျားနေသည်ကို မြင်ရ၏။

သူတို့လူစုလည်း မြွေကြီးနောက်က တစ်ထပ်တည်းတန်း၍ လိုက်

လာခဲ့ကြ၏။ ငန်းရိုင်းဖမ်းချင်လျှင် မြင်းရိုင်းဘေးက ကွယ်၍ လိုက်တတ်ရလေသည်။ ဤနှယ်သာပင်။ လမ်းစရှာနေသူတို့အား သည်အန္တရာယ်သတ္တဝါကြီးကပင် လမ်းပြပေးနိုင်ပေမည်။

"လမ်းပေါက်တွေ့ပြီဟေ့"

"ဟုတ်တယ်. . . ဟုတ်တယ်။ အရင်ရောက်ခဲ့ဖူးတာ ဒီလမ်းပဲ"

ဝမ်းသာအားရ အသံများကြားရသည်။

စောနွဲ့ဘီတောင်နှင့် စောနွဲ့စေဟေတို့ကမူ လွယ်ကူနေလွန်း၍ အနည်းငယ် စိတ်ထင့်နေမိကြသည်။ ထိုစဉ်၊ ကျားဟိန်းသံများကို ကြားလိုက်ရသည်။

ဟူးကောင်းတောင်ကြားနှင့် တစ်ဆက်တည်း တစ်ကြောတည်းဖြစ်၍ ကျားကပေါလှသည်။ ကျားမျိုးလည်းစုံသည်။ ဘင်္ဂလားကျားကြီးများအထိ ခိုအောင်းပေါက်ဖွားကာ ရှိနေကြသည်။

ကရင်ဂမ်းတို့လိုကျား မုဆိုးများအဖို့ ရှင်ဖွေယန်မြို့နှင့် ဆယ့်လေးငါးမိုင်ပတ်လည်အတွင်းမှာပင် ကျားပစ်၍ ရနိုင်ခဲ့သည်။ သည်တောသည်တောင်ဆိုလျှင်ဖြင့် ပြောမကောင်းအောင်ပေါလေမည်. . . ။

"လူစုမကွဲစေနဲ့. . . အရင်ပြောထားသလို နှစ်စုခွဲသွား"

သူက သည်စကားကိုပင် ထပ်သတိပေးမိသည်။

အန္တရာယ်နှင့် နီးပြီ။ အန္တရာယ်၏ ရနံ့ကို ရနေပြီ။

တောတောင်၏ မာယာက ကြွယ်လွန်းလှရာ မည်သို့သောအန္တရာယ်ကို ကြုံရလေမည်မှန်း မသိတတ်နိုင်။ ကြိုတင်စီစဉ်ထားမှတန်ကာကျသည်။

မြွေကြီးဝင်သွားသည့် လမ်းအတိုင်းလိုက်သွားမိလျှင်ပင်၊ အဝေးမြင်တွင် ထပ်နေသည် ထင်ရသည့် ကျောက်စွယ်ကျောက်ပြားချပ်ကြီးမှာအလယ်တွင် ဆယ်ပေသာသာခန့်ခြားနေကာ လမ်းမြောင်ကလေးဖြစ်နေသည်။ ထိုမှသည် ဆက်သွားသည့်အခါ ကျောက်ထရံကြီး၏ ရှေ့တည့်တည့်ကုန်းမြင့်ကလေးပေါ် ရောက်သွား၏။





ရှေ့တွင် ကျောက်လိုဏ်ဂူပေါက်များကို ပျားအုံတစ်ခု၏ ပျားအိမ်များနှယ် စီရရီတွေ့ရလေသည်။

"နွဲ့ထိန်ရေ. . . ။ လူစုခွဲလို့တော့ မဖြစ်ဘူး။ ဘယ်လိုဏ်ကိုအရင်ဝင်ကြမလဲ"

"ဇလာဟီးနဲ့ ကရင်ဂမ်း၊ စောနွဲ့စေဟေတို့က အရင်ရောက်ခဲ့ဖူးတာပဲ။ မင်းတို့တိုင်ပင်ပြီး ဆုတ်လမ်းကောင်းမဲ့ ကျောက်ဂူအရင်ဝင်ကွာ။ ဂူထဲမှာတော့ အရမ်းမပစ်ကြနဲ့"

ရယ်တန်လက စီမံခန့်ခွဲသည်။

စောနွဲ့ဘီတောင်ကမူ၊ သည်ပုံစံမျိုးမြင်ဖူးမာန် ပြန်စဉ်းစားကြည့်နေသည်။ မှတ်ဉာဏ်ထဲတွင် အလိုလိုစွဲနေသော သည်ကျောက်ထရံကြီးကိုမည်သည့်နေရာတွင် တွေ့မိခဲ့မှန်းစဉ်းစားမရ။

"နွဲ့ထိန်ရေ. : . လာကြည့်ဦး"

ကရင်ဂမ်းက တောင်ပေါ်ချုံပုတ်ကလေးတစ်ခုအနီးတွင် မုဆိုးဒူးထောက်ထိုင်ကာ လှမ်းခေါ်သည်။ သူတို့အဖွဲ့ရောက်သွားတော့ လူအရိုးစုတစ်စုံကို အရိုးများ ဆွေးလုလုအခြေအနေတွင် တွေ့ရသည်။ ချုံထဲတွင် ပုန်းခိုရင်း သေသလား၊ သေပြီးမှ ချုံထဲပစ်ထားသလားတော့မသိ။ ဘေးတွင် သံချေးတက်နေသော ကချင်ဆောင်ဓါးတစ်ချောင်းကိုလည်း တွေ့ရ၏။

"အစ်ကိုကြီး. . . ဒီမှာကြည့်. . . ။ လနန်ဘောက်လာဦး။ မင်းတွေ့ခဲ့ဖူးတဲ့ ကျောက်တုံးတွေက ဒီလိုမျိုးလား"

သတ္တုကမ္ဘာနှင့် ရွှေမိုင်း၊ ကျောက်စိမ်းမှော်လုပ်ကွက်များတွင် ဘဝကို မြှုပ်နှံလာခဲ့သည့် စောနွဲ့ထိန်က မျက်စေ့လျှင်လှသည်။ အရိုးစုအနီးတွင် ကချင်ဆောင်ဓါးနှင့် အတူတွေ့ရသည့် လိမ္မော်သီးခန့်၊ ကြက်ဉလုံးခန့် အရွယ်ခပ်မဲမဲ၊ အလေးချိန်စီးစီး ကျောက်တုံးတစ်တုံးကို ယူလာပြသည်။

"ဟာ. . . ဟုတ်တယ်ဆရာ။ ဒီလိုမျိုးကျောက်ခဲတွေပဲ။ ကျားဆွဲ

သေတဲ့ ရွှေသိုက်ရှာအဖွဲ့မှာ တွေ့ခဲ့ရဖူးတာ။ ဟုတ်တယ်. . . ဟုတ်တယ် မလွဲပါဘူး''

လားသမားလနန်ဘောက်က အထောက်အခံစကားဆိုသည်။ စောနွဲ့ထိန်နှင့် ရယ်တန်လတို့က ကျောက်တုံးကို သေသေချာချာကြည့်သည်။ ကျောက်တုံးမှာ မဲနက်နေပြီး အလေးချိန်ကလည်း နင့်နေအောင်လေးသည်။

ထူးခြားသည်မှာ ဘယ်လိုကြည့်ကြည့် ဝင်းဝင်းလက်လက် ရွှေမှုံရွှေစများကို တွေ့မြင်နေရပြီး၊ အချို့နေရာများ၌ အခက်ကလေး အနွယ်ကလေး၊ အဖတ်ကလေးများအတိုင်း ရွှေခက်ရွှေဖတ်ကလေးများကို တွေ့နေရသည်။

''ငါ ဒါမျိုးကို ဝိုင်းမော်အရှေ့မြောက်ဘက်'ဒဘတ်ယန်' နောက်ကျော'ဒွေ့ဖုန်းယန်'နဲ့ 'ကန်တော်ယန်'တောက်ကြောတွေပေါ်မှာ တွေ့ဖူးတယ်။ ဒီအတိုင်းပဲ။ ဒါရွှေသတ္တုအများဆုံးပါဝင်တဲ့ကျောက်ပဲ။ ဒါဆိုအရင်လူတွေ ရွှေမြေနဲ့ ရွှေမိုင်းတွေ့ခဲ့ကြပြီပေါ့''

စောနွဲ့ထိန်က ကျောက်တုံးလေးငါးခြောက်တုံးကို အိတ်ထဲမှ ကျောက်ကြည့်မှန်ဘီလူးဖြင့် သေသေချာချာ ကြည့်သည်။ ပြီးလျှင်၊ ကျောက်ထရံကြီးကို တစ်ပြန်တစ်လှည့်ကြည့်ကာ အံ့သြဟန်ပြသည်။

''နွဲ့ထိန်ရေ. . . ။ ဇလာဟီးနဲ့ ကရင်ဂမ်းကို ခေါ်လိုက်တော့။ ငါ ကျောက်လိုဏ်ဂူနေရာကို သေသေချာချာသိပြီ။ ကောက်ညှင်းပေါင်း စားပြီးရင် ဝင်ကြမယ်''

စောနွဲ့ဘီတောင်၏ စကားကြောင့် အားလုံးအံ့သြကြရ၏။ စောနွဲ့ထိန်က မယုံနိုင်ဟန်သူ့ကို ကြည့်နေသည်။

''အစ်ကိုကြီး ဒီဘက်ကို မရောက်ဖူးဘဲနဲ့ ဘယ့်နှယ့်သေချာသိတာလဲ. . . ရောက်ဖူးတဲ့လူတွေတောင် မနည်းလမ်းရှာနေရတာ''

''အေး မင်းတို့လည်း မင်းတို့နည်း။ ငါလည်း ငါ့နည်းပေါ့ကွာ။ ဟိုးမှာ လှမ်းကြည့်လိုက်။ ကျောက်ထရံကြီးထိပ်မှာ စေတီလေးလိုဖြစ်နေတဲ့





ကျောက်စွယ်အချွန်ကလေးတွေ့လား။ အဲဒီအောက်မှာ လိုဏ်အဝရှိလိမ့်မယ်''

''ဗျာ''

စောနွဲ့ထိန်က အံ့အားတသင့်ဖြင့် သူ့လက်ထဲက ကျောက်တုံးနှစ်တုံးကို သူတို့အားလုံးကို ပြသည်။ ကျောက်တုံးလေးများပေါ်၌ အပေါ်တွင် ချွန်နေသော နှစ်နားညီတြိဂံပုံ အမှတ်အသားလေးများကို ထင်ထင်ရှားရှားတွေ့ရသည်။

ဘူမိဗေဒပညာရပ်သုံး Marker ink တစ်မျိုးမျိုးဖြင့် မှတ်သားခဲ့ဟန်တူသည်။ ဇလာဟီး၊ ကရင်ဂမ်းနှင့် ရယ်တန်လတို့ ကလည်း ကျောက်တုံးကို တစ်လှည့်၊ ကျောက်ထရံကြီးကို တစ်လှည့် ကြည့်နေကြသည်။

''ကျေးဇူးပါအမေ''

စောနွဲ့ဘီတောင် စိတ်ထဲက ကြိတ်၍ အမေ့ကို ဦးချမိသည်။ ဟိုးတစ်ညက အိပ်မက်ထဲတွင် အမေသူ့ကို ပြခဲ့သည့် သည်ကျောက်ထရံကြီးနှင့် သည်လိုဏ်ဂူကို ယခုမှပင် ပြက်ပြက်ထင်ထင် သူမှတ်မိရတော့သည်။

''ကိုင်းစားကြကွာ။ ဝမ်းဝအောင် စားပြီးရင် ဝင်ကြစို့။ သိပ်အချိန်ဆွဲနေလို့ မရဘူး''

စောနွဲ့စေဟေက လက်ပတ်နာရီကြည့်ကာ လောဆော်သည်။ သမ်းဆုံး၍ ရွာတွေ့ပြီဟူသော အသိကြောင့် အစားစားရသည်ပင် မြိန်လှသည်။ စောနွဲ့ဘီတောင်ကမူ လူသူတော်ပေးခဲ့သော လက်ကျန်ငှက်ပျောသီးနှစ်လုံးကို စားကာ ဗူးခါးခြောက်အတွင်းမှ ပရိတ်ရေကို တစ်ငုံမျှသောက်သည်။

စားသောက်ပြီးကြသည်နှင့် နောက်ဆုံးကျော်ဖြတ်ရမည့် တောင်ခလပ်ဆီသို့ ခပ်သုတ်သုတ်တက်လိုက်ကြသည်။

ထိုအခိုက်တွင်. . . ။

ဂူပေါက်တစ်ခုအတွင်းဆီမှတောဝက်ငယ်တစ်ကောင်ခန့်ကြီးသော ဖြူသတ္တဝါကြီးသုံးကောင်သည် ဖွေးခနဲ ထိုးဆင်းလာသည်ကို တွေ့လိုက်ရ၏။ ဆူးများထောင်ထလျှက်ရှိသော ဖြူကြီးတစ်ကောင်သည် ဖလာဟီး၊ ကရင်ဂမ်းနှင့် လနန်ဘောက်တို့ လူစုရှိရာသို့ တလစပ် လိမ့်၍ တိုးဝင်တိုက်ခိုက်တော့သည်။ ဖြူကြီးနှင့် ပထမဆုံးရင်ဆိုင်လိုက်ရသော လနန်ဘောက်ခမြာ ဖြူကောင်ကြီး၏ အရှိန်ဖြင့် ပစ်ဆောင့်ခံလိုက်ရသဖြင့် လွင့်စင်လဲကျသွားသည်။ ဖြူဆူးများလည်း စိုက်ဝင်ကာ အလူးအလဲ ခံလိုက်ရ၏။

လနန်ဘောက်နှင့် တိုက်မိကာ ရပ်သွားသည့် ဖြူကောင်ကြီးကို ဖလာဟီး၊ ကရင်ဂမ်းနှင့် ရယ်တန်လတို့က သေနတ်ဒင်ဖြင့်ထု၊ ရဲဒင်းဖြင့် ခုတ်ကာ သုတ်သင်လိုက်ရသည်။

အလားတူပင်၊ ဝါးလုံးထိုးတန်းကာပစ်ဆင်းလာသည့် ဖြူသတ္တဝါကြီး တစ်ကောင်ကို စောနွဲ့စေပောက သူ့လက်စွဲတော်ရိုင်ဖယ်သေနတ်ဖြင့် တဒိုင်းဒိုင်းဆက်တိုက်ပစ်ခတ်လိုက်ရာ ပစ်ချက်တစ်ချက်က တိုက်ရိုက်ထိမှန်သွားဟန်ဖြင့် ကားခနဲ တောင်စောင်းပေါ်မှ ထိုးကျသွားလေသည်။

တတိယဖြူကြီးသည် ကျောက်စွယ်အကွယ်မှ ထွက်ကာ မာန်သွင်း၍ သူ၏ကိုယ်ကိုကြွ၊ သိမ့်သိမ့်ခါရမ်းလိုက်သည်။ ချွန်ထက်လှသော ဖြူးဆူးများသည် သူ၏ကိုယ်မှ လှံတံမြှားတံများသဖွယ် စင်ထွက်လာကြကာ ဆူးမိုးရွာသလို ဖြစ်နေ၏။ စောနွဲ့ထိန်၊ စောနွဲ့ဘီတောင်နှင့် စောနွဲ့စေပောတို့မှာ ဖြူဆူးများစိုက်ဝင်သွား၏။ အနီးအထိပြေးဆင်းလာသော ဖြူသတ္တဝါကြီးကို စောနွဲ့ထိန်က ဆီးကြိုပစ်ခတ်ကာ ရှင်းလင်းလိုက်ရပေသည်။

"ကြီးလိုက်တဲ့ ဖြူကြီးတွေဟေ့။ တောဝက်လောက်တောင် ရှိတယ်။ ရဲလိုက်တာလဲ လွန်ရော"

"လနန်ဘောက် အခြေအနေဘယ်လိုလဲ. . . ကောင်းကောင်း





လိုက်နိုင်တော့မှာတော့ မဟုတ်တော့ဘူး။ ဂူဝလဲ ရှာတွေ့ပြီဆိုတော့ သမ်းလျှောက်နိုင်ရင်တော့ ဖြည်းဖြည်းပဲ လျှောက်သွားပြီးအောက်အဖွဲ့နဲ့ သွားပေါင်း"

"ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော် အောက်မှာပဲ ချန်နေရစ်ခဲ့ပါမယ်"

တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းဖြစ်နေသည့် လနန်ဘောက်ကို မြင်ရသည်မှာလည်း စိတ်ကောင်းနိုင်စရာမရှိ။ လူခွဲကာ လိုက်ပို့ခိုင်းရအောင်ကလည်း အင်အားနည်းသွားပေဦးမည်။

လနန်ဘောက်ခမြာ လာလမ်းအတိုင်းတောင်အောက်ဆင်းသွားသည်ကို ခေတ္တမျှ စောင့်ကြည့်ကာ ခရီးဆက်ခဲ့ကြပြန်သည်။

မရဏတောင်၏ တောင်ထိပ်သည် တပြေးတည်းညီညာသော တောင်ထိပ်မျက်နှာပြင်မဟုတ်ချေ။ နိမ့်ချီမြင့်ချီနှင့် ကျောက်တုံးနှင့် သစ်ပင်ကြီးများပေါက်ရောက်နေသော မညီညာသည့် မျက်နှာပြင်ဖြစ်သည်။

သိပ်မကြာလှပါ။ စောနွဲ့ဘီတောင်ပြောသည့် ကျောက်စေတီပုံ ကျောက်ချွန်းကလေးနှင့် ဂူပေါက်ကြီးကို တွေ့ရပါသည်။ ကျောက်ထရံကြီး၏ မျက်နှာပြင်တွင် အခြားသော ဂူပေါက်ငယ်များကိုလည်း တွေ့ရသည်။ သူတို့ရှေ့က ဂူပေါက်ကြီးမှ ကျောက်တုံးကြီးသုံး၊ လေးတုံးက ဆင့်ကာ ကွယ်ထားသည့် အပြင် ဂူနှုတ်ခမ်းများကိုလည်း ချုံနွယ်ပိတ်ပေါင်းများက ကွယ်နေသေးရာ ရုတ်တရက်ရှာ၍ မလွယ်ပါ။

"အချိန်မရွေး ဒုက္ခနဲ့တိုးနိုင်တယ်ဟေ့။ သတိမလစ်စေနဲ့။ လူချင်းကွဲစေနဲ့"

ဂူနှုတ်ခမ်းကို ကွယ်ထားသည့် တောချုံများကို ရှင်းလင်းလျှက်၊ ဂူပေါက်ကြီးဆီချဉ်းကပ်ခဲ့သည်။ လွန်စွာဆိုးဝါးပြင်းထန်သော အနံ့ကြီးများက အော်ဂလီဆန်စရာ ဆီးကြိုနှုတ်ဆက်လိုက်၏။

အကျယ်အဝန်းဆယ်ပေခန့်ရှိကာ အတွင်းပိုင်းသို့ လိုဏ်ခေါင်းကြီးသဖွယ်ဝင်သွားလေရာ၊ အတွင်းတွင် မဲမှောင်ကာ စိုစိုထိုင်းထိုင်းကြီး

ရှိနေ၏။ အသင့်ဆောင်လာသော လက်နှိပ်မီးများဖြင့် ဝေ့ကာဝဲကာ ဟိုသည်ထိုးရင်း ဝင်လာခဲ့ကြရာ တစ်နေရာတွင် စုပုံနေသည့် လူခေါင်းခွံနှင့် လက်ဖျံရိုးများကို တွေ့ရ၏။

"အေး. . . ၊ မရဏာတောင်လို့ နာမည်ကြီးလဲ ကြီးစရာပဲကွာ။ တွေ့လေသမျှတော့ လူရိုးစုတွေချည်းပဲ။ ချီးတဲ့မှ"

ကချင်မုဆိုးကြီး ကရင်ဂမ်းက မှတ်ချက်ပြုစကားဆိုသည်။ စောနွဲ့စေဟေနှင့် စောနွဲ့ထိန်တို့က ဂူနံရံများအား လက်နှိပ်မီးဖြင့် စေ့စေ့စပ်စပ်ထိုးကာ ကြည့်ကြရာ ဂူဝက လူအရိုးအနီးတွင် တွေ့ခဲ့ရသည့် ကျောက်တုံးငယ်များပေါ်မှ အမှတ်အသားကို ဂူနံရံတွင် တွေ့ရသည်။ သို့ရာတွင် တြိဂံ၏ ဦးချွန်းက ဂူအတွင်းပိုင်းကို ညွှန်းထားပြီး တြိဂံ၏အခြေက အပေါ်အောက်ထောင်နေသည်။

"အစ်ကိုကြီးရေ. . . သေချာပီ။ လမ်းမှန်တော့တွေ့ပြီဗျ။ အရင်အဖွဲ့တွေ မှတ်ထားခဲ့တဲ့ သင်္ကေတတွေ တွေ့နေပြီ။ အန္တရာယ်ကိုသာ သတိပြုကြတော့"

ဂူတွင်းလမ်းကလေးအတိုင်း တရွေ့ရွေ့စူးစမ်းကာ သတိဖြင့် ဝင်ခဲ့ကြရာ၊ ပေလေးငါးဆယ်ခန့်၌ အထက်ကောင်းကင်မှ အလင်းရောင်နှင့်လေများဝင်နေသည့် ဂူကြီး၏ အတွင်းပိုင်းကို လှမ်း၍ မြင်ရသည်။ ဂငယ်ပုံသဏ္ဌာန်ဂူတွင်း ကျောက်နံရံကြီး၏ အတွင်းပိုင်းမှာ ပေ(၆၀)ပတ်လည်သာသာခန့်ကျယ်ဝန်းသည်။ အမိုးနံရံများတွင် အလင်းရောင်နှင့်လေဝင်ထွက်နိုင်သည့် ကျောက်လွှာအက်ကြောင်းကြီးများ၊ အပေါက်ကြီးများရှိ၍လည်း ဂူအတွင်းပိုင်းမှာ လင်းလင်းချင်းချင်းရှိကာ လေဝင်လေထွက်ကောင်းလှသည်။

"ဒါဂူမကြီး မဟုတ်သေးဘူးဟေ့။ ဒီမှာ တစ်ယောက်သွားသာရုံ လမ်းကလေးတွေ့တယ်"

ဂူတွင်းနေရာအနှံ့အပြားကို လက်နှိပ်မီးထိုးကာရှာဖွေနေကြရာမှ အတွင်းဘက်အမှောင်အတွင်းဆီမှရယ်တလ၏ အသံကိုကြားရသည်။





သူတို့ရပ်နေကြသည့် နေရာ၏ အထက်ပိုင်း၌ လူတစ်ယောက်သွားလာနိုင်လောက်သည့် သဘာဝကျောက်လမ်းကလေး၏ ထိပ်ဝကို မြင်ရသည်။

ကျောက်လမ်းကလေးအတိုင်း အတန်မျှသွားမိလျှင်. . . ။

စူးစူးဝါးဝါးအနံ့များကို ရှူရှိုက်မိရသလို၊ ပေတစ်ရာခန့် ကျယ်ဝန်းကာ သစ်ပင်သစ်နွယ်များ စိမ်းလန်းစွာ ပေါက်ရောက်နေသည့် ဂူကြီးတစ်ခုအတွင်းသို့ ရောက်ရှိခဲ့ကြ၏။ ဂူကြီး၏ နံရံဘေးတစ်ဖက်တွင် နှစ်ပေခန့်ကျယ်ဝန်းသည့် ချောင်းငယ်ကလေးစီးဆင်းနေသည်ကိုလည်း တွေ့ရသည်။

အဝင်ဝမှ အတွင်းသို့ ဝင်ခဲ့မိသည်တွင်၊ ဂူပေါက်အဝင်ဝထက်ပို၍ လေကောင်းလေသန့်ရပြီး ကျောက်နံရံများပေါ်မှ အလင်းဝင်ပေါက်များ ဘိုးလျှိုပေါက် ရှိနေသည်ကို တွေ့ရသည်။

"အစ်ကိုကြီးရေ. . . အစ်ကိုကြီး။ ဟောဒီမှာ မသေဆေးနဲ့ အဆိပ်ဖြေဆေးရွက်တွေ တွေ့ပြီ"

ကရင်ဂမ်း၏ ဝမ်းသာအားရအော်သံကြောင့် သူရှိရာသို့ လူစုအားသုံးစုပြု၍ ရောက်သွားကြသည်။

အရွက်သေးသေးနှင့် အနားပတ်လည်တွင် ခွေးသွားစိပ်ကလေးများပါရှိသည့် အဆိပ်ဖြေဆေးပင်များနှင့် အရွက်ရှည်ပြီး ချွန်ထွက်နေသော မသေဆေးရွက်များကို စောနွဲ့ဘီတောင်က တယုတယတမြတ်တနိုးကိုင်တွယ်ကြည့်ရှုကာ ဆေးတစ်ပင်လုံး ပဥ္စင်ါးပါးပါ ပါအောင်နှုတ်ယူပုံယူနည်းကို ပြသလျက်တစ်ပင်ချင်းစီကို ပလပ်စတစ်ငယ်များအတွင်း သီးခြားစီထည့်စေ၏။

ကျန်လူစုက ဆေးပင်များ နှုတ်သိမ်းကာ အလုပ်များနေကြခိုက် စောနွဲ့ဘီတောင်က ဂူအတွင်းလှည့်ပတ်ကြည့်ရင်း ချောင်းကလေးဘေးသို့ ရောက်သွားသည်။ စောနွဲ့ထိန်ကလည်း ဘူမိဗေဒ ပညာရှင်သုံး တူကလေးတစ်လက်၊ မှန်ဘီလူးတစ်လက်နှင့် စူးစမ်းလျှော့ လာနေသည်ကို တွေ့ရ၏။

စောနွဲ့ဘီတောင်က ချောင်းငယ်ကလေးအတွင်းမှ ရေကို ငုံ့၍

ကြည့်လိုက်ပြီး ရေအနည်းငယ်ကို ခပ်ကြည့်လိုက်သည်။ ရေမှာ ရဲရဲ တောက်နီစွေးနေကာ ပူပူနွေးနွေးရှိနေသည်ကို အံ့ဩဖွယ်တွေ့ရှိရသည်။

"ကျောက်သွေးတွေဟေ့ နွဲ့ထိန်ရေ. . .။ ကျောက်သွေးတွေကွ"

အားလုံးသူရှိရာ ပြေးလာကြပြန်သည်။ ချောင်းငယ်ကလေးမှ ရေကို စမ်းသပ်သောက်ကြည့်ကြပြီးနောက်၊ ကျောက်သွေးမှန်း သေချာသွားသည့်အခါ အားရပါးရသောက်ကြ၊ ဘူးများပုလင်းများအတွင်း ထည့်ကြဖြင့် တပျော်တပါး အလုပ်ရှုပ်ကြပြန်လေသည်။

"လာညီရေ့. . . ဒီဆေးပင်တွေက ဒီတစ်သက်နောက်ထပ်ရှာလို့ လွယ်လွယ်မတွေ့နိုင်ဘူး။ သေသေချာချာ၊ ဂရုတစိုက်မပျက်စီးအောင် နှုတ်ယူကြရအောင်"

စောနွဲ့ဘီတောင်က ဇလာဟီးနှင့် စောနွဲ့စေဟေကို ခေါ်ကာ 'အဆက်ကလူစီ'ခေါ် မသေဆေးပင်များနှင့် အဆိပ်ဖြေဆေးပင်များကို သတိဝီရိယကြီးကြီးထားကာ နှုတ်ယူနေလေ၏။

"ကျေးဇူးပါပဲ အမေရယ်"

မျက်ရည်ပင် ပိုးပိုးပေါက်ပေါက်ကျမိရသည်။ အမေပြသည့် လမ်း။ အမေပေးသည့် ဆေးပင်ဆေးမြစ်တွေ သာပါတကား။

"တွေ့ပြီဟေ့. . . တွေ့ပီ။ ရွှေသိုက်ကြီး တွေ့ပြီဟေ့"

ကိုယ့်အာရုံကိုယ့်ဖွဲ့နှင့် ကိုယ်ဆေးပင်များနှုတ်သိမ်းစုဆောင်းနေမိကြရာ ကုန်ခါနီးနီးမှာပင် စောနွဲ့ထိန်၏ စူးစူးရဲရဲအော်သံကို ကြားလိုက်ရ၏။ ခဏအတွင်းမှာပင် ဂူအတွင်းပိုင်းဆီမှ စောနွဲ့ထိန်နှင့် ရယ်တန်လ၊ ကရင်ဂမ်းတို့က မြွေရေခွံအိတ်နှင့် ထည့်လာသော ကျောက်တုံးကျောက်ခဲများကို သူတို့ရှေ့တွင် သွန်ချကာ ပြလိုက်တော့သည်။

"ဒါရွှေပါဝင်မှုရာခိုင်နှုန်းအမြင့်ဆုံး ကျောက်တုံးတွေပဲ အစ်ကိုကြီး။ ရွှေ (Au)က အနည်းဆုံး (10 to 12 PPm/ 20gm/Ton)ပါနိုင်တယ်။ ငွေ(Ag)က 345PPmဝန်းကျင်(12gm/ ton)လောက်ပါနိုင်တယ်။ ခဲ(Pb)၊သတ္တု (Zn)နဲ့ ခနောက်စိမ်း (Sb)နည်းနည်းစီ





ပါမယ်။ ခဲ (Pb)က 30% wt လောက်ပါချင်ပါမယ်"

"ဘာပြောပြော ဒါဝိုင်းမော်'ဒွေါဖုန်းယမ်' ဘက်က တွေ့တဲ့ ရွှေပါတဲ့ ကျောက်ထက်ပိုပြီး အလေးချိန်စီးတယ်။ ပိုအရည်အသွေး မြင့်တယ်။ ဒီတောင်ကြောကြီးဟာ တကယ့်ရွှေကြောကြီး၊ ရွှေသိုက်ကြီးပဲ"

စောနွဲ့ထိန်သည် သူတစ်ဦးတည်းသာ နားလည်နိုင်သည့် ဘာသာစကားဖြင့် တတွတ်တွတ်ပြောကာ သူယူလာသော ကျောက်တုံးများကို ဟယုတယကြည့်လိုက် အနီးရှိ ဂူနံရံများအား သံတူရွင်းငယ်၊ တူငယ်များဖြင့် တူးဖဲ့လိုက် လုပ်ကာ အူမြူးနေတော့သည်။

"ကဲဟေ့ အချိန်မရှိဘူး။ ဆေးပင်တွေတူးလို့ကုန်ရင် မင်းတို့ သယ်စရာရှိတာတွေ ပြင်ကြ။ အချိန်လည်းမရှိဘူး။ လိုအပ်ရင် နောက်နေ့ထပ်လာမယ်။ လမ်းလည်းသိပြီပဲ။ အန္တရာယ်တစ်ခုခု မလာခင် အမြန်ပြန်ထွက်ရအောင်။ သတိထားပြီး ခေါင်းအေးအေးထားကြစမ်း။ လုပ်. . . လုပ် သွက်သွက်လုပ်ကြ"

စောနွဲ့ဘီတောင်က လူကြီးပီပီ စိုးရိမ်စိတ်ဖြင့် သတိပေးသည်။ အသိစိတ်တွင်လည်း အိပ်မက်ထဲက လူသူတော် ပြောခဲ့သော ကိုယ်စိုက်တဲ့အပင် ကိုယ်ရိတ်သိမ်းရမယ်။ ကိုယ့်စေတနာ ကိုယ်အကျိုးပေးမယ်၊ ကိုယ်နဲ့ထိုက်တာ ကိုယ်ရမယ်" ဆိုသည့် စကားကို ထပ်ပြန်တလဲလဲ ကြားယောင်နေသည်။ အန္တရာယ်ကြီးတစ်ခု တရွေ့ရွေ့ ချဉ်းကပ်လာနေမှန်းလည်း သိနေသလိုလိုရှိသည်။

အားလုံးလည်း တောမှုဆိုးချည်းသာဖြစ်၍ တောနေတောစား သဘာဝကို နားလည်ကြပါသည်။ လိုအပ်သည်များကို လျင်မြန်စွာ သိမ်းဆည်းထုပ်ပိုးကာ လာလမ်းအတိုင်း တရွေ့ရွေ့ ပြန်ထွက်ခဲ့ကြသည်။

ဆေးပင်၊ ဆေးရွက်၊ ဆေးမြစ်များပါသော အိတ်ကို စောနွဲ့ဘီတောင်နှင့် ဇလာဟီး၊ ကရင်ဂမ်းတို့ကသယ်၍ ရွှေမြေနှင့် ရွှေကျောက်ခဲများကို စောနွဲ့ထိန်နှင့် ကျန်အဖွဲ့က သယ်သည်။

အပြန်ခရီးမှုမြန်သည်။

ပင်မဂူကြီးအတွင်းမှ အဝင်ဝဂူအရောက် ခေတ္တနားနေကြသည်။ သည်စဉ် အခိုက်. . . ။

ကြီးမားလေးလံလှသည့် အရာဝတ္ထုကြီးတစ်ခုကို ဒရွတ်ဆွဲကာ လျှောတိုက်လာသည့် အသံကြီးကို ကြားလိုက်မိကြ၍ ကျောချမ်းကာ ခေါင်းနပမ်းကြီးသွားကြရသည်။ ဆုတ်မလွယ် ပြေးမလွတ်သည့် အနေအထားမို့ လက်နက်ကိုယ်စီကို အသင့်ပြင်ရင်း အသံကြားရာကိုသာ ပြူးကြည့်နေမိကြတော့သည်။

''ငန်းမြွေကြီး''

သတိရလိုက်မိသည်နှင့်ပင် အသဲအူပြောင်းပြန်လန်မတတ် စိမ့်၍ ကြောက်လာမိရတော့၏။

သူ့အဖော်ကို ရက်ရက်စက်စက် ခုတ်ထစ်ပိုင်းဖြတ်ကာ သယ်ခဲ့ကြသော လူတစ်စုအား သူ့ပိုင်နက်အတွင်း လမ်းပြခေါ်ဆောင်ကာ ချောင်ပိတ်၍ တိုက်ခိုက်ချေမှုန်းတော့မည့် မြွေကြီး၏ အကြံကို ရိပ်စားမိလိုက်သဖြင့်လည်း သည်တချီတော့ ကိစ္စတုံးပြီဟုပင် အသေအချာ ထင်မိရတော့သည်။

''အစ်ကိုကြီးရေ. . . ဂူဝက ဝင်လာတာနဲ့ ကျွန်တော်တို့ ဆိုင်းပစ်မယ်။ ဒီသတ္တဝါကောင်ကြီးလဲပြီဆိုရင် အစ်ကိုကြီးတို့အဖွဲ့က ပြေးမိအောင်သာပြေး။ ဂူပေါက်ဝကစောင့်။ ရအောင်ကျွန်တော်တို့ ဖောက်ထွက်ခဲ့မယ်။ နွဲ့ထိန်လည်း လိုက်သွား''

ရယ်တန်လကပြောသည်။ အခြေအနေကလည်း နှစ်စုခွဲကာ လွတ်လမ်းရှာရမည့် အခြေအနေ။ သည်ကျောက်ဂူငယ်အတွင်း စုရုံးနေကြပါက နောက်ထပ်လာမည့် အန္တရာယ်များကို ရင်ဆိုင်ဖို့ ခက်မည်။

''ငါမလိုက်ဘူးယောက်ဖ။ မင်းတို့နဲ့ နေရစ်မယ်။ ရော့အစ်ကိုကြီး ကျွန်တော်ရဲ့အိတ်။ ဒါအကောင်းဆုံး ရွှေမြေနဲ့ ကျောက်ထည့်ထားတဲ့ နမူနာအိတ်ပဲ။ အစ်ကိုကြီးယူထား။ ကျန်တာတွေ ကျွန်တော်တို့ သယ်ခဲ့မယ်''





စောနွဲ့ထိန်က သူ့သူငယ်ချင်း ရယ်တန်လအပေါ် အလွန်ယောဇဉ်ကြီးလှသဖြင့် သေအတူရှင်မခွဲနေ၍ ခုခံမည်ပြင်သည်။ အခြေအနေက ကြာရှည်စွာ ငြင်းခုံမနေအား။ ဂူအတွင်း သူတို့အဖွဲ့ နှစ်စုခွဲကာ အသင့်စောင့်နေလိုက်သည်။

''ပါးစပ်ကြီးကို ဖြဲကာကြီးမားသော ခေါင်းကြီးကိုထောင်၍ 'ငန်းဦးကုက်'' မြွေကြီးက ဂူဝင်ပေါက်တွင် ပေါ်လာသည်။ ရဲရဲတောက်နေသော မျက်လုံးနှစ်လုံးက ဝင်းပြောင်လျက် အစာဆာလောင်မွတ်သိပ်နေသော မြွေကြီး၏ မျက်ဝန်းတွင် ဒေါသနှင့် နာကြည်းရိပ်ကို စောနွဲ့ဘီတောင်က ထင်ထင်ရှားရှား မြင်လိုက်မိသည်။

မြွေကြီးသည် သူ့ပိုင်နက်အတွင်းဖြစ်၍ ရဲတင်းလှသည်။

သူတို့အဖွဲ့ရှိရာ ဂူအတွင်းပိုင်းသို့ တစ်ချက်မျှော်ကြည့်လိုက်ပြီး ချောခနဲ အသံကြီးပေးကာ တက်လာတော့သည်။

''ဒိုင်း. . . ဒိုင်း. . . ဒိုင်း''

စောနွဲ့ထိန်တို့ဆီမှ သေနတ်သုံးလက်က ရှေ့ဆင့်နောက်ဆင့်ဆင့်၍ ပစ်လိုက်ကြရာ ဂူအတွင်း ယမ်းနံ့များ မွှန်လျက်သေနတ်သံမှာလည်း ဆူညံကျယ်လောင်စွာ ပဲ့တင်ဟည်း၍သွားတော့၏။

သေနတ်ဒဏ်ရာများ ပြင်းထန်စွာ ရထားသည့်တိုင် ဒေါသပြင်းထန်စွာပါးစပ်မှ ဟူးခနဲ လေပူများ မှုတ်ထုတ်လျက် ယမ်းခိုးများ ဝေနေသော စောနွဲ့ထိန်တို့ လူသိုက်ထံ တအားထိုး၍ ဝင်လုံးတော့သည်။

''ပြေး. . . ပြေး. . . အစ်ကိုကြီး ဂူဝပွင့်ရင်ပြေးတော့''

''အား. . . ''

''အမေရေ. . . ကယ်ပါဦး''

''အမယ်လေးဗျ''

''အား. . . ''

''ဝုန်း. . . ဝုန်း. . . ဝုန်း''

''အား. . . ''

စောန္ဒဲ့ထိန် ရယ်တန်လနှင့် စောန္ဒဲ့ထိန်တို့အဖွဲ့နှင့် မြွေကြီးသည် ယမ်းခိုးများကြားတွင် လုံးထွေးသတ်ပုတ်နေစဉ် စောန္ဒဲ့ဘီတောင်တို့ အဖွဲ့က ဂူပေါက်ဝမှ ထွက်ပြေးကြသည်။

သေနတ်သံကြောင့်ပေလား၊ တစ်စုံတစ်ရာက နှိုးဆော်လိုက် လေသလား မသိ။ ဂူပေါက်ငယ်များဆီမှ မြွေများ အလျှိုလျှို ပေါ်လာ လေကြသည်မှာ မနည်းလှ။ သူတို့ဝန်းကျင်တွင် တရှဲရှဲ မြွေတွန်သံများ ဒေါသတကြီး မြွေမာန်ဖီနေသံများကိုသာ ကြောက်မက်စဖွယ် ကြားနေ ရသည်။

အံ့သြစရာကောင်းသည်က သူတို့ဖြတ်ပြေးသည်ကိုမူ ရန်မပြု မျှမက သူတို့နှင့်အနီးပင် မကပ်ဘဲ ရှဲသွားကြသည်။

''ဆေးပင်ဟေ့. . . ဆေးပင်အနံ့ကြောင့် ဒီမြွေတွေ အနားမကပ် ရဲတာ၊ ကြားဖူးရုံကြားဖူးပေမယ့် ဒီဆေးပင်တွေရဲ့ အစွမ်း ဒီလောက် ထက်မြက်လိမ့်မယ် မထင်မိဘူး။ ဘုရားမလို့ပဲဟေ့။ ဆေးပင်သာ မတွေ့ခဲ့ရင် သေကောင်းလိုက်မယ့် အမျိုးတော့ကွာ။ မသာဘယ်ဈေး ဖြစ်မှာဟေ့''

ယခုမှပင် စောန္ဒဲ့ဘီတောင် ရိပ်မိရတော့သည်။ တစ်ဖက်နိုင် ကုန်သည်လောက၌သည် 'အဆက်ကလူစီ' မသေဆေးပင်နှင့် အဆိ ဖြေဆေးပင်များ မည်သည့်အကြောင်းကြောင့် ရွှေထက်ပို၍ ငမ်းငမ်းတက် လိုချင်နေကြသည်ကို ယခုမှပင် အဖြေရတော့သည်။

ကျောက်လွှာချပ်နှစ်ခုကြား၊ ဂူနခမ်းဝမှ ထွက်လိုက်သည်နှင့် ယောနသံတို့အဖွဲ့က . လားများဖြင့် အသင့်စောင့်ကြိုနေသည်ကို တွေ့ ရသည်။ ဖြူးသတ္တဝါကြီး၏ ရန်မူခြင်း ခံခဲ့ရသော လနန်ဆောက်မှ အဆိပ်တက်ကာ သတိမေ့မလို ဖြစ်နေသည်။

''ကျွန်တော်တို့ တစ်ခေါက်ပြန်ဝင်ပြီး နွဲ့ထိန်တို့ကို ဝင်ကူမယ် အစ်ကိုကြီး။ အထိအခိုက်ရှိလဲ ဆွဲထုတ်ခဲ့မယ်''

ကရင်ဂမ်းက အဆိုပြုသည်။ ဟုတ်တော့လည်း ဟုတ်သည်





သူနှင့် ဇလာဟီးတို့လို ဒေသခံတောမုဆိုးတွေ၏ ရာဇဝင်တွင် ကိုယ့် အသက်ထက် ကိုယ်နှင့်သေဖော်ရှင်ဘက် မိတ်ဆွေ၏ အသက်က ပို၍ တန်ဖိုးကြီးသည်။ သူတို့ရှိနေပါလျက် သေရေးရှင်ရေး ရင်ဆိုင်နေကြရ သော သူ့အလုပ်ရှင် နွဲ့ထိန်တို့ကို သည်အတိုင်း ပစ်မထားခဲ့နိုင်။ မုဆိုး ထုံးစံလည်း မဟုတ်။

''ငါပါလိုက်မယ်ဟေ့။ အစ်ကိုကြီးလည်း ပြန်ရောက်ပြီဘဲ။ ဒီအဖွဲ့ ကို အစ်ကိုကြီးထိန်းထားလိုက်တော့။ လနန်ဘောက်ကတော့ အဆိပ် တက်ချင်ချင်ဖြစ်နေပြီ။ ဆေးပင်တွေရလာပြီမို့ အစ်ကိုကြီးပဲ ကုတတ် မယ်။ အစ်ကိုကြီး ဒီကစောင့်''

ယောနသန်ကလည်း ကရင်ဂမ်းတို့နှင့် တစ်သဘောတည်း။

''ဟေ့. . . လဆန်းနော်၊ ရော့. . . မင်းသေနတ်မစ်တတ်တာပဲ။ ဒီသေနတ်နဲ့ ကျည်ဆန်တွေ မင်းယူထားပြီး တောကောင်စွေကို ကာကွယ် ပေးထား။ ငါဒူးလေးပဲယူသွားမယ်''

လီဆူးမုဆိုးကျော် လူထွားကြီး ကေပီယောနသန်က စိတ်မြန် လက်မြန်ကရင်ဂမ်း၊ ဇလာဟီးတို့ကို ခေါ်ကာ ထွက်သွားသည်။ ကျောက် ထရံကြီးနှစ်ချပ်အကြားမှ ဝင်ကာ ပျောက်ကွယ်သွားတော့သည်။

စောန္ဒဲ့ဘီတောင်၏ စိတ်ထဲလေးလံလှသည်။

သူ့ညီငယ်နှင့် မိတ်ဆွေတစ်သိုက်ကား သေမည် ရှင်မည် မသေ ချာသော မရဏာသိုက်အတွင်း ဝင်သွားကြပြန်လေပြီ။

လောလောလတ်လတ် ရလာခဲ့သည့် အဆိပ်ဖြေဆေးရွက်ကို သုံးကာ ဖြူးဆိပ်တက်နေသော လနန်ဘောက်ကို ကုသရသည်။ လနန် ဘောက်ကို ပြုစုပေးနေရင်း တောတောင်တစ်ခုလုံးကို လွှမ်းခြုံကာ မေတ္တာ ပို့ပေးနေမိတော့သည်။

မိမိဘဝ တစ်သက်တာတွင် မည်သို့မျှ မျှော်လင့်မထားခဲ့လေသော ကြားဖူးရုံမှ ကြားဖူးခဲ့ပြီး စိတ်ကူးပင် ယဉ်မကြည့်ခဲ့ဘူးသော သည်မသေ ဆေးပင်၊ အဆက်ကလူစီကို ကိုယ်တိုင် ပိုင်ပိုင် ရရှိခဲ့လေသည့် မိမိဘဝကံ

၏ ဆန်းကြယ်ပုံကိုလည်း ကိုယ်တိုင်ပင် အံ့သြရသည်။

"ကိုင်း လဘာန်နော်ရေ. . . ဒီအိတ်တွေနဲ့ ဒီအဖွဲ့ မင်းကိုပဲ ခဏ အပ်ခဲ့မယ်။ အရေးရှိရင် တစ်ခါတည်း တန်းထွက်နိုင်အောင်သာ လားတွေပေါ် အဆင်သင့်တင်ပြီး စောင့်နေပေတော့။ လနန်ဘောက်ကို လဲ လားပေါ်တင်ထား။ မသေနိုင်ပါဘူးကွာ။ ငါ ဂူဝဆီ တက်ကြည့် ဦးမယ်"

"ဆရာကြီး. . . အန္တရာယ်များတယ်နော်။ ဒီကပဲ စောင့်ပါ"

"ရပါတယ်ကွာ. . . ဂူထဲဝင်သွားတဲ့ ငါ့လူတွေကို စိတ်မချဘူး"

စောနွဲ့ဘီတောင် ထွက်လာခဲ့သည်။ လက်ထဲတွင်လည်း လူသူ တော်ပေးထားသည့် ပရိတ်ရေစင် ထည့်သည့် ဗူးခါးခြောက်ကလေးမှ အပ မည်သည့် လက်နက်ကိုမျှ မစွဲမိ။ ကိုင်လည်းမကိုင်ချင်။

ကျောက်ထရံနှစ်ချပ်ကြားက လမ်းကလေးအတိုင်း ဝင်ကာ ဂူနှုတ်ခမ်းဆီ မျှော်ကြည့်လိုက်လေလျှင်. . .

တစ်ကိုယ်လုံး မြွေဆိပ်များတက်၍ ပြာနှမ်းနေကာ မျက်လုံးများ ပြူးကျယ်နီရဲနေသော စောနွဲ့ထိန်နှင့် ရယ်တန်လတို့ကို သူတို့ကိုယ်သူတို့ မသယ်နိုင် မယူနိုင် ဂူနံရံကိုလက်ဖြင့် မှေးကာ တဖြည်းဖြည်းလာနေ သည်ကိုတွေ့ရ၏။ တစ်ယောက်နှင့်တစ်ယောက် တွဲထား မှီထားကြသည်။

"နွဲ့ထိန်. . . ညီလေး"

ပြင်းပြစွာ ဆောင့်တက်လာသော အပူလှိုင်းက ရင်ဝ၌ အရှိန်ဖြင့် ဝင်၍တိုးသည်။ လောကအလယ်တွင် တစ်ဦးတည်းသာရှိတော့သော ညီငယ်၏ အဖြစ်ကို မမြင်ရက်။ သူတို့နှစ်ယောက်ကို မြင်လျှင်မြင်ချင်း ပင် ဂူဝဆီသို့ ပြေးသွားမိသည်။

သို့သော် မမှီတော့ပါ။

စောနွဲ့ဘီတောင်ကို မြင်မိလေလျှင်ပင် ရှိသမျှ လက်ကျန်ခွန်အား တို့ကို လျှော့ချပစ်လိုက်သည့်နှယ် စောနွဲ့ထိန်နှင့် ရယ်တန်လတို့ နှစ်ဦး သား ပုံလျက်လဲကျသွားပါတော့သည်။ စောနွဲ့ဘီတောင် သူတို့ကို ပွေ့ထူ





လိုက်မိတော့ နှစ်ဦးစလုံး အသက်မရှိလေပြီ။

"ဖြစ်ရလေ ငါ့ညီရယ်. . ."

ရှိုက်ကြီးတငင် ငိုသည်။ ကြေကွဲဝမ်းနည်းလွန်းစွာ ရှိုက်ငိုမိရ ပါသည်။ ကြွေလွင့်တော့မည့် အသက်ဝိညာဉ်ကိုပင် မာန်တင်းထိန်းသိမ်း၍ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ညီငယ်စောနွဲ့ထိန် ယူဆောင်လာခဲ့ သည့် အရာကိုကြည့်ကာ အခါခါ ငိုမိရပါသည်။

"တြိဂံ" အမှတ်အသားကလေးပါသော မဲနက်နေသည့် ကျောက်တုံးငယ်လေးတစ်တုံးသာ ဖြစ်ချေ၏တကား။ ။

အပိုင်း(ဃ)

# လရောင်လင်းရိပ်၊ အိပ်မက်ကြယ်စင်

"အဲဒါပဲလူကလေး။ မင်းအဖေ နွဲ့ထိန်နဲ့ အတူပါသွားတဲ့ မုဆိုးအဖွဲ့တစ်ဖွဲ့လုံး အဲဒီလိုဏ်ဂူထဲမှာပဲ သေဆုံးကျန်ရစ်ခဲ့ကြတယ်။ နွဲ့ထိန်နဲ့ ရယ်တန်လ နှစ်ယောက်ကိုပဲ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်နိုင်ခဲ့တယ်"

"အဲဒီခရီးက အဆိပ်ဖြေဆေးပင်နဲ့ "အဆက်ကလူစီ" မသေဆေးပင်တွေတော့ ရခဲ့တယ်ကွဲ့။ နော်တောင်တို့လားအဖွဲ့ကိုလဲ ခွဲပေးသင့်တာ ခွဲပေးလိုက်ရတာပေါ့။ အထူးသဖြင့် ဖြူးသတ္တဝါကြီးရဲ့ ဆူးအဆိပ်သင့်ခဲ့တဲ့ လနန်ဘောက်ကို အသက်ရှင်အောင် မနည်းကုခဲ့ရတယ်"

"ဆေးပင်၊ ဆေးမြစ်တွေကိုတော့ မင်းအဖေ စောနွဲ့ထိန် ဆက်သွယ်ထားခဲ့တဲ့ အဆက်အသွယ်ကတစ်ဆင့် တစ်ဖက်နိုင်ငံက တရုတ်ကုန်သည်တွေကို တန်ဖိုးထိုက်ထိုက်တန်တန်နဲ့ ရောင်းလိုက်ရပါရဲ့။ ရတဲ့ငွေတွေကိုလည်း ခရီးစဉ်မှာ ဆုံးပါးခဲ့ကြရှာသူတွေရဲ့ မိသားစုတွေကို စိတ်

တိုင်းကျ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဘိုးလေးတို့ မိသားစုအတွက် လည်း ကျန်သင့်သလောက် ကျန်ပေါ့လေ။

အဲဒီခရီးစဉ်နောက်ပိုင်း အဘိုးလေးလည်း ဆေးပင်၊ ဆေးမြစ် မရှာတော့ဘူး။ ဆေးကုတဲ့အလုပ်ပဲ လုပ်နေခဲ့တော့တယ်။ အလွန် အစွမ်း ထက်မြက်တဲ့ မြန်မာဆေးပင်၊ ဆေးမြစ်၊ ဆေးဥ၊ ဆေးပညာတွေနဲ့ သတ္တဝါဝေနေယျ ခုနစ်ရက်သားသမီးတွေကို ကယ်တင်ရင်း အတိတ်က အကြွေးတွေကို ဆပ်ခဲ့တယ်ပဲ ပြောပါစို့။

အခု လူလေး. . . ဒါလေးကိုကြည့်. . . ''

အဘိုးလေး စောနွဲ့ဘီတောင်က နွဲ့အောင်ထံ ပစ္စည်းလေးများ ထည့်ထားသော အဝတ်ရှုံ့အိတ်ကလေးကို ကမ်းပေးသည်။ သူတို့ ရှေ့ရှိ စားပွဲခုံပေါ်သို့ ရှုံ့အိတ်ကလေးထဲမှ အရာဝတ္ထုများကို ဖြေချလိုက်သော အခါ. . . ။

''ကျောက်ခဲတုံးကလေးတွေပါလား အဘိုးလေး''

''အေး. . . လူကလေး သေချာကြည့်ကွဲ့''

ကျောက်တုံးကလေးများကို နွဲ့အောင် သေသေချာချာ စူးစူး စိုက်စိုက် ကြည့်မိသည်။ ရွှေမှုန်ရွှေစကလေးများ တဝင်းဝင်းနှင့် အနက် ရောင်ကျောက်တုံးကလေးများက နှင့်နေအောင်လေးသည်။ ကျောက်တုံး ကလေးတစ်ခုပေါ်တွင် တြိဂံအမှတ်အသားကလေးကို တွေ့ရသည်။ နွဲ့အောင် စိတ်ထဲ လျှပ်ရောင်တစ်ချက် ဝင်းခနဲပြက်သွား၏။

''အဘိုးလေး. . . ဒါဆို. . . ''

''ဟုတ်တယ် လူကလေး။ မင်းအဖေ စောနွဲ့ထိန်နဲ့ သူငယ်ချင်း တွေ အသက်နဲ့ရင်းပြီးရှာခဲ့ကြတဲ့ မရဏတောင်တန်းကြီးဆီက ရွှေသိုက် မှာတွေ့ခဲ့ရတဲ့ ရွှေကျောက်တွေပေါ့။ ရော့. . . ဒီမှာ. . . ''

Tiger Beer (Special) ဖန်ပုလင်းပုလေးနှင့် ထည့်ထား သော ဝင်းဝင်းလက်လက် အမှုန်အစများ။ ပြီးလျှင် ဝါးဘိုးဝါး ကျည် တောက်ဘူးဖြင့် သေသေသပ်သပ်လိပ်၍ ထည့်ထားသော မြေပုံစာရွက်



ဟောင်းများ။ စာရွက်များက ဟောင်းနွမ်းတွန့်ကြေနေသော်လည်း ပလပ် စတစ်အပျော့စားဖြင့် လောင်းထား၍ မပျက်မစီးတွေ့ရသည်။ မြေပုံများ ပေါ်တွင် ဖခင်ဖြစ်သူ စောနွဲ့ထိန်၏ သပ်ရပ်တိကျသော လက်ရေး ကလေးများကို မြင်ရသည်။

''အဲဒါ. . .မင်းအဖေ အဲဒီရွှေမိုင်းထဲက စုခဲ့ဆောင်းခဲ့တဲ့ ရွှေမှုန် နမူနာတွေနဲ့ နောက်ဆုံးခရီးမှာ သုံးခဲ့တဲ့ မြေပုံတွေပေါ့ကွယ်။ ပြီးရင် ဒီခရီးစဉ်အပါအဝင် မြန်မာပြည်မြောက်ဖျားက ရွှေမှော်၊ ရွှေမိုင်းတွေ၊ ကျောက်စိမ်းမှော်တွေ၊ အဖိုးတန်ရတနာတွေ ထွက်လေ့သမျှ နေရာတိုင်း ကို မင်းအဖေသွားပြီးလေ့လာခဲ့၊ မှတ်တမ်းတင်ခဲ့တဲ့ဒိုင်ယာရီရယ်၊ အဘိုး လေးရဲ့ဘဝတစ်လျှောက်ဆေးပင်၊ ဆေးဥတူးခဲ့ဖော်ခဲ့တဲ့နေရာတွေ၊ မှတ် တမ်းတွေရေးထားတဲ့ စာအုပ်ရယ် မင်းကိုပေးမယ်''

အဘိုးလေးက စကားကိုရပ်ကာ အခါးရည်ကို မှုတ်၍ သောက်နေ သည်။ အသက်ခုနစ်ဆယ်နီးပါး အဘိုးအိုများတွင် တွေ့ရတတ်သော အိုမင်းရင့်ရော်မှုထက် တည်ငြိမ်အေးချမ်းမှု၊ ရင့်ကျက်ငြိမ်သက်မှုကို သာတွေ့နေရသည်။

ကော်လံမဲ့ အင်္ကျီလက်ရှည်ရင်စေ့ကိုဝတ်ကာ အညိုရင့်ရောင် အကွက်စိပ်စိပ် မှိုင်းမှိုင်းပုဆိုးကို စည်းလျက် သူတို့နှစ်ခန်းတွဲ သစ်သား အိမ်ကလေး၏ ရှေ့ဝရန်တာတွင် ဖျာချောတစ်ချပ်ကိုခင်းကာ ထိုင်နေ သော အဘိုးလေး၏ ဟန်ပန်နှင့် ရုပ်သွင်မှာ မြတ်နိုးလေးစားချင်စရာ ကောင်းသည်။

သူ့အဖေစောနွဲ့ထိန် ဆုံးပါးပြီး လမကူးမီမှာပင် အမေကလည်း သည်စိတ်ဖြင့် ကွယ်လွန်ရှာသည်။ ညီမအငယ်ဆုံးကလေးမှာလည်း အဖျားရောဂါဖြင့် အမေနှင့် ရှေ့နောက်ဆင့်လျက် ကွယ်လွန်ခဲ့ပြန်ရာ သူတို့မြေးအဘိုးမှာ နှစ်ယောက်တစ်ဘဝ နေထိုင်ခဲ့ကြရသည်။

သို့ရာတွင် သူ့ဘဝ၌ သူတို့မြေးအဘိုး အတူနေခဲ့ရသည့် သည်အ ချိန်ကာလများလောက် အေးချမ်း၍ စိတ်တည်ငြိမ်မှုရရှိခဲ့ရသည်မျိုး

မရှိခဲ့စဘူး။ မကြုံခဲ့ရစဘူး သေးပေ။

စိတ်အနေရိုးဖြောင့်သလောက်၊ ဘာသာတရားကိုင်းရှိုင်းလွန်းသော သူ့အဘိုးမှာ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ဇီဝိတဒါန အခမဲ့ဆေးကုသကုသိုလ်ယူခြင်းကိုလည်း တစ်ဖက်က လုပ်ကိုင်ပြန်သေးရာ ဆေးစွမ်းထက်လှသည်။

အနာမှန်သမျှနှင့် အဆိပ်မိရောဂါမှန်သမျှ အချိန်မီသာ သူ့ထံရောက်ခဲ့ပါလျှင် မပျောက်ခဲ့သည်မရှိ၊ သည်နယ်တစ် ဝိုက်တွင် ကျော်ကြားလှသည်။ သည်မြို့သည်ရွာတွင် 'မေတ္တာကွန်းရိပ်' ဟု ဆိုင်းဘုတ်ငယ်လေးတပ်ထားသည့် နှစ်ခန်းတွဲသစ်သားပျဉ်ထောင် အိမ်ကလေးရှိရာ တစ်ကေနီးနီးကျယ်ဝန်းသည့် ဥယျာဉ်ခြံကလေးကို မသိသူမရှိချေ။

"အဘိုးလေး. . . ဒါတွေက"

"အဲဒါ ရွှေမြေအရိုင်းတွေကွ။ ဒါပေမယ့် သန့်စင်သလောက်နီးနီးပဲ။ ဒါကို သန့်စင်ပြီး စနစ်တကျလှော်လိုက်ရင် ဇမ္ဗူရာဇ်လို့ဆိုတဲ့ ရွှေစင်အဆင့်ကို ရောက်တာပဲ။ ရွှေရောင်ကို ကြည့်. . . ဝင်းပြီးဖန့်နေတာ။ မင်းအဖေချန်ထားခဲ့တဲ့ ရွှေနမူနာကို မြစ်ကြီးနားက ဦးခမိုင်တန်ဆီပို့ပြီး သန့်စင်ကြည့်ခဲ့တာ အိုကောင်းလိုက်တဲ့ ရွှေကွာ. . ."

"အဘိုးလေး ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ဘာလို့ရွှေမှော်တွေက ရွှေတွေအရမ်းထွက်နေရတာလဲ"

"အေး. . . အေး၊အဘိုးလေး ပြောပြမယ်"

အဘိုးလေးဦးစောနွဲ့ဘီတောင်က လက်ကျန်ရေနွေးပူပူကို မှုတ်သောက်၍ လက်စသတ်လိုက်သေးသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်က ဒဏ္ဍာရီမဟုတ်တဲ့တကယ့်အဖြစ်အပျက်တစ်ခုကို လူကလေးကို ပြောပြမယ်။ ဒို့ခမ်းတီးလုံလွင်ပြင်မှာ အခြေချနေထိုင်တဲ့ ဒေသခံတိုင်းရင်းသားကြီးတစ်ယောက်ဟာ ပူတာအိုကနေ မြစ်ကြီးနားကို အရေးတကြီးသွားဖို့ ကိစ္စက ရှိနေတယ်။ လေယာဉ်ပျံလက်မှတ်ကလည်း ဝယ်လို့မရ၊ ဒီတော့ သူဘာလုပ်





ဘယ်ထင်သလဲ. . . လူကလေး"

"ဟုတ်ကဲ့ အဘိုးလေး"

"သူက လေယာဉ်ရုံးသွားပြီး လေယာဉ်ဝယ်လို့ရမလားလို့ မေးသတဲ့"

"ဟောဗျာ"

နွဲ့အောင်က သဲလှိုက်အူလှိုက်ရယ်သည်။ 'တို့အမျိုးတွေနှယ် ရိုးရှာလေသကော'ဟု ပင် ရယ်ချင်စိတ်ဖြင့် ထင်ချင်မိရသည်။

"တာဝန်ရှိတဲ့သူတွေက လေယာဉ်ဝယ်ဖို့ ခင်ဗျားမှာ ငွေဘယ်လောက်ရှိသလဲလို့ စပြီးနောက်ပြီးမေးကြတယ်"

"ဒီတော့ သူဒုက္ခရောက်ရောလား အဘိုး"

"မရောက်ဘူးကွဲ့။ အဲဒီပုဂ္ဂိုလ်ကြီးဟာ သူ့အကျႌအိတ်ထဲက လက်သန်းလောက်တုတ်တဲ့ ရွှေကြိုးရှည်ကြီးတစ်ချောင်းကို ဆွဲထုတ်ပြလိုက်တယ်။ ရွှေက ပထမတန်းစား ရွှေဆိုတော့ ဝင်းအိနေတာပေါ့ကွယ်"

"ဟုတ်ကဲ့"

"လေယာဉ်ဝန်ထမ်းတွေက 'ဒါလေးပဲလား'လို့ တမင်ထပ်မေးကြတော့. . . ဒါကခရီးဆောင်ယူလာတာ။ တကယ်ငွေချေရမယ်ဆိုရင် ဘယ်လောက်ချေရမယ်ဆိုတာ စာရင်းတွက်ပေး၊ ငါရွှေနဲ့စာရင်းရှင်းမယ်လို့ ရဲရဲကြီးပြန်ပြောသတဲ့. . . ကွယ် လူကလေးရဲ့"

"အို. . . အဘိုးလေး"

"ဟုတ်တယ်ကွဲ့၊ လူကလေးရဲ့။ အဲဒီဒေသခံတိုင်းရင်းသားကြီးဟာ ခမ်းခမ်းကျေးရွာကြီးမှာ တကယ်နေထိုင်ပြီး နမ်းခမ်းချောင်းကထွက်တဲ့ ရွှေတွေကို ကျင်ပြီး စုဆောင်းခဲ့တာ အမှန်ဖြစ်ရပ်ပါကွယ်။ တို့များ ခမ့်ခမ်းရွာကြီးနဲ့ ပူတာအိုက ခရစ်ယာန်ကျမ်းတွေမှန်သမျှ ဒီပုဂ္ဂိုလ်ကြီးကို သိကြပါတယ်။ သူ့ရဲ့ ကုသိုလ်ကောင်းမှု ဘုရား၊ ကျောင်းကန်တွေလည်း အများကြီးပါ"

အဘိုးလေးဦးစောနွဲ့ဘီတောင်က ပြုံးပြုံးကြီးလုပ်ကာ နွဲ့အောင်ကို

ကြည့်နေသည်။ နွဲ့အောင်မှာ စောစောက ရယ်ခဲ့မိသည်ကိုပင် အဘိုးလေးနှင့် မတွေ့ဖူးမမြင်ဖူးသော ထိုဒေသခံပုဂ္ဂိုလ်ကြီးဆိုသူအား မျက်နှာပူနေသေးသည်။

"ဒီပြင် တစ်ခုရှိသေးတယ်ကွယ့်. . . "

"ပြောပါဦး၊ အဘိုးလေး"

"အဲဒီတိုင်းရင်းသားကြီးက. . . ဒီကချင်တောင်တန်းတွေပေါ်မှာ မော်တော်ကားလမ်းတွေ ဖောက်ဖို့ ခွင့်တောင်းခဲ့ဖူးသေးသတဲ့။ ဘယ်လောက်ကုန်ကျပါစေ၊ သူက ဖောက်မယ်။ ပထမတန်းစားလမ်းတွေ ဖြစ်စေရမယ်လို့လဲ အာမခံတယ်။ ဒါပေမယ့်. . . "

"ဟုတ်ကဲ့ အဘိုးလေး"

"သူက အခွင့်အရေးတစ်ခုတောင်းတယ်ကွယ့်။ ဘာလဲဆိုတော့ အဲဒီလမ်းကြီးတွေ ဖောက်ပြီးရင် လမ်းနဲ့ပါတ်သတ်တဲ့ ကိစ္စမှန်သမျှအတွက် အခွန်အကောက်တွေကို သူပဲကောက်ပါရစေ. . . တဲ့"

"အို"

မိမိတို့ ကချင်ဒေသခံတိုင်းရင်းသားကြီးများ၏ အမြော်အမြင်ကြီးမှုနှင့် ကြွယ်ဝချမ်းသာမှုအပေါ် နွဲ့အောင်ကြက်သီးပင်ထမိရသည်၊ အဘိုးလေးကမူအေးအေးပင်။ အခါးရည်တစ်ခွက်မှုတ်သောက်နေ၏။

"အဘိုးလေး. . . အဲဒီလောက်ချမ်းသာအောင်၊ ရွှေတွေက ကချင်ပြည်နယ်ဘယ်ဒေသတွေမှ အဲဒီလောက် ထွက်နေရတာလဲ"

"အေးကွာ. . . တို့ခမ်းတီးလုံ လွင်ပြင်ကြီးမှာ မလိခမြစ်၊ နမ့်လမ်းချောင်း၊ နမ့်တုံချောင်း၊ နမ့်ခမ်းတီး၊ မုန်းယက်ချောင်းနှင့် မချမ်းဘောနမ်းခမ်းချောင်း၊ နမ်ဆဘွန်ရွှာ ထီခချောင်း၊ ထာခချောင်း၊ နောင်မွန်ရှမ်ခချောင်း၊ ခေါ်ဘူဒဲချန်ချောင်းတွေဟာ ရွှေထွက်တဲ့မြစ်နဲ့ ချောင်းကြီးတွေပေါ့ကွဲ့ လူကလေးရဲ့။ ခမ်းတီးလုံဆိုတဲ့ စကားကိုက ခမ်းဆိုတာရွှေ တီးဆိုတာမြေ၊ လုံဆိုတာ လွင်ပြင်ကျယ်ကြီး။ ခမ်းတီးလုံဆိုတာ ရွှေမြေ (Golden Land) လို့ အဓိပ္ပါယ်ရတာပေါ့ကွယ်"





"ဟုတ်ကဲ့ အဘိုး. . . "

"နောက်မြစ်ကြီးနားကနေ ကုန်းလမ်းမိုင်(၂၈)မိုင်လောက်ဝေးတဲ့ ဒေခ(အင်မိုင်ခ)နဲ့ မေလိခမြစ်တို့ဆုံရာ၊ 'မြစ်ဆုံဒေသ'မှာလည်း ရွှေအရမ်းထွက်တယ်ကွဲ့။ ဘာလို့လဲသိလား"

"ပြောပါ အဘိုး"

"ရော့ အဘိုးလေးရဲ့ မှတ်စုစာအုပ်ထဲက ဒီအကြောင်းအရာလေးတွေကို ဖတ်ကြည့်"

အဘိုးလေးက သူ့မှတ်စုစာအုပ်ကို စာမျက်နှာမှတ်ကာ လှန်၍ပေးသည်။ နွဲ့အောင်စိတ်ဝင်တစား ဖတ်ကြည့်မိရ၏။

နိုင်ငံမြောက်ဘက်ဖျားရှိ ရေခဲတောင်များတွင် မြစ်ဖျားခံသည့် ထလာဝမ်၊ အဒုံဝမ်နှင့် ဆန်းနူးဝမ်မြစ်များသည် ပေါင်းဆုံမိကြပြီး နမ့်တပိုင်မြစ်ဖြစ်လာခဲ့သည်။ အရှေ့တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ရာ မြောက်ဘက်မှ စီးဆင်းလာသည့် ဒုလူဝမ်၊ တဇူဝမ်မြစ်နှင့် ထရုန်ဝမ်မြစ်တို့က ဝင်ရောက်ပေါင်းဆုံကြပြန်သည်။ ထိုနေရာမှစ၍ မေခမြစ်ဟု အမည်တွင်သည်။

အရှေ့တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ရာ အချမ်းခ၊ ဒက်ရမေမောကျောင်း၊ ငေါ်ချမ်းခ စသည့်မြစ်ငယ်များက ထပ်မံ စီးဝင်ကြပြန်သည်။ ငေါ်ချမ်းခမြစ်နှင့် တွေ့ဆုံရာမှ စတင်ပြီး တောင်ဘက်အနောက်ယွန်းယွန်းသို့ စီးဆင်းခဲ့ပြီးနောက် ကျဖွီခ၊ အင်လီးခ၊ ရှငေါ်ခ ဒွမ်ဘန်ခမြစ်တို့က အရှေ့ဘက်မှ ထပ်မံစီးဝင်လာကြသည်။

ဒွမ်ဘန်ခနှင့် တွေ့ဆုံပြီးနောက် မေခမြစ်သည် အနောက်မြောက်ဘက်သို့ စီးဆင်းခဲ့ရာ မြောက်ဘက်မှ စီးဆင်းခဲ့သော မေလိခမြစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်နှင့် မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၄၂ မိနစ်တွင် တွေ့ဆုံပေါင်းစပ်ပြီး ဧရာဝတီမြစ်ကြီး ဖြစ်လာခဲ့သည်။

အလားတူပင် မေလိခမြစ်သည်လည်း နိုင်ငံမြောက်ဖျားတွင်

မြစ်ဖျားခံစီးဆင်းလာခဲ့ရာ၊ နမ့်လန်၊ နမ့်ယမ်မြစ်တို့သည် အနောက်ဘက်မှ လည်းကောင်း၊ ရှန်ခမြစ်သည် အရှေ့ဘက်မှစီးဝင်ခဲ့ပြီး တောင်ဘက်သို့ ကွေ့ကောက်စီးဆင်းလာခဲ့သည်။

အရှေ့ဘက်မှ ခရမ်းခနှင့် ဂျူတီခ၊ အနောက်ဘက်မှ နမ့်တီးခ၊ အင်ဆွပ်ခ၊ ဖွန်အင်ခ မြစ်ငယ်တို့ ထပ်မံစီးဝင်ကြပြီး မြစ်ဆုံဒေသတွင် မေခ (အင်မိုင်ခ) မြစ်နှင့် ပေါင်းဆုံခဲ့သည်။

နွဲ့အောင်ခေါ်အသံရပ်သွားသည်တွင် အဘိုးလေးသည် ကချင်ပြည်နယ် မြေပုံကြီးကို ချခင်းကာ မြစ်ဖျား၊ ချောင်းဖျားတည်နေပုံကို ရှင်းပြသည်။

"ဒီတော့ လူကလေးရယ်၊ ဒီတော၊ ဒီတောင်၊ ဒီမြေ၊ ဒီရေတွေက ကြွယ်ဝလှတဲ့ ရွှေမှုန်ရွှေခက်တွေဟာ ဒီမြစ်တွေ ချောင်းတွေကတစ်ဆင့် စီးမျောလာပြီး မေခနဲ့ မလိခဆုံတဲ့ မြစ်ဆုံဒေသမှာ သဲတွေသောင်တွေ ပို့ချပြီး ရွှေသိုက်ရွှေမှော်ကြီးဖြစ်နေတော့တာပေါ့။ ဟိုတောကြီး တောင်ကြီး တွေထဲ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း မသွားရဘဲ ဒီမြစ်ဆုံမှာပဲ ရွှေရှာ ရွှေတူးတာတွေ လုပ်လို့ရတာပေါ့။ ရွှေထွက်လွန်းလို့ စက်တွေနဲ့တောင် တူးခဲ့ရတာ။ အဲဒီနေရာမှာ ရွှေမှော်လုပ်သားတွေ နေရာက အခု ဖန်စိန် ရွာနားက "ရွှေစက်" ဆိုတဲ့ရွာ ဖြစ်လာတာပေါ့"

"၁၉၀၅ ခုနှစ်က ၁၉၁၄ ခုနှစ်အတွင်းမှာ ဂျာမနီလူမျိုး မစ္စတာ ဘန်နယ်ဦးစီးတဲ့ ရွှေရှာဖွေတူးဖော်ရေးအဖွဲ့ဟာ အင်နီဘွန်းဆိုတဲ့ ကချင်ရွာ ကလေးနားမှာ ဧရာဝတီမြစ်ကမ်းပါးကို ရွှေတူးစက်ကိရိယာတွေ တပ်ဆင် ပြီး ရွှေတူးဖော်ခဲ့ကြတယ်။ အခု ဖန်စိန် ရွှေစက်လို့ခေါ်တဲ့ နေရာပေါ့။ အဲဒီတုံးက အသုံးပြုခဲ့တဲ့ ဂျာမန်ရွှေတူးသင်္ဘောကြီးဟာ အလယ်ကျေး ရွာ အထက်ဧရာဝတီ မြစ်ထဲနစ်မြုပ်သွားခဲ့ဖူးတယ်ကွဲ့"

ဦးစောနွဲ့ဘီတောင်၏ မျက်နှာသည် အိုသွားကာ မျက်လုံးတို့က လည်း ဝေသီမှုန်မှိုင်းသွားသည်။ မဝေးလွန်းသေးသော အတိတ်ကို သတိရလာ၍လည်း သူ့ရင်တွင် ဆွတ်ကျင်စွာ ခံစားလာမိသည်။





"လူကလေးရေ. . . လူကလေးကို ဒီလောက်အထိ စကားတွေ အများကြီးပြောနေတာက အဘိုးလေးအခုပြောမယ့် စကားကို လူကလေး စိတ်ဝင်စား အလေးထားအောင်ကွဲ့၊ အခု အဘိုးလေးပြောမယ့် စကားကို သေချာနားစိုက်ထောင်"

"ဟုတ်ကဲ့အဘိုးလေး"

"မင်းအဖေ စောနွဲ့ထိန်ဟာ သူ့ဘဝတစ်လျှောက်လုံး ဒီရွှေသိုက် ရွှေမှော်၊ ရွှေပိုင်းတွေရှာရင်း ကျောက်စိမ်းမှော်တွေ ရှာရင်းနဲ့ပဲ ဘဝဆုံး ခဲ့ရရှာတာ။ သူ့အသက်နဲ့ရင်းပြီး ရှာခဲ့လို့ တွေ့လဲတွေ့ခဲ့ပါရဲ့။ အဲဒါတွေ က လူလေးအဖေထားခဲ့တဲ့ ရွှေသိုက်ကြီးရဲ့ အထောက်အထားတွေပဲ။ အဲဒီခရီးမှာ အဘိုးလေးလည်း ပါခဲ့တယ်။ နောင် သိပ်မကြာခင်နှစ်တွေ မှာ တို့ကချင်ပြည်နယ်ရဲ့ အကြီးဆုံးရွှေမှော်ကြီး ဖြစ်လာမယ့်နေရာကို အဘိုးလေးတို့ ရှာတွေ့ခဲ့ကြတာပေါ့ကွဲ့ လူကလေးရဲ့"

". . . . . . ."

"ဒီကနေ့အထိ လူကလေးကို စာပေသင်ကြားတာကလွဲပြီး စပ်ဖနွယ်လုံ တောင်တန်းကြီးပေါ်မှာ ခမ်းတောက်မြစ်၊ မခြစ်ဥ၊ မရှော့ရွက် ခူးတာလောက်ပဲ အဘိုးလေး သင်ပေးခဲ့တယ်။ ဒါက အသက်မွေးဝမ်း ကျောင်း စင်ကြယ်တာကိုး ကွဲ့"

"ဟုတ်ကဲ့ အဘိုးလေး။ သားလဲ ဝါသနာပါပါတယ်"

"ဒါပေမယ့် လူကလေးရေ မင်းလဲ တစ်နေ့ သားနဲ့မယားနဲ့ လူဖြစ်အောင်လုပ်ရဦးမှာ။ လူတစ်လုံးသူတစ်လုံးဖြစ်အောင်တော့ ကြိုးစား ရဦးမှာ။ ဆေးမြစ်၊ ဆေးဥတူးလို့ တစ်ယောက်တည်းအတွက် တစ်ဝမ်း တစ်ခါးမပူပန်ရပေမယ့် ကြီးပွားလောက်အောင်တော့ မဖြစ်ဘူး။ ဒီလုပ်ငန်း က လောဘလဲဝင်လို့မရဘူး။ အန္တရာယ်လဲကြီးတယ်။ ဒီတော့. . ."

"ပြောပါအဘိုးလေး။ သားဘာလုပ်ရမလဲ"

"မင်းအဖေရဲ့ မိတ်ဆွေကြီး ဦးစဖိုင်တန်တော့ မြစ်ကြီးနားမှာ နေလေရဲ့၊ ရွှေလုပ်ငန်း လုပ်နေတယ်လို့လည်းကြားတယ်။ မင်းအဖေရဲ့

ဒီရွှေနမူနာတွေ မြေပုံတွေနဲ့အတူ အဘိုးလေးပြောပြတဲ့ မင်းအဖေရဲ့ ခရီးစဉ်ကို အသေးစိတ်ရှင်းပြ။ တိုင်ပင်ညှိနှိုင်းပြီး လူကလေးအတွက် ကြီးပွားရာ ကြီးပွားကြောင်း တစ်ခုခုလုပ်စေချင်တယ်။ ဒါပေမယ့် လူကလေး ကတိတစ်ခုတော့ အဘိုးလေးကိုပေးရမယ်။ မင်းအဖေသွားခဲ့တဲ့ ခရီးကို မင်းတစ်သက် ဘယ်တော့မှ မသွားပါဘူးဆိုတဲ့ကတိပဲ''

အဘိုးလေးက စကားရပ်ကာ ငြိမ်နေသည်။ တစ်ကိုယ်လုံး ငြိမ်သက်ကာ မျက်လွှာချလျက် ထိုင်နေသော်လည်း လက်ထဲက ပုတီးကုံး ဖြူဖြူကလေးကမူ တရွေ့ရွေ့ လှုပ်ရှားလျက်။

နွဲ့အောင်အဘိုးလေးကို ကြည့်မိသည်။

မိမိ၏ သံယောဇဉ်နှောင်ကြိုးတစ်မျှင်ကြောင့် သူ့ဘဝ သူ့သံသရာ ခရီးအတွက်ပင် စိတ်ဖြောင့်လက်ဖြောင့် အလုပ်မလုပ်နိုင်ရှာသေးသည့် အဘိုးကို သနားသည်။ လောကုတ္တရာနယ်သို့ကူးကာ သတ္တဝါဝေနေယျတို့ အတွက် အလုပ်လုပ်ချင်သေးသည့် အဘိုးဆန္ဒကို လေးစားသည်။ ဘဝ၏ နေညိုညိုချိန်တွင် သမုဒယဖြင့် ရစ်နှောင်ကာ မွန်းကြပ်မနေစေချင်၊ မနေစေသင့်တော့။

''ဒါမှမဟုတ် အခု ဒီမြေ၊ ဒီအိမ်ကလေးမှာပဲ အဘိုးချန်ထား ခဲ့တာလေးတွေကို ထုခွဲပြီး ကောင်းရောင်းကောင်းဝယ်နေမယ် စိတ်ကူးရင်လည်း လူလေးဆန္ဒပဲ''

ငြိမ်းချမ်းအေးမြသော အဘိုးလေး၏ စကားသံက တစ်ခုခုကို ပိုင်းဖြတ်ထားပြီး ဖြစ်ပုံနှယ်။ ရှင်းပြတ်သည်။

''ဟုတ်ကဲ့ပါအဘိုးလေး။ သားစဉ်းစားပါဦးမယ်။ ဒီလုပ်ငန်းကို ကျွမ်းကျင်တဲ့ သူတွေနဲ့လည်း နည်းနည်းပါးပါး တီးခေါက်ကြည့်ပါဦးမယ်။ သား သူငယ်ချင်း အာယုအဖေ ဦးလေးဦးကျော်မောင်လည်း မြစ်ဆုံ ဘက်မှာ အသွားအလာရှိနေတာပဲ။ သူ့လဲ ပြောကြည့်ပါဦးမယ်''

''ကဲကဲ လူလေး မင်းအဖေရဲ့ ပစ္စည်းကလေးတွေကို သိမ်းလိုက် ဒီမှာ ဒါက အဘိုးတို့ အဘိုးတွေ အဖေတွေ လက်ထက်ကတည်းက





ချင်တောတောင်အနှံ့ ဆေးပင်ဆေးမြစ် ပေါက်ရောက်တဲ့ဒေသတွေနဲ့ နေခဲ့ဖူး၊ တွေ့ခဲ့ဖူး၊ ကြုံခဲ့ဖူးတဲ့ အဖြစ်အပျက် မှတ်တမ်းတွေကို ရေးထားတဲ့စာအုပ်။ မင်း. . . သားစဉ်မြေးဆက် သေချာသိမ်းတော့''

''ဟုတ်ကဲ့အဘိုးလေး''

နွဲ့အောင်က အဘိုးလေးကမ်းပေးသော စာအုပ်ကို တရိုတသေ ယူကာ ဦးထိပ်တင်မိသည်။ ဤသည်က သူတို့မိသားစုဓလေ့၊ မိသားစု ထုံးစံ။ ပြီးမှ စာအုပ်ကို ယုယုယယ စာမျက်နှာ တစ်ရွက်ချင်း လှန်ကြည့် နေမိသည်။

''လူကလေး. . . လုပ်စရာတစ်ခု ကျန်နေသေးတယ်လေ''

အဘိုးလေးက သတိပေးသည်။

''ခင်ဗျာ''

''မင်းအဖေသွားခဲ့တဲ့ ရွှေသိုက်ရှာခရီးကို မင်းဘယ်တော့မှ မသွား ပါဘူးဆိုတဲ့စကား အဘိုးလေးကြားချင်တယ်။ လွယ်လွယ်ပြီးရောစကား ဟုတ်ဘဲ တကယ်ခိုင်ခိုင်မြဲမြဲ စောင့်ထိန်းလိုက်နာနိုင်တဲ့ ကတိစကားမျိုး ကိုလိုချင်တာ၊ ကြားချင်တာ''

လှိုက်လှိုက်လှဲလှဲ အားအင်ပါသော အဘိုး၏အသံက တိုးညင်း သိမ်မွေ့သော်လည်း ပြတ်သားသည်။ ခိုင်ကျည်စွဲမြဲသော ယောက်ျား ကောင်းတို့၏ ဟိတ်ကကိန်းနေသဖြင့် ပို၍ခန့်ညားသည်။

နွဲ့အောင်သည် မဆိုင်းမတွပင် ပြောမိရသည်။

''ကျွန်တော် လေးလေးနက်နက် ကတိပေးပါတယ် အဘိုးလေး''

နွဲ့အောင်က အဘိုးလေး ဦးစောနွဲ့ဘိတောင်ကို ဦးသုံးကြိမ်ချလျှက် ကတိ သစ္စာပြုသည်။ မျက်ရည်တို့က မည်သို့ရစ်ဝဲလာလေသည်မသိ။ အိုင်ဖွဲ့ကာ တပေါက်ပေါက်ကျလေသည်။

''သာဓု သာဓု သာဓု လူကလေးရယ်''

ငြိမ်းချမ်းခြင်း၊ သန့်စင်ခြင်း၊ အေးမြခြင်း ''မေတ္တာကွန်းရိပ်'' ကို လွှမ်းလေသည်။ ခြံအတွင်း စိုက်ပျိုးထားသော ပန်းရနံ့တို့က ကြူကြူ

မွှေးလျက်၊ လန်းဆတ်သန့်စင်သော လေပြေညင်းက သုန်သုန်ဖြူးလျက်။
မေတ္တာနှင့် သစ္စာတည်သော မြေထက်ပိုမိုကြွယ်ဝသော ပိုမိုချမ်းမြေ့သော ပိုမိုနေပျော်သော နေရာဟူသည် မရှိလေပြီ။

✿✿✿✿✿

# (၂)

လေညင်းသည် တသင်းသင်းမွှေးသည်။

သန့်စင်လန်းဆွတ်မှုနှင့် ပျိုမျစ်ရှင်သန်မှု၏ ရနံ့များကို လေညင်းက ဆောင်ယူလာသည်။ တရွေ့ရွေ့ တဖြည်းဖြည်းပြေးနေသော တိမ်မျှင်စလေးသာ မရှိခဲ့လျှင် ပြာလွင်လွင်ကောင်းကင်ကလည်း အကြွင်းမဲ့သန့်စင်လေမည်။ ယခုမူ တိမ်ကြွင်းကလေးများကြောင့် အနည်းငယ်မျှငွေမှင်ရောင်သန်းချင်သည်။

လေညင်းတွင် ညဦးကဖူး၍ အရဏ်ပြူစကပင် ပွင့်ချပ်လွှာကလေးများ ရွရွကလေးပြန့်လာသည့် စံပယ်ဖြူ အဖူးအငုံကလေးများ၏ အနံ့ကလေးများက ရင်ကိုလန်းဆတ်စေသည်။ နှင်းဆီပင်တန်းဆီက နိုင်လွန်နှင်းဆီတို့၏ ရနံ့ကမူ ချိုချိုအီအီ တိမ်းမူးချင်စရာ။ နေဝန်းသစ်စ၊ နံနက်ဦးတွင် မေတ္တာကွန်းရိပ်၏ ပင်နွယ်ရိပ်မြုကလေးက သင်းပျံ့သော မွှေးရနံ့ဖြင့် ဆွတ်ပျံ့လှိုင်ကြူသည်။

လေညင်း၏ တသင်းသင်းရနံ့ကို ကျီစယ်နေသည်မှာ သနပ်ခါးနံ့ယဉ်ယဉ်ကလေး။ ရွှေဘိုက သနပ်ခါးပေလား။ ပခုက္ကူနယ် ရှင်မတောင်

ဘက်က သနပ်ခါးပေလား ခွဲခြားမသိတတ်နိုင်ပြီ။ မွှေးသည်ကတော့ မေတ္တာကွန်းရိပ်၏ ပန်းရနံ့များကိုပင် သနပ်ခါးရနံ့ကလေးက နည်းနည်းပို၍ အနိုင်ရချင်သယောင် မွှေးလွန်းလှသည်။

တသင်းသင်း မွှေးမြသော လေညင်း၌ သနပ်ခါးနံ့ကလေးများဝေနေသော အလှတစ်ပါးကလည်း နံ့နက်ဦးကို မင်းမူချင်သည်။ သည်အလှကြောင့် တိမ်ပြာပြာတို့ ပို၍လွင်သည်။ လေညင်းမွှေးတို့ ပို၍သင်းပျံ့သည်။ ဖြူဖြူ နီနီ ပြာပြာ ဝါဝါ ပန်းရောင်စုံတို့ ပို၍ တင့်တယ်သည်။

မေတ္တာကွန်းရိပ်၏ ခြံထောင့်က ပင်လုံးကျွတ်ဝေနေသော သရက်ပွင့်တို့ကို ခေါင်းပေါ်ပန်ထားသည့် သရက်ပင်အိုကြီးသည်ပင် ပို၍ခန့်ညားလာသေသည်။ သည်သို့သာ နွဲ့အောင်ရင်ထဲက ထင်မိရသည်။

ထိုထို အလှတစ်ပါးက နွဲ့အောင်ရှေ့တွင် နီးနီးကပ်ကပ် တည်နေ၍လည်း သည်နံ့နက်ဦးက ပို၍အသက်ဝင်နေခြင်း ဖြစ်နိုင်ပေမည်။

လှပါသည်။ မွတ်မွတ်စင်၍ ရှင်းရှင်းသန့်သန့် ဝင်းဝင်းဖန့်ဖန့်ရိုးရိုးယဉ်ယဉ်ကလေး လှနေရှာပါသည်။ မျက်ခုံးထူထူတန်းတန်းကလေးနှင့် လင်းလက်တောက်ပြောင်သော မျက်ဝန်းတစ်စုံ။ ပါးချိုင့်ခွက်ကလေးများနှင့် သနပ်ခါးပါးကွက်ကြား တစ်စုံတို့က သည်အလှကို ပို၍ပို၍အသက်ဝင်စေသည်။

နုနုနွဲ့နွဲ့ကလေး ဆိုယောင်ယောင်နှင့် နုမျစ်ပျိုရွယ် လန်းဆတ်သည့်ကိုယ်နေဟန်ထားကလည်း ခြေအလှူပ် လက်အလှုပ်၊ ခေါင်းအငဲ့နှင့် ဆံနွယ်တစ်မျှင် လွင့်သည်ကစ၍ပင် လှနေသည်ဟု နွဲ့အောင်က ပိုပိုကဲ၍ ထင်ချင်သေးသည်။

''ဟဲ့. . . နွဲ့အောင်။ အကောင်. . . နင့်ကို ငါခေါ်နေတာကြာပြီကော။ မကြားဘူးလား''

အလှတွင် ဝင်စားနေမိသော နွဲ့အောင်၏ အာရုံများက ပူခနဲခံစားလိုက်ရသော နားရွက်ဆီ လှစ်ခနဲရောက်၏။ ထူပူအောင် လိမ်ဆွဲ





ထား၍ နာလိုက်လေသည်မှာ မချိတရိ။

''ဟ. . . ဟ လွှတ်ပါဟ မိဦးရဲ့။ နင့်ဘိုးအေထဲမှ။ ငါ့နားရွက်ပြတ်တော့မယ်။ ကိုယ့်အသားမဟုတ်တိုင်းဟာ။ ရက်ရက်စက်စက်''

နွတ်ကသာ နာလွန်း၍ အသံထွက်နေသော်လည်း အာရုံက အနီးကပ်ရှိနေသော အလှတွင် ခွာ၍မရ။ ကပ်ငြိနေသည်။ ရင်ထဲက ခုန်ချင်ချင်။ ပြီးလျှင် မွှေးပျံ့လွန်းလှသော သနပ်ခါးရနံ့ သင်းသင်းကလည်း သူ့ရင်ကို ကလိချင်သည်။

''မိဦးရေ နားရွက်ဆွဲလိမ်မနေနဲ့ဟ။ နင် အဲဒီလောက် ပူးပူးကပ်ကပ်နဲ့ဆို အဲဒီကောင်က နားရွက်ကြီးပြတ်ပြတ် ပီတိဖြစ်နေဦးမှာ။ ဝမ်းသာစွပ်ထနေဦးမှာ''

''ဟယ်. . . ဒီအကောင်ကတစ်မျိုး။ သူငယ်ချင်း အချင်းချင်း။ ကိုယ့်မောင်နှမချင်းတွေကို''

''ဟဲ့ မိဦးရဲ့။ အဲဒါက နင့်ဘက်အမြင်ကိုးဟ။ ကျောင်းအစ်မရ။ နွဲ့အောင် ခွေးသူခိုးက ဘယ်လိုစိတ်ကူးနေလဲမှ မသိတာ။ စိတ်ကူးဆိုတာမြင်ခွင့်သာရရင် နင်ဒီကောင့်အနားတောင် ကပ်ရဲမယ်မထင်ဘူး''

''ပြောလေ ကဲလေဟယ်. . . အာယုရယ်''

အလှနတ်မိမယ်တွင် ရှက်သွေးနီနီတို့ သီကရီစွန်းကွက်သည်။ နောက်ပြောင်သော အာယုကိုပြေး၍ တဝုန်းဝုန်းထုပြန်သည်။ ကလေးအရွယ် ငယ်စဉ်ကပင် အတူတကွ တပူးတွဲတွဲ ကြီးပြင်းခဲ့ရသော သူတို့ငယ်သူငယ်ချင်းစရိုက်က ယခုကဲ့သို့ တက္ကသိုလ်ဝင်တန်းအောင်ပြီးစကြီးကောင်ဝင်စအရွယ်အထိ သိမ်းဆည်း၍မရချင်သေး။ သူတို့တစ်တွေဆုံမိလျှင် သည်သို့သာ မေတ္တာကွန်းရိပ်က ဝေစည်ချိုလွင်နေတတ်သည်။

''ကဲ. . . ပြောပါဦး။ အရေးတကြီး ပြောစရာရှိလို့ဆို။ နွဲ့အောင်ရယ်။ အဘိုးလေး သာသနာ့ဘောင်ဝင်တဲ့နေ့က ငါလည်း မဖြစ်မနေလာမလို့ပဲ။ အမေတို့ညည့်သည်တွေက ကျောက်ကြည်ဆိုတဲ့ မြစ်ကြီးနား

ဖွတ်ခေါ်လို့ အမေအဖော်ရအောင် လိုက်သွားရတယ်။ ငါလေ အဘိုးလေးကိုသတိရလိုက်တာ''

ခင်နှင်းဦးက အသံကလေးတိမ်ဝင်ကာ မျက်နှာကလေး အိုကာ ပြောရှာသည်။ ထိုနေ့က နွဲ့အောင်လည်း လာလေဦးမလား မျှော်ခဲ့မိသေးသည်။ အာယုတို့ မိသားစုတွေကတော့ စ၊ လယ်၊ ဆုံး စုံစုံညီညီ ကူညီဝိုင်းဝန်းခဲ့ကြသည်။

''ရပါတယ်ဟာ။ ကြီးကြီးကျယ်ကျယ်လည်း မဟုတ်ပါဘူး။ တောရကျောင်းမှာ အဘိုးလေး စိတ်တိုင်းကျ သိုပ်သိပ်သည်းသည်းပဲ လုပ်တာပါ''

''အခု အဘိုးလေးက တောရကျောင်းမှာဘဲလား''

''တောရကျောင်းမှာ မဟုတ်တော့ဘူးဟ။ ရိပ်သာဝင်သွားပြီ။ စစ်ကိုင်းတောင်မှာ ဝါဆိုမယ်လို့တော့ ပြောတာပဲ''

''အေးဟယ် အဘိုးလေးကို သက်န်းဝတ်နဲ့ ကန်တော့တောင် မကန်တော့လိုက်ရဘူး။ သတိရလိုက်တာ''

ခင်နှင်းဦး၏ စကားသံနှင့်အတူ အဘိုးလေးကို တမ်းတလွမ်းစိတ်တို့ လှိုက်၍တက်လာသည်။ မေတ္တာကွန်းရိပ်တွင် သူတို့တစ်တွေ ဆုံကြလေတိုင်း အဘိုးလေးလက်ဖြင့် အိမ်လုပ်မုန့်ကလေးတွေ အမျိုးမျိုး အဖုံဖုံ စားရတတ်သည်။

အနည်းဆုံး ခေါပုတ်ကို အိအိကလေးကြော်ကာ ရေနွေးကြမ်း မွှေးမွှေးကလေးတော့ ချပေးတတ်သည်။ သူတို့ သိတတ်စ အရွယ်မှသည် တက္ကသိုလ်ဝင်တန်းဖြေချိန်အထိ သူတို့သုံးယောက်ကို သူ့ရင်ကဖြစ်သော သားသမီးနှယ် အဘိုးလေးက သဘောထား စောင့်ရှောက်ခဲ့သည်သာ။

''မိဦးရယ်။ နင်လုပ်တာနဲ့ ငါတို့တောင် အဘိုးလေးသတိရပြီး မျက်ရည်ကျမိတော့မယ်။ ထားတော့။ ဒီနေ့ နွဲ့အောင်က အရေးတကြီး ပြောစရာရှိတာ ပြောမလို့တဲ့။ နင်အချိန်ရရဲ့လား''

အာယုက ပစ္စုပ္ပန်သို့ ဆွဲခေါ်သည်။ နွဲ့အောင်၏ ညီအရင်းနှယ် နွဲ့အောင်နှင့် အနေများသူမို့ နွဲ့အောင်၏ အရိပ်အကဲကို သိသည်။





အသက်ချင်းက မတိမ်းမယိမ်းဆိုသော်လည်း အာယုက လူလုံးလူဖန် ညှက်ကာ အသားဖြူနုနု၊ ခပ်နွဲ့နွဲ့မို့နွဲ့အောင်နှင့် ယှဉ်လိုက်လျှင် ညီကလေး တစ်ယောက်လို ဖြစ်နေသည်။ သူက ဖိုးဖိုးဖပ်ဖပ် လက်တွေ့သမား။

''အိမ်တော့ မပြောမိခဲ့ဘူး။ ဒါပေမယ့် ရပါတယ်။ အိမ်ကလွဲရင် ငါ ဒီပဲလာတတ်တာကို အိမ်ကသိပါတယ်။ ခိုင်းချင်တာရှိရင် လူလွှတ်ခေါ်လိမ့်မယ်''

ခင်နှင်းဦးက ယဲ့ယဲ့ပြုံးကာ ပြန်ဖြေသည်။ သည်ကလေးမက အရွယ်ကလေးရ၊ အလှကြီးလှလာသည့် အပျိုမဖြစ်လာသည့်တိုင် သူတို့ နှစ်ယောက်အပေါ်၊ မောင်နှမနှယ် ရဲရဲတင်းတင်း၊ ချစ်ချစ်ခင်ခင် ပေါင်းတတ်သည်။ ပရိယာယ်မရှိ၊ မာယာမနှော။ သဘောဖြူ အူစင်းသည့် အရိုးခံစိတ်ထားကောင်းလေးက ခင့်မင်ဖွယ်ကောင်းလှသည်။

''နွဲ့အောင်ရေ ဘာပြောမှာလဲဟ။ မင်း မိန်းမယူတော့မလို့လား။ ဟုတ်လားဟေ့ကောင်။ အဘိုးလေးမရှိတော့ အိမ်ရှင်မလိုပြီပေါ့''

''ဟာ ဒီကောင် ပေါက်ကရတွေ''

ခင်နှင်းဦးက ရယ်သံလွင်လွင်ရယ်သည်။ အာယုကလည်း သူ့စကား သူ့သဘောကျဟန်နှင့် အတောမသတ် ရယ်နေသည်။ နွဲ့အောင်ကသာ အရယ်မျက်နှာကို ပြုံးချင်ယောင်ပြု၍ အဘိုးလေး၏ ဘီရိုထဲမှ သစ်သားသေတ္တာကလေးကို ထုတ်ယူလာသည်။

''ရော့. . . မင်းတို့အတွက်။ မဟုတ်သေးဘူး။ တစ်ယောက်တစ်ကုံးစီ အဘိုးလေးပေးသွားတာ''

''ဟာ. . . နွဲ့အောင်''

''ဟယ်. . . နွဲ့အောင်ရယ်. . . တန်ဖိုးကြီးလိုက်တာ''

ယွန်းသေတ္တာသေးသေးကလေးတွင် ဂွမ်းစခံ၍ ထည့်ထားသော ရွှေဆွဲကြိုးကုံးကလေးက ဝင်း၍အိနေသည်။ အနည်းဆုံး ရွှေချိန်တစ်ကျပ်သားထက်မလျော့နိုင်။ လော့ကက်သီးကြုတ်ကလေးက ပါသေးသည်။ သည်မျှ ရွှေရည်ကောင်းသည်ကို ထိရက်ကိုင်ရက်စရာပင်မရှိ။

"ဒါ. . . အဘိုးလေးက စီစဉ်ပြီးပေးခဲ့တာ။ ကြွတ်ကလေးထဲမှာ ရဟန္တာဓါတ်တော်ပါတယ်လို့ ပြောတာပဲ။ ကြွတ်ကလေးအခြေကိုကြည့်။ 'အရဟံ' ဆိုတဲ့ စာလုံးပါတယ်။ ကြွတ်အဖုံးမှာ 'အ' စာလုံးပါတာက ငါ့ပဲဟာ။ 'ရ' စလုံးပါရင် အာယု။ 'ဟံ' စာလုံးနဲ့ဆို မိဦးဟာပဲ။ သုံးယောက်ပေါင်းရင် ရန်အပေါင်းငြိမ်းလို့ ကြီးပွားချမ်းသာရမယ်လို့ အဘိုးလေးက မှာခဲ့တယ်။ စကားမရှည်ကြနဲ့တော့။ အဘိုးလေးစကား နားထောင်ပြီးရှေ့ယူကြ"

ယွန်းသေတ္တာကလေးများကို တယုတယယူကြရင်း မျက်ရည်စတို့ဝဲချင်သည်။ ခင်နှင်းဦးက သဲ့သဲ့ကလေးရှိုက်သည်။

"ပြီးတော့ ငါအခုပြောမယ့်စကားကို နားထောင်။ ဆုံးအောင်နားထောင်ပြီးရင် ငါဘာလုပ်သင့်သလဲ အကြံဉာဏ်ပေးကြ။ ထမင်းချက်ပြီးသား။ မနက်က ငါးကြော်တွေလည်း ရှိသေးတယ်။ ဆာတဲ့အခါ မုန့်ညှင်းပေါင်းနဲ့ ဖင်ပြွန်းသီးထောင်း ပြေးဝယ်ပြီး စားကြရုံပဲ"

နွဲ့အောင်က ယခင်အဘိုးလေးထိုင်နေကြ အိမ်ရှေ့ ဝရန်တာတွင် ဖျာခင်း၍ အကျအနထိုင်သည်။ အာယုက နွဲ့အောင်ဘေးတွင် ခေါင်းအုံးတစ်လုံးချကာ အားလျားမှောက်လျက် နားထောင်ဖို့ ဟန်ပြင်သည်။ ခင်နှင်းဦးကမူ ရေနွေးကြမ်းဓါတ်ဘူးဘေး၌ ဝရန်တာတိုင်ကိုမှီကာ နွဲ့နွဲ့ထိုင်လျက် နားစွင့်သည်။

သည်သို့ဖြင့်ပင်. . . ။

စဝ်ဖနွယ်လုံ တောင်တန်းကြီးမှသည် ရှင်ဗေ့ယန်အထိ ရှည်လျားသော စောနွဲ့ဘီတောင်နှင့် စောနွဲ့ထိန်တို့၏ လွမ်းဖွယ်ပုံပြင်ကို ပြောပြရသည်။

မေတ္တာကွန်းရိပ်တွင် လေညင်းက တသင်းသင်းမွှေးပျံ့ဆဲ။ အရှေ့ဘက်ဆီက နေခြည်နုနုတို့က ရွှေခက်ရွှေရည်များ နွယ်ရှန်းပြက်ဆဲ။ သရက်ပင်အိုကြီးထံမှ သရက်ဖူးတို့၏ ရနံ့က ကြိုင်လှောင်ဆဲ။ စံပယ်နှင့်နှင်းဆီတို့က လှသွေးနေဆဲ။

---

**စိတ်ကူးသစ်စာပေ**



နွဲ့အောင်၏ စကားသံတို့သည်လည်း သည်မှဟို၊ ဟိုမှသည် ဝေ့၍ဝဲ၍ ချာချာလည် ပျံသန်းဆဲ။

နေအရောင်သည် တစ်စတစ်စ ရင့်၍လာလေသည်။

✿✿✿✿✿

# (၃)

"အဲဒါဆိုရင် နင်ဘာလုပ်မလဲ"

"ဟုတ်တယ်နွဲ့အောင်၊ မင်းဘာလုပ်မလဲ"

အာယုနှင့် ခင်နှင်းဦးတို့ထံမှ မေးခွန်းများက ဆက်တိုက်ပင်ကြားရသည်။ သူပြောသမျှကို မပျင်းမရိ၊ မညည်းမညူ နားထောင်ပေးကြသည့် ငယ်ပေါင်းသူငယ်ချင်းနှစ်ဦးကို ကျေးဇူးတင်စွာ နွဲ့ဖအောင်ကြည့်သည်။

တိမ်မျှင်တိမ်စမရှိ ရှင်းသန့်သော ကောင်းကင်က ပြာလွင်လှပလွန်းသည်။ သို့သော် အနည်းငယ် ပူချင်သည်။ ဝရန်တာတွင် နေရ၍သာ အနည်းငယ်နေသာသလို ရှိသော်လည်း နေ၏အပူရှိန်ကို သိသိသာသာ ရသည်။

"မင်းတို့ကလည်းကွာ။ မင်းတို့ဆီက အကြံဉာဏ်တောင်းပါတယ် ဆိုမှပဲ ငါ့ပဲပြန်မေးနေတယ်။ မင်းတို့ စိတ်ကူးကိုသိချင်တာပေါ့ သိပလား"

နွဲ့အောင်က ရင်ထဲက မပါသော်လည်း စိတ်တိုချင်ဟန်ပြုသည်။ သူ့အထာကို သိနေသော အာယုက ပြုံးကြည့်သော်လည်း ခင်နှင်းဦးက မေးပြန်သေးသည်။

"ဟဲ့. . . အဘိုးလေးက ဘယ်လိုမှာခဲ့လဲ"





"မိဦးရယ် သေတော့မှာပဲ။ နောက်တစ်ခေါက်ထပ်ပြောရမလားဟ။ ငါလုပ်ချင်တာကိုလုပ်လို့ သံယောဇဉ်ပဲဖြတ်သွားခဲ့ပြီပဲ။ ကောင်းတဲ့ အသက်မွေးမှု၊ ကောင်းတဲ့အလုပ်ဆိုရင် ပြီးရောပေါ့။ ဘာလုပ်လုပ်။ အဖေသွားခဲ့တဲ့ ရွှေပိုင်းဘက်ကိုတော့ ခြေဦးတောင် မလှည့်ရဘူးတဲ့"

"အေးလေ၊ နင်ဘာလုပ်မှာလဲ"

"ငါ ဘာလုပ်သင့်သလဲလို့ နင်တို့ကို မေးနေတာဟဲ့"

စကားတွေက လုံးချာလိုက်နေသဖြင့် သူတို့အားလုံး ရယ်မိရသည်။ အရွယ်နှင့်အတူ ဘဝဆိုသည်ကို တကယ်ပင် ရင်ဆိုင်ဖြတ်သန်းနေရပြီဟူသော အသိက ရင်သို့ပုံ့သောအခါ အရယ်အပြုံးတို့ တန့်၍ မျက်နှာက တည်ချင်မိသည်။ ဘဝကို မျက်မှောက်ပြုနေရပြီဖြစ်သော လက်ရှိအခြေအနေကို သူငယ်ချင်းသုံးဦးစလုံး အလေးအနက် သတိပြုမိကြသည်။

"အဘိုးလေး ပြောသလို ရှင်ဗွေယန်မှာ ရွှေမှော်လုပ်ချင်ရင်တော့ မြစ်ဆုံကို မင်းနဲ့ငါ အဖေနဲ့လိုက်ကြရမှာပဲ နွဲ့အောင်။ တီယန်စွပ်မှာလဲ ရွှေမှော်အသစ် စနေတယ်ပြောကြတယ်။ မလေ့လာဘဲနဲ့တော့ ရမ်းလုပ်လို့ မဖြစ်ဘူး သူငယ်ချင်း"

"ဟုတ်တယ်ဟဲ့။ နင်ကလဲ အဘိုးလေးနဲ့ ဆေးပင်ဆေးမြစ်ပဲ လိုက်တူးဖူးသေးတာ။ ရွှေမှော်လုပ်ငန်းက ရှုပ်တယ်။ အရင်းအနှီးကလည်း ကြီးတယ်။ ကိုယ့်မှာ ရွှေမှော်လုပ်နိုင်တဲ့ မြေပုံတွေရှိတယ်ဆိုပေမယ့် ဒီလောဘက လုံကောင်းရှားတယ်ဟဲ့။ နင်တို့ ဒီနေ့ အကြောင်းတွေနဲ့ ဦးလေးစောနွဲ့ထိန်တို့ ကိစ္စလျှောက်မပြောနဲ့နော်"

"အေးပါဟာ။ နင်တို့နှစ်ယောက်ပဲ ပြောသေးတာပါ"

အာယုနှင့် ခင်နှင်းဦး၏ စေတနာကို သူ နားလည်ခံစားနေပါသည်။ လောလောဆယ်တွင်တော့ သည်သူငယ်ချင်းနှစ်ဦးသာလျှင် သူ့ဘဝဖြစ်နေပါသည်။

"အဖေတို့တော့ ဖွင့်ပြောပြီး တိုင်ပင်ကြည့်ရမှာပဲ နွဲ့အောင်ရေ။ မြစ်ဆုံက အဖေပြန်လာတဲ့နေ့ ငါ့အဖေကို ခေါ်လာခဲ့မယ်။ အဖေဆိုရင်

တော့ ရေရေရာရာ အကြံဉာဏ်ပေးနိုင်လိမ့်မယ်ထင်တယ်။

အာယုက တွေးတွေးဆဆပြောသည်။ သူလည်း သည်သို့ပင် တွေးထားလေရာ အာယု၏အဖေ ဦးလေး ဦးကျော်မောင်ကဖြင့် သူ့ကို အကြံဉာဏ်ကောင်း ပေးနိုင်လိမ့်မည်ထင်သည်။ မြစ်ကြီးနားက အဖေ့ မိတ်ဆွေ ဦးစမိုင်တန်ကိုတော့ ဦးလေး ဦးကျော်မောင်နဲ့ တိုင်ပင်ပြီးမှပဲ သွားတွေ့တော့မယ်ကွာ။ ဟိုပြော ဒီပြော သတင်းပြန့်သွားမှာစိုးလို့''

''ဟုဲ့ ဦးလေး စောနွံ့ထိန်တို့ ရှာခဲ့တဲ့ ရွှေမှုန် နမူနာနဲ့ ရွှေပါတဲ့ ကျောက်ခဲတုံးတွေက သိပ်များသလား။ နဲနဲစီရရင်တော့ ငါ့အဖေပြကြည့် ရင်ကောင်းမလားလို့။ အဖေနဲ့အစ်ကိုကတော့ နှံ့စပ်တယ်။ နင်နဲ့အဘိုးလေး ရှာလာတဲ့ ဆေးပင်ဆေးမြစ်တွေကို ပင်တိုင်ဝယ်နေတဲ့ တရုတ်ကြီးက မြစ်ကြီးနားတင်ရှိနေတာ။ တစ်ခုခုတိုင်ပင်ကြည့်လို့ ရမလားပဲ။

ခင်နှင်းဦးက မျက်နှက်ကလေး မျက်ဝန်းထောင့်ကပ်ကာ ချင့်ချင့် ချိန်ချိန်ကလေး ပြောရှာသည်။ နွံ့အောင်လည်း ထိုသို့ စဉ်းစားကြည့်ဖူး သေးသည်။ မဖြစ်နိုင်။ ခင်နှင်းဦးကို ပြောမထွက်ရင်သော်လည်း သူ့အဖေ နှင့် သူ့အစ်ကိုတို့ကို သဘောမတွေ့ချင်။ မာနကဲသောမျက်နှာနှင့် လောဘ လွန်သောအပြုအမူ အပြောအဆိုများ လုပ်ရပ်များကို တွေ့ဖူးပေါင်း များ၍ အယုံအကြည်နည်းချင်သည်။

''နေပါဦး မိဦးရယ်။ တကယ်လိုမှပဲ ပြောရအောင်ပါ။ ဒီကိစ္စမျိုး က အခြားအပြင် လူတစ်စိမ်းတွေပါ သိလို့ကျယ်ပြန့်သွားရင် သိပ်မ ကောင်းဘူးဟ။ လိုအပ်တဲ့အခါတော့လည်း ပြောကြတာပေါ့''

အာယုကလည်း အကင်းပါးစွာ ရေပိတ်စပါးစကားမျိုး ပြော သည်။ ခင်နှင်းဦးက ငယ်ပေါင်းမို့ သူ့စိတ်ရင်းသဘောကို နားလည်နိုင် သော်လည်း တင်စီးလွန်းသည်။ တစ်ကိုယ်ကောင်းစိတ် များလွန်းသည်ဟု အကြိမ်ကြိမ်ပြောဖူးသည်။

အထူးသဖြင့် အဘိုးလေး ဦးစောနွံ့ဘီတောင်တို့ ဘိုးစဉ်ဘောင် ဆက်ရှာဖွေပေးသော ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက်၊ တောင်ဆိတ်





ဆီ၊ ကတိုးမွှေး၊ သစ်မွှေးတို့ကို အခြေခံကာ တစ်ဖက်နိုင်ငံနှင့် အဆက် အသွယ်ပြု ကုန်သွယ်ရင်း စီးပွားဖြစ်လာခဲ့သော်လည်း အဘိုးလေးနှင့် နွံ့အောင်အပေါ် ခပ်နှိမ်နှိမ် အပေါ်စီးကာ ဆက်ဆံသည်ကို အာယုက သဘောမတွေ့ချင်။ ယုတ်စွအဆုံး ခင်နှင်းဦးနှင့် ဖူးစာရေစက် ဆုံခဲ့ရင် တောင် တစ်ရပ်တစ်ရွာ ပြောင်းနေကွာဟု စကားကိုပြောခဲ့ဖူးလေသည်။

''အေးပါဟယ်. . . ။ ငါက နွံ့အောင်အတွက် ကူစဉ်းစားပေးတာ ပါ။ ကဲ ဒါဆို ငါလည်းပြန်မယ်။ တော်တော်ကြာသွားပြီ''

ခင်နှင်းဦးက ပြန်ဖို့ပြင်သည်။

''ဟဲ့. . . ငါအရင်ပြန်မယ်။ နင့်ပစ္စည်းတွေ ကူသိမ်းပေးသွားဦး။ ငါအိမ်အတွက် ဆန်ဝယ်ပေးရဦးမှာ။ မြန်မြန်ပြေးမှဟေ့။ အဖေက တီးနေ ဦးမယ်''

အာယုက ပြောပြောပြုပြုပင် သရက်ပင်ရင်း၌ ထောင်ထားသော သူ့ပန်းကမ္ဘာစက်ဘီးဟောင်းလေးကို နင်းကာပြန်သွားသည်။ သူတို့ စားသောပန်းကန်ခွက်ယောက်တွေကို ခင်နှင်းဦးက ဆေးကြောသိမ်းဆည်း ပေးနေသည်။

နွံ့အောင်ကမူ အချစ်၌ တိမ်းမူးမှုများဖြင့် ရှေ့ကအလှကို ရင်ခုန် စွာ ခံစားငေးကြည့်နေမိသည်။ နေ့အလင်းသည်ပင် ပို၍ပို၍လင်းလာကာ သူ့ပါးက သနပ်ခါးနံ့ကလေးကလည်း ပို၍ပို၍ သင်းပျံ့လာနေသလိုလို။ သည်တစ်လောကလုံးတွင် သူ့အတွက် အသက်ရှင်နေထိုင်မှု၏ အလှပ ဆုံး အဓိပ္ပါယ်ကို သည်အလှသခင်ကပင် ဖန်ဆင်းပေးနေသည်ကိုလည်း သူ့ရင်က သိသည်။

နွံ့အောင်ဆုံးဖြတ်မှုတစ်ခုကို ယတိပြတ်ချမိ၏။

''မိဦးရေ. . . ခဏ''

''ဘာလဲဟဲ့။ ငါလည်းပြန်တော့မလို့''

''ခဏပါဟယ်။ ရော့ နင့်ဆီမှာဒါကို လုံလုံခြုံခြုံသိမ်းထားပေး ငါလိုအပ်လို့ မတောင်းသေးသရွေ့ နင့်ဆီမှာပဲ သိမ်းထားပေးနော်။

ဒါကိုလည်း နှင်နဲ့ငါကလွဲလို့ ဘယ်သူ့မှအသိမပေးနဲ့ ဟုတ်ပလားမိဦး"

"ဘာတွေလဲဟဲ့ လေးလှချည့်လား"

"အဲဒါ ငါ့အဖေ မသေခင်နောက်ဆုံးရခဲ့တဲ့ ရှေ့ပိုင်းထဲက ရွှေမှုန်နဲ့ ရွှေပါတဲ့ ကျောက်တွေကို အဘိုးလေးသန့်စင်ထားတဲ့ ရွှေမှုန့်တွေပဲ၊ ရွှေလျှော်ပြီးသန့်စင်ဖို့ပဲ ကျန်တော့တယ်။ ဘာသတ္တုမှ မရောတဲ့ ရွှေစင် အစစ်တွေပဲ။ ငါ့ကိုယ်စား နှင်သိမ်းထားပေး"

"နွဲ့အောင်ရယ် အလေးချိန်မနည်းလှဘူး။ တန်ဖိုးကလည်း ကြီးလိုက်တာ။ နှင်ပဲ သိမ်းထားပါဟယ်။ တာဝန်ကြီးလွန်းပါတယ်"

"နောက်ဆိုရင် ငါက လုပ်ငန်းကိစ္စနဲ့ ဟိုသွားဒီသွား အိမ်ကပ်နိုင်မှာမဟုတ်ဘူး။ ဒါတွေကိုလည်း ဟိုရွှေ့ဒီပြောင်း ဝန်ထုပ်ဝန်ပိုးဖြစ်နေဦးမယ်။ နှင်က မိန်းကလေးဆိုတော့ အတည်တကျ ရှိတယ်။ ပိုလည်းလုံခြုံတယ်။ ကဲ. . . ပေး. . . ပေး။ ဒီဝက်ဝံရုပ်ထဲထည့်ပေးလိုက်မယ်၊ နှင်လည်း အလွယ်တကူ ပွေ့ယူသွားလို့ရအောင်၊ သူများတွေလည်း မရိပ်မိအောင်"

နွဲ့အောင်က သူ့အစီအစဉ်အတိုင်း သူလုပ်စရာရှိသည်ကို လုပ်နေသည်။ ပြီးမှ ဝက်ဝံရုပ်ကို သူ့အားပေးသည်။

"နေပါဦး၊ နှင်က ငါ့ကိုဘာလို့ ဒီလောက်ယုံကြည်ရတာလဲ၊ ဒီလောက် တန်ဖိုးကြီးတာကြီးကို"

ခင်နှင်းဦးက ရိုးသားစွာမေးရှာသည်။ မျက်ခုံးတန်းတန်းလေး အောက်မှ မျက်ဝန်းနက်နက်၊ တောက်တောက်ကလေးပင် ရွှန်းလဲ့တောက်ပြောင်နေအောင် သူ့ထံက အဖြေစကားကို ငံ့လင့်နေရှာသည်။

"အခုအချိန်မှာ နှင်ဟာ ငါ့ရဲ့ အယုံကြည်ရဆုံး သူငယ်ချင်းပဲ၊ ပြီးတော့ ငါ့မိခင်ပဲ။ ပြီးတော့ ငါ့အစ်မ၊ ငါ့ညီမပဲ။ ပြီးတော့. . . . . ."

နွဲ့အောင် စကားမဆက်ရဲအောင်ပင် ရင်ကဆို့ကြပ်ကာ တဒုန်းဒုန်း ခုန်လာသည်။ စောင့်ရဦးမည့် အချိန်ကာလတစ်ခုဆီအထိ သည်စကားတို့ကို ရင်တွင်းသို့ ထားရဦးမည်။





"နွဲ့အောင်ရယ်. . . နှင်ဟာ"

ခင်နှင်းဦးထံမှ သည်စကားသံကိုသာ ကြားလိုက်ရသည်။ သူပေးထားသော ဝက်ဝံရုပ်ကလေးနှင့် အဘိုးလေးပေးသည့် ယွန်းသေတ္တာကလေးကိုယူကာ ခင်နှင်းဦး ပြန်သွားလေသည်။

သည်မျက်နှာ ဝင်းဝင်းကလေးကို နောက်ဆုံးတွေ့မြင်ခွင့် ရခဲ့ခြင်းဟု နွဲ့အောင်ကြိုတင်မသိခဲ့ပါ။ မထင်ခဲ့ပါ။

ကံကြမ္မာက ကျီစားရက်လေသည်။

သည်ကြမ္မာ၏ ကျီစယ်မှုကို ဘဝနှင့် အသက်ခန္ဓာနှင့် ပေးဆပ်ရလေအောင်ပင် ရက်စက်လွန်းလေမည်ကို မသိနိုင်တတ်ခဲ့။ ထိုစဉ်ကမူ ရင်သာ ဆတ်ဆတ်ခုန်မိသည်လေ။

## (၄)

''မင်းသွားမှာလားနွဲ့အောင်''

အာယုကမေးသည်။ ညီအစ်ကိုအရင်းပမာ အတူနေအတူစားခဲ့သူဖြစ်၍လည်း အာယု၏ လေသံတွင် တစ်စုံတစ်ရာ စိတ်အလိုမကျသော အရိပ်အရောင်ကို နွဲ့အောင်ချက်ချင်းသိသည်။ သည်ကိစ္စသည်သည်မျှ မြန်ဆန်စွာ သည်သို့ဖြစ်လာလေမည်ဟု ကြိုတင်မျှော်တွေးထားမှုမရှိ၍လည်း တုံ့ပြန်ဆောင်ရွက်ရန် အစီအစဉ်က နေသားတကျမရှိ။ အာယု လာ၍ပြောဦးစကပင် အံ့အားသင့်ချင်ခဲ့သည်။

''ဘာလုပ်ရမလဲ အာယုရယ်။ အခုဟာက မိဦးနဲ့လည်း သက်ဆိုင်နေတယ်။ ဒီလောက်မြန်မြန်ကြီးဖြစ်လာမယ်မှန်းလဲ ငါကြိုတွက်မထားဘူး။ သူ့တို့စေတနာကို စော်ကားသလိုမျိုး ဖြစ်သွားမှာလည်း ထည့်တွက်ရသေးတယ်ကွာ''

''နေပါဦး ဘယ်လိုကဘယ်လို သိသွားကြတာတဲ့လဲ''

''ဟို 'အရဟံ' ဆွဲကြိုးလေးကစတယ် ပြောတာပဲ။ မိဦးက





အဲဒီဆွဲကြိုးလေးကို ဘာသာစမ်းဝတ်ကြည့်နေတုံး သူ့အောက် အငယ်မကလည်း ချန်သင့်တာချန်ပြီး ပြောပြရတာပေါ့ကွာ။ ဒါပေမယ့် မင်းသိတဲ့အတိုင်း။ မိဦးပဲဟာ ခပ်ထုံထုံ ခပ်အအမဟုတ်လား။ သူ့အမေနဲ့ သူ့အစ်ကိုက ခေါ်မေးတော့ တစ်ခွန်းတစ်စ သိကုန်ကြတော့တာပေါ့။ အဲဒီမှာတင် မိဦးကိုလွှတ်ပြီး ဒီကနေ့ည သူတို့အိမ်လာခဲ့ဖို့နဲ့ မြေပုံတွေရောပစ္စည်းတွေရော ယူခဲ့ဖို့ သူတို့ကူညီလုပ်ကိုင်ပေးမယ်။ တိုင်ပင်ကြဖို့ ခေါ်ခိုင်းလိုက်တာပဲ။ မိဦးလဲ မျက်စိမျက်နှာပျက်နဲ့ ငါ့ဆီရောက်လာတာ။ မိဦးကိုလည်း သနားတယ်ကွာ''

နွဲ့အောင်က သက်ပြင်းမောတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်ရင်းအကြောင်းစုံကို ရှင်းပြသည်။ အာယုကလည်း နဖူးကြောတွန့်နေအောင်ပင် စဉ်းစားနေသည်။

''အေးလေ ဒီလောက်ထိ ဖြစ်လာမှတော့ မီးစင်ကြည့်ကရမှာပေါ့။ မိဦးရဲ့စေတနာကိုလည်း ထည့်စဉ်းစားရမယ်။ သူတို့ရဲ့ စိတ်နေသဘောထားလည်း အကဲခတ်ရမယ်။ စိတ်ရင်းနဲ့ တကယ်ကူညီမယ်ဆိုရင်တော့အတိုင်းထက်အလွန်ပေါ့ကွာ။ သူတို့က အင်ကြီးအားကြီးတွေပဲ။ အားလုံးလုပ်ပေးနိုင်တယ်။ သွားတော့တွေ့ကွာ။ ဒါပေမယ့် မင်းတစ်ယောက်တည်းတော့မသွားနဲ့။ ငါပါလိုက်ခဲ့မယ်''

အာယု၏ စိတ်ကူးက လက်တွေ့ကျသည်။ လက်ငင်းအခြေအနေနှင့် ကိုက်ညီသည်။ သည်သို့လုပ်၍လည်း မိမိအဖို့ အကျိုးတစ်စုံတစ်ရာဆုတ်ယုတ်ဖွယ်မရှိဟု နွဲ့အောင်ထင်သည်။

''အေး. . . ငါလည်း ဒီလိုပဲ စိတ်ကူးတယ်။ တွေ့ကြည့်လိုက်ကြတာပေါ့။ ဒီကိစ္စက တကယ်သာ အဆင်ပြေခဲ့ရင် သူတို့တစ်တွေလည်းဘဝ တစ်ဆစ်ချိုး ပြောင်းကြရမယ့်ကိစ္စလေ။ ငါတို့ မပါဘဲလည်း သူတို့မိဦးမျက်နှာလဲရှိသေးတော့ စကားအပြောအဆိုတော့ နည်းနည်း သည်းခံရတာပေါ့ကွာ။ မင်းပဲ စိတ်ပူတာ။ မင်းစိတ်က လက်တစ်ဆစ်ရယ်''

နွဲ့အောင်က ဆုံးဖြတ်စရာတစ်ခုရ၍ စိတ်လက်ပေါ့ပါးသွားသည်

ဟန် ပြုံး၍ပြောသည်။

''အေးပါ တယ်ရင်လဲ ငါနဲ့ပဲတယ်မှာပါပဲ။ မင်းကိုတော့ ဖြစ်နိုင်ရင် ရွှေလမ်း ငွေလမ်း ဖောက်ချင်ကြမှာဆိုတော့ ပြေလည်အောင် ဆက်ဆံမှာပါ။ ဆက်ဆံရမည့် အနေအထားကိုး။ ကိုယ်က ဆင်ပေါ်ကပဲဟာ။ ငါ့ကိုတော့ ကန့်လန့်ကန့်လန့်လုပ်တဲ့ ဆေးရိုးသည်လို့ သဘောထားကြမှာ။ ဖြစ်နိုင်ရင် ပထုတ်ကြမှာ။ မိဦးမျက်နှာနဲ့ အတော်ကို သည်းခံရမှာ မောင်ရေ''

''မင်းကွာ. . . ပြောတော့မယ်''

ပြောမည့်သာပြောရသည်။ အရေးအကြောင်းဆိုလျှင် သဘောရင်းအားကိုးရ၍ ဒုံးပေကပ်သပ် သည်းခံနိုင်တတ်သည့် အာယု၏ စိတ်ရင်းသဘောရင်းကိုသိသည်။

''အော်. . . ဒါနဲ့၊ ဟော့ကောင်။ ဘယ်အချိန်တဲ့လဲ''

''ည ရှစ်နာရီကျော်ကျော် မိဦးလာခေါ်မယ်ပြောတာပဲ''

''ညကြီးမှကွာ''

''အဲဒီအချိန်ပဲ သူတို့အလုပ်အားလို့ ဖြစ်မှာပေါ့ကွာ။ ဒို့ကအားနေတဲ့သူတွေပဲ။ ဘယ်အချိန်ဖြစ်ဖြစ် အရေးမကြီးပါဘူး''

''မင်းကတော့ အမျိုးမတော်ရသေးဘူး။ အခုကတည်းက အလျှော့ပေးချင်နေပြီ ချီးတဲ့မှ''

''မင်းကွာ. . .''

''အော်. . . နွဲ့အောင်ရေ။ ညနေ အဖေပြန်ရောက်လိမ့်မယ်။ လူကြုံရှိလို့ ငါစာရေးခေါ်လိုက်တာ။ မင်းကိစ္စက တစ်ယောက်မဟုတ်တစ်ယောက်နဲ့တော့ အဆင်ပြေသွားမှာပါ''

''အေး. . . ကျေးဇူးပဲ သူငယ်ချင်းရာ''

သူ့အပေါ် အလွန်အလိုက်သိ၍ အနွံအတာခံသော သူငယ်ချင်းဖြစ်၍လည်း အာယုနှင့် သူ့မိသားစုကို နွဲ့အောင် အလွန်ခင်တွယ်သည်။ အဘိုးလေးမှာထားခဲ့သော ကိစ္စတစ်ခုကို သတိရမိ၍ ထလာခဲ့ကာ





အဝတ်ဘီရိုထဲက ပလပ်စတစ်ဘူးလေးကို ယူလာခဲ့သည်။

''ရော့. . . ဒေါ်ကြီးဖြစ်ဖြစ်၊ ဦးလေးကျော်မောင်ဖြစ်ဖြစ် ပေးလိုက်သူငယ်ချင်း။ အဘိုးလေးက မှာထားခဲ့တာ''

''ဘာလဲဟ''

အာယုက ပလပ်စတစ်ဘူးလေးကို ဖွင့်ကြည့်သည်။ ဂွမ်းခံထားသော အောက်ခင်းတွင် ရွှေဖြတ်စအတုံးကလေးသုံးတုံး။ ရွှေရည်ကကောင်းလှသည်။ ဝင်းအိနေကာ ရွှေရည်လဲ့နေသည်။ အခေါက်ရွှေစစ်စစ်ဖြစ်သည်။ ကိုယ်တိုင်ကျင်ရွှေကို စနစ်ကျလှော်ထားကာ မည်သည့်သတ္တုမျှ ရောစပ်ခြင်းမရှိသေး၍ ရွှေရည်ရွှေသားက စစ်၍ဝင်းမှည့်နေသည်။

''များလှချည်လားကွာ''

''အဘိုးလေး သူ့ဘာသာပိုင်းဖြတ်ပြီး စီစဉ်သွားတာပဲကွာ။ မင်းမိဘများလည်း ကလေးတစ်သိုက်နဲ့ မလုပ်သာမလှုပ်သာ မဟုတ်လား။ မင်းတို့ ကျေးဇူးတွေလဲ ငါ့အပေါ်မှာထပ်နေပြီ။ မင်းကြည့်ကောင်းအောင်ပြောပြီးသာပေးပေး။ မင်းတို့ ငါတို့ကလည်း နတ်အိုးကွဲဘာသာရှိတာ။ ဘာမှလောက်လောက်လားလား ပိုင်းကူညီနိုင်သေးတာမဟုတ်ဘူး။ ယူသာသွား။ ညနေတော့ စောစောလာခဲ့ကွာ''

''အေး. . .''

တွေဝေဆုတ်ဆိုင်းစွာဖြင့် ဘူးကလေးကို ယူကာပြန်သွားသော အာယု၏နောက်ကျောကို ကြည့်နေမိသည်။ သဘောဦးဖြောင့်၍ စိတ်ကောင်းနှလုံးကောင်းရှိလွန်းသော အာယုတို့ မိသားစုကို သူခင်မင် တွယ်တာသည်။ သူတို့မိသားစုနှင့် အတူရှိနေလျှင် အလိုလိုစိတ်နှလုံး ချမ်းမြေ့ကာ လုံခြုံအေးချမ်းနေရသည်။

နွေးထွေးလုံခြုံသော နှစ်လိုဖွယ်မိသားစုကလေး။

မည်သို့မျှ ရည်ရွယ်မထားပါဘဲလျက် ခင်နှင်းဦး၏ မျက်နှာဝင်းဝင်းကလေးကို ကွက်ခနဲ မြင်သည်။

ရင်ကလှိုက်ခနဲ ခုန်သည်။

မဝေးတော့သော ကာလတစ်ခုကို မျှော်မှန်းကာကြည်နူးမိရသေးသည်။ မငြိမ်ချင်သောရင်ကို သည်အတိုင်းပင် လွှတ်ထားလိုက်မိတော့၏။

## (၅)

လေကငြိမ်လွန်းသည်။

သစ်ပင် သစ်ရွက်တို့က မလှုပ်မခတ် ငြိမ်သက်တိတ်ဆိတ်နေသည်ထား။ ကောင်းကင်ဝယ် တွဲလွဲတည်နေသည့် တိမ်ဖြူတစ်အုပ်ပင်လျှင် တစ်ရွေ့နှစ်ရွေ့မျှ အရွေ့အလျားမရှိ။ ငြိမ်သက်လွန်းနေသည်။ ည၏ အသက်ရှူသံ လေပြေညင်းသံက ပျပ်ဝပ်နေလသဖြင့် ကြွင်းရစ်သော နေအပူရှိန်က ပို၍ပူလာသယောင်ပင် မွန်းအိုက်ကာ လှောင်နေသည်။

ကောင်းကင်တွင် ကြယ်ပွင့်ကလေးများ ဟိုသည် လင်းလက်နေသော်ငြားလည်း ငြိမ်ဆိတ်လွန်းသည့် ည၏အခင်းအကျင်းတွင် ငြီးငွေ့စွာငိုက်မျဉ်းနေကြဟန် မှိတ်တုံလက်တုံ မြင်နေရ၏။

အေးခဲစေးပျစ်နေသည့် လေညင်း၌ ပန်းရနံ့တို့ မတွဲမခို။ စံပယ်ချိုချိုလည်း ရနံ့မမွှေးနိုင်လေ။

''မိုးရွာမယ်။ ပြောပြီးသားဖြစ်နေလို့သာ လိုက်ရမှာဟာ။ ဒီကိစ္စကို အပြင်လူတစိမ်းတွေပါလာတာ ငါတော့ ဘဝင်မကျချင်ဘူး''

အာယုက ညည်းပြောပြောသည်။

ခင်နှင်းဦး 'မေတ္တာကွန်းရိပ်' ကို သူတို့အားခေါ်ရန် ရောက်လာသည့်အချိန်ကမှပင် ညကိုးနာရီထိုးတော့မည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက မိုးလေဝသသတင်း ထုတ်လွှင့်နေသံကိုပင် ကြားနေရပြီ။ မြို့စွန်အစပ် ကုန်းတန်းကလေးပေါ်တွင်ရှိသော သူတို့အိမ်မှ မိနစ်ကလေးတစ်ဦးတည်း အဖော်မပါ စက်ဘီးစီးကာ ရောက်လာတော့ စိတ်ပူပင် မိရသေးသည်။

''အဖေတို့ စီစဉ်ကြတာကိုးဟာယ်။ ပြီးတော့ အဖေနဲ့ တစ်သက်လုံး ဆက်ဆံလာတဲ့ လောပန်းလို့ ပြောတာပဲ။ လုပ်ငန်းကကြီးတော့ သူ့ကိုပါ ခေါ်ပြီး တိုင်ပင်တာ ပိုအဆင်ပြေနိုင်တယ်လို့တော့ အဖေက ပြောတာပဲ။

ခင်နှင်းဦးက အပြစ်ရှိနေသူတစ်ဦးနှယ် ခပ်ရှုံ့ရှုံ့ပြောရှာသည်။ နွဲ့အောင်ကလည်း သူ့စိတ်အလိုကျ ဖြစ်မလာသော်လည်း ခင်နှင်းဦးမျက်နှာနှင့်မို့ အကျယ်အကျယ် မပြောချင်တော့။ ပြောမိပြန်လျှင် ခင်နှင်းဦးက ငိုရှာတော့မည်။

''ကဲ. . . အာယုရေ လိုအပ်တာတွေယူပြီးသာ သွားကြစို့ကွာ။ ပြောကြမှာ ဆိုကြမှာနဲ့ဆိုတော့ အချိန်ယူရလိမ့်မယ်ထင်တယ်။ ခင်နှင်းဦးက ပြန်နှင့်တော့။ ငါတို့နောက်က လိုက်လာမယ်။ ဟိုရောက်ရင်လည်း နင်ထွက် မလာနဲ့တော့နော်။ ငါတို့ဘာသာ အခြေအနေကြည့်ပြီး အဆင်ကြည့်ကသွားမယ်။ သွားတော့။ ညဉ့်နက်ပြီ''

စက်ဘီးဖြင့် ခင်နှင်းဦး နင်းထွက်သွားပြီး ခဏခွာကာ သူတို့လည်း စက်ဘီးကိုယ်စီနင်းကာ လာခဲ့ကြသည်။

''နွဲ့အောင်ရေ လိုအပ်တာထက်ပိုမပြောမိအောင် နှုတ်ကိုထိန်းပါကွာ။ မိဦးမျက်နှာရှိနေသေးတယ်ဆိုပေမယ့် သူ့အဖေနဲ့အတူ မျက်နှာစိမ်းတွေ ဝင်ပါလာတာကို ငါတော့ သဘောမကျဘူး။ ရေရှည်လက်တွဲလုပ်လို့ အကျိုးမရှိလောက်ဘူးဆိုရင် အစကတည်းက လက်ရှောင်





ဘားလိုက်တာ ကောင်းတယ်။ စီးပွားရေးကလွဲလို့ ဘာမှမကြည့်တတ်တဲ့ ျိုးတွေကို အပြည့်ယုံလို့မရဘူးကွ''

အာယုသတိပေးသည်မှာ မလွန်ပါ။ နွဲ့အောင်နှင့် အဘိုးလေး ဦးစောနွဲ့ဘီတောင်တို့ ကာလရှည်လျားစွာ ဆေးမြစ်၊ ဆေးဥများ ရောင်းချခြင်းကို ဆက်ဆံခဲ့သော်လည်း လူမှုရေးနွယ်သော လိုက်လျောမှုမျိုးကို ာစ်ခါဖူးမျှပင် မရှိခဲ့စဘူး။ အဘိုးလေးကလည်း အာယုကဲ့သို့ပင် သတိပေးဖူးသည်။

မြို့ကလေး၏ လျှပ်စစ်မီးပေးစနစ်က အစိုးရဌာနများ ရုံးများမှလွဲ၍ လမ်းမီးပင်မရှိလေသဖြင့် သူတို့သွားရာ မြေနီလမ်းကလေးမှာ ာိတ်ဆိတ်မှောင်မဲလှသည်။ ဟိုတစ်စ၊ သည်တစ်စ ရှိနေသော ကြယ်ရောင်ဖြင့်သာ စက်ဘီးကိုစမ်း၍နင်းလာခဲ့ကြသည်။

''နွဲ့အောင်ရေ''

ခင်နှင်းဦးက အိမ်အဝင် ဖွန်ပန်းရုံကြီးနံဘေးက စောင့်နေသည်။ ာိုးရိမ်ပူပန်နေသော လေသံမျှ အသံကလေးဖြင့် ''ငါ့ကိုမငဲ့နဲ့နော် နွဲ့အောင် ရှောင်သင့်ရှောင်သွားနော်'' ဟု တိုးတိုးမှာရှာသည်။

တုန်ယင်နေသော သူ့လက်ကလေးက နွဲ့အောင်လက်ကို တင်းတင်းဆုပ်ကိုင်ကာ အသံတိတ် နှုတ်ဆက်ခဲ့ပြီးနောက် အိမ်ဘေးမှပတ်ကာ နောက်ဖေးသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။ လက်ကလေးမှ စီးဆင်းလာသော ပူနွေးလှသည့် မေတ္တာရေအလျဉ်သည် နွဲ့အောင်ရင်အပြင်သို့ စီးဝင်လေသည်။

''လာဟေ့ လာဟေ့ နွဲ့အောင်ရေ ဝင်ထိုင်ကွာ''

ခင်နှင်းဦး၏ အစ်ကိုကြီး ကြည်ဖော်ဝင်းက ဖော်ဖော်ရွှေရွှေကြိုဆိုကာ ညှိုခန်းအတွင်း ဖိတ်ခေါ်သည်။ ကြိမ်ဆက်တီများပေါ်တွင် သရေထိုင်ခုံများ ခင်းထားသော ဆက်တီခုံနှစ်ခုံကို ယှဉ်လျက် ချထားကာ ခင်နှင်းဦးအဖေ ဦးဘနှင်းနှင့် မျက်နှာစိမ်းတရုတ် လောပန်း တစ်ဦးတို့က နှစ်ယောက်ထိုင် ဆက်တီထိုင်ခုံပေါ်တွင် ထိုင်နေကြသည်။

ဆက်တီစားပွဲပေါ်တွင် သောက်ပြီးသောက်ဆဲ Tiger Beer သံဘူးများ၊ ဘီယာမတ်ခွက်များ၊ Black Label Wisky 75 ပုလင်း တစ်ပုလင်း၊ အရက်ခွက်များ၊ အမြည်းပန်းကန်များကို စားပွဲပြည့်မျှ မြင်နေရသည်။

ဦးဘနှင်းနှင့် တရုတ်ကြီးမှာ အတော်ပင် အချိန်ယူကာ သောက်စားထားဟန်ရှိ၍ အရက်ရှိန်ဖြင့် မျက်နှာများမှာလည်း ရဲရဲတွတ်နေသည်။ အရက်ခိုးဝေနေသော မျက်လုံး၊ အဆီပြန်နေသော မျက်နှာများမှာ မသတီစရာ။

"လာဟေ့ နွဲ့အောင်ရေ။ ထိုင်ကွာ။ အော်. . . အာယုပါ ပါလာတာကိုး"

ဦးဘနှင်းက နွဲ့အောင်ကို ရွှန်းရွှန်းဝေသော မျက်နှာ၊ အသံဖြင့် ကြိုဆိုသော်လည်း အာယုကိုမူ လိုလားဟန်မပြ။ နွဲ့အောင်တို့နှစ်ဦးက ခပ်လှမ်းလှမ်းမှ ကြိမ်ထိုင်ခုံပုလေးနှစ်လုံးကို ဆွဲယူကာ ရှိရှိသေသေပင် ထိုင်လိုက်ကြသည်။

"ဘယ်မှာထိုင်တာလဲကွ။ ဒီဆက်တီခုံမှာလာထိုင်ပါ။ သောက်တတ်ရင်လဲသောက်ကွာ။ Beer ရှယ် Wisky ရှယ်။ As You Like ပေါ့ကွာ လုပ်"

ကြည်ဖော်ဝင်းလည်း နည်းနည်းတော့ အရှိန်ရနေပြီ။ နွဲ့အောင်နှင့် အာယုတို့ကတော့ အဘိုးလေး၏ ဆုံးမသွန်သင်မှုအောက်တွင် အနေနီးခဲ့သည်မို့ အဘိုးလေး၏ ဓလေ့စရိုက်အတိုင်း အရက်သေစာနှင့် ကင်းသည်။ ဆေးလိပ်ပင်လျှင် အလေ့အထမရှိကြ။

"ဦးတို့ ကိုကြည်ဖော်တို့ပဲ သုံးဆောင်ကြပါခင်ဗျာ။ ကျွန်တော်တို့ ရေနွေးကြမ်းပဲ သောက်ပါ့မယ်"

နွဲ့အောင်က လိမ္မာပါးနပ်စွာ ရှောင်ရသည်။ အရက်သေစာ ကျော့ကွင်းမိလေက နှုတ်လျှာတို့က အခိုးမရတတ်။ လျှို့ဝှက်အပ်သည်တို့ ပြေကျလေလျှင် စီးပွားရေးလုပ်ငန်းတစ်ခု၏ တန်ဖိုးဟူသည် အရည်





အဆင်း မှိန်ပျော့သွားတတ်လေသည်သာ။

"ကဲ. . . ဒါဆိုလည်း ရေနွေးကြမ်း မလုပ်ပါနဲ့။ ဦးတို့နဲ့လည်း အတွဲညီသွားအောင် အအေးပဲလုပ်ပါ။ သားရေ မင်းညီတို့ကို စီစဉ်ပါကွာ"

အာယုက အဓိပ္ပါယ်ပါသော အကြည့်ဖြင့် နွဲ့အောင်ကို လှမ်းကြည့်ကာ မသိမသာ နှုတ်ခမ်းတွန့်၍ ပြုံးပြသည်။ နွဲ့အောင်ကလည်း တောမှုဆိုး၏ မာယာဆိုသော အဘိုးလေးစကားကို ကြားယောင်မိသည်။ ကြည်ဖော်ဝင်းက အနီးရှိ ရေခဲသေတ္တာထဲမှ 100 Plus အအေးဘူး နှစ်ဘူးကို ဇန်းငယ်ဖြင့် ထည့်၍ယူလာပေးသည်။

သံဘူးပေါ်တွင် ရေခဲကလေးများ သီးနေကာ အအေးငွေ့က ချောင်းချောင်းထနေသည်။ အအေးဟုဆိုလေသော်လည်း အပူငွေ့၏ သဏ္ဍာန်ကို ဖန်ဆင်းရယူနိုင်ကြောင်း မျက်မြင်သက်သေဟုသာ ဆိုရချေမည်။ နွဲ့အောင်က သည်သို့ စဉ်းစားမိ၏။

"ကဲ. . . သားကို မိတ်ဆက်ပေးရဦးမယ်။ ဟောဒါ ဦးခွန်ယုတဲ့။ ဦးရဲ့ ပင်မကျောထောက်နောက်ခံ လောပန်းကြီးပေါ့ကွာ။ ကျေးဇူးရှင်ဆိုလဲ မမှားဘူး။ ဦးတို့ ဒီဘဝ ဒီအနေအထိ စည်ပင်လာတာ ဦးခွန်ယုရဲ့ စောင့်ရှောက်မှုတွေကြောင့်ပေါ့။ ငွေဖြစ်နိုင်တဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို လုပ်တယ်။ လုပ်နိုင်လောက်အောင်လဲ ကြွယ်ကြွယ်ဝဝရှိတယ်"

ဦးဘနှင်းက သူ့လောပန်းကြီးနှင့် မိတ်ဆက်ပေးသည်။ ပုဂ္ဂိုလ်ကြီးက သုရာယစ်သောမျက်နှာဖြင့် မထီတထီပြုံးပြသည်။ မျက်လုံးတွင် နှစ်လိုခင်မင်သော ဖော်ရွေပျူငှာသော အရောင်အရိပ်ကို မတွေ့။ မီးနယ်ဝင်းဝင်းတောက်နေသော လောဘအခိုးအလျှံတို့ကိုသာ မြင်သည်။ တပါးသူအား နှိမ်ချလိုသော အပေါ်စီးမှ ဆက်ဆံလိုသော မောက်မာသည့် ကိုယ်နေဟန်ထားကိုလည်း သတိပြုမိ၏။

ဦးဘနှင်း၏ မိတ်ဆက်စကားတွင်လည်း နွဲ့အောင်နှင့် အာယုတို့ကို စကားထည့်မပြော။ တစ်ခြမ်းချန်ထားခဲ့သည်။ သူ့မိတ်ဆွေနှင့် အရေးတ

ယူ မိတ်ဆက်ပေးရလောက်အောင် လောက်လောက်လားလား မဟုတ်ဟု ယူဆထားဟန်တူသည်။ အာယုကလည်း သတိထားမိဟန်ရှိသည်။ သည်ကတည်းကပင် သည်လူစုနှင့် လက်တွဲအလုပ်လုပ်ရန် မဖြစ်နိုင်တော့ဟု ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်မိပြီ။

"လုပ်ပါဦးကွဲ့။ သားရဲ့လုပ်ချင်တဲ့ ရွှေမှော်စိတ်ကူးတွေ။ သမီးကတော့ ပြောပြပါရဲ့။ လိပ်ပတ်မလည်ချင်ဘူး။ သားအဘိုးလေးကလည်း 'ပမာအိုကျောင်းကြိုကျောင်းကြား' ဆိုသလို ဘုန်းကြီးဝတ်သွားဆိုတာတော့ကြားလိုက်ပါရဲ့။ သားအဘိုးလေးနဲ့ ရွှေလုပ်ငန်းနဲ့က ဆက်စပ်မရအောင် ဝေးလွန်းလို့ ဦးတော့ အံ့သြနေမိတာ"

နွဲ့အောင်ရင်ထဲတွင် ဒေါသက ထောင်းခနဲထ၏။ ချီကတည်းက ယဉ်သကို ဆိုသကဲ့သို့ ဦးဘနင်း၏ နှုတ်ထွက်စကားက ရိုင်းပျလွန်းသည်။ အထင်အမြင်သေးမှုသာမက နိမ့်ချစော်ကားမှုပါ ရောစွက်နေသည်။ အဘိုးလေး၏ တည်ရာဘဝနှင့်သာမက သုခကိုပါ နှိမ့်နှိမ့်ချချ စကားဆိုရက်လေသည်။

"မသိလို့မပြောခဲ့တာ မဟုတ်ပါဘူးဦးရယ်။ မလုပ်ကို မလုပ်ချင်လို့ လောဘသတ်ပြီး နေခဲ့တာပါ။ ကျွန်တော့်အဖေ ဦးစောနွဲ့ထိန်ဆိုတာ ရွှေမှော်၊ ရွှေမိုင်းနဲ့ ရွှေသိုက်တွေပဲ လိုက်ရှာနေတဲ့ ရွှေမုဆိုး (Gold Hunter)ဆိုတာ ရွှေလောကတစ်ခုလုံး သိကြပါတယ်"

နွဲ့အောင်ပါးစပ်က လွှတ်ခနဲထွက်သည်။ မခံချင်စိတ်တို့က ဆူဝေလှုံ့ကျလာသည်။ အဘိုးလေးအပေါ် နှိမ့်ချစကားဆိုခြင်းကိုလည်း မခံချင်။ မခံနိုင်။ အာယုက တားမြစ်ရန် မျက်နှာရိပ်အခါခါပြသော်လည်း သတိမမူမိတော့။

အဘိုးလေးဦးစောနွဲ့ဘကြီးတောင် ပြောပြခဲ့ဖူးသော ကချင်ပြည်နယ်ရှိ ရွှေမိုင်းကြီးများ၊ ရွှေမှော်ကြီးများအကြောင်း၊ ကချင်ဒေသခံ ရွှေဖြင့် ချမ်းသာကြွယ်ဝသည့် ပုဂ္ဂိုလ်ကြီးများအကြောင်း၊ သူ့အဖေ ဦးစောနွဲ့ထိန်နှင့် သူငယ်ချင်း တောမုဆိုးတစ်စု အသက်စွန့်ကာ ရှာဖွေတွေ့ရှိခဲ့သည့်





မရဏတောင်တန်းတွင် ရွှေသိုက်ရှာ ခရီးစဉ်အကြောင်းများကို မရပ်မနား ခရားရေသွန် ပြောပြမိတော့သည်။ အာယုကမူ ရိုးသားဖြူစင်သည့် သူငယ်ချင်းနွဲ့အောင်၏ နှလုံးသားကို အပြစ်ဆိုရင်း ငေး၍နားထောင်နေမိကြသည်။

ညဉ့်နက်လာသည်နှင့်အမျှ စကားဝိုင်းက ပို၍လေးနက်လာသည်။ အကြောင်းအရာက စွန့်စွန့်စားစားဆန်သည်နှင့်အမျှ အန္တရာယ်စွန့်စားခန်းများလည်း ရောပြွမ်းနေလေရာ ဦးဘနင်း၊ ဦးခွန်ယုနှင့် ကြည်ဖော်ဝင်းတို့မှာ အရက်အရှိန်များပင်ပျောက်ကာ ပါးစပ်ကြီးများဟလျက် အံ့သြခြင်းမှက အံ့သြလျက်ရှိနေကြတော့သည်။

"ဟောဒါက ကျွန်တော့်အဖေ ရွှေသိုက်ရှာခရီးက ယူလာတဲ့ ရွှေကျောက်ခဲ။ ဒီမှာရွှေမှုန်တွေ။ ဒါက သန့်စင်ထားတဲ့ ရွှေစင်ခဲ။ ဟောဒါက ကျွန်တော့်အဖေ တစ်သက်လုံးရှာလာခဲ့တဲ့ ရွှေသိုက်၊ ရွှေမှော်တွေရဲ့မြေပုံတွေပဲ"

နွဲ့အောင်က ပစ္စည်းတစ်ခုချင်းစီကို ဆက်တီစားပွဲပေါ်တင်ထား၍ ပြသည်။ မြေပုံချပ်များကိုတော့ ဝါးဆစ်ဘူးရှည်ထဲမှ ထုတ်မပြ။ ဦးဘနင်းနှင့် ဦးခွန်ယုတို့က ရွှေပါသည့် ကျောက်တုံး၊ နမူနာ ရွှေမှုန်များနှင့် ရွှေစင်တုံးကလေးတို့ကို စေ့စေ့စပ်စပ် သေသေချာချာကြည့်သည်။ ကြည့်ရင်းကြည့်ရင်းပင် မျက်ဝန်းရိပ်၌ လောဘမီးလျှံတို့ ဝင်းဝင်းတောက်လာသည်ကို သတိထားမိရသည်။ ဦးခွန်ယုက ဟန်ပင်မဆောင်နိုင်တော့ဘဲ မြေပုံလိပ်ထားသည့် ဝါးဆစ်ဘူးဆီလက်လှမ်းလိုက်သည်။

"ဒါက ကျွန်တော့်လုပ်ငန်းရဲ့ လျှို့ဝှက်ချက်ပါဦး။ အလုပ်လုပ်ဖို့ ညှိနှိုင်းမှုတွေ၊ ဆွေးနွေးမှုတွေ မသေချာသေးသရွေ့ ဘယ်သူ့ကိုမှ ဒီလျှို့ဝှက်ချက်ကို ပြမှာမဟုတ်ပါဘူး။ အလုပ်လုပ်ဖို့ သေချာပြီဆိုခဲ့ရင်တောင် ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး လုပ်ခွင့်ရမှ ဒီမြေပုံတွေကို ကျွန်တော်လိုအပ်သလောက်ပိုင်းကူးပြီးပြမှာပါ"

နွဲ့အောင်က ပြောပြောဆိုဆို မြေပုံဝါးဆစ်ဘူးကိုယူကာ ကိုင်ထား

လိုက်သည်။ အာယုကလည်း ခြေမြန်လက်မြန်ပင် ကျောက်တုံးများ နမူနာများကို ကောက်သိမ်းသည်။ ဦးဘနှင်းနှင့် ကြည်ဇော်ဝင်းတို့၏ မျက်နှာမသာယာ။ ဦးခွန်ယုမှာမူ မျက်နှာအပျက်ကြီးပျက်နေသည်။ လောဘမီးက သူ့ရင်တွင်းလောင်မြိုက်နေပြီမှန်း သိသာသည်။ ရွှေသိုက် ရွှေမှော်မြားကလည်း သူ့နှလုံးသားကို တည့်တည့်မတ်မတ် ထိမှန်ခဲ့ချေပြီ။

"ဒါဆိုရင် မင်းက ဘယ်လိုလုပ်ချင်တာလဲ"

ဦးဘနှင်း၏ စကားသံက အနည်းငယ် မာချင်ချင်။ သူစီစဉ်သည့် ပွဲ ပျက်တော့မည့်နှယ်မို့ မခံချင်သည့်ပုံကလည်း ပေါ်လွင်သည်။

"ဒီရွှေသိုက်ကို လမ်းပြမပေးဖို့နဲ့ ဒီတစ်သက် ဘယ်တော့မှ ရွှေသို[illegible]ဆီ ထပ်မသွားတော့ဖို့ သစ္စာပြုထားပါတယ်။ ဒီတော့ ရွှေသိုက် ကိစ္စကို မေ့လိုက်ပါ။ ဒီရွှေသိုက်ကနေ ဖြတ်စီးလာတဲ့မြစ်တွေ ချောင်းတွေက ရွှေမြေတွေပုံနေတဲ့ သောင်ပုံရွှေမှော်တွေရှိတဲ့ နေရာတော့ပြပေးမယ်။ အကျိုး အမြတ်တိတိကျကျ လုပ်ငန်းအစီအစဉ်တိတိကျကျ ဆွေးနွေး ပြီးရင် ကိုယ်တိုင်ဦးစီးပြီး လုပ်ပေးပါမယ်ဦး"

နွဲ့အောင်က ယတိပြတ်ပြောသည်။ သည့်ထက်ပို၍လည်း ပြောစရာ စကားမရှိ။ စကားကုန်ခဲ့ပြီ။

"မင်းကွာ စိန်တောင်ကြီးတွေ့ပြီးမှ တောင်ခြေကကျောက်ခဲ ကောက်ပြီး ပြန်ရမယ်လို့ မဟုတ်သေးပါဘူး။ မင်းအဖေကတောင် အသက်ပေးပြီး ရှာခဲ့တဲ့ ဒီရွှေသိုက်ကို ကုန်ချင်သလောက်ကုန်ပါစေ။ ငါထုတ်ပေးမယ်။ ရွှေစင်ရွှေသား ဒီလောက်ကောင်းတဲ့ ရွှေသိုက်ကြီးကွာ။ သိသိကြီးနဲ့ ပစ်လိုက်ရမှာ နှမြောစရာ"

ဦးခွန်ယုက အငမ်းမရပြောသည်။ ပြောရင်းကပင် ဖန်ခွက်ထဲက ဝီစကီတစ်ကျိုက်ကို ရေပင်မရောနိုင်တော့ဘဲ ပါးစပ်ထဲလောင်းထည့်သည်။ ရှုံ့ကာမဲ့ကာ အသွင်အမျိုးမျိုးပြောင်းနေသည်။ မသတီစရာမျက်နှာကြီးကို မြင်နေရသည်ကပင် စိတ်မသက်သာ။

"အေးလေ နွဲ့အောင်ရယ်။ ကိုယ့်ညီစဉ်းစားပါဦး။ ငါတို့မင်းတို့ဆို





တာ ဘာပြောစရာရှိသလဲ။ တစ်မိသားစုတည်းတွေပဲ။ ကြီးပွားလည်း အတူတူပေါ့ကွ။ ဘဝမှာ အခွင့်အရေးဆိုတာ နှစ်ခါမလာတတ်ဘူးကွ"

ကြည်ဇော်ဝင်းက လေအေးဖြင့် ဝန်ထိန်းသည်။ သံယောဇဉ်စကား ရိပ်ကလေးပေးကာ သိမ်းသွင်းချင်သည်။ ဦးဘနှင်းကမူ ဘီယာခွက်ကို အရသာခံမြို့ရင်း နွဲ့အောင်ကို စိုက်ကြည့်နေသည်။

"ကျွန်တော် သစ္စာပြုခဲ့ပြီးပါပြီ ကိုကြည်ဇော်။ ကျွန်တော့် စကား မပြင်တော့ပါဘူး"

နွဲ့အောင်၏စကားသံနှင့်အတူ အာယုက သူတို့၏ပစ္စည်းများကို ကောက်သိမ်းသည်။ "အခြေအနေမလှဘူး။ ပြန်ရအောင်" ဟု အသံ တိတ်စကားဆိုခြင်းမှန်း နွဲ့အောင်သိသည်။

"ကိုင်းကွာ. . . မင်းသစ္စာဆိုထားရင်း မင်းသစ္စာလဲမပျက်ရအောင် အဲဒီရွှေသိုက်မြေပုံနဲ့ မင်းယူလာတဲ့ပစ္စည်းအားလုံးကို မင်းဘယ်လောက်နဲ့ အပြတ်ရောင်းမလဲ။ ဈေးစကားညှိပြီး ပြတ်ရင် စရံတစ်ခါတည်းပေးလိုက် မယ်။ ဒါဆိုရှင်းသွားရော ဘယ်လိုလဲ"

ဦးခွန်ယုကပင် ပွဲပြတ်အောင်ဆိုသည်။ သည်ကမ်းလှမ်းမှုသည် စီးပွားရေးသမားကစ်ဦး၏ ကျွမ်းကျင်လှသော ပရိယာယ်တစ်ခုဖြစ်လေရာ နွဲ့အောင်တို့ ယိမ်းယိုင်လေမည်ဟုလည်း အပိုင်တွက်ပုံရသည်။ မထီတရီ အကြည့်ဖြင့် အရက်ကိုသာ ဖိသောက်ရင်း ကြည့်နေသည်။

"ဟုတ်တယ်နွဲ့အောင် ဦးခွန်ယုဘက်က ဦးလုံးဝတာဝန်ယူတယ်။ မင်းလဲ ရင်းနှီးစားသောက်လောက်အောင် စို့စို့ပိုပိုရမှာပဲ။ ဘယ်လိုစီးပွား ရေးကို ရင်းနှီးမြှုပ်နှံသင့်တယ်ဆိုတာကတော့ နောက်မှပဲ မင်းညီမပါ ဝိုင်းပြီးစဉ်းစားကြတာပေါ့။ ဒီညတော့ ဒီပွဲကို အရင်ဖြတ်ကြရအောင်"

ဦးဘနှင်းကလည်း ဦးခွန်ယုစကားနောက်က ထပ်ချပ်မကွာလိုက် နှင်းသည်။ နွဲ့အောင်ရိပ်မိလိုက်သည်။ အန္တရာယ်၏ အနံ့ကိုလည်း ရလိုက် သည်။ အကြောင်းစုံသိပြီးသည့်နောက် သည်မြေပုံနှင့် သည်ပစ္စည်းတွေ ကို လက်လွှတ်ပေးတော့မည်မဟုတ်၊ ရသည့်နည်းဖြင့် အရယူလေတော့

မည်ကို သိလိုက်သည်။ အာယုကလည်း မျက်ရိပ်ပြနေသည်။

''ဒီနေ့တော့ သိပ်ညဥ့်နက်နေပါပြီဦး။ မနက်မှဘဲ ထပ်လာခဲ့ပါမယ်။ ကျွန်တော်လည်း စဉ်းစားတိုင်ပင်ရမှာတွေရှိသေးတယ်။ ဦးတို့လည်း ထမင်းစားဖို့ သိပ်နောက်ကျနေပါပြီ။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ ပြန်ဦးမယ် ကိုကြည်ဇော်''

ပြောပြောထထ ထ၍ရပ်ကာ ထွက်လာခဲ့ကြသည်။ တံခါးဝမှ အာယုက အရင်ထွက်သည်။ ပြီးမှ နွဲ့အောင်က လိုက်ထွက်သည်။ အတွင်းခန်းအမှောင်ရိပ်ဆီမှ မျက်ဝန်းတစ်စုံသည် ခင်နှင်းဦး၏ မျက်ဝန်းကလေးများဖြစ်မှန်း မြင်မိအောင် မြင်မိလိုက်သေးသည်။

''နွဲ့အောင်ရေ မြန်မြန်ဟေ့''

စက်ဘီးရပ်ထားခဲ့သော ခြံအဝင်ဝ ဖွန်ပန်းရုံအနီးတွင် စက်ဘီးကို မတွေ့။ အတွင်းရွှေ့၍သိမ်းထားလေသလားဟု ဘေးဘီကို ခြေသုံးလေးလှမ်းရွှေ့ကာ ဝေ့ဝေ့ဝဲဝဲကဲ၍ ကြည့်သော်လည်း စက်ဘီးကိုမမြင်ရ။ ထိုစဉ်. . .

လူရိပ်ကိုမြင်လိုက်သည်။

''ခွပ်. . .''

''အား. . .''

''ဘုတ်. . .''

''အင့်. . .''

''နွဲ့အောင်ရေ ပြေးဟေ့။ ဝိုင်းချကြပြီ''

''ပြေးဟေ့ အာယု''

ရှိသမျှ ခွန်အားကိုညှစ်ကာ အမှောင်ထုအတွင်းရှိ မြေနီလမ်းလေးတစ်လျှောက်ပြေးမိသည်။ ကျောက်တုံးလေလား အုတ်ခဲပိုင်းလားမသိ၊ ထိုအရာဖြင့် ထိမှန်၍ အာယုချိုစောင်းက သွေးများဖြာခနဲ ကျလာသည်ကို မပြေးမီအလင်းရောင်ပြန်၍ မြင်လိုက်မိသည်။ မိမိပခုံးကိုလည်း အုတ်ခဲကျိုး တစ်လုံးက အရှိန်ပြင်းစွာ လာထိသည်။





''ဒေါင်. . .''

''ခွမ်း. . .''

''ခါးပြဗျို့. . . ခါးပြ. . . ခါးပြ''

''လိုက်ဟေ့၊ လိုက်ဟ. . . ခါးပြဟေ့ လိုက်ကြပါဟ''

''ရိုက်ကွ. . . ရိုက်ရိုက်''

ဦးခွန်ယု၏ အော်သံနှင့် မှန်ပြတင်းကို ခဲမှန်၍ကွဲသံများ ဆက်တိုက်ကြားရသည်။ တမင်ကလိမ်ဉာဏ်ဆင်၍ ညစ်လေပြီကို သိလိုက်ချိန်တွင် နွဲ့အောင်နှင့်အာယုက ခြံဝကပင် ထွက်ရုံရှိသေးသည်။ လူလေးငါးခြောက်ယောက် တစ်အုပ်တစ်မကြီး ပြေးလိုက်လာသံကို ကြားရသည်။ သူတို့ကို အလွတ်ပေးတော့မည်မဟုတ်မှန်း သေချာပြီ။

''အာယု လမ်းခွဲပြေး မြစ်ဆုံက နော်အောင်တို့တဲမှာ ဆုံမယ်''

''အေး. . . မင်းလဲဂရုစိုက်''

အာယုလက်ထဲတွင် ပစ္စည်းထုပ်။ နွဲ့အောင်လက်ထဲတွင် မြေပုံလိပ်။ တစ်ခဏအတွင်းမှာပင် နှစ်ယောက်လူခွဲကာပြေးကြသည်။ နောက်ကလူအုပ်က နွဲ့အောင်နောက်သို့သာ တန်းလိုက်လာသည်။

''ဒိုင်း''

တူမီးသေနတ်သံတစ်ချက် ကြားလိုက်ရပြီး လက်မောင်းကို ရုပ်မှန်ကာ အရှိန်ဖြင့် ကိုယ်တစ်ပတ်လည်၍ လဲကျမလိုဟန်ချက် ပျက်သွား၏။ အသက်ကိုပင် လုပ်ကြံလေပြီကော။ ကျည်ထိသောလက်က သွေးတို့ဖြာခနဲ စီးကျသည်။ သည်နေရာတွင် ကြာရှည်နေ၍ မရမှန်းနွဲ့အောင်သတိရှိသည်။ မြေပုံလိပ်ကို လက်ပြောင်းကိုင်ကာ ပြေးဖို့အားယူလိုက်သည်။

''ဟိတ်''

အမှောင်အတွင်းမှ လူတစ်ယောက်က အရှိန်ဖြင့် လူချင်းပူးကာ ဝင်လုံးသည်။ နွဲ့အောင်က မြေပုံထည့်သည့် ဝါးဆစ်ဘူးဖြင့် လွှဲကာရိုက်ဖို့ လက်ကိုမြှောက်လိုက်၏။

''နွဲ့အောင်''

"ဟာ. . . ကိုကြည်ဇော်"

"ပြေးတော့နွဲ့အောင်။ အခြေအနေတွေကရှုပ်ကုန်ပြီ။ လွတ်အောင်ပြေးတော့။ ရော့ဒီမှာ မိဦးပေးလိုက်တဲ့ ငွေနဲ့ပစ္စည်း။ နောက်ကအဖွဲ့ကို ငါလမ်းလွှဲလိုက်မယ် ပြေးတော့"

ပမ်းဟိုက်နေသည့် ကြည်ဇော်ဝင်း၏အသံကို ကြားမှ သူ့လက်ထဲက အထုပ်ငယ်ကိုယူကာ တဟုန်ထိုးပြေးခဲ့တော့သည်။ နောက်ကိုလှည့်မကြည့်အား။ ဘယ်ကိုဦးတည်လေမှန်းလည်း တပ်အပ်မသိ။

"ဒိုင်း. . ."

"အား. . ."

တူမီးသေနတ်သံနောက်တစ်ချက်ကြားသည်။ ကြည်ဇော်ဝင်း၏ မချိမဆံ့အော်သံကြီးကိုလည်း ကြားလိုက်ရသည်။ လူအုပ်လူစု၏ အထိတ်တလန့် အော်သံများ ရှန်းရင်းဆန်ခတ် အုတ်အုတ်သဲသဲ အသံများကိုလည်း ကြားရသည်။

နွဲ့အောင်၏ ခြေအစုံက မတန့်မရပ်။ တစ်လှမ်းပြီးတစ်လှမ်း အဆက်မပြတ် ပြေးနေသည်။ ပိန်းပိတ်အောင်မှောင်နေသော ညဥ့်၏ အလင်းပိတ်ထုထည်ကြီးအတွင်း မောပန်းကြီးစွာ တစ်လှမ်းချင်းတိုးဝင်သွားနေတော့သည်။

ကောင်းကင်တွင် ကြယ်စင်ကလေး သုံးလေးလုံး ငိုက်မြည်းနေရှာကြသည်။ နွဲ့အောင်ရင်တွင်း၌လည်း အမှောင်တွင်းက ကြယ်စင်မျက်ဝန်းကလေးတစ်စုံကို ပြေးရင်းလွှားရင်း သတိရနေမိသည်။

သည်ကြယ်စင် အလင်းမကွယ်ဖို့သာ ရင်းတွင်းက ဆုတောင်းနေမိသည်။ ညကလည်း ဆိုးဆိုးဝါးဝါး မှောင်သည်။

✿✿✿✿✿

# အပိုင်း (၄)

# တိမ်နဲ့ဆင်တဲ့မြင်း၊ ပန်းနဲ့ချည်တဲ့ကြိုး

လေပြည်အသုတ်တွင် ညောင်ရွက်ခတ်သံ တဖြောက်ဖြောက်ကို ကြားနာရသည်။ မိုးရိပ်မိုးဆင်နေသော်လည်း အုံ့ရုံမှုအုံ့၍ မရွာတတ်သေးသဖြင့် မိုးငွေ့ကိုသာ ပျပျထင်ထင် ခံစားရသည်။ ညဦးက ခပ်စိပ်စိပ် သည်းသည်းကလေး ရွာခဲ့သေးသဖြင့် ဖုံမှုန်မြေမှုန်တစ်စမလွင့်။ ရေအိုင်ရေစမတင်။ နေ၍ကောင်းရုံမျှသာရှိသည်။

''ကြင်ဖော်မစုံ ပိုက်ခြုံကွာဝေး
ခြူးကွေးဝန်းယှက် လယ်ဗွေထက်၌
မြရွက်ကေသာ လွှမ်းမူရာနှင့်
သန္တာညွန့်သစ် သရစ်ပေါ်ဖူး
လျှပ်ရောင်မြူးလျှက် ဆောင်းဦးဆည်းဆာ
လေပြည်လာ၍
သောကြာရပ်က ဆွတ်ဖျန်းမြသော်
မြိုင်ဝပတ်လည် ပင်တိုင်းစည်လျှက်





သံမြည်ရင့်ကျူး ကျေးငှက်မြူးသား
ဆန်းထူးဝေဝေ မြောက်လေသွင်းချီ
ရာသီဗြိစ္ဆာ၊ လေမှာတန်ဆောင်
မြူမှောင်မသန်း သော်တာဆန်းသည်
တိမ်ပန်းထက်ကောင်းကင်ကလေ။ ။
စင်ကြယ်တည့် ညစ်ကြေးမြူမထွေး
ချမ်းအေးမိမယ်ကို
လွမ်းပိုလို့ ဖော်ကွဲ မယ်ဝမ်းနဲ့
နှင်းပွဲဝန်းလည်ဝေ၊
သည်ကြွေတည့် တုန်ချမ်း မျှော်မိလွမ်း ။ ။''

မဆီမဆိုင် ဖတ်ခဲ့ဖူးသော စာဆိုရှင် ဦးယာ၏ ရာသီဘွဲ့ လူးတားကဗျာတစ်ပုဒ်မှ စကားလုံးကလေးများက မိမိရင်ကို စန္ဒယားခလုတ်ကလေးများအား သာသာယာယာ ကြွကြွရွရွ၊ နုနုညံ့ညံ့ စီး၍ခေါက်နေဘိသကဲ့သို့ လာခေါက်သည်။

လွမ်းဘွဲ့တေးသံ သွဲ့သွဲ့နွဲ့နွဲ့ကလေး စီးဆင်းလာသလို သိင်္ဂါရအလျဉ်က ရင်တွင် ကယုကယင် ညင်သာစွာ စီးလေသည်။ ကြမ္မာ၏ ကျီစယ်မှု၌ ဆောင်းဦးရွက်ကြွေကလေးများနှယ် တဖြုတ်ဖြုတ် တသဲသဲ ကြွေ၍ လေဝယ်ဝဲရသည့် လုလင်နှင့်လုံမပျိုတို့၏ မျက်နှာများကိုပင် ပြေး၍မြင်မိယောင် ရှိလေသည်။

ပင့်သက်မောကိုသာ တွင်တွင်ချမိရတော့၏။

''အမုန်တရားဆိုတာ ခွက်ထဲကရေနဲ့၊ ရေထည့်ထားတဲ့ ခွက်လိုသိပ်ဆင်ဆင်တူတာပဲ ဗိုလ်ကြီး''

အတွေးဖြင့် ငြိမ်နေမိရာက ဖုန်းနိုင်၏အသံကြောင့် သတိပြန်ဝင်လာသည်။ နွဲ့အောင်တို့ အာယုတို့နှင့် တစ်ညခင်းလုံး မေးရမြန်းရ မှတ်ရသားရသည်ကြောင့် အာရုံလေးနေရသည်တွင် ဖုန်းနိုင်၏ ဒဿန စကားကြောင့် ခေါင်းစားရပြန်သည်။

နံနက်ဦး နှစ်နာရီကျော်ခဲ့ပြီ။ (၁၅) မိနစ်မောင်းသံကို ဗဟိုကင်းနှင့် မျှော်စင်များဆီက ခုနကလေးကပင် ကြားလိုက်ရသည်။ ညဦးခုနစ်နာရီကျော်ကျော်က စတင်ကာ နွဲ့အောင်တို့၏ အမှုဖြစ်စဉ် အကျဉ်းချုပ်နှင့် အမှုအကြောင်းအံ့ရာအသေးစိတ်များကို အပြန်ပြန်အလှန်လှန်မေးကာ သိလိုသည်များဖော်ထုတ်ရသည်။

သူတို့ ခံစားချက် သူတို့အမြင် သူတို့ဘက်က အယူအဆ သဘောထားတို့ကိုလည်း တီးခေါက်ရသည်။ သူတို့ ပြောလေသမျှ ဘဝထုပ္ပတ်များကိုလည်း စာနာနားလည်စွာ မငြီးမငြူ နားထောင်ပေးရသည်။ ပြောရင်းဆိုရင်းက ကျုံ့ကျုလာသော အငြင်းပွားဖွယ်မရှိသည့် အခြေခံမှန်ကန်သည့် အကြောင်းရပ်များကို တို့ရတေးရသည်။

ဥပဒေအမြင်ရ ဟာနေသည့် လပ်နေသည့်အပေါက်များကို တိတိကျကျ မေးမြန်း၍ ဖြည့်ရမှတ်ရသည်။ လက်ဝင်ပါသည်။ ပင်ပန်းပါသည်။ အာရုံညောင်းရလွန်းပါသည်။

သို့သော်လည်း သည်အချိန်မျိုး၌ မိနစ်၊ နာရီတို့ကို လက်ချိုးရေကာ ရွေ့စုသလို စုနေရသည့်အချိန်ဖြစ်၍ မငြီးမငြူအားပါ။ သေဒဏ်အကျဉ်းသား၏ အယူခံလွှာက အမိန့်ချမှတ်သည့်နေ့မှ ရက်သတ္တပတ်တိတိ အကျဉ်းသားအား ထောင်ဝင်မှတ်တမ်းတွင် တရားဝင်လက်ခံပြီးချိန်မှစတင် ရေတွက်သော် (၁၆၈) နာရီအတွင်း ပြီးစီးအောင် ရေးသားပြုစု တင်ပြရသည်က တိကျသော တည်ဆဲထုံးစံပါ။ သက်ဆိုင်ရာ သေဒဏ်ကျ အကျဉ်းသား၏ မိဘဆွေမျိုး အသိုင်းအဝိုင်းဘက်က ဥပဒေ ပညာရှင်ငှားရမ်းပေး၍ တွဲဖက်ဆောင်ရွက်ရလျှင် မထောင်းတာသော်လည်း ထောင်မှူးကြီးတစ်ကိုယ်တည်း ကျဲရပြီဆိုလျှင်တော့ အလူးအလဲပါ။ အယူခံတင်ပြီးလျှင် ပုံလဲချင်မိအောင် ပမ်းရတတ်ပါသည်။

ယခုပင်လျှင် မိမိတို့ ဆရာတပည့်လေးဦးသား ရေနွေးကြမ်းခါတ်ဘူး၊ ကော်ဖီဘူး၊ လက်ဖက်သုတ်ပန်းကန် စသည့်လက်နက်ကယ် အစုံအညီဖြင့် စစ်ဆင်ရေး အဆင့်(၁)ကို စခဲ့ကြရာ အယူခံလွှာရေးနိုင်အောင်





အချက်အလက်အကြမ်းများ ထုပ်ထုပ်ပိုက်ပိုက် စုမိဆောင်းမိခဲ့ကြပါပြီ။

ကြိုးတိုက်မှ ထွက်လာခဲ့ပြီး စိတ်ကလေးကြည်လင်သွားစေရန် ထောင်အုတ်နံရံကြီးဘေး၊ အတွင်းထောင်ပတ်လမ်းမှ ထောင်ကြီးတစ်ပတ်လမ်းလျှောက်ကာ ရုံးခန်းဆီသို့ ပြန်လာကြခြင်းဖြစ်ပါသည်။

''ဘာလဲကွ ဖုန်းနိုင်ရ၊ ခွက်တွေရော ရေတွေရော ရှုံးရှုံးလုပ်စမ်းပါဟ''

ကိုကိုနိုင်က ဘုတောသည်။ လက်ရေးတိုတတ်ကျွမ်းသူမို့ မိမိက နှုတ်က မေးသမျှ၊ သေဒဏ်ကျ အကျဉ်းသားနှစ်ဦးက နှုတ်ကဖြေသမျှကို ဒလစပ်ရေးမှတ်ရလေရာ ခမြာမှာ အပင်ပန်းဆုံး ဖြစ်ရှာသည်။ သည်လောက်တော့ ကျွဲမြီးတိုခွင့် ရှိပါလေသည်။

''ဒီလိုလေကွာ။ ရေဆိုတာ သူ့ကိုထည့်ထားတဲ့ ခွက်ရဲ့ပုံသဏ္ဍာန်အတိုင်းတည်ရတတ်သလို ခွက်ရဲ့ အရည်အသွေးအတိုင်းလည်း တန်ဖိုးသတ်မှတ်ကြရတယ်။ ဒန်ခွက်အပိန် အစုတ်ထဲကရေဆို ပေးလို့တောင်သောက်ချင်သူမရှိပေမယ့် သန့်သန့်စင်စင် ရွှေခွက်ရွှေဖလားထဲက ရေဆိုသောက်ခွင့်ရထိုက်သူတောင် မရှိသလောက် နည်းသွားပြန်ရော။ တို့လောကထဲမှာလည်း သူခိုးပြောတဲ့ အမှန်စကားဆိုရင် မှသားပဲ ထင်တတ်ကြတာ။ တကယ်ကတော့ ရေကရေ၊ ခွက်ကခွက်ပဲ။ ခွက်ကြောင့်တော့ ရေရဲ့ဂုဏ်အရည်အချင်း ဓါတ်သဘာဝ ပြောင်းမသွားပါဘူး။ ဒီလိုပေါ့။ တကယ်ဖြစ်ရပ်ထဲက အမှန်တရားတွေရဲ့ ဗီဇသတ္တိစွမ်းအင် ဟာလည်း ဖန်တီးထားတဲ့ အခြေအနေတွေကြောင့် ဖီလာကြီး ပြောင်းလဲမသွားကောင်းပါဘူး။ ဒါကိုပဲ ငါက ပြောချင်တာပါ''

ဖုန်းနိုင်က ရှည်လျားစွာ ရှင်းပြသည်။ သူ့ဥပမာ၊ သူ့စကားနှင့် သူတော့ ဟုတ်၍ပင်။ သို့သော်လည်း ဘဝဒဿနဆိုသည်များက ဘဝထဲက ထုတ်ယူ၊ ချိုယူ ဆင်ခြင်ယူကြရလေသည်ဆိုသည့်တိုင် လက်တွေ့ဘဝများနှင့် တစ်သားတည်း အံဝင်ဂွင်ကျဖြစ်မနေတတ်ကြပါ။

မမြင်သာသည့် လောက၏ လူ့ဓလေ့၊ လူ့ထုံးစံတွေ၊ ယဉ်ကျေးမှု

တွေ၊ စီးပွားရေးဘဝတွေ၊ လူမှုဆက်ဆံရေးတွေ စသည့် အထွေထွေသော အခြင်းအရာများက နေ့စဉ် လူမှုဘဝများကို အဆုံးအဖြတ်ပြုတတ် ပေသေးရာ တစ်ခါတစ်ရံ အမှန်တရားနှင့် ဘဝက အံချော်ချင်ချော်၊ အံလွဲချင်လွဲနေတတ်လေသည်။ သည်သို့ အံချော်အံလွဲမှုများအတွက်ပင် ကုစားနိုင်ဖို့ ဥပဒေဆိုသည်က ရှိလာရသည်လေ။

"ကဲ ငါ့ညီတို့။ မင်းတို့ရဲ့ ဒသသနဆွေးနွေးပွဲကြီးကို ရက်ခဏ ဆိုင်းထားရအောင်။ အခုလောလောဆယ် နွဲ့အောင်နဲ့ အာယုကိစ္စပဲ ခေါင်းကဲထည့်။ ရုံးပြန်ရောက်ရင် ဖုန်းနိုင်က တရားလို၊ တရားခံနှစ်ဖက် စလုံးက အငြင်းမပွားတဲ့အကြောင်း အချက်တွေကို သီးခြားရေးချ။ လောလောဆယ် အဲဒီအချက်တွေဟာ ဒီအမှုရဲ့ အခြေခံကျောရိုး Base data တွေပဲ။ ဆိုပါစို့ နွဲ့အောင်တို့နှစ်ယောက်က သေသူကြည်ဖော်ဝင်းတို့အိမ်ကို သွားခဲ့တာ။ ရောက်ခဲ့တာ နှစ်ဖက်စလုံး မငြင်းခဲ့ကြဘူး။ သူတို့ ရောက်သွားလို့ ဒီလူသတ်မှုဖြစ်ခဲ့တာ။ ဒါငြင်းမရဘူး။ အဲဒီလို အချက်တွေ ဘယ်လောက်ပေါ်လာမလဲ ဆွဲထုတ်ပြီးစုကြည့်"

"ဟုတ်ကဲ့ဗိုလ်ကြီး"

"ကိုကိုနိုင်က နှစ်ဖက်အငြင်းပွားတဲ့အချက်တွေချည်းပဲ သီးသန့်ရွေးထုတ်ပြီး စာရင်းလုပ်ကြည့်၊ ဥပမာကွာ နွဲ့အောင်နဲ့ အာယုက အလုပ်ကိစ္စ ဆွေးနွေးဖို့ သေသူကြည်ဖော်ဝင်းတို့က ခေါ်လို့သွားတယ်လို့ ပြောတယ်။ တရားလိုဘက်က သူတို့မခေါ်ပါဘူး၊ မသိပါဘူး။ ဓါးပြတိုက်ဖို့ အိမ်ကိုဖောက်ထွင်းဖို့ တံခါးဖွင့်သံကြားမှ သိတာပါလို့ စွပ်စွဲတယ်။ နောက် တရားလိုဘက်က ကြည်ဖော်ဝင်းဟာ နွဲ့အောင်က တူမီးသေနတ်ကိုလုပြီး ပစ်လို့သေရတာပါလို့ စွပ်စွဲတယ်။ တရားခံများက မဟုတ်ပါဘူးလို့ငြင်းဆိုပြီး ခုခံချေပတယ်။ ကဲ. . . ဒီအမှုမှာ အဲဒီလို နှစ်ဖက်အငြင်းထွက်တဲ့အချက်ဘယ်လောက်ရှိမလဲ။ မင်းစာရင်းချပြီး ပြုစုပေး ဟုတ်ပြီလား"

"ဟုတ်. . ."





မိမိက စကားကို ခေတ္တနားကာ ထောင်အုတ်နံရံနှင့် မျှော်စင်များကို လက်နှိပ်မီးဖြင့် ဝေ့ကာဝဲကာ ထိုး၍ စစ်ဆေးကြည့်သည်။ နံနက်ဦးဆော် မိုးငွေ့ပါသော လေပြည်အေးကြောင့် လူမှာ လန်းဆတ်လာသလိုပင်။ မျက်စိလည်း ကျယ်လာရသည်။

"စာရေးကလေးကတော့ အကိုကြယ်ပွင့် အမှတ်အသား ပြထားတဲ့ ဒီအမှုကြီးတစ်ခုလုံးထဲမှာ သက်သေခိုင်ခိုင်လုံလုံ အထင်အရှား မပြနိုင်တဲ့ စွပ်စွဲချက်တွေကို သပ်သပ်ရွေးထုတ်ပြီးစုပေး။ အများကြီးထွက်လာလိမ့်မယ်။ ကြည်ဖော်ဝင်းကို နွဲ့အောင်က တူမီးနဲ့ပစ်တယ်ဆိုတာမျိုး ညကိုးနာရီ၊ ဆယ်နာရီ လူခြေမတိတ်သေးတဲ့ အချိန်မှာ လူတွေတစ်လှေကြီးရှိနေတဲ့ ကြည်ဖော်ဝင်းတို့အိမ်ကို နွဲ့အောင်တို့နှစ်ယောက်တည်းက ဓါးပြလာတိုက်ပါတယ်ဆိုတာမျိုး၊ ဓါးပြတိုက်ဖို့ ကြံရွယ်ချက်နဲ့ လာခဲ့တဲ့ နွဲ့အောင်တို့ဟာ ဘယ်လိုလက်နက်တွေ ယူလာခဲ့သလဲဆိုတာမျိုး ဒီမှာ အကိုအမှတ်အသားပြထားတာတွေကို အရင်ကူးရေး။ ပြီးရင် အောက်မှာ မင်းတွေ့တာတွေ ထပ်ဖြည့်ရေး"

"ဟုတ်ကဲ့"

သေရေးရှင်ရေး စစ်ဆင်ရေးဆိုမှဖြင့် တိုက်ပွဲဝင် စီမံချက်က ရှိရပေမည်။ မိမိ၏ ဆရာဆို ဆရာဆက်ရိုးရိုး အကျဉ်းသား အယူခံ၊ သေဒဏ်အကျဉ်းသားအယူခံ ရေးသားရန် ပြင်ဆင်နည်း၊ ပုံကြမ်းလောင်းနည်း၊ ကောက်ယူဆင်ခြင်နည်းများကို ကန့်ကူလက်လှည့် လက်ထပ်သင်ပြခဲ့ကြရာ ထိုးပုံနည်းကျ ဥပဒေနှင့် မတိမ်းမယိမ်းရအောင်ဖြင့် စွမ်းဆောင်နိုင်ခဲ့ပါသည်။ ထိုထိုအတွေ့အကြုံများကိုပင် အခြေပြုလျက် သည်စစ်ဆင်ရေး၏ စစ်ရေးငင်မှုကို ပြင်ဆင်ရပါလေမည်။

"အရေးကြီးဆုံးတစ်ချက်တော့ ကြိုပြောထားမယ်နော်။ တို့များ တရားစီရင်ရေးနဲ့ ဥပဒေလောကမှာ အဓိကအခြေခံမှုကြီးရှိတယ်။ No individual is above the law တဲ့။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိရဘူးပေါ့ကွာ။ ဆိုလိုတာ အစွဲကင်းပစေ။ အဂတိကင်းပစေ။ ချစ်လို့

မှန်းလို့ ကြောက်လို့ မသိလို့ ဒါတွေမပါစေရဘူး။ နွဲ့အောင်နဲ့ အာယုဟာ င်းတို့ငါတို့နဲ့ အနီးဆုံးရှိနေလို့ လက်ရှိဒုက္ခတွေ ခံစားနေရတာ မျက်မြင်ကိုယ်တွေ့ဖြစ်နေလို့ သူတို့ပြောစကားတွေအရ သနားစရာ ဇာတ်ကြောင်းကလေးဖြစ်နေလို့ စတဲ့ ဆန္ဒစွဲတွေနဲ့ သူတို့အပြစ်ကင်းပါစေ၊ အပြစ်လွတ်ပါစေဆိုပြီး အချက်အလက်တွေမရှာနဲ့။ မှားမယ်။ မှားသွားမယ်။ အမှုကြောင်းထဲမှာပေါ်နေတဲ့ ထင်ရှားနေတဲ့ အချက်အလက်တွေကိုပဲ ကောက်ယူ၊ စုစည်း၊ ဆင်ခြင်။ ဥပဒေ ပြဋ္ဌာန်းချက်တွေနဲ့ ညီ၊ မညီ ချိန်ထိုးကြည့်။ ဒါပဲ. . . အဲဒါပဲတို့အလုပ်''

''တို့များမြင်ဆရာ အထောက်တော် ဦးလှအောင်က 'အထောက်တော်''သတင်း' ဂျာနယ်တွေကို ထုတ်ဝေစဉ်က လက်သုံးဆောင်ပုဒ်ရှိခဲ့ဖူးတယ်။ 'ချစ်သူမို့ မသာစေရ၊ မုန်းသူမို့ မနာစေရ' တဲ့။ ငါတော့လွတ်ကြိုက်၊ လွတ်လေးစားတာ။ တို့ဆရာ ညွှန်ချုပ်ကြီး အဘဦးကျော်ထွန်းအမြဲပြောတဲ့စကားရှိတယ်။ 'Repect and surpect' တဲ့။ ဘာလုပ်လုပ်လေးစားမှုလေးပေးပြီးလုပ်၊ ဒါပေမယ့် ဖြစ်တန်ရာတဲ့ သံသယလေးတွေနဲ့ အမြဲချင့်ချိန်လုပ်တဲ့. . .။ ကိုင်း မင်းတို့နား တော်တော်ငြီးပလား''

စကားစဖြတ်ရသည်။ အလုပ်ရှိနေသေးသည်။ စကားတွေချည်းပြော၍ အလုပ်ပြီးမည်မဟုတ်ပေတကား။

''နားမငြီးပါဘူးဗိုလ်ကြီး။ ကျွန်တော်တို့အတွက် ဒီကနေ့နဲ့ ဒီအမှုက မှတ်သားလောက်တွေချည်းပါပဲ။ ပညာတွေ ဆင်ခြင်စရာတွေ အများကြီးရလိုက်ပါတယ်''

ဖုန်းနိုင်က ပျပ်ဝပ်ကျိုးနွံစွာ ပြောသည်။

''ကိုင်း. . . ရုံးခန်းက ထိုင်စောင့်ကြဦး။ ကိုယ်လုပ်ခဲ့တဲ့ အလုပ်ကိုယ်ရှိသေတဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုလဲ ဂုဏ်ပြုတဲ့အနေနဲ့ ဗိုကြီးပြေးပြီးထမင်းကြော်နဲ့ ကော်ဖီလေးလုပ်လိုက်ဦးမယ်''

''အကောင်းဆုံး အစီအစဉ်ပါခင်ဗျား''

''ကန့်ကွက်မည့်သူ မရှိပါ''





''အားလုံးကောင်းပါတယ်ခင်ဗျား''

''All well sir . . . ''

''ဟား. . . ဟား. . . ဟား''

လောကသည် တစ်ခါတစ်ရံ၌ အညစ်အကြေးမတင် ဖြူစင်ဖွေးသန့်လွန်းလှလေသည်။ ခက်သည်က ထိုထိုတစ်ခါတစ်ရံများက ဒုလ္လဘတရားတစ်ခုနှယ် ရှားပါးလွန်းနေခြင်းသာ။

ဆရာတပည့်တစ်သိုက်၊ ရယ်ပွဲဖွဲ့ဆင်လျက် ထောင်မှူးဝတံခါးဆီပြန်လာခဲ့ကြပါတော့သည်။

✿ ✿ ✿ ✿ ✿

# (၂)

"ဗိုလ်ကြီးရေ. . . ဗိုလ်ကြီး"

"ဟေလကွာ. . . ဘယ့်နှယ့် စောစောစီးစီး အိမ်ရှေ့လာအော်နေရသလဲ။ ဘာဖြစ်လို့လဲ"

တပ်ရဲဂိတ်တွင် တပ်ရဲတာဝန်ကျ တပ်သားကောင်းမြတ်သူက တူညီဝတ်စုံကို စနစ်တကျ သပ်သပ်ရပ်ရပ် ဝတ်ဆင်ကာ အလေးပြုသည်။ ပြီးမှ. . .

"ဒေါ်ဗိုက်ကြီးတို့လင်မယား ရန်ဖြစ်နေကြလို့ ဗိုလ်ကြီးလိုက်ကြည့်ပါဦး"

"အေး မင်းတို့မိန်းမလိုင်းက အားနေရင် လင်မယား ရန်ဖြစ်တမ်းကစားနေကြတာကိုးကွ။ ဒီဘက်က ဆရာခင်ဝင်းတို့လင်မယားက ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ကျော်ဆန်းလွင်နဲ့ ခင်စပယ်နုလင်မယား။ ဒါမှမဟုတ်ရင် ဖားကျောက်တို့အတွဲ။ ပြီးတော့စိုးပိုင်နဲ့ သဲသဲ။ ဟိုးဘဂၢထိပ်ဆုံးက ဆရာသောင်းမြင့်တို့အိမ်။ အံမြဲတမ်းနောင်ချိန်တီးနေတာ ဘာဆန်းလို့တုံး။





သွားသွား တာဝန်မှူးဖြစ်ဖြစ်၊ ဆရာကြီးသာမောလေးဖြစ်ဖြစ် သွားသတင်းပို့လိုက်"

မိမိမှာ ညကအိပ်ရေးမဝရသည့်အထဲ စောစောစီးစီး ပူညံပူညံ အုပ်ချုပ်မှုကိစ္စက ဝင်လာ၍ ကျွဲမြီးတိုချင်နေသည်။ စိတ်က အကဲဆတ်နေသည်။ သို့ဖြစ်၍ ကောင်းမြတ်သူကို ခပ်မြန်မြန်ကိစ္စဖြတ်နေရခြင်းဖြစ်ပါသည်။

"မဟုတ်သေးဘူးဗိုလ်ကြီး။ တာဝန်မှူး ထောင်မှူး ဦးခင်မောင်မြင့်နဲ့ ဆရာကြီးသာမောလေးတို့ ရောက်နေပါပြီ။ ထိန်းမရလို့။ ဒေါ်ဗိုက်ကြီးရိုက်လိုက်တာ ဆရာမောင်မောင်ဇော်ရဲ့ ခေါင်းတော်တော်ထိထားတယ်။ သွေးတွေလဲ မြင်မကောင်းဘူး။ အဲဒါ. . . တာဝန်မှူးက ဗိုလ်ကြီးဆီသတင်းပို့ခိုင်းလို့"

"အေး. . . လုပ်လိုက်ကြဟေ့။ အားနေတော့ လင်မယားချင်းပဲရန်ဖြစ်နေကြ။ ဟုတ်လား။ ကဲ. . . ကဲ ရုံးခေါ်လာခဲ့လို့ပြောလိုက်။ ရုံးမှာပဲ စကားပြောတော့မယ်။ ဆေးမှူးကျော်မြတ်သူကိုခေါ်ပြီး ဒဏ်ရာကြည့်၊ ဆေးထည့်ပေးပြီးမှပဲ ရုံးခေါ်လာခဲ့ကြတော့"

"ဟုတ်ကဲ့"

ကောင်းမြတ်သူက အလေးပြုကာ ထွက်သွားသည်။ မိမိကမူ ရုံးခန်းတည်ရှိရာ ထောင်ဗူးတံခါးဝသို့ အရပ်ဝတ်ဖြင့်ပင် ထွက်လာမိခဲ့သည်။ နိစ္စဓူဝ ကြုံတွေ့နေရသည့် အသေးအဖွဲအုပ်ချုပ်မှု ကိစ္စမှန်သမျှသည် ထောင်မှူးကြီး၏ အရေးအရာသာဖြစ်၍ မျက်နှာလွှဲမရပါ။ မိမိအထက်အရာရှိ ထောင်ပိုင်ကြီးအားလည်း ဝန်မပိုစေချင်ပါ။

"ဗိုလ်ကြီး စောလှချည်လား။ အိပ်ရေးဝအောင် အိပ်ဦးပေါ့။ ဒီနေ့ ရုံးပိတ်ရက်ပဲဟာ"

"အေးကွာ ဒီမှာ သခွပ်ပင်က မီးတကျည်ကျည်ဖြစ်နေလို့ဟ"

"ကော်ဖီဖျော်လိုက်မယ် ဗိုလ်ကြီး"

"အေး. . . အေး"

မကြာလှပါ။ ဆူဆူညံညံနှင့် သည်ပြဿနာ လူအုပ်က ဝင်လာပါသည်။ သည်အကြိမ်နှင့်ဆိုလျှင် သည်လင်မယား ရန်ဖြစ်မှုကို ဖြေရှင်းရသည်မှာ မိမိသက်စေ့ပင် ကျော်နေပေပြီ။ ကလေးကခြောက်ယောက်။ လူနှင့် ဗိုက်ကလည်းမပြတ်။ သည်ကြားထဲက ရန်ဖြစ်အားပေသေးသည်။

"ကဲ. . . လိုရင်းတိုရှင်း ပြောကြစမ်းပါဦး။ ဘာအကြောင်းခံပြီးဖြစ်ကြပြန်တာလဲ။ ဒီနေ့တော့ သိပ်သာသာယာယာ မရှိဘူးနော်။ အိပ်ရေးက တစ်ညလုံးပျက်ထားတာ။ ပြော. . . မောင်မောင်ဇော် မင်းကစပြော လိုရင်းကိုပြော"

တကယ်လည်း စိတ်က သိပ်မရှည်ချင်လှပါ။ သေဒဏ်အကျဉ်းသား အယူခံကိုလည်း အသေးစိတ် ပြန်လည်စိစစ်ကြရဦးမည်။ ဥပဒေစာအုပ်များ၊ စီရင်ထုံးစာအုပ်များ ပြန်လှန်ရဦးမည်မို့ အာရုံနောက်စရာများကို မကိုင်ချင်။ သည်ကိစ္စ မြန်မြန်ဖြတ်လေမှသာ။

"ဒီလိုပါ ဗိုလ်ကြီး။ မနေ့က ဗိုလ်ကြီးပဲ ကျွန်တော့်ကို အကျဉ်းသားလူနာဆေးရုံပို့ဖို့ ခိုင်းလိုက်တယ် မဟုတ်လား"

"အေးလေ။ မနေ့က တာဝန်ကြပ်က မင်းမဟုတ်လား။ ဒါတာဝန်ကြပ် လုပ်ရတဲ့အလုပ်လေ။ အဲဒါ ဘာဖြစ်လို့လဲ"

"လူနာဆေးရုံပို့ပြီးတော့ ဈေးကြီးဘက် ခဏဝင်တယ်ဗိုလ်ကြီးရယ် ဈေးမှာ ဟိုရေဆွဲကြီးက အာလူးရဲ့အစ်မ မဆွေနဲ့တွေ့တယ်။ သူက လိုက်ကျွေးလို့ မြီးရှည်လိုက်စားတယ်။ မြီးရှည်ဆိုင်မှာ သူဈေးဝယ်ဖို့မှာလိုက်တဲ့ ပိုက်ဆံအိတ်က မေ့ကျန်ခဲ့ရော။ ပိုက်ဆံအားလုံး ပျောက်ကရော။ ဈေးလည်းမဝယ်နိုင်ခဲ့ပါဘူး ဗိုလ်ကြီးရာ။ အဲဒါ ကာဝန်ကြပ်ကထွက်ပြီး အိမ်ရောက်လို့ အိပ်ယာလိပ်တောင် မချရသေးဘူး၊ ပြဿနာထရှာတော့တာ"

"ဟင်. . . ငါက ပြဿနာရှာတာလား ကာလနာရဲ့။ နင်တဏှာရူးလို့ ပိုက်ဆံအိတ်ပျောက်ခဲ့တာလေ။ အဲဒီ ပြီတီတီနဲ့ကောင်မကို အရောမဝင်ပါနဲ့လို့ ပြောတာ ဘယ်နှကြိမ်ရှိပြီလဲ။ နင်ကိုက သွားနန့်တော့





ဒီလိုဖြစ်တော့တာပေါ့။ မဟုတ်ဘူးလား ဗိုလ်ကြီးရယ်၊ ကျွန်မပြောတာ"

"ဟုတ်တယ်။ အဲ. . . နေဦး မဟုတ်သေးဘူး ဒေါ်ဗိုက်ကြီးရဲ့"

သူတို့လင်မယားနှင့်တွေ့လျှင် ကိုယ်ပါ ရူးချင်ရသည်။ မျက်ကွင်းတစ်ဖက်ညိုမဲ၍ မျက်ခုံးများတွင် ဖုသီးနေသော ဒေါ်ဗိုက်ကြီးကိုတစ်လှည့် ခေါင်းတွင် ပက်တီးကြီးစည်းထားသော ဒုတပ်ကြပ် မောင်မောင်ဇော်ကို တစ်လှည့် ကြည့်မိရသည်။ အချစ်၏ ကြွင်းရစ်သော သက်သေများသာ တကားဟု သက်ပြင်းကို မြိုချလိုက်ရသည်။

"နေပါဦး။ မင်းကလည်း ကိုယ့်အလုပ်ပြီးရင် တန်းပြန်ခဲ့ပါတော့လား။ ကားလည်း စီစဉ်ပေးလိုက်တာပဲ။ ဈေးဝယ်တာ မင်းအလုပ်လား။ မိန်းမအလုပ် မိန်းမလုပ်လိမ့်မပေါ့။ အလုပ်မဟုတ်တာ ဝင်လုပ်တာကိုးကွ"

"မဟုတ်ဘူးဗိုလ်ကြီး။ ဈေးဝယ်ရလို့ဖြစ်တာမဟုတ်ဘူး။ ဟိုကောင်မကို တဏှာရူးပြီး မြီးရှည်သွားစားလို့ ဖြစ်ရတာ။ ဈေးဝယ်ပြီးပြန်လာရင် ဘာပျောက်စရာရှိသလဲ"

"မင်းကွာ။ ဗိုလ်ကြီးရှေ့မှာ ငါ့စကားနွားရ ပြောပြန်ပြီ။ ငါထပ်တီးလိုက်ရ။ တစ်ခုစီခွဲကြည့် ခွဲစဉ်းစားပါလို့ ငါပြောနေတာ ဘယ်နှကြိမ်ရှိပြီလဲ။ မဆွေနဲ့ငါတွေ့တာ တစ်ကိစ္စကွ။ မြီးရှည်သွားစားတာ တစ်ကိစ္စ။ ပိုက်ဆံအိတ်မေ့ကျန်ခဲ့တာက တစ်ကိစ္စ။ ရောမပစ်နဲ့။ ရောမစဉ်းစားနဲ့။ လုံးထွေးလုံးထွေး ရောစဉ်းစားရင် ပြဿနာက ရှင်းမရဘူး။ လုံးလည်ချာလည် မုန့်လုံးစက္ကူကပ်နေမှာပဲ။ ဟုတ်တယ်နော် ဗိုလ်ကြီး"

"အေး Very Good. That's Right ပဲ ကျေးဇူးရှင်ရေ။ ကဲ ပြန်ကြတော့။ မင်းတို့ကိစ္စကို နောက်မှ ရှင်းပေးမယ်။ အခု ငါဦးနှောက်ခြောက်နေတဲ့ ပြဿနာကို မင်းတို့လင်မယားက ရှင်းပေးလိုက်လို့ ကျေးဇူးတင်တယ်ကွာ။ ရော့. . . မုန့်ဖိုး မိသားစု တစ်ခုခုလုပ်စားကြ။ အခုတော့ ငါ့ကိုအချိန်ကလေး ပေးကြဦး ကဲ. . . ဆရာကြီးသာမောလေးရေ ပြန်လွှတ်လိုက်ပါဗျာ။ ဒီနေ့တစ်နေ့လုံးလည်း သေလောက်တဲ့ကိစ္စကလွဲလို့ ကျုပ်ဆီတင်မလာနဲ့တော့။ တာဝန်မှူးနဲ့ပဲ ကြည့်စီစဉ်တော့။

ကျုပ်ဒီနေ့ သေဒဏ်အယူခံကိစ္စပြီးအောင် လုပ်ရမယ်။ ဟုတ်ပြီလား ဆရာကြီး''

''ဟုတ်ကဲ့ဗိုလ်ကြီး''

ကျေးဇူးရှင်တစ်သိုက် ရှင်းသွားချေပြီ။ မည်သို့ဆိုဆို သည်လင်မယားကို ကျေးဇူးတင်ရပါသေးသည်။ နံနက်စောစောစီးစီး အိပ်ရေးပျက်သဖြင့် ပိတ်ဆို့နေသော ဉာဏ်အမြင်တို့ကို အုန်းခနဲ၊ ဒိုင်းခနဲ ပွင့်အောင် လုပ်ပေးခဲ့လေသဖြင့် နွဲ့အောင်တို့ကိစ္စကို ဘယ်နည်းဘယ်ပုံ ဖြေရှင်းရမည်ဆိုသည့် အခြေခံ ခုခံမှုလမ်းကြောင်း (Basic Defence Line) ကို လက်ခနဲ ရရှိလိုက်ပေပြီ။ ရုတ်တရက် ဉာဏ်အလင်းပွင့်သွားခြင်း ဟုဆိုကလည်း ရနိုင်တန်ရာပါသည်။

''ဖုန်းနိုင်ရေ''

''ခင်ဗျာ. . . ဗိုလ်ကြီး''

''ကိုကိုနိုင်နဲ့ စာရေးလေး ခေါ်ထားကွာ''

''ဟုတ်''

''ပြီးတော့ ညက ငါလုပ်ခိုင်းထားတဲ့စာရင်းနဲ့ အချက်အလက်တွေကို အဆင်သင့်ပြန်စစ်ထားပေး။ နောက်. . . သူတို့ရောက်လာရင် စီရင်ချက်မိတ္တူနဲ့ တရားလို၊ တရားခံပြ သက်သေတွေအားလုံးရဲ့ ထွက်ချက်ထဲက အပိုင်းနှစ်ပိုင်း ခွဲပြီး အကြောင်းအရာတွေကို နှစ်ခုခွဲထားလိုက်။ ပထမက နွဲ့အောင်နဲ့ အာယုတို့က သေသူကြည်ဇော်ဝင်းတို့အိမ်ကို ဓါးပြတိုက်ဖို့ ကြိုးစားတဲ့အပိုင်း။ အိမ်ရှင်တွေက သည့်အထိ အချက်အလက်တွေကို ရှေ့နောက်စီလိုက်။ ဒုတိယက နွဲ့အောင်တို့ ထွက်ပြေးကြတဲ့အခါ အိမ်ရှင်ကြည်ဇော်ဝင်းအပါအဝင် သူတို့အလုပ်သမားတွေနဲ့ နွဲ့အောင်တို့ကို လိုက်ဖမ်းကြတဲ့အပိုင်း၊ ကြည်ဇော်ဝင်းသေသည့်အထိပေါ့ကွာ''

''ဟုတ်ပါပြီဗိုလ်ကြီး။ ဒါနဲ့ နေပါဦး ဗိုလ်ကြီးအိပ်ရော အိပ်ရသေးရဲ့လား''

''အေး. . . မှေးတန်သလောက် မှေးပြီးပါပြီ။ အခုပြန်ပြီး ရေချိုး





လိုက်ဦးမယ်။ ငါချက်ချင်း ပြန်လာခဲ့မယ်''

''ဗိုလ်ကြီး သိပ်တက်ကြွနေပုံကြည့်ရတာ အယူခံလွှာအတွက် တိကျသေချာတဲ့ အဖြေရပြီထင်တယ်။ ဟုတ်လား ဗိုလ်ကြီး''

''အမယ် အမယ် မင်းကလဲ ဒသနိက ဆရာကနေ ဦးစံရှားလိုင်း ပြောင်းဦးမလို့လား။ ကောက်ချက်ကတော့ တန်းခနဲနေတာပဲ။ ဟုတ်တယ်ကွ။ နွဲ့အောင်တို့ကို သေဒဏ်စီရင်ချက်က လွတ်မဲ့အချက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိပြီ။ ဒါပေမယ့် အလျဉ်းတော့ မလွတ်ဘူး။ ထောင်ဒဏ်နဲ့တော့ လဲရလိမ့်မယ်''

''အို. . . ဗိုလ်ကြီးကလဲ။ မသေပြီးရော့ပေါ့ဗျာ။ ထောင်ကျတာက အချိန်မရွေး လွတ်ပါတယ်''

''အေးကွာ၊ ကံသီပေလို့။ အကြံကောင်းတော့ တစ်ချက်ဆိုတာ သိပ်မှန်တာပဲ''

''နို့. . . နေပါဦး မေးပါရစေဦး ဗိုလ်ကြီးရဲ့။ ကျွန်တော်တို့ ညက အလုပ်သိမ်းတာပဲ မနက်သုံးနာရီလောက် ရှိနေပြီ။ ကျွန်တော်တော့ တန်းပြီး တစ်ချိုးတည်းအိပ်လိုက်တာပဲ။ ရုံးကိုအခုအစောကလေးကမှ ရောက်တာ။ ဗိုလ်ကြီးက အိမ်မှာ ဆက်ထိုင်သေးလို့လား။ အဖြေရှာလိုက်တာမြန်နေသလိုရှိလို့''

ဟုတ်ပါသည်။ ကျွန်တော်လည်း ဘာသားနှင့်ထုထားတာမို့နည်း။ သံတွေခဲမှမဟုတ်သည်လေ။ သူတို့နှယ်သာ အိပ်ခဲ့ရပါသည်။ ယခုတောင် အိပ်ရေးက မဝချင်သေးပေ။

''အိပ်ပါတယ်ကွာ။ သိပ်အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ အလုပ်တွေလုပ်ရင် အိပ်ရေးဝပြီး ကြည်လင်လန်းဆန်းနေဖို့ အရေးကြီးတာကွ။ ထားတော့ အဖြေက အခုကလေးတင် မင်းတို့ရှေ့မှာ ရလိုက်တာ''

''ခင်ဗျာ''

''မဗျာနဲ့လေ။ အဖြေကို ဘယ်သူတွေကပေးသွားတယ် ထင်သလဲ''

"ပြောပါဗိုလ်ကြီး"

"ဒေါ်ဗိုက်ကြီးနဲ့ မောင်မောင်ဇော် လင်မယားပေါ့ကွ။ ဟား. . . ဟား. . . ဟား. . ."

"ဗျာ"

"ဗျာနဲ့ဦးဟ။ မောင်မောင်ဇော်ပြောမသွားဘူးလား။ ကိစ္စတစ်ခုချင်း ခွဲစဉ်းစားဆိုတာ"

". . . . . . . . . ."

"နွဲ့အောင်တို့ ဓါးပြတိုက်တာက တစ်ကိစ္စ။ အဲဒါက အိမ်ရှင်တွေက "ဓါးပြ ဓါးပြ" အော်ကတည်းက ပြီးသွားပြီ ဟုတ်တယ်နော်"

"ဟုတ်"

"ကြည်ဇော်ဝင်းသေတာက သီးခြားတစ်ကိစ္စ မထင်ရှားဘူး။ နွဲ့အောင်ကြောင့်လို့ မခိုင်လုံဘူး"

". . . . . . . . . ."

"အဲဒီတစ်ဆက်တည်းဆိုတဲ့ကိစ္စနှစ်ခုကို တစ်ခုစီခွဲကြည့်လိုက်။ သေဒဏ်စီရင်လို့ မရတော့ဘူးကွ. . . ကဲ"

"အော်. . . ဒီလိုကိုး မှန်တဲ့အခါလည်း မှန်ပေမပေါ့ ဗိုလ်ကြီးရယ် ဟဲ. . . ဟဲ"

"အေးလကွာ. . . ဟား. . . ဟား. . . ဟား"

နှစ်နှစ်ခြိုက်ခြိုက် ရယ်မောရင်း မိမိနေအိမ်ဘက်ဆီပြန်ခဲ့မိပါသည်။ ရေးရချုတ်ရသည့် ရုံးလုပ်ငန်းပိုင်း (Paper Works) တွေသာ ကျန်ပါတော့သည်။ ပြဿနာ၏ အဓိကအဖြေကို လက်ဆုပ်လက်ကိုင် ရရှိခဲ့ပြီမို့ စိတ်မှာပေါ့ပါးကာ ကြည်လင်လန်းဆန်းလှပါတော့သည်။

"ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည် x x x
x x x x x x x x x x x x x x x x x x
x x x x x x x x x x x x x x x x x x"

မည်သည့်သီချင်းတစ်ပုဒ်ကိုမျှ ပိုင်ပိုင်နိုင်နိုင် နှုတ်တက်မရသော်





ငြားလည်း နှုတ်ဖျားဝယ် ဝင်ဝင်စီးလာလေ့ရှိသော ဤသီချင်းအပိုင်းအစကလေးကိုဖြင့် တစ်ကိုယ်တည်း မပီမသ ညည်းမိရပါသည်။

စစ်ဆင်ရေး၏ အရေးကြီးဆုံး အပိုင်းကား ပြီးဆုံးခဲ့ပါပြီ။ အောင်ပွဲသို့ ချီရာဝယ် အရှေ့အရပ်ဆီမှ ရောင်ခြည်ပျပျ မြင်နေရပါပြီ။ လင်းအရုဏ်စစ်ဆင်ရေး (Dawn Attack) ဆင်နွှဲဖို့သာ ကျန်ပါတော့သည်။ ဤသည်ကလည်း မခက်လှတော့ပါ။ လမ်းရှိ၍ လမ်းကောင်းလျှင် ခရီးတွင်တတ်ပါသည်။

✿ ✿ ✿ ✿ ✿

(၃)

''ဗိုလ်ကြီး ထောင်ဝင်စာတဲ့ခင်ဗျာ''

''ဟေ. . . စနေနေ့ ရုံးပိတ်ရက်လေတပည့်ရဲ့။ သေချာရှင်းပြပြီး ပြန်လွှတ်လိုက် ဟုတ်ပလား။ ငါလည်း ဒီမှာ အလုပ်များနေလို့ကွာ။ မင်းတို့ တံခါးကပဲ ထွက်ပြီးရှင်းပြလိုက်ပါ''

တံခါးတာဝန်ကျ တပ်သားကျော်ငြိမ်းက ထွက်မသွားသေးပါ။ ရုံးခန်းတံခါးဝတွင် ရပ်နေပါသေးသည်။ ထူးခြားသည့် သူ့အပြုအမူကြောင့် စကားမဆိုသော်လည်း မော့၍ကြည့်မိရပါသည်။

''သေဒဏ်အကျဉ်းသားရဲ့ ဘကြီးလို့ပြောပါတယ် ဗိုလ်ကြီး။ ဆရာတော်ကြီးတစ်ပါးပါ။ တံခါးရှေ့မှာ ရောက်နေပါပြီ''

''ဟေ. . . ဒါဆိုလည်း ရုံးခန်းထဲကို ပင့်ကြပါဟ၊ လုပ်. . . လုပ်။ တံခါးထောင်မှူးကိုလျှောက်ပြီး ပင့်ခိုင်းခဲ့''

''ဟုတ်ကဲ့''





မိမိတို့တစ်ဖွဲ့လုံး စိတ်လှုပ်ရှားရပါသည်။ ညကပင် နွဲ့အောင်၏ ဇာတ်ကြောင်းထဲက မရဏတောင် ရွှေသိုက်ရာပုံတော်ခရီးတွင် ဦးစီးပါဝင်ခဲ့သော ဦးစောနွဲ့ဘိတောင်ကို မှတ်မှတ်သားသားလေးစားကြည်ညိုစွာ သံယောဇဉ်ဖွဲ့လိုက်မိသေးသည်။ ယခု လူကိုယ်တိုင်ဖူးတွေ့ရပေမည်မို့ ဝမ်းသာမိရပါသည်။

''ကြွပါဘုရား။ တပည့်တော်ရုံးခန်းကိုပဲ ယာယီကျောင်းအဖြစ် သီတင်းသုံးတော်မူပါဘုရား''

''သာဓု၊ သာဓု၊ သာဓု. . . ။ ထောင်မှူးကြီးဆိုပေတဲ့ ဒကာကာ ငယ်ငယ်ရှိသေးတာပါရော''

''တင်ပါ့ဘုရား''

''အိမ်း. . . ။ သံဃဝေယျာဝစ္စတော့ နားလည်သားပဲ''

''တင်ပါ့။ တပည့်တော် ငယ်စဉ်တုန်းက ဘုန်းကြီးကျောင်းသားပါဘုရား၊ တပည့်တော် ဖခင်က ဘုန်းကြီးလူထွက်ပါဘုရား''

''အော်. . . ဒီလိုကိုး''

အားလုံး အေးအေးချမ်းချမ်း ပြုံးမိကြရပါသည်။

ဆရာတော်ကြီးမှာ သက်တော်ကြီးရင့်ရှာပါပြီ။ အညိုရင့်ရောင် အရောင်ရင့်ရင့် သင်္ကန်းနှင့် ဝင်းဝါသောအသားတော်မှာ လွန်စွာလိုက်ဖက်ညီလှပါ၏။ ခန္ဓာရှမ်းအနွယ်မို့ အဆက်အပေါက် တောင့်တောင့်တင်းတင်း၊ ဥပဓိက ကြည်ကြည်သန့်သန့်ဖြစ်ပါ၏။

ရင်တွင် ဗုဒ္ဓဘုရား၏ သဏ္ဌာန်ကိုသုခ၊ ဓမ္မရသတစ်စုံတစ်ရာကို အခြေတည်မိဟန် ငြိမ်သက်အေးငြိမ်းမှုနှင့် ရင့်ကျက်တည်ကြည်မှုကိုလည်း ဖူးတွေ့နေရပါသည်။

''အခုပဲ တပည့်တော်တို့ မောင်နွဲ့အောင်တို့ရဲ့ အယူခံလွှာကို တင်ပြဖို့ ပြင်ဆင်နေကြတာပါ ဘုရား။ ညကလည်း တစ်ညလုံး မောင်နွဲ့အောင်နဲ့ အာယုက ပြောပြလို့ အကြောင်းကိစ္စစုံစုံလင်လင်ကို သိရပါပြီ

ဘုရား။ အခုချမှတ်ထားတဲ့ သေဒဏ်အမိန့်ကို ပယ်ဖျက်ပြီး ထောင်ဒဏ် တစ်မျိုးမျိုး ပြင်ဆင်ပြောင်းလဲ ကျခံစေရမယ့် ဥပဒေဆိုင်ရာ အကြောင်းရင်း ခိုင်ခိုင်လုံလုံလည်း ပြီးပါပြီဘုရား''

''အေး. . . သာဓုဗျာ။ ဒကာမလေး အေးအေးမွန်က လျှောက်လို့ ဒကာထောင်မှူးကြီးတို့ အကျဉ်းထောင်ဝန်ထမ်းတွေရဲ့ စေတနာကို သိပြီးပါပြီ။ ဘုန်းကြီးက ကျေးဇူးလည်းတင်တယ်။ သာဓုလည်းခေါ်ပါတယ်။ သတ္တဝါတစ်ခု ကံတစ်ခုလို့ဆိုပေမယ့် အကြောင်းကြောင်းကြောင့် အကျိုးဖြစ်တတ်တဲ့ ပဋ္ဌာန်းဆက် တရားတွေရှိသေးတော့လည်း သူ့စေနာတွေက သူ့ကို ပြန်အကျိုးပေးဦးမယ်လို့ ဘုန်းကြီးက ယုံကြည်ပါတယ်။ စေတနာတွေက ပျက်ပျက်သွားတတ်ကြပေမယ့် ကံတွေက ကြွင်းရစ်ပြီး ကမ္ဘာသတ္တဝါတွေက အကျိုးပေးဖို့ အခွင့်အခါ စောင့်နေတတ်ကြတာကလား''

ငြိမ်းအေးလွန်းသည့် အသံတော်က ဝန်းကျင်ကိုပါ ကူးစက်စိုးမိုးသည်။ မိမိရုံးခန်းတွင် အားလုံးပျပ်ဝပ်တည်ကြည်စွာ ရှိနေကြပါ၏။

''ခဏ သီတင်းသုံးပါဘုရား။ တပည့်တော် ထောင်ပိုင်ကြီးကို အကျိုးအကြောင်းလေး သွားတင်ပြပါရစေဘုရား။ ပြီးရင်တော့ မောင်နွဲ့ အောင်တို့နဲ့ တွေ့ဖို့ စီစဉ်ပေးမှာပါဘုရား''

''အေး. . . အေး။ ဒကာတို့လုပ်စရာရှိတာလုပ်ကြပါ။ ဘုန်းကြီးကြောင့် ဝန်မပိုကြပါနဲ့''

''စာရေးလေးရေ။ ညီပဲ မိန်းဂျေးလ် (Main Jail)ကို ပြေးပေဦး။ တာဝန်မှူး ဦးခင်မောင်မြင့်ကို တိုက်ခန်းမှာ ထောင်ဝင်စာတွေ့ပေးဖို့နဲ့ ဆရာတော် ယာယီသီတင်းသုံးဖို့ ဘာယာခန်းမှာ စီစဉ်ထားဖို့ သွားပြောပေး။ အဆင်ပြေရင် ဘာယာခန်းမှာပဲ ကလေးတွေနဲ့ ပေးတွေ့မယ်လို့ ပြောခဲ့ကွာ''

''ဟုတ်ကဲ့ဆရာ''

သည်သို့ဖြင့်. . .





ဦးစောနွဲ့ဘီတောင် တစ်ဖြစ်လဲ ဆရာတော် ဦးဓမ္မသီရိကို ထောင်အုတ်ရိုးဘေးပတ်လမ်းမှတစ်ဆင့် အမှတ် (၁)တိုက်သို့ ပင့်ဆောင်ခဲ့ရပါသည်။ ယခင်နေ့ တစ်နံနက်ဦးက အကိုင်းကျိုးကာ ထောင်တွင်း အထိတ်တလန့်ဖြစ်စေခဲ့သော ညောင်ပင်ကြီးနားအရောက်တွင် ဆရာတော်ကြီးက တန့်ခနဲရပ်သည်။ ညောင်ပင်ကို စေ့စေ့ကြည့်ကာ ခေါင်းကို မသိမသာ ညိတ်သည်။

''အော်. . . သတ္တဝါတွေ ကိုယ်စီကိုယ်စီ ဒုက္ခတွေနဲ့ပါလား။ သံသရာခရီးသွားရတာ တယ်ဝန်လေးသကိုး''

ဆရာတော်က ညောင်ပင်ကြီးကိုကြည့်ရင်း စကားသံ တစ်လုံးချင်းကို ပီပီသသဖြည်းဖြည်းလေးလေး ပြောသည်။ ပြီးလျှင် ညောင်ပင်ခြေက ညောင်းပါးပျဉ်းတွင် နေရာထိုင်ခင်းကလေးကိုခင်းကာ တင်ပျဉ်ခွေထိုင်လျက် မျက်စေ့မှိတ်မျက်လွှာချကာ မေတ္တာသုတ်ကို မတိုးမကျယ် မနှေးမမြန်ရွတ်ဆိုပူဇော်နေပါတော့သည်။

''အလို. . . အလို''

ထူးလှဆန်းလှပါ၏။ ပီဘိယောကျ်ားကြီးတစ်ယောက်၏ နင့်နင့်သီးသီးငိုသံ။ ထိထိခိုက်ခိုက် ဝမ်းပန်းတနည်းငိုရှိုက်သံ။ ပုံသဏ္ဌာန်ပုံရိပ်ကို မမြင်ရလေသော်ငြား နေ့ခင်းကြောင်တောင်မှာပင် ညောင်ပင်ကြီးပေါ်က ငိုကြွေးသံ။

တစ်ဆင့်ခံ တစ်ဆင့်ကြားစကားမဟုတ် ကိုယ့်မျက်စိ ကိုယ့်နားရှေ့ကကိစ္စမို့ ကြက်သီးများပင် ထလာရတော့သည်။ မိမိနောက် လိုက်တပည့်ကျော်များပင်လျှင် ခြေရွှေ့လက်ရွှေ့၍ အချင်းချင်းမသိမသာ ပူးတုံကပ်တုံရှိကြရလေသည်။

''အေး. . . အေး သတ္တဝါဟူသရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိကြပါစေ''

ချိုကြည်ငြိမ်းအေးသော ဆရာတော်ကြီး၏ မေတ္တာပို့သံက

ဝန်းကျင်သို့ အအေးဓါတ်ဖြန့်လွှမ်းသည်။ ပြီးမှ ဆရာတော်ကြီးကို နွဲ့အောင်တို့ တိုက်ခန်းရှိရာပင့်ခဲ့ရသည်။ တိုက်ခန်းများရှိ ကျန်အကျဉ်းသားများကလည်း ဆရာတော်ကြီးအား ဝတ်ပြုကန်တော့ကြသည်။

''လူကလေး. . . ''

ကြင်နာမှုအပြည့်အဝပါသော ဆရာတော်ကြီး၏ အသံတွင် များစွာသောစကားလုံးတို့ သီကုံးရစ်ဖွဲ့ပါသွားပါလေသည်။ ပုဆစ်ဒူးတုပ်ပျပ်ဝပ်ရှိခိုးနေကြလေသော နွဲ့အောင်နှင့် အာယု လူငယ်နှစ်ဦးမှာ ကျောပြင်ကလေးများ သိမ့်သိမ့်တုန်မျှ ရှိုက်၍ ရှိုက်၍ အသံမဲ့ ငိုကြွေးနေကြလေသည်မှာ မြင်ရသူပင် မမြင်ရက်စရာ။

''အေး. . . ဝဋ်ကြွေးတုံ့တင်ရှိရင်တော့ ကျေအောင်ဆပ်ရမှာပဲ လူကလေးတို့ရေ. . . ။ ဒါပေမယ့် ကိုယ့်ရဲ့စိတ်ကိုတော့ ဘာကြောင့်မှ အပျက်စီးမခံနဲ့။ ဆောက်တည်ရာမရ မဖြစ်နဲ့။ ကိုယ့်အကြောင်းကို ကိုယ်ပဲအသိဆုံး။ ကိုယ့်ရဲ့လားရာကိုလည်း ကိုယ်ပဲအမှန်းဆနိုင်ဆုံး။ သရဏဂုံသုံးပါးမှာတည်။ သီလလုံအောင်ထိန်း။ မေတ္တာပွား။ ကံကြွင်းကံစတွေက အကျိုးပေးမှာပေါ့ကွာ. . . ''

''တင်ပါ့ဘုရား''

တည်ကြည်လေးနက်သည့် ဆုံးမစကားကြောင့် နွဲ့အောင်တို့ပင် အသံငြိမ်လာသည်။ ဆရာတော်ကိုမော်၍ ဖူးကြသည်။ ဆရာတော်ကလည်း အခန်းတံခါးသံတိုင်ရှေ့တွင်ရပ်ကာ မေတ္တာပို့သည်။ မေတ္တာနှင့်ယှဉ်သော ဓမ္မ၏ရနံ့က သင်းပျံ့ပျံ့။

ဆရာတော်က မိမိပင့်ဆောင်ရာ ဘာယာခန်းဆီသို့ ခြေဦးအလှည့် ပုဆစ်ဒူးတုပ်ကာ လက်အုပ်ချီလျှက် ဝတ်ပြုနေသော လူသူတော် စိန်မျက်ခုံးထံ အကြည့်အရွေ့တွင် အံ့အားသင့်ဟန် မျက်နှာရိပ်ပြကာ ခြေစုံရပ်လိုက်သည်။

''အော်. . . ဦးသူတော်က ဒီမှာလာစောင့်နေတာကိုး။ ဘုန်းကြီး





ဦးသူတော်ကို ရှာနေတာ။ စဝ်ဖန္ဒယ်လုံးတောင်တန်းတွေပေါ်ရော ရှင်ဖွေယန်ဘက်ရော ရောက်ခဲ့သေးသပ။ အင်း. . . တွေ့ဖို့ဖြင့် ဒီဘဝ ကံကုန်ပြီထင်ထားခဲ့တာ. . . အင်း. . . အင်း''

စိန်မျက်ခုံးကား သိမ်သိမ်မွေ့မွေ့ပင် ဝပ်ချရှိခိုးကန်တော့သည်။

''ရေးကံဟောင်းကလေး လာဆပ်တာပါ ဘုရား။ မကြာခင် ဝဋ်ကြွေးဆပ်ခရီးပြီးတော့မှာပါ။ ကံကြုံရင်တော့ အရှင်ဘုရားနဲ့ ပြန်ဆုံနိုင်ဦးမှာပါဘုရား''

''အေး. . . အေး. . . အစိုးမရတဲ့လောကကြီးကို ဦးသူတော်ရဲ့။ အယူရှိရင် အပေးလဲရှိရပေမပေါ့။ ရော့. . . ရော့ ဦးသူတော် ပစ္စည်းကလေး။ ဘုန်းကြီးအသုံးမရှိတော့ပါဘူး။ ပြန်ယူထားလိုက်တော့''

''တင်ပါ့ဘုရား''

ဘုန်းတော်ကြီးက သူ့ခါးတွင်ပါလာသော ဖူးခါးခြောက်ရေဘူးကလေးကို ဖြုတ်ယူကာ စိန်မျက်ခုံးအား ကမ်းပေးသည်။ စိန်မျက်ခုံးက လက်နှစ်ဖက်ဖြင့် တရိုတသေခံယူလေသည်။

''ကလေးနှစ်ယောက်လည်း စောင့်ရှောက်ရစ်ဦး ဦးသူတော်။ ဘုန်းကြီးလဲ ဒီအတိုင်းဆိုရင် အေးရပေတာပေါ့။ ကျုပ် ဒကာမကြီးနဲ့ ဒကာမကြီးရဲ့ပတ်သက်ရာ ဝေနေယျတွေကို ရည်စူးပြီး ကုသိုလ် သွားသွားဝေခဲ့တာ နှစ်တိုင်းပါပဲလေ။ ဒကာမကြီးခမြာလည်း အယူအစွဲက ကြီးရှာလေတော့ တွေ့နေရတုံးပဲ။ ဦးသူတော်နဲ့ကြုံရင်တော့ လားရာဂတိကောင်းကို ရည်စူးဖို့ သတိပေးလိုက်ပါဦး။ ကိုင်း. . . ကိုင်း. . . ဘုန်းကြီးလည်း ကြွတော့မယ်''

''ဦးတင်ခဲ့ပါဘုရား''

''သာဓု. . . သာဓု. . . သာဓု''

ထိုနေ့က ဘုန်းတော်ကြီး ဦးဓမ္မသီရိသည် မိမိရုံးခန်းဝယ် နေ့ဆွမ်းဘုဉ်းပေးပြီးမှသာ ပြန်ကြွသွားတော့သည်။ ပြန်မကြွမီ မိမိဘဝတစ်

လျှောက် အစောင့်အရှောက်အဖြစ် တည်စေမည့် တရားဂါထာကလေး တစ်ပုဒ်ကို ဒွာနကရိုဏ်းကျအောင် အကြိမ်ကြိမ်ရွတ်ဆိုစေ၍ သင်ကြားကာ ချီးမြှင့်ခဲ့ပါသေးသည်။

"အဥ္စာနမေတံ၊ ဘိက္ခဝေ
အနဝကာသော
ယံပရူပက္ကမေန
တထာကတံ၊
ဂီဝိတာဝေါရောပေယျ
အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ" ။

☼ ☼ ☼ ☼ ☼

# (၄)

"တကယ့်ဘဝထဲက အမှန်တရားနဲ့ ဥပဒေက ရှုမြင်သုံးသပ်တဲ့ အမှန်တရားဆိုတာ ဒင်္ဂါးတစ်ပြားရဲ့ ခေါင်းနဲ့ပန်းလိုပါပဲ။ ခေါင်းနဲ့ပန်း နှစ်ဖက်ပေါင်းထားမှ ဒင်္ဂါးတစ်ပြားရဲ့ သရုပ်ပီသလို ဒင်္ဂါးပြားဆိုတာရဲ့ လက္ခဏာဆိုတာကလည်း ခေါင်းရောပန်းရော ပါရမှာမဟုတ်လား"

"ဒါပေမယ့် ခေါင်းဘက်နဲ့ပန်းဘက် ရေးခြယ်ထားတဲ့ ခြူးပန်း ခြူးနွယ် ကပီကနုတ်၊ ရုပ်ပုံသင်္ကေတကျ မတူကြပြန်လေဘူး။ ခေါင်းဘက်က ခေါင်းရဲ့လက္ခဏာ၊ ပန်းဘက်က ပန်းဘက်လက္ခဏာဆောင်ကြပြန်တယ်။ သူ့လက္ခဏာအမှတ်အသားကို သူကိုယ်စားပြုကြပြန်တယ်"

"ဒီလိုပါပဲ။ ဘဝထဲက အမှန်တရားနဲ့ ဥပဒေက ရှုမြင်တဲ့ အမှန်တရားဆိုတာ တကယ့်ဘဝတစ်ခုရဲ့ အဖြစ်အပျက်တစ်ရပ် အပေါ်မှာ မူတည်အခြေခံကြရတာပါပဲ။ ဒါပေမယ့် သူ့ပုံစံ၊ သူ့ရပ်တည်မှုနဲ့အတူ ဖွံ့ဖြိုးရှင်သန်ကြရတယ်။ တကယ့်ဘဝထဲက ဖြစ်ရပ်တွေဟာ ပြုသူ၊ အပြုခံသူ၊ ပြုခြင်းဖြစ်ခြင်းကိစ္စမှာ ပါဝင်ပါတ်သက် ဆက်နွယ်သူတွေ

တောင်မှ သူ့နေရာက သူ့အမြင်၊ ကိုယ့်နေရာက ကိုယ့်အတွေး တစ်ထပ်တည်း သဘောညီကြတာ ရှားတယ်။ လူသားတွေရဲ့ ခံစားချက်၊ စေတနာ၊ စေ့ဆော်မှုအကြောင်းခံ၊ ဝန်းကျင်ရဲ့ပယောဂ စတဲ့စတဲ့ ထွေထွေရာရာ ကိစ္စတွေအပေါ် အခြေခံပြီး သူမှန်တယ်၊ ငါမှားတယ် ပဋိပက္ခ၊ တစ်နည်း အမြင်နှစ်ဖက်ကွဲကြရတာပေါ့။ ဒါပေမယ့် သူက တကယ့်ဘဝတွေရဲ့ တကယ့်အဖြစ်အပျက်တွေရဲ့ အရင်းခံအကြောင်းရပ်တွေပဲ။ ပြန်ပြီး ပြုပြင်ယူ ဖန်တီးယူ၊ စီရင်ယူလို့မရနိုင်ဘူး။ တစ်ဒင်္ဂအတွင်း ဖြစ်ခဲ့တဲ့အတိုင်း ဖြစ်ရပ်ရဲ့သက်သေခံအထောက်အထား အခြင်းအရာတွေ ကြွင်းရစ်ခဲ့မှာပဲ။ အဆုံးကွာ၊ ရှေးလူဟောင်းများပြောသလို ဝသုန္ဓေ ဒီမြေကြီးက သက်သေပေါ့။ မိုးမြေက သက်သေပေါ့''

လေပြည်တစ်သုတ်က ဝေ့ခနဲ လှုပ်ခတ်ပြေးသွားသည်။ မိုးငွေ့ပါသော စိမ့်စိမ့်အအေးဓါတ်က လန်းဆတ်သောလေကို ဆောင်ယူလာ၍ ရင်ကိုသန့်စင်မှုပေးစွမ်းလေသည်။

နွဲ့အောင်နှင့် အာယုက နားစိုက်၍ထောင်လေသည်။ မိမိ၏ ရုံးအဖွဲ့ဝင် ကိုကိုနိုင်က လက်ရေးတိုရေးမှတ်ဖို့ အသင့်ပြင်ကာ ငံ့လင့်သည်။ ဖုန်းနိုင်က မိမိပြောစကားအပေါ် အတွေးနက်နေသလို ငိုင်နေသည်။

''အဲဒီဘဝထဲက တကယ့်ပကတိဖြစ်ရပ်တွေအပေါ် အယူအစွဲ မတူကြလို့ ကိုယ်မြင်သလို ပုံပေါ်ပြီးမြင်ကြလို့ ဘဝရဲ့ဟန်ချက်တွေ ပျက်မသွားအောင် ထိန်းညှိဖို့ ဥပဒေဆိုတာ ပေါ်လာရတယ်။ ဥပဒေက ရှုမြင်တဲ့ အမှန်တရားကတော့ ရှင်းတယ်။ ခိုင်မာတဲ့ အထောက်အထား ကိုင်ပြော။ လူသက်သေ၊ ပစ္စည်းသက်သေ၊ စာရွက်စာတမ်းသက်သေ၊ အထောက်အထား၊ အကိုးအကားတွေ ခိုင်ခိုင်မာ တင်ပြပြီးမှ ပြောစတမ်း အဲဒီအပေါ်မှာမှ ဖြစ်တန်ရာသော အကြောင်းအချက်တွေကို ကောက်ယူသုံးသပ်ပြီး ပြဋ္ဌာန်းထားတဲ့ဥပဒေပါအတိုင်း စီရင်ဆုံးဖြတ်တာ။ မှန်တယ်လို့ ကောန်မပြောပေမယ့် ကိုယ့်အစွဲကိုယ့်အယူနဲ့ကိုယ်၊ ကိုယ့်သဘော





ကိုယ်ဆောင်နေကြတာနဲ့စာရင်တော့ အမှန်နဲ့ နီးစပ်မှုရှိတယ်လို့တော့ ယူဆနိုင် ဆဝင်ကျနိုင်တယ်လေ''

မိမိရှေ့က ရေနွေးကြမ်းခွက်ကိုယူ၍ တစ်ငုံသောက်ရသည်။ သူတို့ရင်သို့ သွင်းလိုက်သောစကားကို ကြေညက်စေဖို့ အချိန်ပေးရဦးမည်။

''အခု မင်းတို့ရဲ့ မှုခင်းကိစ္စမှာလည်း ဥပဒေရဲ့အကောက်အယူ အတိုင်းပဲ ဆရာကောက်ယူသုံးသပ်တယ်။ တရားလိုတရားခံ နှစ်ဖက်စလုံးက အငြင်းမထွက်တဲ့ အကြောင်းအရာကို အခြေခံစဉ်းစားတယ်။ ဒီတော့. . .''

''ပြောသာပြောပါအဘ။ ကျွန်တော်တို့နားထောင်နိုင်ပါတယ်''

''မှုခင်းဖြစ်စဉ်ရဲ့ တစ်စိတ်တစ်ပိုင်းကို တို့လက်ခံရမယ်။ တစ်စိတ်တစ်ပိုင်းကို ငြင်းဆန်ရမယ်''

''ခင်ဗျာ''

''မင်းတို့ ဓားပြတိုက်ဖို့ ကြိုးပမ်းအားထုတ်တဲ့အပိုင်းကို လက်ခံလိုက်ရတော့မယ်။ လက်မခံငြင်းဆန်ရင် မင်းတို့မြှုပ်ထားတဲ့ အမိက သက်သေကို ထုတ်ပြရမယ်။ ဒီသက်သေကို အမှုရင်ဆိုင်ခဲ့တဲ့ တစ်လျှောက်လုံး ရဲစခန်းကနေ တရားရုံးစီရင်ချက်ချသည်အထိ မြှုပ်ထားခဲ့တယ်။ ရှေ့ထွက်မလာခဲ့ဘူး။ ဒါကရှင်းပါတယ်။ ဒီသက်သေကို နှစ်ဖက်စလုံးက ထုတ်မသုံးရက်ကြတာ။ မပတ်သက်စေချင်ကြတာ. . . ဟုတ်တယ်နော်''

''ဟုတ်ပါတယ်ဆရာ။ ဒီအမှုက မလွတ်ဘဲ သေစားသေစေဆိုလဲ အသေခံသွားမှာပါ။ သူ့ကိုတော့ မပတ်သက်စေချင်ပါဘူး''

''အေးပေါ့။ ဒီတော့ ဓားပြတိုက်တဲ့အပိုင်းကို လက်ခံစဉ်းစားမယ်''

''ဟုတ်ကဲ့''

သူတို့မျက်နှာလေးတွေကို ကြည့်ရသေးသည်။ ရင်ထဲကလာသော စကားတွေလား အကဲကြည့်ရသေးသည်။ နှလုံးငြိမ်ငြိမ် ရင်ငြိမ်ငြိမ်စဉ်းစားဆုံးဖြတ်တာလား ဝေဖန်ရသေးသည်။

''ဟုတ်ပြီ။ အိမ်ရှင်တွေက နိုးလာပြီး 'ဓားပြ၊ ဓားပြ' အော်ချိန်

မင်းတို့ထွက်ပြေးတဲ့အခါ မင်းတို့ ဓားပြတိုက်တဲ့ကိစ္စက ပြီးပြတ်သွားပြီ။ ရပ်သွားပြီ''

''. . . . . .''

''ကြည်ဇော်ဝင်းတို့က မင်းတို့ကို ဖမ်းဖို့လိုက်တယ်။ တူမီးနဲ့ပစ်တယ်။ တူမီးကျည်ဒဏ်ရာကြောင့် ကြည်ဇော်ဝင်းသေတယ်။ နွဲ့အောင်က ပစ်တာပါလို့ စွပ်စွဲတယ်။ ဒါပေမယ့် ခိုင်မာအောင် သက်သေမပြနိုင်ဘူး''

''ဓားပြတိုက်မှုနဲ့ တစ်ဆက်တည်းလူသတ်မှု ကျူးလွန်ခဲ့တာကြောင့် မင်းတို့အပေါ် သေဒဏ်ချမှတ်ခဲ့တယ်။ မင်းတို့ကလည်း တစ်ယောက်သောသူကိုငဲ့ပြီး ဓားပြတိုက်မှုကို ပြင်းပြင်းထန်ထန် ငြင်းဆန်မှု မပြုခဲ့ဘူး။ ဒါကို တရားသူကြီးက ကောက်ယူသုံးသပ်ခဲ့တာ''

''ဓါးပြမှုနဲ့ ကြည်ဇော်ဝင်းသေတဲ့အမှုဟာ တစ်ဆက်တည်းမဟုတ်ပါဘူး။ သီးခြားကိစ္စတစ်ရပ်စီပါ။ ဒါကြောင့် ဓါးပြမှုအတွက် ထောင်ဒဏ်ကို မငြင်းဆန်လိုသော်လည်း လူသတ်မှုကတော့ သက်သေမခိုင်လုံလို့ သေဒဏ်ပယ်ဖျက်ပေးပါလို့ ခုခံမယ်။ ဒါဟာ ဒီအခြေအနေမှာ အကောင်းဆုံးခုခံမှုလမ်းကြောင်း (Defence Line)ပဲ။ မင်းတို့ကို ဆရာရှင်းပြတာ။ မင်းတို့သဘောဘယ်လိုလဲ''

မိမိက စကားစကိုရပ်လိုက်သည်။ နွဲ့အောင်နှင့် အာယု၏ မျက်ဝန်း၌ ရှင်သန်အားသစ်ခြင်း၏ အရိပ်ကိုမြင်သည်။ ဖုန်းနိုင်၊ ကိုကိုနိုင်တို့လည်း ရင်ချောင်သွားဟန် မျက်နှာကြောပြေလျော့၍ အပြုံးစတို့ဝေသည်။

''ဒါဆိုကျွန်တော်တို့ အဆိုးဆုံးဘာဖြစ်နိုင်မလဲ အဘ''

''မင်းတို့ကို သေသေချာချာ အာမခံပြီး ပြောနိုင်တာကတော့ ''သေဒဏ်အမိန့်'' ပယ်ဖျက်သွားမယ်။ ဒါသေချာတယ်။ ငါသင်ထားတဲ့ ဥပဒေပညာ၊ ငါ့အတွေ့အကြုံ၊ ငါရေးသားမယ့် အယူခံလွှာရဲ့ ရေးသားတင်ပြပုံ အရည်အသွေးတွေအရ ဒါကို ငါအာမလုံးဝခံတယ်။ အယူခံတင်ပြီး သုံးလမကျော်စေရဘူး။ မင်းတို့ရဲ့သေဒဏ်အမိန့် ပယ်ဖျက်ခြင်းခံကို ခံရ





မယ်ကွာ. . . ကဲ''

''ကျေးဇူးတင်ပါတယ် အဘ။ သေဒဏ်အမိန့် ပျက်ရင်ပဲ ကျွန်တော်တို့ ကျေနပ်ပါပြီ''

''နေဦး၊ နေဦး။ အထက်ရုံးက ပြန်သုံးသပ်ပြီး ပြစ်ဒဏ်ကိုပြင်ဆင်ပြောင်းလဲချမှတ်တဲ့အခါ တစ်သက်တစ်ကျွန်း ဒဏ်ပဲပြောင်းမလား၊ (၁၀)နှစ်ပြောင်းပေးမလား မသိသေးဘူး။ အဲဒါကတော့ မင်းတို့ရဲ့ ကံနဲ့ အထက်ရုံးတရားသူကြီးရဲ့ သုံးသပ်ချက်အပေါ် စောင့်ကြည့်ရမှာပဲ။ တရားရုံးဆိုတာ ပြည်သူအချင်းချင်း ဖြစ်ပွားတဲ့အမှုတွေမှာ မျှတစွာရပ်တည်ရတာဆိုတော့ ပြစ်မှုက တရားသေအလျဉ်းလွတ်ဖို့ အထိတော့ စိတ်ကူးယဉ်လို့မရဘူးကွ ငါ့ညီတို့ရ''

''အဘရယ်. . . ကျွန်တော် ကံအပေါ်မှာပဲ ပုံလိုက်ပါတော့မယ်။ ဒီဘဝဒီတစ်သက် သေဒဏ်ကများ လွတ်ခဲ့ရင်လေ။ အဘပေးတဲ့ အသက်ပါပဲဗျာ. . .''

သူတို့၏ လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှသော စကားသံက ရင်ကို ထိထိခိုက်ခိုက်ပြုသည်။ ကောင်းသောစေတနာ ပြန်ဒွန်းသောကံသည် ကောင်းသောလားရာကိုသာ ဆောင်ယူလေမည်ကိုလည်း မိမိယုံသည်။ သက်သာရာရသွားသော မျက်နှာများ၏ အပြုံးကလည်းကြည်စင်သည်။

''ကိုင်းဟေ့။ မင်းတို့သဘောတူပြီဆိုရင် ဒီနေ့မနက်ဖြန် အပြီးရေးပြီး တနင်္လာနေ့တင်မယ်။ ဖုန်းနိုင်လာပြီး လက်မှတ်ထိုးခိုင်းရင် သေချာဖတ်ပြီး လက်မှတ်ထိုးပေးလိုက်ကြ ဟုတ်လား''

''ဟုတ်ကဲ့ အဘ''

စိတ်လက်ပေါ့ပါးစွာ ပြန်လှည့်ဖို့ ခြေလှမ်းကိုမြင်သည်။ တပည့်များကလည်း လိုအပ်ရာရာကို ယူငင်ကာ အသင့်ပြင်၍ လှည့်ကြည်သည်။ သည်တွင်. . .

''ထောင်မှူးကြီးရေ။ ကလေးတွေကိုယ်စား ဝမ်းလဲသာပါရဲ့။ ကျေးဇူးလဲတင်ပါရဲ့။ ဝင်ပြီးနှမ်းဖြူးတယ်လဲ မထင်ပါနဲ့ခင်ဗျာ။ ထောင်မှူးကြီး

စီစဉ်ထားတဲ့အတိုင်း အောင်မြင်မှာပါ။ ကျွန်တော်တို့ကတော့ ဂမ္ဘီရနယ်က ဆိုတော့ ကျွန်တော်တို့မှာလည်း ကိုယ့်အစီအရင်၊ ကိုယ့်မနောဓာတ်နဲ့ ကိုယ့်အာရုံသိမှုကလေးတွေ ရှိနေတဲ့အတွက် ထောင်မှူးကြီး သေချာသလိုပဲ။ ဒီသေဒဏ်အမိန့်ကပျက်မှာပါ။ အကျဉ်းကတော့ ကျန်ဦးမှာပဲ။ စတင်တဲ့နေ့ကနေ (၂)လနဲ့ (၂၇) ရက်ပြည့်တဲ့နေ့မှာ ထောင်ကို အယူခံပြင်ဆင်မိန့်ရောက်ပါလိမ့်မယ်။ အဲဒီနေ့မှာပဲ ကျွန်တော့်ရဲ့ သာဝကတွေကြိုးစားထားတဲ့ ကျွန်တော့်အယူခံလွှတ်မိန့်လဲ ရောက်ပါလိမ့်မယ်''

''လောကီနယ်မှာတော့ အလွတ်မဲ့ ပရမ်းပတာ အစီအစဉ်မရှိ လုပ်ကိုင်ပြေးလွှားနေကြတဲ့အတွက် ကိုယ့်အလုပ်တွေရဲ့ အစီအစဉ်ဆိုတာ ဘာမှမသေချာဘူး။ ကျွန်တော်တို့ ဂမ္ဘီရနယ်မှာတော့ အစစအရာရာ တိကျတဲ့အချိန်၊ နေရာ၊ အစီအစဉ်တွေရှိနေစမြဲပါ။ ဘယ်လိုဖြစ်ဖြစ်ပါလေ။ ကလေးတွေရဲ့ အနာဂတ်ဟာ လှကြမှာပါ၊ ''ဓမ္မောဟဝေရက္ခတိ ဓမ္မစာရိ'' ဆိုတာပဲကလား ထောင်မှူးကြီးရေ။ ဝမ်းသာစရာတွေပဲ ကြုံရမှာပါဗျာ''

လူသူတော်စိန်မျက်ခုံးကလည်း ဝင်၍ပြောလိုက်ပြန်ချည် သေးသည်။ သူတို့ဂမ္ဘီရနယ်ဆိုသည်ကို မိမိမသိ၊ နားမလည်ပါ။ လက်လှမ်းတစ်မီ၌လည်းမရှိပါ။ ရှိလည်း မရှိခဲ့စဖူးပါ။ သို့သော်လည်း စိတ်အနည်ထိုင်ကာ မျှော်လင့်ခြင်းဖြင့် ဝင်းလက်နေသည့် သူတို့တစ်တွေ၏ ပစ္စုပ္ပန်ကို သည်အတိုင်းသာ စိမ်းစိုရှင်သန်နေစေလိုပါသည်။

သူပြောတာမှန်ခြင်း၊ မမှန်ခြင်းထက် သူ့စကားကြောင့်လည်း သေဒဏ်အကျဉ်းသားနှစ်ယောက်၏ စိတ်အနေက အယူခံပြင်ဆင်မိန့်ကျလာသည်အထိတော့ တည်တည်ငြိမ်ငြိမ်ရှိပါလေမည်။

ရှိပါစေလေ။ မျှော်လင့်ချက်ဖြင့် ရှင်သန်နေသော လူသားများကို မြင်နေရသည်က မင်္ဂလာရှိလွန်းလှပါသည်။

''ဗိုလ်ကြီး အိမ်မှာညှိသည်ရောက်နေတယ်တဲ့ ခင်ဗျ။ တံခါးကြီးက သတင်းပို့ခိုင်းပါတယ်''





''အေးအေး လာခဲ့ပြီပြောလိုက်ပါကွာ''

''ဟုတ်ကဲ့ဗိုလ်ကြီး''

တပ်သားစိုးပိုင်က ဝဝလုံးလုံး သူ့ခန္ဓာကိုယ်ကို သယ်ကာ လိမ့်လိမ့် လိမ့်လိမ့်ဖြင့် ထွက်သွားပါသည်။

''ကဲ. . . တို့တစ်တွေလည်း နားသင့်ပြီကွာ။ ညမှပဲ အယူခံလွှာရေးတာရိုက်တာလုပ်ကြစို့။ အခြေခံလမ်းကြောင်းရနေပြီပဲ။ ငါလည်း အိမ်ပြန်ပြီးရင် နားလိုက်တော့မယ်''

ညောင်ပင်အောက်က ဖြုတ်၍ပြန်ခဲ့ကြသည်။

လေညင်းတိုး၍ ညောင်ရွက်ခတ်သံ သဲ့သဲ့ကို ကြားရသည်။ ပင်အိုရင့်ညောင်ကြီး၏ လက်တံများ၌ ရွက်နုဝေနေသည်ကို မြင်ရသည်။ လေပြည်တွင် ဆင်းသည်ဆိုရုံကလေး ရောပါလာသည့် ညောင်ရွက်ပုရက်ဖူးနုသစ်တို့၏ ရနံ့ကနုစ်လိုစရာ။

## (၅)

"အော်. . . အေးမွန်တို့ပဲ၊ ဘယ်သူများလဲလို့"

"ဟုတ်တယ်ဆရာ။ ဆရာအလုပ်များနေသလား။ သမီးတို့လဲ ခရီးကလေးထွက်စရာရှိလို့လေ။ ဆရာ့လာတွေ့လိုက်တာ"

"အေး. . . အေး ခဏတော့ မင်းတို့အစ်မနဲ့ထိုင်ကြဦး။ ဆရာ မျက်နှာလေး သန့်စင်လိုက်ဦးမယ်"

ပဋိသန္ဓာရစကားဆိုကာ အိမ်သူမဟေသီနှင့်ပဲ ညှိခံစေရပါသည်။ မနက်ကကတည်းက ချုပ်တည်ထားခဲ့ရသော ဝမ်းနာခြင်းအမှုကို ရှင်းလင်းပြီးမှပင် ကိုယ်လက်သန့်စင်၍ အိမ်ရှေ့ခန်းထွက်ခဲ့ရတော့သည်။

စိတ်ထဲကလည်း ကြည်လင်အေးချမ်း၍နေသည်။ ရွှင်ပျချမ်းသာ၍ နေသည်။ သည်စိတ်ကလေးတည်နေတုန်းခဏ ကုသိုလ်စိတ်ဖော်ပွားနိုင်ဖို့ အိမ်ရှေ့ခန်း ဘုရားစင်တွင်ရပ်ကာ ရတနာသုံးပါး ဂါရဝမှုပြုရပါသည်။

"ကဲ. . . ပြောဗျာ ဘာကိစ္စ။ ဟင်. . . "





စောစောကတော့ အမှတ်မဲ့မြင်ခဲ့မိသည်။ အေးမွန်နှင့်အတူ ပါလာသော သီလရှင်တစ်ပါးဟုသာ သည်သို့ပဲ ထင်မိခဲ့သည်။ ယခုမူ

"ခင်နှင်းဦးလေဆရာ. . . အခုတော့ ဆရာလေး မခေမာဝတီ ပေါ့"

"အော်. . . "

ရင်တွင်ကျင်စက်နှင့်တို့သလို ကျင်ခနဲ၊ အေးခနဲ၊ စိမ့်ခနဲ ခံစား လိုက်ရသည်။ သည်ရက်ပိုင်းကလေးအတွင်း သိခဲ့ရသမျှ လောကီ ထုပ္ပတ်လူတို့ဇာတ်ခန်းကလေးများနှင့် အဖြစ်အပျက်များက မျက်လှည့်ပြကွက်လို ဖျတ်ခနဲ ပြောင်းနေသည်မှာ မြန်ဆန်လွန်းလှ၍ နှလုံးသားပင် မူးချင်မိသည်။

ဘဝဟူသည် ပန်းစကြာမှန်ပြောင်းနှယ် အရောင်စုံ၊ ပုံဆင်း အသွေးစုံဟု သိထားသော်လည်း လက်ကလေးတစ်ချက်အလှည့်တွင် မမှတ်မိနိုင်အောင် အသွင်ပြောင်းသွားတတ်သလောက်တော့ မြန်ဆန်လေ မည်မဟုတ်ဟု ထင်ထားမိသည်။ သို့တစေ. . .

"ဆရာ့ကို လာနှုတ်ဆက်တာပါ။ ဘယ်လောက်ကြာမယ်မှန်းမသိ တဲ့ ခရီးတစ်ခုကို ထွက်တော့မှာမို့ လာနှုတ်ဆက်တာပါ"

သည်အချိန်တွင် ပြောရမည့်စကားက ပါးရှားလှသည်။ လှလွန်းသည်ဟု ပြောရမည်က ဘုရားရှင်၏ သမီးတော်တစ်ဦးအတွက် မလျော်မကန်လှ။ အေးချမ်းတည်ငြိမ်၍ ကြည်ညိုဖွယ်အသွင်ဆောင် သည်ဟု ဆိုရန်ကလည်းအခက်။

နုနယ်ပျို့မျစ်၍ ရှင်းသန့်ကြည့်လင်ကာ ဝင်းနေသော မျက်နှာကလေးက လောကီနယ်နှင့် စည်းတစ်ဖက်ခြားထားလေသည့် သီလရှင်ဝတ်စုံကလေးနှင့် လိုက်ဖက်ပါသည်ဟု မဆိုရက်လောက်အောင်ပင် သီးခြားစီဖြစ်၍နေအောင် လှပါသည်။ ဆံနွယ်ဆံစမမြင်၊ ဦးပြည်းပြောင်ပြောင်သာ ရှိသော်လည်း စိမ်းစိမ်းကလေးရှိနေသည့် ဆံပင်ငုတ်စိ နုနုကလေးများကလည်း သည်အလှကို မဟာန့်တားနိုင်။ ဦးခေါင်းအနေလှသူ

မို့ သည်မျက်နှာကလေးသည် ဦးပြည်းကလေးနှင့်မှ ပို၍ ပျို့ရွယ်နုမြစ်ကာ လှရှာလေအားသေးသည်။

သို့ရာတွင် သည်အလှကို ကွပ်ကွပ်ထိန်းထိန်းပြုထားသည်က တည်ကြည်သော ဣန္ဒြေ။ ရက်ပိုင်းအတွင်းမှာပင် တရားရကာ စိတ်အနေ ပြောင်းသွားပြီဟု မဆိုနိုင်သေးသည့်တိုင် သာသနာ့အရေတော်၊ သာသနာ့ ဝတ်စုံအောက်၌ ရင့်ကျက်တည်ငြိမ်ကာ လောင်မြိုက်လွန်းလှသော ဘဝ၏ ဒုက္ခ၊ သောက၊ ဗျာပါဒ အပူမီးတို့ကို အဟန့်အတားပြုနိုင်စကောင်း သည်ထင်ပါသည်။ မျက်နှာကလေးနှင့် နေထိုင်မှုပုံသဏ္ဌာန် ကလေးက ကျစ်လျစ်သေဝပ်ကာ ဣန္ဒြေရလွန်းလှပါသည်။

"ဆရာလေးက ဘယ်လို. . . "

မိမိန္ဒတ်က အံ့အားတသင့် သိချင်လွန်းစွာ အသံထွက်ရသည်။

"နွဲ့အောင်တို့အမိန့်ချတဲ့ နေ့ကတော့ သူလည်းအရှုံးတစ်ပိုင်းပေါ့။ အဖြစ်အပျက်မှန် အလုံးစုံကို သူ့မျက်စိ၊ သူ့နားနဲ့အားလုံးသိခဲ့တာပဲ လေ။ တစ်ဖက်မှာလည်း အစ်ကိုအရင်းကိုယ်တိုင် ဆုံးပါးခဲ့ရတယ်။ အမှန် အတိုင်း အစစ်ခံရင် အခြားစီးပွားရေးနဲ့ ပတ်သက်တာတွေ အားလုံးထိ ခိုက်ပျက်စီးမယ်။ အဆုံးအဖြတ်လည်း ပြုခွင့်မရတဲ့ဘဝမှာ အလူးအလိမ့် ခံစားခဲ့ရရှာတာပေါ့။

ဒါပေမယ့်. . . သူဆုံးဖြတ်ချက်မှန်ခဲ့ပါတယ်။ သူ့လမ်းကို သူရှာ တွေ့ခဲ့တယ်။ သူလုပ်သင့်တဲ့အလုပ်ကို သူလုပ်နိုင်ခဲ့တယ်။ အဲဒါကတော့ ပြဿနာဖြစ်ပြီး နောက်တစ်နေ့ပဲ ရိပ်သာဝင် တရားအားထုတ်ခဲ့တယ်။ အစ်ကိုဖြစ်သူရဲ့ ဈာပနကိုတောင် မျက်နှာလွှဲခဲ့တယ်။ အားလုံး ဝေဖန်နေ ကြပေမယ့် သူ့လမ်းကိုသူ သွားခဲ့ပါတယ်. . . ဆရာ"

"အော်. . . ဒါနဲ့ အခုက"

အေးမွန်ကပဲ ရှင်းပြနေသည်။ ခင်နှင်းဦး၊ အဲ. . . ဆရာလေး ကား မျက်လွှာချကာ ငြိမ်ငြိမ်ကလေး နားထောင်နေသည်။

"ဟုတ်တယ်ဆရာ။ ဆရာနဲ့တွေ့တဲ့နေ့က ရိပ်သာကတန်းလာခဲ့





တာ။ အေးမွန်အိမ်မှာတည်းတယ်။ သူ့အိမ်နဲ့ကလည်း အဆက်မပြတ် တော့ အမိန့်ချရင် သေဒဏ်ကျမလိုလို သိုးသိုးသန့်သန့်က ကြားခဲ့ ရသေးတာကိုးဆရာရဲ့။ ဒါကြောင့် ဆရာနဲ့လာတွေ့တာ"

"ထင်တဲ့အတိုင်းပဲ သေဒဏ်ဆိုတာကြီး ချလိုက်တော့ အရုပ် ကျိုးပြတ် ပုံလဲရှာတော့တာ။ တရားအခံရှိတယ်ဆိုပေမယ့် ရုတ်တရက် ထလောင်တဲ့ မီးအရှိန်ကြီး ဟပ်တော့လည်း လဲပြိုပေါ့ဆရာရယ်"

"အေးပေါ့. . . အေးပေါ့"

"ဒါပေမယ့် အဲဒီနေ့ နေ့လယ်ပိုင်းပဲ သမီးတို့အိမ်နားက သီလရှင် စာသင်တိုက်မှာ သာသနာ့ဘောင်ဝင်လိုက်ပါတယ်။ သမီးတို့ ရပ်ကွက်က ခေမာသီရိရပ်ကွက်၊ သီလရှင်ကျောင်းတိုက်အမည်က ခေမာသီရိ သီလရှင် စာသင်တိုက်။ ဆရာလေးဘွဲ့က မခေမာဝတီလေဆရာ. . . "

"အော်. . . "

စကားကြွယ်သူက ကြွယ်သလောက် ငြိမ်သူက. . . ငြိမ်ရှာပါသည်။ ရင်တွင်းက မငြိမ့်ဆိုလျှင်တောင် သာသနာ့မျက်နှာကြောင့် ဣန္ဒြေက ငြိမ်ရှာပါလေသည်။ သောကကို ကုစားရာတွင် တရား၏အမြိုက်အရသာ ဆေးထက်ပို၍ ကဲလွန်သောဆေးကား မရှိလေသည်တကား။

"ဆရာရယ် ဒုက္ခတို့၊ သောကတို့၊ ပရိဒေဝတို့ဆိုတာ မီးလိုပါပဲ။ တကယ်ထိမှ တကယ်ပူမှန်းသိရတာ။ မလွှင့်ပစ်ရက်ဘဲ ဆုပ်ကိုင်ထားလေ မခံမရပ်နိုင်အောင် လောင်မြိုက်လေ ပူလောင်လေပါပဲ။ အနားကပ်တာ တောင် အပူရှိန်ဟပ်သေးတာပဲ ဆရာရယ်။ တကယ် အလောင်ခံရတာ မပူဘဲရှိပါတော့မလား"

"ဒါပေမယ့် ဆရာလေးတို့က ဒီမီးကို ငြိမ်းသတ်နိုင်တဲ့ ရေစင်ဟု ဘေးချပြီး ငုတ်တုတ်အလောင်ခံနေကြတာ။ ဆရာလေးကတော့ ဆုပ်စူး စားရှူး အခြေအနေမှာ ကျွမ်းအောင်ခြစ်အောင် အလောင်မခံနိုင်တော့ဘူး။ ကိုယ်ပြုပြင်စီရင်ခွင့် မရနိုင်တဲ့လောကကနေ ကိုယ့်ကိုကိုယ် စိတ်ကို ကိုယ့်ဘာသာပြုပြင်စီရင်ခွင့်ရတဲ့ လောကနယ်၊ ဓမ္မနယ်ကိုပဲ အေးတယ်

လေ။ မီးလောင်ခဲ့ရင် လောင်မှန်းသိတာနဲ့ ငြိမ်းသတ်ဖို့ရေ အဆင့်သင့်ပဲ။ ကိုယ့်အပူကိုယ်ပွားလို့ မငြိမ်းချင်ရင်တော့ တစ်မျိုးပေါ့''

''ဟုတ်ကဲ့ဆရာလေး. . . ကော်ဖီနဲ့ မုန့်ကလေးသုံးဆောင်ကြပါဦး။ အေးမွန်စား''

ရင်တွင်းမှာ မွန်းကြပ်လာ၍ လောကဝတ်စကားဆိုကာ ထွက်ပေါက်ရှာရသည်။ ရင်တွင်းမငြိမ်တတ်ချင်။

''ကျေးဇူးပါဆရာ. . . ။ နွဲ့အောင်တို့အတွက် ဆရာကြိုးစားပေးနေတာကို အဘိုးလေး. . . အဲလေ. . . ဆရာတော်ဘုရား မိန့်လို့သိပြီးပါပြီ။ နွဲ့အောင်တို့ကိုယ်စားလဲ ကျေးဇူးစကား ထပ်ပြောပါရစေ''

''ဟာ. . . ဆရာလေးရယ်။ ဒါက ထောင်မှူးကြီးတစ်ယောက်လုပ်ရတဲ့ လုပ်ရိုးလုပ်စဉ်အလုပ်ပါ။ ထွေထွေရာရာ မဟုတ်လောက်ပါဘူး။ ကိစ္စမရှိပါဘူး။ အခုဆရာလေး ကြွလာခဲ့တာ ဟို. . . နွဲ့အောင်တို့နဲ့ တွေ့ဦးမလား''

ရင်ထဲက တထင့်ထင့်နှင့်မို့ မေးမိရသည်။ မေးသာမေးရသည်။ တွေ့ဦးမည်ပြောလျှင်လည်းအခက်။ စီစဉ်ခဲ့မလွယ်။ ထုံးနည်းစည်းကမ်းတွေက တိတိကျကျရှိပြီသား။ လောကဝတ်၏ မျက်နှာကို ကြည့်မည်မဟုတ်။

''မတွေ့တော့ပါဘူးဆရာ။ တွေ့လို့လဲ ဘယ်သူ့အတွက်မှ အကျိုးပိုရှိစရာမမြင်ပါဘူး။ လောင်နေတဲ့မီးတောက်ကို လောင်အားကောင်းအောင် လေမှုတ်ပေးလိုက်သလိုပဲရှိမှာပါ။ ကိုယ်မှ ဖန်တီးပြုပြင်လို့ မရနိုင်တာ တစ်ခုကို သူ့အတိုင်းထားလိုက်တာက သူ့နဂိုမပျက်တော့ဘူးပေါ့''

''ဟုတ်တော့ဟုတ်ပါတယ် ဆရာလေး. . ''

''ဆရာလေးကလေ အခုဆရာ့ကိုလာတွေ့တာက နုတ်ဆက်ရင်းနဲ့ နွဲ့အောင်နဲ့ ပတ်သက်သမျှ ကိစ္စအရပ်ရပ်တွေအတွက် အစ်မအေးမွန်ကို အစစအရာရာ လွှဲအပ်စီစဉ်ပေးခဲ့တဲ့အကြောင်း အသိပေးရင်း ဆရာလဲ စောင့်ရှောက်ပေးပါလို့ လာအပ်တာပါဆရာ။ ဒီစားစရာပစ္စည်းလေးတွေ





နဲ့ ဒီစာ. . . အဲလေ. . . ဒီကဗျာလေးတော့ ပေးပေးချင်ပါတယ်။ နွဲ့အောင်သိပ်ကြိုက်တဲ့ကဗျာလေးပါဆရာ. . . ။ သူ့ဘဝအတွက် သူအမြဲသံပတ်တင်းပေးတဲ့ ကဗျာလေးပါ။ ဒီလိုအချိန်မှာလိုမယ်ထင်လို့ပါ''

''ဆရာလေးက. . . ''

မေးလည်းမမေးရက်။ နုတ်ထွက်လည်းမရဲ။ စကားလုံးတို့ကို မြို၍ချလိုက်ရတော့သည်သာ။

''မမြင်ရတဲ့ အသိရခက်တဲ့ အနာဂတ်ကို ဘယ်သိနိုင်ပါ့မလဲ ဆရာရယ်။ ဒါလဲ ကိုယ့်အလုပ်မဟုတ်ပါဘူး။ ကိုယ်နဲ့ နီးနီးပစ္စုပ္ပန်ကိုပဲ ဘဝကိုပုံထားလိုက်တော့မယ်။ တစ်စက္ကန့်၊ တစ်မိနစ်ကနေ တစ်ရက်ချင်းပဲနေလိုက်ဦးမယ် ဆရာရယ်. . ။ အော်. . . ဆရာလေးတို့ ရောက်နေတာလဲကြာပြီ။ ဆရာတို့ မိသားစုကို ဒုက္ခပေးသလိုဖြစ်နေပြီထင်တယ်''

''မဟုတ်တာဆရာလေးရယ်။ ဒီနေ့ရုံးပိတ်ရက်ပါ''

''ကဲ. . . ဆရာရေ။ အေးမွန်တို့ပြန်တော့မယ်။ အေးမွန်တော့ အဆက်မပြတ်လာနေဆက်သွယ်နေဦးမှာပါ ဆရာ။ ဒီတစ်ခါလာရင် အစ်မကိုပါ ခေါ်ခဲ့ပါဦး။ သွားပြီဆရာ. . . သွားပြီအစ်မ''

''ကဲ. . . ဆရာ။ ဆရာလေးကို ခွင့်ပြုပါဦး''

''. . . . . . . . . . ''

မြေနှင့်ထိသော ခြေသံတဖျပ်ဖျပ်ကိုသာ အမှတ်ပြုမိသည်။ ဆွတ်ကျင်သောရင်၌ မလှပသော မဟုတ်သေးပါ၊ အလွန်လှပသော သိင်္ဂီ ရတေးချင်း၏ တီးလုံးတီးကွက်ကလေးများက လက်ခံရမည်လား၊ ငြင်းဆန်ရမည်လား မရေရာလေတော့။

ကိုယ်နှင့်မဆိုင်သည့် ဖီးပွားတစ်စကို ရင်ခွင်ပွေ့ကာ မီးစပျိုးနေမိသည်လားဟု သတိပြုမိတော့. . . ။

မမျှော်လင့်ဘဲ မိုးက သည်းခနဲရွာချသည်။

စိမ့်၍အေးသော မိုးစက်မိုးမှုန်တို့က လေနှင့်ဝေ့ကာ ပြတင်းမှ ဝင်ချင်သည်။ ပူသလိုလိုရှိနေသော ရာသီက အအေးဓါတ်ကလေးလွှမ်း

လာသည်။

ကြည့်ရင်းမှာပင် မိုးက သည်းကြီးရွာလေပြီ။

ကဗျာစာရွက်ကလေးကိုကောက်၍ ဖတ်ရသည်။ လက်ရေးသေးသေးဝိုင်းဝိုင်း လှလှကလေးများက ကဗျာကို ရင်သို့တိုင် ပို့လေသည်။

"မီးတိုင်. . .
လှိုင်းလေပို့၍
တို့ရောက်သည့်ကျွန်း၊ ညမှောင်ကျွန်း။
ဘဝသည်တို၏
မီးတိုင်သည်ရှည်၏
ညမှောင်ကျွန်း၌
ထွန်းသည့်မီးတိုင် မငြိမ်းနိုင်။
လာလော့ကျွန်းသား၊ ကျွန်းသူများ
အင်အားမိုးကွယ်၊ မညှိုးငယ်ကုန်လင့်
ဤတောဤတောင်၊ ဤသောင်ဤကမ်း၊
ဤသည့်လမ်း၌
ပန်းမျိုးစုံစွာ၊ ပွင့်ဝေဖြာဟု
မြင်သာနိုင်အောင်၊ အလင်းရောင်က
ကျောက်ဆောင်ထိပ်ဖျား၊ ထိန်ထိန်ကြွား။
မီးတိုင်ကား ဘယ်အခါမှမငြိမ်း
အမှောင်သာလျှင် ငြိမ်းလေအံ့
လေစိန်းမနိုင် မိုးမနိုင်
မှောင်နိုင်လေလေ၊ လင်းလေလေတည့်
တို့မြေကျွန်းက ဤမီးတိုင်။
(ဟန်စိုး)

# (၆)

ဂမ္ဘီရဆိုသည်က ဆန်းကြယ်လေသည်။ သိခက်နက်နဲလေသည်။ ကြုံစဖူး၊ မြင်ဖူးမှ ယုံစဖွယ်ဟုသာ ဆိုအပ်ရာသည်။ ယခုလေဖြင့် ယုံချင်စဖွယ်ဟုသာ ဆိုရချေတော့မည်။

နွဲ့အောင်နှင့် အာယုတို့၏ အယူခံလွှာကို တင်လိုက်သည့်နေ့မှ ရေတွက်လျှင် (၂)လနှင့် (၂၇) ရက်တိတိ တင်းတင်းပြည့်သည့်နေ့တွင်ပင် အယူခံပြင်ဆင်မိန့်တစ်စောင် လက်ခံရရှိခဲ့ပါသည်။

"သေဒဏ်အမိန့်ကို ပယ်ဖျက်၍ တစ်သက်တစ်ကျွန်း ထောင်ဒဏ်သို့ပြင်ဆင်ပြောင်းလဲချမှတ်လိုက်သည်". . . တဲ့။

ပြီးလျှင်. . .

လူသူတော်စိန်မျက်ခုံးအားလည်း မူလစွဲဆိုထားသော ပြစ်မှုမှ အပြီးအပြတ် တရားသေလွှတ်သည့်အယူခံ ပြင်ဆင်မိန့်တစ်စောင်ကို လက်ခံရရှိကာ ချက်ချင်းပင်အတည်ပြုလျှက် လွှတ်ပေးခဲ့ရပါသေးသည်။

သိသူတို့က ဆန်းလှချည်ဟု အံ့အံ့အဲအဲ ဆိုချင်ကြသည်။

စိတ်ကူးသစ်စာပေ

မိမိကမူ. . . ဉာဏ်ထောက်မမီသော ဂမ္ဘီရခေတ်ဆန်းထက် ဆွတ်ကျင်လွှမ်းမောဖွယ် သိင်္ဂါရလွမ်းချင်းကလေး၌သာ နှလုံးသားက ဦးလည်မိလေ၍ ခါတစ်ရံ မျက်ရည်သီသီဝေ့မျှ လွမ်းမိရတတ်သည်။

ယနေ့တိုင်. . .

သက်ဆိုင်သူများ၏ လက်ဝယ်သို့ပြန်လည်အပ်နှင်းဖို့ ဘူးခါးသီး ခြောက်ရေဘူးကလေးတစ်လုံးနှင့် ရွှေကြုတ်ကလေးတွင် 'ဟံ' ဆိုသော စာလုံးရေးထိုးထားသည့် ရွှေဆွဲကြိုးလေးတစ်ကုံးကား စောင့်ကြို့နေဆဲ သာ ဆိုသည်ကိုမူ မိမိနှင့် အခြားသက်ဆိုင်သူတစ်ဦးသာ သိနေကြပါသည်။

ညအမှောင်ဟူသည် အရုဏ်အလင်းနှင့်အတူ ကွယ်ရပျောက်ရ မြဲ။ နေထွက်ရာ အရှေ့အရပ်၌ အရုဏ်သည် တည်ထွန်းရစမြဲ။

နေထွက်ရာ ထိုထိုအရှေ့အရပ်၌ အလင်းတည်စေ. . . ဟုသာ ရင်မှာ အခါခါဆုတောင်းမိရတော့သည်လေ။ ။

မေတ္တာဖြင့်

ဧေယျမင်းသျှင်


## စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အလယ်ခိုးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၅၅၁
ရုံး □ အမှတ်(၁၄၉)၊ ပထမထပ် (ယာ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉

| စဉ် | စာရေးသူ | စာအုပ်အမည် | ဈေ |
| --- | --- | --- | --- |
| ၁။ | သက်ဦးလွင် | လူသန်ကြီး ဟု | |
| ၂။ | ။ | စူပါမင်းနှင့်အခြားကမ္ဘာမှ ညွှဲသည် | |
| ၃။ | ။ | စူပါမင်းနှင့်ကမ္ဘာဖျက်သတ္တဝါကြီး | |
| ၄။ | မြရတီ | ဆုတောင်းပြည့်မင်းသမီးလေးနှင့်ဖြစ်ရပ်ဆန်းကြယ် | |
| ၅။ | ။ | ပန်းနှင့်လိပ်ပြာ | |
| ၆။ | ။ | ဓမ္မရောင်မီးလျှံ | |
| ၇။ | ။ | အချစ်၌ဖြစ်သော အစိမ်းရောင်သမုဒယ | |
| ၈။ | ။ | ရင်ထဲကမြွေဆိပ် | |
| ၉။ | မောင်ညိုမှိုင်း | မြွေဝင်စားမသင်မြွေ | ၁ |
| ၁၀။ | (သန်လျင်) | လူထူးဆန်းဘတိုက်ပုံဦးရာကျော် | ၁ |
| ၁၁။ | ။ | သည်းထိတ်ဆန်းကြယ်ခွေးနက်ကြီး | ၁ |
| ၁၂။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းစံ | ၁ |
| ၁၃။ | ။ | မြွေပေါက်ပါးဖြူမျောက်မင်းသားဖိုးစည်နှင့်ကျောက်ခဲ | ၁ |
| ၁၄။ | ။ | ဗြိတ္တာရွာသူမကြွေ | ၁ |
| ၁၅။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းဂေါင် | ၁ |
| ၁၆။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁ |
| ၁၇။ | ။ | မိစ္ဆာဒိဋ္ဌိမရဏာလမ်းကြမ်း | ၁ |
| ၁၈။ | ။ | အံ့ဖွယ်များနှင့် ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁ |
| ၁၉။ | ။ | ကျောက်ကြီးငြေ | ၁ |
| ၂၀။ | ။ | နတ်မြင်းခွာသံ ဂမ္ဘီရဝတ္ထုတိုများ | ၁ |
| ၂၁ | ။ | ငြိမ်းဆင်တဲ့လက် ဝတ္ထုတိုများ | ၁ |
| ၂၂။ | ။ | ရွှေဘုံပြန်လွန်းအိပ်သစ် | ၁ |
| ၂၃။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိချောင်းဂမ္ဘီရဝတ္ထုတိုများ | ၁ |
| ၂၄။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | ၁ |
| ၂၅။ | ။ | မီးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ | ၁ |
| ၂၆။ | ။ | နာနာဘာဝဖိုင် ဂမ္ဘီရဝတ္ထုတိုများ | ၁ |